www.burmeseclassic.com

မြန်မာနိုင်ငံစာရေးဆရာအသင်း
စာရေးနည်းလမ်းညွှန်သင်တန်း အမှတ်စဉ် (၄)
သင်တန်းသူ/ သင်တန်းသားများ၏
(သုတ ရသ စာစု-၃)

# ပန်းတံတား

စာမွန်လင်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာရေးနည်းလမ်းညွှန် အမှတ်စဉ် (၄) ဆင်း သင်တန်းသူသင်တန်းသားများ

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ-၁၀၀၀

ထုတ်ဝေသူ
ဦးလှတိုး (မြ-၁၃၇၇၂)၊ ရန်အောင်စာပေ
တိုက်-၁၇၊ အခန်း-၂၃၊ ရွှေအုန်းပင်အိမ်ရာ
အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
ဝေမှုန်လင်း


အတွင်းဖလင်
Dream City, 09 730 52433

အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျင်ရင် (မြ - ၀၃၇၇၂)၊ ရန်အောင်စာပေ
အမှတ် ၁၇၉၊ (မြ - ၁၀၀၉၈)၊ ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ် ၁၇၉၊ ၃၀ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး -၂ ၅၀၀ ကျပ်

ထုတ်ဝေသည့် ကတ်သလောက်အညွှန်း (CIP)

ပန်းတံတား (သုတရသ စာစု-၃)/ကလောင်စုံ။ - ရန်ကုန်၊ ၈၀၈. ၈၃
ရန်အောင်စာပေ၊ ၂၀၁၄။
၂၁၆ စာ၊ ၃၀ × ၂၀ စင်တီ။
(၁) ပန်းတံတား (သုတရသ စာစု-၃)



www.burmeseclassic.com

# မာတိကာ

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၏ ဥယျာဉ်
သင်တန်းမှူး ကြူကြူသင်း၏ "ပန်းတံတား" အဖွင့်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | <u>ကဗျာ</u> | |
| ၁။ | ဒေးအရဲတစ်ခွင် ရှုလေလျှင် | ၁ |
| | ကောင်းထွန်း့ဝင်း (ဓနုဖြူ) | |
| ၂။ | နေချင်စရာကောင်းသည့်ပြည် စိမ်းသည့်မြေ | ၄ |
| | စိမ်း | |
| ၃။ | မြကျွန်းညိုညို တက္ကသိုလ် | ၇ |
| | ကိုသိန်းသိန်း (အင်းစိန်) | |
| ၄။ | မိုးပန်းချီ | ၉ |
| | ဖွန်မိုးအိမ် (မာတု) | |
| ၅။ | တရားနှင့်အညီ | ၁၁ |
| | မောင်မောင်အေးမြင့် (လှိုင်) | |
| ၆။ | နယ်နိမိတ် | ၁၃ |
| | မအိမ်ကောင်း | |
| ၇။ | ခဲဘောင်ရွာ၏ ခြေလှမ်းသစ် | ၁၄ |
| | တင်ဝင်းကျော် (ကျုံပျော်) | |


www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈။ | နွေဦးအလွမ်း<br>**လရိပ်လေး (မောင်းမကန်)** | ၁၆ |
| ၉။ | ကြယ်စင်သက်သေ<br>**နိုင်ဇာနွယ်** | ၁၈ |
| ၁၀။ | အချစ်သရုပ်<br>**နီလာထွန်း (ရကွ)** | ၂၀ |
| ၁၁။ | လူ့ ဘဝဝယ်<br>**တိုးရွှေလင်း** | ၂၂ |
| ၁၂။ | ကံအလှည့်နိယာမ<br>**ချစ်စည်သူ** | ၂၄ |
| ၁၃။ | ပန်းပျိုးလက်<br>**တမိုးအောက်** | ၂၆ |
| ၁၄။ | လမ်း<br>**ကလျာနွယ်** | ၂၈ |
| | <u>ဆောင်းပါး</u> | |
| ၁။ | ရင်သို့တိုးဝှေ့ဆဲ<br>**ယဉ်ကျေးမေ** | ၂၉ |
| ၂။ | ရင်သွေးများသို့ ပေးစာ<br>**မောင်မောင်အေးမြင့် (လှိုင်)** | ၃၉ |
| ၃။ | စာရှူးပေရှူး<br>**ကိုရွှေဝင်းသန့်** | ၄၅ |
| ၄။ | ကျန်းမာပါစေ ယောတောင်တန်းမြေ<br>**ကိုချို** | ၅၁ |
| ၅။ | မိမိသာလျှင်<br>**တိုးသန္တာ** | ၅၇ |
| ၆။ | ယဉ်ကျေးသူများဖြစ်ကြစေရန်<br>**ဖွန်မိုးအိမ် (ဓာတု)** | ၆၃ |
| ၇။ | ပညာမြင့်မှ လူမျိုးတင့်မည်<br>**ကိုသိန်းသန်း (အင်းစိန်)** | ၆၉ |
| ၈။ | မေတ္တာမှန်ဖြင့်သာ<br>**နီလာထွန်း (ရကွ)** | ၇၇ |
| ၉။ | ရေချို ရေခါး စပီရှုလိုင်းနား<br>**မစိမ်းစိမ်း** | ၈၁ |
| ၁၀။ | ဝါးတီးဘုရား<br>**ကျော်ဇင်ဝင်း** | ၉၁ |
| | <u>ဝတ္ထု</u> | |
| ၁။ | ချစ်သောကျွေးကျွေး<br>**စိမ်းရွက်လွှာ** | ၉၇ |
| ၂။ | သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ<br>**ဂမုန်းအင်** | ၁၀၁ |


www.burmeseclassic.com

www.burmeseclassic.com

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | နံရံလေး<br>**ဖြူစင်သန့်** | ၁၂၁ |
| ၄။ | အဆိပ်သင့်လိပ်ပြာ<br>**လရိပ်လေး (မောင်းမကန်)** | ၁၃၁ |
| ၅။ | အညတြ စစ်သည်<br>**ကိုချို** | ၁၄၁ |
| ၆။ | နှလုံးသား၏ကြမ်းပြင်၌<br>**သစ္စာမြတ်** | ၁၅၇ |
| ၇။ | လှောင်တာလေလား မြားနတ်ရှင်<br>**ကောင်းထွဋ်ဝင်း (ဓနုဖြူ)** | ၁၆၉ |
| ၈။ | ပစ္စုပ္ပန်အိပ်မက်<br>**ဖွန်မိုးအိမ် (မာတု)** | ၁၈၁ |
| ၉။ | တော်လိုက်တဲ့ဦးလေးကြီး<br>**မြင့်မြင့်အေး** | ၁၉၃ |
| ၁၀။ | နိုင်သူ့အရှုံး<br>**ကျော်ဇင်ဝင်း** | ၂၀၁ |

## မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၏ ဥယျာဇဉ်

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ လုပ်ငန်းများစွာတို့တွင် စာရေးနည်းသင်တန်းသည် တစ်ခုအပါအဝင်ဖြစ်၏။ ကလောင်သွေး၍ စာရေးလိုသူများ၊ စာရေးရန်ဝါသနာပါသူများကို စာရေးနည်းအခြေခံလမ်းညွှန်များ သင်ကြားပေးခြင်းဖြစ်သည်။ သင်ကြားပေးသူများမှာ စာရေးခြင်းအတွေ့အကြုံရှိသည့် ဆရာ၊ ဆရာမကြီးများ ဖြစ်ကြသည်။ အခကြေးငွေယူခြင်းမရှိ၊ စေတနာဖြင့် သင်ကြားပေးခြင်းဖြစ်သည်။

ကဗျာမှာကျွမ်းကျင်သူ ကဗျာဆရာကြီးများက ကဗျာရေးနည်း၊ တွေးနည်းများကို စပ်ထုံးစပ်နည်းများနှင့်အညီ သင်ကြားပေးသည်။ ဝါရင့်ဆောင်းပါးရေးဆရာကြီးများက ဆောင်းပါးရေးပုံ ရေးနည်းများကို သင်ကြားပေးသည်။ ဝတ္ထုရေးကြသော ဆရာကြီး၊ ဆရာမကြီးများက ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထုရေးနည်း၏ အခြေခံများကို သင်ကြားပေးသည်။

သင်တန်းသား၊ သင်တန်းသူများ ကြိုးကြိုးစားစားလေ့လာသင်ယူကြသည်။ သင်တန်းပြီးခါနီးမှာ ကိုယ်တိုင်ရေးကြရပြီ။ ဆရာ၊ ဆရာမများကဖတ်ပြီး ပြင်ဆင်ပေးသည်၊ အကြံပြုသည်။ သင်တန်းဆင်းသောအခါ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးဆုများ ချီးမြှင့်သည်။

သင်တန်းအမှတ်စဉ် (၃) မှ သင်တန်းသား၊ သင်တန်းသူများသည် စုပေါင်း၍ "နုပျိုနေသော ခြေလှမ်းများ" စာအုပ်ထုတ်ကြသည်။ အောင်မြင်စွာ မှတ်တမ်းတင်နိုင်သော စာအုပ်ဖြစ်ပါ၏။ သင်တန်းတစ်ပတ်ထက်တစ်ပတ် အရှိန်မြင့်တက်လာခဲ့သည်။ စတုတ္ထအကြိမ်မြောက်သင်တန်းတွင် သင်တန်းသား အရေအတွက်ကိုလည်း (၁၀၀) အထိ တိုးမြှင့်လက်ခံနိုင်ခဲ့သည်။ တက်ရောက်လိုသူ များစွာရှိသော်လည်း လက်ခံနိုင်သည့်အတိုင်းအတာအရ (၁၀၀) ခန့်သာ ကန့်သတ်ထားခဲ့ရသည်။

စာရေးနည်းသင်တန်းကို တက်ရောက်ကြသော သင်တန်းသား၊ သင်တန်းသူများမှာ သင်တန်းမှရရှိသော အခြေခံလမ်းညွှန်များကို လက်တွေ့အသုံးချ၍ သင်တန်းကပြုလုပ်သော ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲများတွင် ကြိုးကြိုးစားစားပါဝင်ရေးသားကြသည်။ ကဗျာကောင်း၊ ဝတ္ထုကောင်း၊ ဆောင်းပါးကောင်းများစွာပေါ်ထွက်လာ၍ သင်ကြားပေးသောဆရာ၊ ဆရာမများ ဝမ်းသာအားရဖြစ်ကြရသည်။ ထိုအခြေခံကောင်းဖြင့် စာမူကောင်းများကို စုစည်း၍

www.burmeseclassic.com

ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများပါဝင်သောစာအုပ်တစ်အုပ်ကို "ပန်းရတု" (သုတ ရသ စာစု-၁) အမည်ဖြင့် ထုတ်ဝေနိုင်ခဲ့သည်။

ထိုစာအုပ်၏ အောင်မြင်မှုကြောင့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ ဝမ်းသာအားတက်ဖြစ်ကြရသည်။ ဒုတိယခြေလှမ်းအဖြစ် "ပန်းစေတမန်" (သုတ ရသ စာစု-၂) စာအုပ်ကိုစုပေါင်း ထုတ်ဝေကြပြန်သည်။ ပို၍တိုးတက် ကောင်းမွန်သောစာအုပ်ကလေးအတွက် စာအုပ်မိတ်ဆက်ပွဲနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်ပေးလှူပွဲ အခမ်းအနားကို မြန်မာနိုင်ငံစာရေးဆရာအသင်း ခန်းမကြီးတွင် ခမ်းနားစွာကျင်းပနိုင်ခဲ့သည်။

အမှတ်စဉ် (၄) သင်တန်းသား၊ သင်တန်းသူများမှာ သင်တန်းပြီးဆုံးခဲ့ပြီဖြစ်သော်လည်း စုစည်းမပျက် ညီညွတ်လျက်ရှိကြသည်။ ဆရာ၊ ဆရာမများနှင့်တကွ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့်လည်း အဆက်အသွယ်မပျက် သံယောဇဉ်ဖြစ်နေကြသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းမှကျင်းပသော အခမ်းအနားများ၊ စာတမ်းဖတ်ပွဲများမှာလည်း ပါဝင်တက်ရောက်လျက်ရှိကြသည်။ စာပေစိတ်ဓာတ်နှင့် စာပေအကြောင်းပြုသည့် စုစည်းညီညွတ်မှု ခိုင်မာလျက်ရှိကြသည်။ ထို့ကြောင့် ယခုအခါတွင် တတိယခြေလှမ်းအဖြစ် "ပန်းတံတား" (သုတ ရသ စာစု-၃) စာအုပ်ကို စုပေါင်းထုတ်ဝေကြပြန်သည်။ ဝမ်းသာဂုဏ်ယူစရာကောင်းလှပါ၏။

"ပန်းရတု"၊ "ပန်းစေတမန်"၊ "ပန်းတံတား" စာပေခြေလှမ်းများကို အခြေပြု၍ စာပေလောကနယ်ပယ်အသီးသီးမှာ စာပေအလှပန်းများ ပွင့်လန်းလာကြမည်ကို ဝမ်းသာအားတက်ယုံကြည်လျက်။ ။

စည်သူ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)

## ပန်းတံတား

လင်းအရုဏ်တွင်
အမုံ အငုံ ၊ ဖူးသစ်စုံ၍
ပွင့်ပုံတင့်ဆန်း ၊ ရောင်ရှင်လန်းသည့်
ပန်းတံတားလေး ပျံ့သွေးပြီ။

လေအသိမ်းဝယ်
ဟိုယိမ်း သည်ငဲ့ ၊ တလဲ့လဲ့နှင့်
နွဲ့လှ မပမ်း ၊ စိတ်ရွှင်လန်းအောင်
ပန်းကကြိုးနှင့် ကြိုလင့်ပြီ။

လေအယူတွင်
ကလူသလို ၊ ကျူသလို နှင့်
မူပို ညွှတ်ပျောင်း ၊ သံစဉ်လောင်းသည့်
ပန်းပေါင်းသဘင် ဆင်ယင်ပြီ။

မောဟ မျက်ကန်း ၊ သည်ဘက်ကမ်းမှ
သွားလမ်းသာ၍ ၊ လာလမ်းဖြောင့်စေ . . .
လမ်းထောင့် လမ်းကွေ့ ၊ ပြေချောမွေ့စေ . . .
ရန်ငွေ့မထိ ၊ ဘေးမရှိစေ. . .
ဆူးငြိမ့်လျှင်း ၊ ဖျက်မှောင့်ကင်း၍
ချစ်ခြင်းပြည့်လျှမ်း ၊ ရောင်ဖြာဆန်းသည့်
ပန်းရင်ခွင်ထက် ၊ ရွှင်လန်းသက်သာ
လျှောက်စမ်းပါတော့ ပန်းတိုင်ဆီ။ ။

ကြူကြူသင်း

www.burmeseclassic.com

# ဒေးဒရဲတခွင် ရှုလေလျှောင်

တောင်းထွဋ်ဝင်း (ဒေနုဖြူ)



“တိုး” မြစ်ရှေ့ဆုံး၊ “ကွမ်းခြံကုန်း” မှာ
စာဆို အမွန် ၊ “မင်းသုဝဏ်” ၏
ဇာတိရပ်မြေ ၊ မြို့ဌာနေတည့်။

“ဒေးဒရဲ” နောက် ၊ “ကျိုက်လတ်” ရောက်မည်
အံ့လောက်ဖွယ်ပင် ၊ ရုပ်ရှင် ဒါရိုက်တာ
ဆရာ “သုခ” နှင့် ၊ သုတ ရသ
နှစ်ဖြာလှ၍ ၊ ဂီတ မဟာ
ဂုဏ်ဖြာတင့်ဆုံး ၊ တေးသီကုံးသည့်
“ဦးပြုံးချို” တို့ မွေးဖွားရာ။

စာဆိုအကျော် ၊ ဖေ “ဇော်ဂျီ” ဟု
ပီပီကဝိ ၊ ပညာရှိအား
မွေးဖွားမြတ်ဂုဏ်
မြို့ “ဖျာပုံ” က နောက်ဘက်ကျ။

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားအရေး
ခါးကိုသွေး၍ ၊ အရေးတော်ပုံ
ထိပ်တိုက်ဆုံခဲ့ ၊ "ဂျူန်ဆရာစံ"
မျိုးချစ်မာန်နှင့် ၊ တော်လှန်ပြန်ရာ
"ရှမ်းခံ" "ထန်းတော" ရွာ ၊ "တမာတကော" ဆို
"တော်ချိုက" "မရမ်း" ၊ စိတ်ဝမ်းမကွဲ
လက်တွဲဦးဆောင် ၊ မျိုးချစ်နောင်မှူး
"ဦးအောင်လှ" တို့ ၊ ဘဝကြမ္မာ
အောင်ခြင်းခွာလည်း ၊ အာဇာနည်မျိုး
မော်ကွန်းထိုး၍ ၊ သေရိုးမရှိ
အသိမြေသား ၊ သက်သေထား၍
စိုက်ထားခိုင်ခိုင် ၊ ကျောက်စာတိုင်ကို
တွေ့နိုင်ပါသေး ၊ တွေ့တိုင်းဆွေး။

"ရွှေဂုဏ်" မြို့စ ၊ "တူးမြောင်းဝ" စွန်
"တွံတေး" လွန်လျှင် ၊ "တိုးမြစ်" ပြင်ကျယ်
ပင်လယ်တမျှ ၊ လှိုင်းထ လူး ခုန်
သည်ယမုန်၌ ၊ စုန်ဆန်စီးသွား
ရေလုပ်သားတို့ ၊ ပိုက်များ မျှောတန်း
"ငါးသလောက်" ဖမ်းသည့် ၊ မြစ်ကမ်းဟကြော
သဘော် ရေယာဉ် တွင်တွင်နှင်ကြ. . .။

ကမ်းစပ်တခို ၊ "ကနစို" နှင့်
ပင်အို ပင်နု ၊ "လမု" "လမဲ့"
တောဖြစ်ခဲ့၏ ၊ ခနီခြံများ
လွန်စည်းကားတည့် ၊ လုပ်သားလက်ညီ
ချည်ကာသွယ်ထိုး ၊ အိမ်အမိုးပင်
ရိုးသား သမ္မာ ၊ အာဇီဝါမို့
သာကြည်ဘဝ ၊ ငြိမ်းအေးလှသေး
"ဒေးဒရဲ" တွင်. . .။



ထန်းတောညိုညို ၊ ညို့မှိုင်းစိုကာ
လှိုင်းခိုနေသော ၊ အုန်းစိမ်းတောလျှင်
လေငင်ယူတိမ်း ၊ လေသိမ်းတိုင်းလှ
ယိမ်းကရှုမငြီး ၊ ခိုင်လုံးဖြိုးတဲ့
ကွမ်းသီးပင်လည်း
ဝန်းကျင်အလှ စဉ်ခြယ်သ။

ကမ်းနှစ်ဘက်တွင်
ဆန်စက်ကြီးသေး ၊ မြစ်ဘေးတရိုး
ထိလု မိုးဆီ ၊ တအီအီနှင့်
သံမြည်ပြုသား ၊ မပြတ်ကြားရ
စပါးအထွက် ၊ မှန်းချက်ကိုက်မိ
အားဖြည့်တည်၍ ၊
ပြည်ပပို့ကုန် ၊ မြန်ပြည့်ဂုဏ်။

ပင်လယ်ပြင်မှာ ၊ ရှာသည် သားငါး
"စန္ဒား" ဖောင်တိုင် ၊ လှမ်းမြင်နိုင်သည်
ရေဆိုင် ဝဲခေါင် ၊ "ကျားပိုက်" ထောင်၍
"ဖောင်ပုစွန်" ချ ၊ ဝမ်းရေးလှပြန်
ငံပြာရည်ဆို ၊ လတ်ဆတ်ချိုသား
"စိမ်းစားငါးပိ" ၊ ရသာပြည့်၏။

"သန့်စင်" "ခွာညို" ၊ "ကရမက်" ချိုမွှေး
"မြတ်လေး" "ဒေါနု" ၊ "ယုဇန" "ကံ့ကော်"
ပန်းသော်မော်စုံ ၊ "ပဒုမ္မာ" "သရဖီ"
"နှင်းဆီ" "စံကားဝါ" ၊ "ဂန္ဓမာ" "နှင်းပန်း"
"စံပယ်" လမ်းဟု ၊ မည်ဆန်းပျံ့မွှေး
ပန်းမြို့လေးက
"ဒေးဒရဲ" မည်တွင် ၊ အောက်ရပ်ခွင်၌. . .။ ။

စကောင်းထွန်းဝင်း (ရွှေမြို့)

www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓသာသနာ
ရောင်ဝါထိန်လင်း ၊ ငြိမ်းချမ်းခြင်းနှင့်
အလင်းဖြန့်ကြည် ဒို့တိုင်းပြည်။

သုံးပါးရတနာ၊ ကြည်ညိုစွာနှင့်
ဆရာမိဘ ၊ ရှိသေဆပွား
ဦးထိပ်ထားကာ ဆည်းကပ်ပါ၍
ဒါန သဟာယ ၊ ဒါနသာမိ
မုနိကိုရည် ၊ **သီလ** ဘာဝနာ
မုဒိတာ ပို ၊ **ဖြဟ္မစိုရ်** နှင့်
ကုသိုလ် ထပ်လောင်း ပြုကြသည်။

တောစဉ် တောင်ရိုး ၊ **အာကာ**မိုးထိ
တိမ်ခိုး ယှက်လိမ် ၊ ထက်ဝတီဝယ်
မိလ္လာ တိမ်ပြာ ၊သက်တံဖြာသို့
ဝဥ္စာနှင့်မြေ ၊ ရောင်ရှင်ဝေသိမ်း



ရှုတိုင်းငြိမ်းစွ ၊ အစိမ်းနှင့်အပြာ
နှစ်ဖြာသွေးညီ ၊ နှိုင်းမမီဘု
ပန်းချီဆေးချက် သာသည်ကို။

မြောက်ဖျား **ရော** ၊ မြစ်ညာ ချင်းတွင်း
စီးဆင်း သံလွင် ၊ ရေလျှင် **စစ်တောင်း**
ချောင်းမြောင်းအိုင်အင်း ၊ ကန်သင်းဆည်ဖို့
မချို့ရေကန် ၊ တာတမံနှင့်
လျှံစိမ့်ရေထွက် ၊ ရေသွက် ရေတံခွန်
သွန်သွန်ဖြာဝေ ၊ ရေချိုရေကောင်း သုံးမကုန်။

မြရွက်ဖားဖား ၊ မြင့်မြင့်ထွားသည့်
တောများထူပြန် ၊ **သယံဇာတ**
**သဘာဝစက်ရုံ** ၊ ပင်မျိုးစုံရာ
ဒို့ရွာ ဒို့ပြည် ၊ စိမ်းသည့် မြေနန်း
ပန်းမန်သင်းရှင် ၊ လေသန့်စင်၍
**မြေခွင် ယာကွက်** ၊ သီးထွက်တိုးသည့်
စိုက်ပျိုးမျိုးကောင်း များလှကြောင်း။

သစ်တောပြုစု ၊ မိုးရေစု၍
**ဥတုရာသီ** ၊ **တောကိုမှီ**ကာ
သာယာမျှတ ၊ ဆယ့်နှစ်လ၏
မြန်မာ့ပွဲတော် ၊ နွဲပျော်ကူကြ
**အလှူရေစက်** ၊ လက်နှင့်မကွာ
အမျှသာဓု ၊ ငွေခရုသီ
သဒ္ဒါကြည်ဘိ ပီတိချို။

**ရဲဝံ့စိတ်ဓာတ်** ၊ မြတ်သည့်လူမျိုး
ရှေးဘိုးဘီဘင် ၊ သမိုင်းစဉ်ပြ
ရာဇသူရဲကောင်း ၊ ပေါင်းစု ညီညာ
**မာလျှင်သံချောင်း** ၊ **ပျော့ဖယောင်း** မည်
လက်ရုံးရည် နှင့် ၊ တည်သည် **နှလုံးလှ**

www.burmeseclassic.com

www.burmeseclassic.com




ဗလ ငါးတန် ၊ ခိုင်မြဲမြဲကြ
သီလ အကျင့် ၊ မြတ်သဖြင့်လျှင်
မင်္ဂလာဆင့်ထုံး ၊ ပန်းနှယ်ကုံးသည်
**သုံးဆယ့်ရှစ်ဖြာ** ၊ စဉ်လိုက်နာ၍
ဆရာမိဘ ၊ ဂါရဝထား
တပည့်သားဝတ် ၊ မချွတ်ပြည့်သည်
**နီတိ** ကျင့်ဝတ် စွဲသည်ဖြစ်။

ဂုဏ်ရည်အပြည့် ၊ ကမ္ဘာသိသော
ကျွမ်းသည့်လက်ရည် ၊ ပန်းချီကစ
**ပန်းလှဆယ်မျိုး** ၊ အလှတိုးခဲ့
ရိုးရာယဉ်ကျေးမှု ၊ **အနုသုခုမ**
**ဆိုကရေးတီး** ၊ ရေးနည်းထိန်းလျက်
မတိမ်းမြတ်နိုး ၊ ချစ်စိတ်ပိုး၍
**ပုထိုးဂူကျောင်း** ၊ သိမ်တန်ဆောင်းလည်း
ကောင်းစွာကြည်ညို ၊ အေးရိပ်ခိုနိုင်
တရားပိုင်ရန် ၊ စိတ်ရည်သန်၍
နိဗ္ဗာန်ပြည်ရွာ ညွှန်းသည်သို့။

**လူသားအရင်းအမြစ်** ၊ ဆန်းသစ်ခဲ့ပြီ
အမိပြည်လျှင် ၊ စဉ်ရှည် မျိုးဆက်
တိုးတက်ဖွံ့ဖြိုး ၊ နောင်အကျိုးထိ
သယ်ပိုးဆောင်မည် ၊ ဒါ ဒို့ပြည့်ဟု
ဆိုမြည်ဟစ်ကြွေး အားသစ်မွေး။

စိမ်းသည့်မြေလွှာ ၊ သာသည့်ဘုံနန်း
သည်စခန်းဝယ် ၊ လျှောက်လှမ်းရခိုက်
အားစိုက်အားကူ ၊ ဖေးမထူလော့
လူ၏ဘဝ ၊ ရခဲလှ၍
**အတ္တ ပရ** ၊ မျှတဆောင်ယူ
လူဟုပီပီဖြစ်စေကြောင်း ။ ။

စိမ်း




မြကျွန်းညိုညို ၊ တက္ကသိုလ်
ကျောင်းသားတွေကို ဆီးလို့ကြို။
ခေတ်ပညာကို ဆင့်ကာပွား
သူ့ရင်ခွင်မှာ မွေ့ပိုက်ထား။

မိခင်အသွင် ၊ ဖွားသန့်စင်
ပညာရပ်တွေ စုံအလင်။
သင်ယူသူများ ၊ ပေါက်မြောက်သွား
ပညာရှင်လို့ အမျှားလေးစား။

နှစ်ပေါင်းများစွာ ၊ ကြာခဲ့ပါ
မပြောင်းလဲတဲ့ ကျောင်းတော်သာ။
မမြတာကား ၊ ဒို့အများ
အနိစ္စတရားကြောင့်လေလား။

www.burmeseclassic.com

www.burmeseclassic.com



အဓိပတိလမ်းပေါ် ၊ လျှောက်လှမ်းဖျော်
ကုံကော်ဝေတဲ့ မြိုင်နန်းနော်။
ဝေးသော်ဒို့များ ၊ ဆွေးစိတ်ပွား
လွမ်းအားပိုတဲ့ ကျောင်းတော်သား။

ခုံထည်လှတဲ့ ဘွဲ့နှင်းသဘင်
မြကျွန်းဂုဏ်အင် သူမြင့်တင်
သူ့ရင်ခွင်မှ ရင်သွေးများ
ဘွဲ့ဒီဂရီ နှင်းအပ်သွား။

မြင့်မားမိုးထိ သစ်ပုတ်ပင်
တက္ကသိုလ်ရဲ့ သမိုင်းဝင်။
ချစ်ခင်ကြင်နာ မေတ္တာစကား
သူ့အရိပ်မှာ ခိုပြောကြား။

ခေတ်အဆက်ဆက် မြကျွန်းညို
ကျက်သရေတိုးလို့ အလှပို။
ပညာလို ပညာပွား
ဒို့တက္ကသိုလ် မြန်ပြည့်အား ။ ။

ကိုသိန်းသန်း (အင်းစိန်)




မိုးစက်မွေ့ထုံ ၊ လနယုန်
မုတ်သုံ ဖူးသည့်ရက်။
ကျင်းပမှန်မှန် ၊ ရွှေစာပြန်
ပြည်မြန်တလွှားထက်။
မြေရေးပြင်ခါ ၊ သည်ချိန်မှာ
လယ်ယာ ထွန်ရေးညက်။
စံပယ် မြတ်လေး ၊ သင်းကြူမွှေး
လေသွေး ဆောင်ယူလျက်။
လမြတ်ဝါဆို ၊ ချိန်မှာကို
ကုသိုလ် ဆပွားတက်။

ပဒွင်းခံပွဲ ၊ ဆင်ယင်နွဲ့
စဉ်မြဲ ကောင်းမှုဆက်။
စိုက်ပျိုးတွင်တွင် ၊ လယ်မြေခွင်
ကောက်ပင်စိမ်းမြလက်။
ပုလဲသွန်းမြူး ၊ ပန်းနှုန်းကျူး
ပွင့်ဖူးရွှေပုန်းညက်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းဝါခေါင် ၊ ရေဖောင်ဖောင်
ကမ်းသောင် ပြည့်လျှံတက်။
စာရေးတံမဲ ၊ ကျောင်းပမြဲ
လှူပွဲ တန်တန်ဆက်။
စပါးပင်စိမ်း ၊ ဟိုသည်ယိမ်း
လေသိမ်းခါလွင့်လျက်။
လှဲ့စိုဖြာလန်း ၊ ခတ္တာပန်း
ပွင့်လျှမ်းပင်မြင့်ထက်။

လ တော်သလင်း ၊ သင်ဖြူးခင်း
မြစ်တွင်း လှိုင်းငြိမ်သက်။
မိုးလေ လွတ်ကင်း ၊ ပျော်မှုကျင်း
ရှခင်းသာလှချက်။
ကျောင်းပရေယာဉ် ၊ လှေသဘင်
သံစဉ်ရွှင်မြူးသွက်။
ယင်းမာပွင့်ခိုင် ၊ လှချင်းပြိုင်
မွှေးကြိုင် ဝန်းကျင်ထက်။ ။

ဇွန်မိုးအိမ် (စာတူ)

# တရားနှင့်အညီ



မောင်မောင်အေးမြင့် (လှိုင်)

ဘဝဇာတ်ခုံ
ကကြိုးစုံ
ဆုံကာတွေ့ရ ၊ ဤလောက။

ဆင်းရဲ ချမ်းသာ
ဤနှစ်ဖြာ
ကြုံလာပြန်က ၊ ငြင်းမရ။

ဆင်းရဲသောသူ
ဖေးမကူ
လဲမူ ထူမ ၊ ကူညီကြ။

ချမ်းသာသောသူ
မျှဝေမူ
ကြည်ဖြူပါလှ ၊ ဝမ်းမြောက်ကြ။

www.burmeseclassic.com



တရားအညီ ၊ အများတည်က
ပြည်ရွာတိုင်းကား ၊ တိုးစီးပွားနှင့်
ကျိုးများဆင့်ပို ၊ လျှမ်းတောက်မိုကာ
ကုသိုလ်အမှု ၊ အစုစုကို
သာဓုခေါ်နိုင်ကြလိမ့်မည်။ ။

မောင်မောင်အေးမြင့် (လှိုင်)

# နယ်နိမိတ်

မအိမ်ကောင်း



လူသားအားလုံး လမ်းဆုံးလျှောက်တာ
မကြေကွဲနဲ့ ဝေခွဲရန်သာ
ရေမျှောသော်, ငါး, ဖား စားကြမှာ
ရေနယ်နိမိတ် သင်ထိတ်လန့်မည်ပါ။

တစ်ခါမွေးတိုင်း လူ့သမိုင်းအတူဟာ
မဆုံးဝဋ်ကြွေး သေပေးရမှာ
မြေဩဇာဖြစ် အမြစ်သစ်တွယ်ကာ
မြေနယ်နိမိတ် သင်ထိတ်လန့်မည်ပါ။

ခန္ဓာရေပွက် စဉ်ဆက်သံသရာ
နွယ်ပင်သွယ်လည်း ရခဲလှစွာ
မီးခိုးငွေ့များ ရွေ့လျားပျက်ကာ
အပူနယ်နိမိတ် သင်ထိတ်လန့်မည်ပါ။

ရှင်သန်ချိန်လေး အတွေးထဲမှာ
ဆက်ရန်ခရီး ရောက်နီးမြန်စွာ
မြေရေလေမီး ဓာတ်ကြီးလေးဖြာ
သင်္ချိုင်းဟ်ခြင်းအပြား သုံးပါးရှိလေတာ။ ။

မအိမ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



# ခဲဘောင်ရွာ၏ မြေလှမ်းသစ်




အညာမြေက ၊ မြစ်ဖျားစ၍
"ဒက" ချောင်းရေ ၊ စိမ်းမြဝေလျက်
လှုထွေရိပ်နန်း ၊ အရှေ့ကမ်းမှာ
"ခဲဘောင်" ရွာနှင့် ၊ နောက်မှာထင်ပေါ်
မြို့ "ကျူးပျော်" တည့်။

စိုက်ပျိုးလယ်ယာ ၊ မြေကမ္ဘလာတွင်
သြဇာလည်းကျေ ၊ ပိုးသတ်ဆေးတည်
ခေတ်မီစပ်မျိုး ၊ အထွက်တိုးကာ
ဖွံ့ဖြိုးကြွယ်ဝ ၊ ရွာစံပြ။

ချောင်းကမ်းစပ်မှာ ၊ ခြုံပေဒါချ
အစာလည်းကျေ ၊ ငါးလည်းမွေး၍
ဝမ်းရေးလှုလှု ၊ ဖူလုံကြ။

ကူးတို့ဆိပ်နား ၊ ခရီးသွားလျှင်
မများကြေးက ၊ လှေကူးခနှင့်
အားရလန်းဖြာ ၊ သွားလိုရာကို
ကြည်သာပို့ပေး ၊ ချမ်းမြေ့အေး။

ဒို့ဘိုးဘွားများ ၊ တည်ထားစေတီ
ရွှေရည်လျှံတိုး ၊ ဂူပုထိုးနှင့်
ရှိခိုးကော်ရော် ၊ ပူဇော်အပေါင်း
တန်ဆောင်းပြာသာဒ် ၊ ကျောင်းထပ်ထပ်က
မိုးရပ်သို့ပျံ ၊ ဝေဇယန်။

ဆည်းဆာနေဝင် ၊ သည့်ချိန်တွင်လည်း
ပင်ညောင်ညိုညို ၊ သက်ရင့်အိုက
နုပျိုဆဲပင် ၊ လန်းလန်းရွှင်။

ပင်ညောင်ရိပ်တွင် ၊ ချွေးသိပ်မောဖြေ
သောက်သုံးလေရန် ၊ မြရေစင်ဖြိုး
တည်သည့်အိုးမှာ
ရိုးရာလက်ဖြစ် ၊ အမွေစစ်။

လင်းသစ်ရောင်မြူး ၊ အရုဏ်ဖူးလျှင်
ရွာဦးတန်ဆောင်း ၊ အရှေ့ကျောင်းမှ
အုန်းမောင်းခေါက်သံ ၊ တုံတုံပျံ့သည်
ကြားပြန်လေခြား ၊ ကုသိုလ်ပွား။

နေ့ကိုသန့်စင် ၊ ဖွားမြောက်မြင်လျှင်
စာသင်စာအံ ၊ ခေါင်းလောင်းသံပေး
ညံစာတေးလျှင် ၊ ချိုအေးလွင်၍
နားဝင်ချမ်းမြေ့ ၊ အားသစ်မွေ့။

သည့်နေ့သည်ခါ
ပြည်ရွာတည်ဆောက် ၊ ခေတ်သစ်ရောက်ခဲ့
ဖောက်သည့်ရွှေလမ်း ၊ ဒို့တွေလှမ်းကာ
ပန်းတိုင်အောင်ပွဲ ၊ "ခဲဘောင်" နွှဲမည်
လက်တွဲညီညာ ၊ ရွှေပြည်သာသို့. . .။ ။

တင်ဝင်းကျော် (ကျူးပျော်)

www.burmeseclassic.com

www.burmeseclassic.com






သဇင်ပျံ့သွေး ၊ ငွေနှင်းဖွေးသည့်
ဆောင်းအေးရာသီ ၊ ကုန်လေပြီတည့်
နွေဆီသို့ကူး ၊ ဥဩမြူးကာ
ကြည်နူးစရာ ၊ သည်ချိန်ခါမှာ
လွမ်းဖြာရစ်သီ  ချစ်ဦးဆီ။

နွေ၏ပန်းချီ ၊ လိုက်မမီအောင်
တေးသီမဆုံး ၊ သည်းပန်းကုံး၍
ချစ်ထုံးဖွဲ့ကာ ၊ ချစ်ခဲ့ပါသည့်
နှစ်လွှာကူးဟန် ၊ မယ့်သက်နှံနှင့်
ဂိမှာန်နွေဦး  လွမ်းဆင့်ကြူး။

နွေဦးအလှ ၊ ရင်မှာခသော်
ဝေးကချစ်သူ ၊ မယ့်သည်းအူကို
ကြည်ဖြူခွင့်ရေး ၊ ရချင်သေး၏
လွမ်းတေးဆွတ်ကျင် ၊ ဆွေးရိပ်ဆင်၍
နွေဝင်ဦးစ ၊ နွမ်းလျလျ။

နွေရှိန်သို့ပူ ၊ ရင်ထဲဆူ၍
သည်းအူပြတ်မျှ ၊ ချစ်လတ်ရသူ
ဘဝသခင် ၊ မယ့်သည်းရှင်ကို
အစဉ်ရည်စူး ၊ လွမ်းစိတ်နူး၍
နွေဦးမျက်ရည်  ဝေ့လည်လည်။

နွေပုရစ်ဖူး ၊ လေညင်းမြူးသို့
စိတ်ကူးနှင့်ပျော် ၊ ဝင့်ခဲ့သော်လည်း
မွေ့လျော်ခွင့်ဝေး ၊ ရင်နင့်ဆွေးရ
ဖော်ဝေးငှက်နှယ် ၊ မယ့်မယ်တစ်ကိုယ်
လွမ်းစိတ်ပိုကဲ ၊ နွေရက်ထဲမှာ
ကျန်ခဲ့တာမို့
ရင်နာဆဲပါ နွေဦးခါ။  ။

လရိပ်လေး (မောင်းမကန်)

www.burmeseclassic.com

www.burmeseclassic.com




လမင်းသခင် ၊ ထက်ဝန်းကျင်မှ
ကြယ်စင်ကြွေလွင့် ၊ မျက်ရည်ပွင့်လား
ရင်နှင့်အမျှ ၊ ခံစားရ၍
လက်ပြနှုတ်ဆက်ကျန်သူရေ။

ချစ်တေးသီဖွဲ့၊ ညွှန်းခဲ့စကား
မယ့်နားမှာခို ၊ အစဉ်ချိုလည်း
ဖွင့်ဆိုမရဲ ၊ လွန်ခက်ခဲ၍
ရင်ထဲမျိုသိပ်ထားလိုက်မည်။

ကျွန်မမှာကား၊ မိန်းမသားလေ
နှုတ်ဖျားခွန်းကြွယ် ၊ ချစ်တဲ့လှုယ်ရန်
မလွယ်လှသေး ၊ ဘဝလေးကြောင့်
ဝေးရဦးမယ် ချစ်သူရယ်။




အခြေမပေး ၊ အနေဝေးလည်း
မြေဆေးတစ်ခွက် ၊ ရှိပါလျက်လေ
ချစ်သက်သေ၍ ၊ မက်မပြေဘဲ
သစ္စာတွဲယှဉ် ၊ မေတ္တာဆင်ကြောင်း
ကြယ်စင်သက်သေ တည်စေချင်။ ။

ခိုင်ဇာနွယ်

www.burmeseclassic.com

# အချစ်သရုပ်

နီလာထွန်း (ရုက္ခ)



သားသားက သက်နှစ်ဆယ်၊
တက္ကသိုလ်ကျောင်းတော်သားမို့
ရည်းစားထားမယ်။
ကြံဆဲမှာကွယ်၊
ယောင်လည်လည်နေ့။
သူ့အရင် ပန်သူဦးတယ်
ရှူးရပြီပေါ့။

မီးမီးက သက်နှစ်ဆယ်၊
ရည်ရွယ်သူ ရှိနေသားနဲ့
စိတ်ကစားမိတယ်။
တွေးမောကာ တကယ်၊
ပူဇာကြွယ် စိတ်လျှော့။
အရွယ်တူ စံပယ်ဖူးကို
ခူးခြွေလိုက်တော့။



ဘိုးအသက် ခုနစ်ဆယ်၊
ငယ်ဖော်ကို သစ္စာမြဲလို့
စွဲချစ်ခဲ့တယ်။
ဘွားကလည်း မပြယ်၊
မေတ္တာသွယ်နှောင်ကျော့။
မောင်မယ်စုံ ရတုပွဲကို
နွှဲကြသည်ပေါ့။ ။

နီလာထွန်း (ရုက္ခ)

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကကြွေး ၊ ကံချပေး၍
မနေ့းဘဝ ၊ လူဖြစ်ရပေ
ဒို့တတွေသည် ၊ ထူးထွေဇာတ်ခုံ
ဘဝစုံတွင် ၊ အဟုန်ဒေါသ
မှောင် မောဟနှင့် ၊ လောဘမြင့်မို
မို့မောက်ပိုသည် ၊
ရွှင်ချိုသောသော ၊ လူ့မနောနှင့်
ဆိုးမိုက် ငိုရှိုက် ၊ နေရာလိုက်ပြီး
စရိုက်စုံစွာ ၊ ကပြပါရ
ကြမ္မာကံကြွေး ၊ မချပေးလျှင်
လူ့ခွင် နတ်ရွာ ၊ ထက်ပြဟ္မာနှင့်
နိဗ္ဗာနကွန်း ၊ ရောက်စေညွှန်းလိမ့်။



မနုဿတ္တ ၊ ဒုလ္လဘ ဟု
ရရှိကြုံခိုက် ၊ တရားလိုက်၍
အမိုက်ရှောင်ကြ၊ မြတ်ဒါနနှင့်
သီလစောင့်ထိန်း ၊ တရားကိန်းမှ
ခပ်သိမ်းဒုက္ခာ ၊ သံသရာဝဋ်
မှန်စွာလွတ်မည်
စိတ်ညွှတ် ရွှင်အေး ငြိမ်းချမ်းတော။ ။

တိုးရွှေလင်း

www.burmeseclassic.com

www.burmeseclassic.com







ဇာတာကောင်း၍
ငယ်ပေါင်းမိတ်ဆွေ ၊ ခေါင်ဖျားနေကာ
မသွေဘဝ ၊ ကြုံရလေပြန်
ကုသိုလ်ဖန်၍ ၊ ကံလျှင် တုမရ
သည်ခဏဝယ် ၊ အလှုစုံမက်
ထိုရေပွက်တည့် ၊
တက်လည်းမော်မော် ၊ သက်ပျော်ပျော်နှင့်
ကြီးသော် လေးစား ၊ ငယ်ကား ကြင်နာ
ကရုဏာစိတ် ၊ လျှံယိုဖိတ်၍
စိတ်ဝမ်းသန့်စွာ ၊ စမ်းပမာသို့
မြတ်စွာအကျင့် ၊ ရှိသဖြင့်လည်း
ကိုယ်နှင့်ထပ်တူ ၊ စာနာကူလျက်
ရန်မူမပွား ၊ ရန်မွှားရန်သေး
ဘယ်မတေးဘဲ၊

ကြီးသေးအားအင် ၊ ငါသာလျှင်ဟု
တွေးမရှုဘဲ ၊
အားစွဲ ဆုပ်ကိုင် ၊ မာန်သွင်းပြိုင်၍
အနိုင်ကြိုးသော်. . .
မတော် ကြမ္မာ ၊ ဒသာ မသန့်
အတန့် မကောင်း ၊ သံတောင်း စီးနင်း
ပါပ ချဉ်း၍ ၊ အောင်ခြင်းမရှိ
ဘုန်းမပြည့်နိုး ၊ တန်ခိုးဦးစိုက်
ပြေးသောခိုက်တွင် ၊ အမိုက်ပြင်ပြင်
အသင်လူမျိုး ၊ ပွဲမတိုးပြီ
အဆိုးအညစ် ၊ ဗာလဖြစ်ဟု
တစ်ခေတ်သမိုင်း တွင်တော့မည်။ ။

ချစ်စည်သူ

www.burmeseclassic.com

www.burmeseclassic.com




ရိုးမတောင်ခြေ ၊ တောရပ်မြေက
ချစ်ဆွေတပည့် ၊ အားမာန်ရှိဖို့
သိပညာဝေး ၊ မှိုင်မငေးနှင့်
ပေးဖို့ပညာယူခဲ့မည်။

မင်းတို့ဘဝ ၊ လွန်နိမ့်ကျလည်း
ဖေးမကယ်ယူ ၊ ဆရာကူမည်
လူဖြစ်ပါလျက် ၊ ဇွဲမာန်ထက်စေ
တက်နေပမာရှိသင့်သည်။

အမိမဲ့သား ၊ ရေနည်းငါးလည်း
ပစ်ထားစွန့်ရန် ၊ မဖြစ်ပြန်ချေ
တန်သည့်ပညာ ၊ ပေးဖို့ရာတွက်
လာခဲ့ပါမည် တောရပ်ဆီ။



သုံးတန်သောနာ ၊ ပြည့်ဝစွာဖြင့်
မေတ္တာပန်းမျိုး ၊ ဆရာပျိုးမည်
မိုးသို့ဝန်းကျယ် ၊ လှတင့်တယ်ဖို့
ကြွယ်ဝပညာရစေမည်။

ပညာဝင့်ချီ ၊ အားမာန်တည်၍
တူညီတက်လှမ်း ၊ ဘဝပန်းတိုင်
ရောက်နိုင်ရန်ရည် ၊ လက်တွေညီထား
ပြည်တလွှားမှာ
ထင်ရှားဂုဏ်မော် ကျော်ရမည်။ ။

တမိုးအောက်


www.burmeseclassic.com

www.burmeseclassic.com




လျှောက် လျှောက် လျှောက်သွားတဲ့လမ်း ၊
ပျောက် ပျောက် ပျောက်သွားတဲ့လမ်း ၊
ဟိုလမ်း သည်လမ်း လျှောက်ကာလှမ်း ၊
မပင်ပန်း ရွှင်လန်း သာသည့်လမ်း ၊
ခလုတ်ကံသင်း ပြောင့်ဆူးကင်း၍ခင်းသည့်လမ်း။
ထိုလမ်းကိုသာ ဖြစ်အောင်ဖောက်
လမ်းပေါက်သွားလျှင်
မမှားထိုလမ်း ၊ ရည်ရွယ်မှန်းရာ
ပန်းတိုင်စခန်း ၊ အရောက်လှမ်းလျက်
စိတ်ဝမ်းချမ်းမြေ့ပါစေသော်။ ။

ကလျာနွယ်




www.burmeseclassic.com

www.burmeseclassic.com

***"သိရိပစ္စယာမှပြန်သော် ကျန်စစ်သား၏ နှလုံးသား သည်းပွတ် ဆာနန္ဒာကို ရှုတ်ဆက်ဖူး ဖူးကြသည်၊ နိုင်ငံရေးလည်း အောင်မြင်၍ ရန်ပြေငြိမ်း၊ ဘာသာရေးလည်းအောင်မြင်၍ မာန်ပြေငြိမ်းတည်သော ဘုရားဖြစ်၍ လှပဆန်းကြယ် တင့်တယ်တော်မူသော ဂူဘုရားဖြစ်ပြီး ဘုရား၏ မျက်နှာတော်ကို ဖူးစဉ် စောမှာပင် မိမိကိုယ်တိုင် မာန်မာနတွေလျော့ကျ၍ သဒ္ဓါပွားနေမိပါသည်။"***

# ရင်သို့တိုးဇော့ဆဲ

သည်နေ့ကို ခရီးသွားနေ့ဟု တင်စားရမည်ထင်ပါသည်။ လွန်ခဲ့သည့် မတ်လဆန်းကပင် ဗုဒ္ဓဂယာသို့ ၁၅ ရက် ခရီးဘုရားဖူးထွက်ခဲ့ပြီးဖြစ်ပါသည်။ နေ့ပင်ဆိုသော်ငြား ခရီးတစ်လျှောက် အနွေးထည်မချွတ်ခဲ့ရပါ။

ခရီးစဉ်မှ ပြန်လည်ရောက်ရှိပြီး နှစ်ရက်နားပြီးချိန်တွင် ကျိုက်ထီးရိုး ဆံတော်ရှင်နှင့် သထုံမြသပိတ်တောင်စေတီကို သွားရောက်ဖူးမျှော်ခွင့်ရ ပြန်ပါ သည်။ ဆံတော်ရှင်တောင်မြတ်မဟာတွင်လည်း နေ့ခေါင်ခေါင် ဧပြီလဖြစ် လျက် အေးအေးစိမ့်စိမ့်နှင့် အလွန်နေ၍ ကောင်းလှပါသည်။

နွေသင်္ကြန်ကို ရန်ကုန်မှာပင် အေးအေးဆေးဆေးသီတင်းသီလယူကာ ဖြတ်သန်းကြမည်ဟု မိသားစုတိုင်ပင်ထားကြဆဲမှာပင် စာရေးသူ၏ မွေးရပ်မြေမှ ဘုရားမဲ (မဟာဒုက်မဲ) ထိုးထားမိရာ သားကြီးနှင့်သမီးကြီး စုံတွဲမှ ကံထူးလှစွာ မဟာဒုက်မဲပေါက်ကာ ဘုရားဒါယိကာ ဖြစ်လာကြပါသဖြင့် မွေးရပ်မြေသို့ သင်္ကြန်တွင်းအတက်နေ့အရောက် ခရီးနှင်ခဲ့ကြရာ ည ၁၀ နာရီကျော်မှရောက်ပါသည်။

တောဘုရားပွဲပင်ဖြစ်သော်လည်း နှစ်ဆန်းအလှူမို့ မြတ်လှပါသည်။ ကြိုတင်အကြောင်းကြားထား၍ နှစ်ဆန်းတစ်ရက်နေ့ ဘုရားအနေကဇာတင် ကြာဆံဟင်းခါး အလှူပေးကြပါသည်။ သံဃာအပါး ၁၃၀ ဆွမ်းလောင်းပွဲနှင့် အရပ်ရှစ်မျက်နှာမှလာသမျှ ပရိသတ်ကို စတုဒိသာ ထမင်းထုပ်ကမ်းလှူပွဲဖြစ်ပါသည်။ ထမင်းထုပ်တွင် ထမင်း၊ ငပိဆီကြော်၊ သရက်အစိမ်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



သနပ်နှင့် ငါးခြောက်နှပ်များပါပါသည်။ အလွန်စည်ကားလှ၏။ မွေးရပ်မြေဖြစ်သော်လည်း နွေရာသီတွင် အလွန်ပူပြင်းလှသဖြင့်မရောက်ဖြစ်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပါပြီ။ ယခု ၃ ညအိပ် ၄ ရက်ကြာခဲ့ပါသည်။

မိသားစုများရန်ကုန်ပြန်ရောက်သော် ရွှေတိဂုံဆံတော်ရှင်သို့ နှစ်ဦးအလှူအဖြစ် ပန်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ကြ၊ ရေသပ္ပာယ်ကြ၊ အမျှဝေကြပါသည်။ ဘုရားအပြန်ညတွင် မြန်မာပြည်အလယ် ပိုင်းရှေးဟောင်းယဉ်ကျေးမှု မြို့တော် ပုဂံသို့ချီတက်ရန် ဆုံးဖြတ်ကြပါသည်။

နံနက် ၆ နာရီတွင် စတင်ထွက်ခွာကြရာ ၁၀၅ မိုင်က ဖီးလ်ဆိုင်တွင် အဆာပြေစားကြ ခဏနားကြပြီး ခရီးဆက်ရာ ၂၅၅ မိုင်တွင် မိတ္ထီလာ ကျောက်ပန်းတောင်းလမ်းခွဲမှ ညောင်ဦးသို့ဆက်လက် ထွက်ကြပါသည်။ လမ်းတွင် နာမည်ကျော်လက်ပံပြား ကြက်ကြော်ဝယ်စားကြသည်။ ကြက်မောက်တောင်ကြီးနှင့် တောင်စဉ်များတလျှောက် ကြက်မောက်တောင်ဆည်ဟမ်ကြီးဘေးမှ မောင်းကြရာဝယ် ညနေ ၃ နာရီတွင် ညောင်ဦးတည်းခိုခန်းသို့ ရောက်ပါသည်။

**"တရားမဆိတ်မည် မမှုကွန်အလင်းတွေနှင့် ငါးကျိပ်ငါးတန် ပုဂံသနင်းရယ်တို့."** ဟု ပုဂံ၏ဂုဏ်ကို တင်စားဖွဲ့ဆိုထားသည့် သခင်ကိုယ်တော်မှိုင်း၏ လွမ်းချင်းက ရင်ထဲတိုးဝင်လာ၍ ခံစားမိရာ ကြက်သီးမွေးညင်းများပင် ထမိပါသည်။ ဘာကို လွမ်းရမှန်းမသိ။ လူမှုရေးဘာသာရေး တော်လှန်ရေးနှင့် စစ်ဦးဘီလူးကြားမှ ပြည်တည်နေရသော အနော်ရထာ ကိုလား၊ တိုင်းပြည်ကို နည်းပေါင်းစုံဖြင့် သိမ်မွေ့စွာစည်းရုံး၊ ရန်သူကို ခပ်ကြမ်းကြမ်း တိုက်နေရသော မင်းကျန်စစ်ကိုလား၊ တိုင်းသူပြည်သား တိုင်းရင်းသားတို့က ညီညွတ်ကြ၍ လက်ညှိုးညွှန်ရာ ရေဖြစ်ပြီး အေးချမ်းသာယာသော မြန်မာပြည် တစ်ဝှမ်း တိုင်းခန်းလှည့်လည်၍ လက်တွေ့ကျကျ စည်းစနစ်ကိုချကာ မင်းနှင့်ပြည်သူ ရင်းနှီးကြည်ဖြူ၍ ဝပြောသောနိုင်ငံကို တူထောင်ခဲ့သည့် အလောင်းစည်သူမင်းကံကောင်းကြီးကိုလား မသိတော့ပါ။

ထူးသည်မှာ အလွန်ပူသောပုဂံသည် တစ်ရက်ကြိုပြီး မိုးသည်းသည်း ရွာထားကာ ယခုလည်း မိုးတဖွဲဖွဲမျှ ကျနေပါသဖြင့် အေးမြသာယာနေပါသည်။ ရေမိုးချိုး အနားယူပြီးကြသောအခါ ညောင်ဦးတစ်ဝိုက်မှ ဘုရားများထဲမှ



ဂူပြောက်ကြီး ဘုရားကို စတင်ဖူးပါသည်။ ဂူပြောက်ကြီးတွင် နံရံဆေးရေး ပန်းချီများတွေ့ ရပါသည်။ ဆက်လက်၍ အလိုတော်ပြည့်ဘုရားကို ဖူးပါသည်။ အေဒီ ၁၂ ရာစုလက်ရာဖြစ်၍ သင်ကြီးတေုတ်သင်ကတည်ခဲ့ပြီး ဂူဘုရားဖြစ်သည်။ ဂူပြောက်ငယ်ကိုမူ မဝင်ခဲ့တော့ပါ။

ရှေ့ဆက်၍ ထီးလိုမင်းလိုဘုရားကို ဖူးပါသည်။ ထီးလိုမင်းလိုမင်းမှ အေဒီ ၁၂၁၁ မှ ၁၂၃၁ တွင် တည်ခဲ့သည်။ ထီးလိုမင်းလို (နားတောင်း များမင်း) မင်းမှာ နရပတိစည်သူ၏ သားတော်ဖြစ်၍ ဘုရားတွင် နံရံဆေးရေးပန်းချီများစွာရှိသည်။ ဆက်လက်၍ အာနန္ဒာဂူဘုရားကို ဖူးကြပါသည်။ အာနန္ဒာတွင် ညဥ့်နက်လာပြီဖြစ်၍ ညစာထမင်းစားကြရန် ရွှေစည်းခုံစေတီ ၏ မျက်နှာချင်းဆိုင်ရှိ ဖြူဖြူသင်းထမင်းဆိုင်တွင်စားကြရာ အရသာရှိလှ ပါသည်။ အပြန်တွင် ဘူးဘုရားကိုသွားရောက်ဖူးမျှော်၍ နံနက်အတွက် စက်လှေငှားခဲ့ပါသည်။

နံနက်တွင် အဆင်သင့်ဖြစ်ရန် စွယ်တော်ဖွားလေးဆူ လှူဖွယ်ပစ္စည်းများကို အထုပ် ၄ ခုပြုလုပ်ပြီး စောစော အိပ်ကြပါသည်။ ဒုတိယမြောက်နေ့တွင် ၄ နာရီခွဲကတည်းက ပြင်ဆင်ကြပြီး ၅ နာရီတွင် ရွှေစည်းခုံဘုရားသို့ အရောက်မောင်းကြကာ စွယ်တော် ၄ ဆူဖူးမျှော်မှုကို စတင်ပါ သည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီးကို အေဒီ ၁၀၆၀ အနော်ရထာ မင်းကြီးတည်ခဲ့၍ ကျန်စစ်သားက ၁၀၈၄ တွင် ဆက်လက်တည်ရသည်။ သရေခေတ္တရာမှ ဒွတ္တဘောင်မင်းကြီး၏ စေတီကိုဖျက်၍ မြတ်စွာဘုရားရှင်၏ နဖူးသင်းကျစ်တော်နှင့် မြဆင်းတုတော်တို့ကို ယူဆောင်ခဲ့၍ သီဟိုဠ်ဘုရင် ဝိဇယဘာဟု ဆက်သသောစွယ်တော်ပွားတစ်ဆူပါ ရွှေစည်းခုံ၌ ဌာပနာခဲ့ပါသည်။ အတွင်းအုံ့ကိုးပါး၊ အပြင်အုံ့ကိုးပါးရှိ၍ တန်ခိုးကြီးပါသည်။ မိမိတို့မွေးထောင့် အသီးသီးမှ ပူဇော်ကြကာ ဆုတစ်ခုတည်းကိုသာ တောင်းကြပါသည်။

ထို့နောက် ဘူးဘုရားဆိပ်ကမ်းမှ တန့်ကြည်တောင်စေတီသို့ စက်လှေဖြင့် သွားကြပါသည်။ ဆိပ်ကမ်းတွင် ကောက်ညှင်းပေါင်းပူပူနှင့် အကြော် များကို ဝယ်ခဲ့ကြပြီး လှေပေါ်တွင်နံနက်စာ စားကြပါသည်။ စက်လှေပေါ်မှ ပုဂံဘက်သို့လည်းကောင်း၊ တန့်ကြည်တောင်ဘက်သို့လည်းကောင်း၊ ရေ ဘော်၏ ရှေ့နောက်ဝဲယာသို့ကြည့်သော် ကျွန်းသောင်များကိုလည်းကောင်း၊ ပိုက်ချနေသော

www.burmeseclassic.com

www.burmeseclassic.com



တံငါလှေများ၊ ဘုရားဖူးစက်လှေများ၊ ခရီးသည်တင်စက်လှေ များနှင့်တကွ နေဝန်းမပေါ်မီ ပုဂံ၏ နံနက်ရှုခင်းသည် အလွန်ကျက်သရေ ရှိလှပါသည်။ ပုဂံဘက်မှ စက်လှေဆိပ်တွင် ရေယာဉ်အစင်းပေါင်းရာကျော် စည်းကမ်းတကျ ဆိုက်ကပ်ထားပုံနှင့် ပုဂံနောက်ခံအလှတို့ကို ပေါင်းသော်အလွန် ပင် ပန်းချီဆန်လှပါသည်။

တန့်ကြည့်တောင်သို့ ဇက်ဆိပ်မှဂျစ်ကားငှား၍သွားရသည်။ ကားမောင်းသမားလေးမှာ ကျွမ်းကျင်လှ၍ ခရီးတစ်လျှောက်အနေအထားနှင့် အခြား ဗဟုသုတများကိုပါ စကားပြောကောင်းလှသဖြင့် သိပ္ပံမောင်ဝ၏ လှည်းသမား ဘောကို သတိရမိသည်။ တန့်ကြည့်တောင်စေတီမှာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်ရှိ၍ သိရိမ္မာသောကမင်းကြီးတည်ခဲ့သောစေတီကို အေဒီ ၁၀၅၉ တွင် အနော်ရထာမင်းကြီးက သီဟိုဠ်မှရသော စွယ်တော်ပွားတစ်ဆူ ထပ်မံဌာပနာ၍ တည်ခဲ့သည်။

စွယ်တော်လေးဆူ နေ့ဆွမ်းအမီ လှူဖွယ်တူ၊ ဆုတောင်းတူလှူပါက ကောင်းကျိုးလိုရာပြည့်သည်ဟု ယုံကြည်ကြ၍ ပြင်ဆင်လာခဲ့သော လှူဖွယ် ပစ္စည်းများဖြင့် ပူဇော်ရှိခိုး အမျှဝေဆုတောင်းကြပါသည်။ တန့်ကြည့်တောင် မှ ပုဂံသို့ရှုသော် ရွှေစည်းခုံစေတီ၊ ဟိုရှေ့ဘက်၌ တူရွင်းတောင်၊ တောင်ဘက် ၌ လောကနန္ဒာ၊ အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ စူဠာမဏိ၊ မဟာဗောဓိနှင့် မင်္ဂလာစေတီတို့ကို လှမ်းမျှော်ဖူးတွေ့ရပြီး တောနှင့် ရေနှင့် ဘုရားနှင့် နံနက်ခင်းနေခြည်နုနုအောက်တွင် ပုဂံသည်အလွန်တင့်တယ်၍ နေတော့၏။ "စေတီ နှင့်တန်ဆောင်း ဆည်ချောင်းနဲ့စပါးနဲ့ ရွှေပေါက်ပြည်တစ်ကြောမှာ ပေါချင်တိုင်းပေါတဲ့ပြင် ဝပြောတဲ့သာသနာ" ဆိုသည့် ဆရာကြီးဇော်ဂျီ၏ ကဗျာကို သတိရမိပါသည်။

တန့်ကြည့်တောင်မှအပြန်တွင် လောကနန္ဒာစေတီတော်သို့ သွားရောက်ဖူးပါသည်။ လောကနန္ဒာစေတီကိုလည်း အေဒီ ၁၀၅၉ တွင် အနော်ရထာမင်းကြီးကပင် စွယ်တော်ပွားတစ်ဆူ ဌာပနာ၍ တည်ခဲ့ပါသည်။ လောကနန္ဒာတွင်လည်း လှူဖွယ်တူပစ္စည်းဖြင့် ပူဇော်ရှိခိုးအမျှဝေ ဆုတောင်းမှုပြုကြ ပါသည်။ လောကနန္ဒာဆိပ်ကမ်း အနောက်ဘက် စောင်းတန်းမှကြည့်သော် မည်သည့် အခါတွင် ဖူးဖူး မရိုးနိုင်သော မြင်ကွင်းအဖြစ် ဖမ်းစားထားပါသည်။ မြစ်တွင်း



ရေယာဉ် သဲခုံသာမော ငှက်ကျေးမောင်နှံ ဒေါင်ဒင်သံလေး တံငါတေးနှင့် ဝမ်းရေးရှာကြ လူးလာခေါက်ပြန် ငှက်သမ္ဗာန်တို့သည်လည်းကောင်း၊ ဝမ်းရေးရှာကြသည့်ဘုရားဈေးသည်တို့၏ ယဉ်ကျေးပျူငှာ ဈေးခေါ်သံတို့သည်လည်းကောင်း အချိန်တိုင်းမရိုးမအီနိုင်သော သက်ဝင်လှုပ်ရှား ပန်းချီကားများ ဖြစ်ပါတော့သည်။

ဆက်လက်၍ တူရွင်းတောင်ဆီသို့ ခပ်သုတ်သုတ်ကလေးချီတက်ကြပြန်ပါသည်။ တူရွင်းတောင်သည် ညောင်ဦး၏အရှေ့ဘက်တွင်ရှိသည်။ အေဒီ ၁၀၅၉ တွင် အနော်ရထာမင်းကြီး တည်၍တူရွင်းတောင်ထိပ်တွင် သီဟိုဠ်ဘုရင် ဝိဇယဘာဟု လှူသော စွယ်တော်ပွားတစ်ဆူကိုပင် ဌာပနာ၍ တည်ထားကိုးကွယ်သည်။ ဘုရားတွင် စွယ်တော်လေးဆူတစ်နေ့တည်း အလှူတူ ဆုတောင်းတူ အံ့သောငှာ အလှူပစ္စည်းကို နောက်ဆုံးလှူကြပါသည်။

တောင်တော်ပေါ်တွင် အေးချမ်းသာယာလှ၍ ရှေ့နောက်ဝဲယာ ရှုကြည့်မိသောအခါ ယခင်က မမြင်မိသော မိုင်လေးဆယ်ကျော်အဝေးမှ တောင်စွယ် တောင်နှာမောင်းအထပ်ထပ်နှင့် ဝန်းရံထားသော ပုပ္ပါးတောင် မကြီးတွေ့ရသည်။ ယခင်ယုန်လွတ်ကျွန်းတစ်ဝိုက် မဆုံးနိုင်သော ထန်း တောညို့ညို့ကြီးများမှာ နောက်ခံကောင်းကင်ပြာပြာနှင့် ပဏာတင့်လှ၏။ နောက်ဖက်တွင် ရှေးပုဂံပြည်သားတို့အားနှင့်တည်ခဲ့သော မြကန်သည် ရေအေး ကြည်စွာ ကန်ပိုင်မာလျက်ပါကလား။ ပုဂံသို့မျှော်သော် ပွေ့ပိုက်ရစ်စီးနေ သော မြစ်ကြီးဧရာကို နေရောင်တွင်မြင်ရသည်။ ပုဂံမြေမြတ်မဟာထက်မှ ကမ္ဘာကျော်ရှေးဟောင်းမွေအမွေများဖြစ်သော စေတီဂူကျောင်း ဥမင်ပေါင်း နှင့် ဇရပ်ပြဿဒ် သိမ်ပိဋကတ် မြောက်များစွာတို့၏ ယနေ့ထက်တိုင် ဂုဏ်ဆောင်နေပုံကို မြန်မာပီပီ ဇာတိမာန်ပီတိဖြင့် ရှုကြည့်မဆုံးဖြင့်ပြန်ခဲ့ရာ သရပါသည် ကြိုလင့်နေပါသည်။

နေ့လယ်စာကို တိုင်းရင်းသားထမင်းဆိုင်တွင် စားကြ၏။ အရိပ်ကောင်းပြီး နေရာကျယ်ဝန်းသည်။ ရှေးမူမပျက် ထမင်းစားအပြီးတွင် လက်ဖက်အုပ်နှင့် ထန်းလျက်ခဲကိုတွေ့ရပြီး ကွမ်းအစ်ကလေးကား ပျောက်ခဲ့ပြီ။ ညနေပိုင်းကို အံ့ဖွယ် ၁၈ ပါးကို ဖူးမဝနိုင်၍ ရွှေစည်းခုံကို ထပ်ဖူးကြသည်။ အာနန္ဒာကိုလည်း ကျန်စစ်မင်းကြီးဖူးသလိုခံစားလို၍ ထပ်ဖူးကြသည်။ အိန္ဒိယ

www.burmeseclassic.com

www.burmeseclassic.com



အာဂရာမြို့က တပ်ချ်မဟာသည် ကမ္ဘာကျော်ကြီးကျယ်သော်လည်း အာနန္ဒာကဲ့သို့ ကြည်နူးအေးချမ်းမှုကို ပေးစွမ်းနိုင်ခြင်းမရှိဟု ခံစားမိ၏။ မတ်ရပ်တော်လေးဆူမှာ ရှေ့မျက်နှာ၌ မာလာယုကျွန်းမှရသည့် စန္ဒကူးရုပ်ထုတော်၊ တောင်မျက်နှာ ဟိမဝန္တာမှရသော ထင်းရှူးသားရုပ်ထုတော်၊ အနောက်မျက်နှာတွင် ပဥ္စလောဟာဖြင့် သွန်းသောရုပ်ထုတော်၊ မြောက်မျက်နှာတွင် ဟံသာဝတီပဲခူးမှရသော စံကားသားရုပ်ထုတော်တို့ဖြစ်ပြီး အလင်းပေါက်မှ နေရောင်ခြည်ဝင်နေသဖြင့် မျက်နှာတော်ကို ကောင်းစွာဖူးရ၏။ အနောက်မျက်နှာကိုယ်တော်ရှေ့တွင် ရှင်အရဟံမထေရ်မြတ်နှင့် ကျန်စစ်မင်းကြီး ဒူးတုပ်ခစားပူဇော်နေသည့် ရုပ်တုတော်များရှိသဖြင့် ထိုနေရာမှာပင် မင်းနှင့် ပြည်သူကြည်ဖြူစွာ ဝင်ရောက်ဦးခိုက်၍အတူတူ ဖူးလိုက်ကြပါသည်။

အဖိုးအဖွားများဖြစ်နေကြပြီဖြစ်၍ ခင်ပွန်းသည်နှင့်တိုင်ပင်ကာ မင်းအိုချမ်းသာဘုရားကို ဖူးမျှော်ကြပါသည်။ ထို့နောက် နရပတိစည်သူမင်း ဘိုးလောင်းတော် ဘေးလောင်းတော်တို့ကို ပစ်မှားမိ၍ ကန်တော့ရသော ကန်တော့ပလ္လင်ကို ဖူးကြပါသည်။ အေဒီ ၁၂၀ ခုတွင် တည်သည့် ဆေးရေးပန်းချီများ ထုံးသုတ်ခဲ့၍ ပျက်စီးနေ၏။ အပြန်တွင် မင်္ဂလာစေတီကို အဝေးမှဖူးပြီး သဗ္ဗညုသို့ဝင်သည်။ သဗ္ဗညုစေတီကြီးကို အလောင်းစည်သူမင်းကြီး အေဒီ ၁၁၄၄ တွင် တည်သည်။ ပုဂံတွင် အမြင့်ဆုံးဖြစ်သည်။ ထုံးသုတ်ထား၍ နံရံဆေးရေးများပျက်နေ၏။ သမိုင်းတန်ဘိုးများပျက်စီးနေ၍ ရင်၌မကောင်းပါ။

ထို့နောက် ဓမ္မရံကြီးဘုရားသို့သွားသည်။ အေဒီ ၁၁၆၃ တွင် နရသူ မင်းက ဖခင်အလောင်းစည်သူကို သတ်မိသည့်အတွက် ထိုမကောင်းမှု ပပျောက်စေရန် ဓမ္မရံကြီးဘုရားကို တည်ခြင်းဖြစ်သည်။ အုတ်စီလက်ရာ အလွန် ကောင်းသည်။ အုတ်တစ်ချပ်နှင့် တစ်ချပ်ကြားအပ်ထိုးမရအောင် နရသူက ကြီးကြပ်စေသည်ဟု သိရ၏။ ထုထည်မှာပုဂံတွင် အကြီးဆုံးဖြစ်သည်။

ပုဂံဆည်းဆာကိုကြည့်လိုကြ၍ ရွှေဆံတော်စေတီသို့ သွားကြသည်။ ဆည်းဆာကြည့်သူများ၊ ဈေးရောင်းသူများနှင့် စည်ကားလှသည်။ ရွှေဆံတော်စေတီကို ဥက္ကလာပဲခူးမင်းသမီးတော်နှင့်အတူ ဆက်သသော ဗုဒ္ဓဆံတော်ကို အေဒီ ၁၀၅၇ တွင် အနော်ရထာမင်းကြီးတည်သည်။ လေးထောင့်ပစ္စယာ ၅ ဆင့်ရှိသည်။ ပုဂံ၏ နေဝင်ဆည်းဆာကို ယခင်ငယ်စဉ်အခါက ထီးလိုမင်းလို၊



ကန်တော့ပလ္လင်၊ သဗ္ဗညု၊ စူဠာမဏိ၊ ဘုရားများပေါ်မှ ကိုယ် တိုင်တက်၍ ပုဂံရှုခင်း၊ ဆည်းဆာရှုခင်းများကို တဝကြည့်၍ ကြည့်ရှုကြည်နူး ရဖူးပါသည်။ ယခုသော် ပထမပစ္စယာကိုပင် မတက်နိုင်တော့၊ ဇာတိ ဇရာ ဗျာဓိသည် ချဉ်းကပ်ခဲ့ပါပြီ။ မကြာမီ မရဏသည် လာတော့အံ့ဟု သံဝေဂ ရပါ၏။ သားသမီးမြေးများ ပျော်ပျော်ပါးပါး လှုပ်ရှားနေသည်များကိုသာ ကြည့်၍ ခင်ပွန်းသည်နှင့် နှစ်ဦးသားကြည်နူးနေရပါတော့၏။

မှောင်တရီပြန်ချိန်တွင်မူ ဘူးဘုရားကို သွားရောက်ဖူးကြကာ ဘူးဘုရားဝန်းကျင်မှ ဧရာဝတီ၏ ညနေဆည်းဆာအလှကို ခံစားရင်း ဘုရားဖူး ကြပြီး ဘုရားရင်ပြင်တော်ပေါ်မှ ဘုရားရှိခိုးနှင့် ယဉ်ကျေးမှုသင်ကြားနေ သော ဆရာထေရ်အရှင်နှင့် သူ၏ ချစ်စရာအညာသူအညာသားတပည့် ကလေးများကိုကြည့်၍ ဆရာတော်အသက်ရှည်ပါစေဟု မေတ္တာပို့ခဲ့မိပါသည်။ သန့်ရှင်းသပ်ရပ်၍ အရသာရှိကာ စေတနာကောင်းသော “ဘယ်လောက် တောင်းတောင်း လက်မညောင်းဘူး။ ဘယ်လောက်စားစား ဈေးမများဘူး” ဆိုသော ဆိုင်ကလေးသို့ အားပေးရန် သွားခဲ့ကြပါသည်။ မိုးအေးပြီးမြေမှုန်များသိပ်သည်းနေခြင်းကပင် ပုဂံကပေးသော ကံကောင်းခြင်းလက်ဆောင် ဖြစ်ပါတော့သည်။

အပူကင်းကင်းနှင့် နှစ်မြိုက်စွာအိပ်ရပ်ါသဖြင့် တတိယနေ့၏ အစ သည် လန်းဆန်းနေကြပါသည်။ နံနက်စာကို ဟည်းခိုခန်းမှ အညာစာ အကြော် နှင့် ကောက်ညှင်းပေါင်းကျွေးပါသည်။ မင်္ဂလာစေတီကို စတင်ဖူးပါသည်။ အေဒီ ၁၂၆၉ တွင် နရသီဟပတေ့မင်းတည်သည်ဟု မှတ်သားရပါသည်။ ထို့မှဆက်၍ မြစေတီကိုဖူးသည်။ အေဒီ ၁၁၂ တွင်တည်ခဲ့၍ မဟာရာမ်တံတိုင်း မှ ပျူ မွန် မြန်မာ ပါဠိလေးဘာသာ ကျောက်စာကြောင့် ထင်ရှားသည်။ ရာဇကုမာရမင်းသားက ရွှေစေတီကို ဖခင်အားလှူ၍ ကျောက်စာထိုးခဲ့ခြင်းဖြစ်သည်။ ရာဇကုမာရ ကျောက်စာဟု ခေါ်သည်။

မြစေတီ၏ အနောက်ဖက်တွင် အေဒီ ၁၁၁၃ ခု၌ ရာဇကုမာရ အမတ်ကြီးတည်သော မြင်းကပါဂူပြောက်ကြီးဘုရားကို ဖူးပါသည်။ ဂူပြောက်ကြီး ဘုရားရှိ အင်္ဂတေပန်းတော့လက်ရာများနှင့် နံရံဆေးရေး ပန်းချီများမှာ သမိုင်းတန်ဘိုးများစွာမြင့်ပါသည်။ မြစေတီနှင့် ဂူပြောက်ကြီးအကြား ပဟာရ်တံတိုင်းဘေး မြေကွက်လပ်တွင် သဲပန်းချီကားများကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံနယ်မြေရှိ နံမည်ကြီးဘုရား၊ ပုထိုးစေတီများနှင့် ပုဂံရှုခင်းများကို ပန်းချီ ဆရာ၏ ဉာဏ်ကွန့်မြူး၍ ရှုထောင့်အစုံစုံမှ ဆွဲထားသော ပုံများဖြစ်ပြီး အလွန် လက်ရာမြောက်ပါသည်။ ပုဂံဘုရားစုံ ရှုခင်းပုံ၊ ဓမ္မရံကြီးစေတီပုံ၊ သံယာ တော်များဆွမ်းခံကြွပုံများကို ဝယ်ယူအားပေးခဲ့ပြီး မြစေတီဘုရားဈေးမှ ယွန်း လက်ကောက်များ၊ ပုတီးများနှင့် ဘုရားကားများ ဝယ်ခဲ့သည်။

ရှေ့ဆက်၍ဖူးသည်မှာ အေဒီ ၁၀၆၈ တွင် မနူဟာမင်းအကျယ် ချုပ်နေရစဉ် တည်ခဲ့သောမနူဟာဂူဘုရားဖြစ်သည်။ ဂူထဲတွင်ဘုရားသုံးဆူ ရှိ၍ အလယ်မှထိုင် ကိုယ်တော်ကြီး ပခာနဗုဒ္ဓရုပ်ပွားတော်မှာ ၂၃ ပေ ၅ လက်မမြင့်၍ အကြီးဆုံးဖြစ်ပြီး ဒါယကာတော် ဘုရင်စိတ်တော် ကျဉ်းကျပ် ပုံကို ခံစားရသည်။ စေတီ၏ ရှေ့တွင် ကြီးမားလှသော သပိတ်တော်ကြီး ရှိသည်။ ဆွမ်းမှာ ဆွမ်းဆန်နှစ်အိတ်ခန့်ဆန့်သည်ဟု သိရသည်။

သီရိပစ္စယာဟိုတယ်ရှိ လက်ဖက်ရည်ဆောင်သို့ ဝင်ကြသည်။ သီရိ ပစ္စယာမှာ သော်လည်ကြောင်မင်းတည်သည့် ဒုတိယပုဂံတည်ရာ အရပ်၌ ရှိပြီး ဧရာဝတီမြစ်ကမ်းနံဘေးတွင်ရှိသည်။ ငယ်စဉ်ကာလများက သီရိပစ္စယာ အနောက်ဖက် ဧရာဝတီမြစ်ကမ်းနံဘေး အကြိမ်ကြိမ် ဆော့ဖူး ကစားဖူး ခဲ့ကြပြီ။ မြစ်ထဲဆင်း၍ ရေကူးကြ၊ သဲသောင်များတွင် ဆော့ကြ၊ လသာ သောညများတွင် သဲသောင်ပြင်တွင်ထိုင်၍ တိမ်နှင့်မျောလိုက်၊ ကြယ်များနှင့် စကားပြောလိုက်၊ ဧရာဝတီရေစပ်တွင် မှာတမ်းတွေခြွေလိုက်နှင့် ရှုးခဲ့ဖူးသည်။ ယခု ဤလင် ဤသားသမီးများနှင့် ထပ်မံလာရောက်ခွင့်ရ၍ ဘဝကိုကျေးဇူး တင်မိပါသည်။

သီရိပစ္စယာမှပြန်သော် ကျန်စစ်သား၏နှလုံးသားသည်းပွတ် အာနန္ဒာ ကို နှုတ်ဆက်ဖူး ဖူးကြသည်။ နိုင်ငံရေးလည်း အောင်မြင်၍ ရန်ပြေချိန်၊ ဘာသာ ရေးလည်း အောင်မြင်၍ မာန်ပြေချိန် တည်သောဘုရားဖြစ်၍ လှပဆန်း ကြယ် တင့်တယ်တော်မူသော ဂူဘုရားဖြစ်ပြီး ဘုရား၏ မျက်နှာတော်ကို ဖူးရစဉ်ခဏမှာပင် မိမိကိုယ်တိုင် မာန်မာနတို့လျော့ကျ၍ သဒ္ဓါပွားနေမိပါ သည်။

အာနန္ဒာမှတဖန် အုံ့ဖွယ် ၁၈ ဖြာကို ထပ်မံကြည်ညိုကြရန် ရွှေစည်း ခုံစေတီတော်မြတ်သို့ ဦးခိုက်ကြပြန်ပါသည်။ ရွှေစည်းခုံတွင် သာသနာ့ဒါယိကာ အနော်ရထာ အရှင်ကိုလည်းတွေ့ရ၏။ သာသနာ့ကျေးဇူးရှင် မထေရ်မြတ် အရှင် ရှင်အရဟံကိုလည်း ဖူးရ၏။ တိုင်းသူပြည်သားလူအများအား အယူမှား မိစ္ဆာဒိဋ္ဌိဘဝမှ



ကယ်တင်ပေးကြသော ဆရာတော်နှင့် ဒကာတော်ဟု ကြည်ညိုစိတ်အတွေးနှင့် နှစ်သက်မြတ်နိုး ရှိခိုးဦးခိုက်မိပါသည်။

နောက်တနေ့ နံနက်စောစောတွင် တည်းခိုခန်းကိုအပြီးနှုတ်ဆက်၍ နံနက်စာကို အပြင်ဆိုင်တွင် စားကြပါသည်။ ပုဂံလက်ဆောင် မြင်းပျံပုန်း ရည်ကြီးဝယ်ကြပြီး နံနက် ၇ နာရီတိတိတွင် မြန်မာတို့၏ အသည်းနှလုံး ဖြစ်သော ပုဂံကို နှုတ်ဆက်ကြကာ သရပါမှ ထွက်ခဲ့ကြပါသည်။ အထွက်တွင် ပြုပြုသမျှ ဒါနသီလဘာဝနာကုသိုလ်များကိုအမျှဝေခဲ့ကြရာ မိဖုရားစော၏ "ငါပြုသော ကောင်းမှုကို ငါ့လင်မင်းကြီး ငါ့သားမင်းကြီး ငါ့မြေးမင်းကြီးရစေသား" ဟု သားငယ်မှရွတ်ဆိုလိုက်၍ ဝိုင်း၍ရယ်မောတသောသော ဖြစ်ကြရပါသည်။


ပုဂံရွှေပြည်မှ အပြန်တွင်လည်း မိုးကအေးဆဲ။ ပုဂံသည် အားလုံး သောလူများ၏ရင်၌ ကပ်ငြိပါလာဆဲ။ ပုဂံရွှေပြည်၏ မြင်ကွင်းကိုရင်တွင် သိမ်း၍ အညာမန်းတခိုသို့ သုတ်သုတ်ကလေး. . . .။ ။

၀


ယဉ်ကျေးမေ

www.burmeseclassic.com

www.burmeseclassic.com



စာရေးနည်းသင်တန်းအမှတ်စဉ် (၁)



# ရင်သွေးများသို့

မောင်မောင်အေးမြင့်

www.burmeseclassic.com

*"မိဘများအနေနှင့် သားသမီးများ ဘယ်လိုအချိန်မှာ ဘာလိုအပ်သည်ကို အလိုလိုသိပြီး ဖြည့်ဆည်းပေးခဲ့မြဲဖြစ်ပါသည်၊ မိဘများ လိုအပ်ချိန်တွင် သားသမီးများက အလိုက်သိစွာ ထောက်ပံ့သည်ကို မစွမ်းတော့သောအချိန်တွင် မျှော်လင့်မိသည်မှာ . . ."*

# ရင်သွေးများသို့ ပေးစာ

မိဘများသည် ရင်သွေး၏ မျက်နှာကလေးကို မမြင်ရမီကတည်းက မေတ္တာများပို့လွှတ်ပြီး ကျန်းကျန်းမာမာနှင့် အန္တရာယ်ကင်း ဘေးရှင်းစွာ မွေးဖွားလာနိုင်ပါစေကြောင်း ဆုတောင်းတတ်ကြမြဲဖြစ်သည်။ သန္ဓေသားကို ထိခိုက်စေမည့် စားသောက်နေထိုင်မှုများ ဆင်ခြင်၍ စက္ကန့်မလပ် သတိထားနေခဲ့ကြရသည်။

မွေးဖွားလာသည့်အခါ ဖဝါးလက်နှစ်လုံး ပုခုံးလက်နှစ်သစ်အရွယ်မှစ၍ မိဘတို့သည် အတိုင်းအဆမရှိသော မေတ္တာဖြင့် စုပုံချစ်ခဲ့ကြသည်။ လူလားမြောက်သည်အထိ ပြုစုယုယခဲ့ကြသည်။ လူမှန်းသိတတ်စမှစ၍ လိမ္မာယဉ်ကျေးစေရန် သွန်သင်ကြသည်။ အတတ်ပညာများ သင်ကြားပေးခဲ့ကြသည်။

ထိုကဲ့သို့ ပြုစုစောင့်ရှောက်၍ ပညာများသင်ပေးခဲ့သည့်အတွက် မည်ရွေ့မည်မျှ ကုန်ကျသည်ဟု မတွက်ချက်ခဲ့ကြပေ။ သားသမီးများလိုအပ်သမျှကိုဖြည့်ဆည်းပေးချင်နေမိသည်မှာ မိဘတိုင်း၏ စိတ်ရင်းပင်ဖြစ်ပါသည်။ မရှိလျှင်ရှိအောင် ဖန်တီးပေးတတ်ကြသည်။ ခွန့်ခွန့်စားစား ရှာဖွေပေးတတ်ကြသည်။

သည်အချက်ကို သားသမီးများသိပါလေစဟု သံသယဖြစ်မိပါသည်။ သိအောင်လည်းမိဘများက မဖွင့်ဟကြ။ သားသမီးများကို အပူမပေးချင် သည်မှာ မိဘတိုင်း၏ ဆန္ဒပင်ဖြစ်ပါသည်။ စေတနာသာ ပေးချင်သည်၊ ဝေဒနာအဖြစ် မခံစားစေလိုကြပေ။

www.burmeseclassic.com



အသက် (၆၀) ကျော် (၇၀) ဝန်းကျင်ရောက်လာခဲ့သည့် အရွယ် လွန်ကျွန်တော်သည် အလုပ်လည်းမလုပ်နိုင်၊ အင်အားကလည်း ချည့်နဲ့ လာခဲ့ပါသည်။ သေမည့်ရက်ကို ဇယားကွက်တွင် ကြည့်ရင်းလက်ကျန်ကာလ ကို မည်သို့မည်ပုံ ဖြတ်သန်းရမည်ကိုသာ နေ့စဉ်တွေးနေမိပါသည်။

တွေးရင်းနှင့်အားကိုးစရာ ရှာဖွေနေခဲ့မိသည်။ ထိုအခါကိုယ့်သားသမီးများကိုသာပြေး၍ မြင်မိပါသည်။ မိဘများအလှည့်တွင် မည်သည့် တွက်ချက်မှုမျိုးမှုမပါဘဲ ရှာဖွေဖြည့်ဆည်း ကျွေးမွေးခဲ့သည်များကို သိတတ်နားလည် သည့် သားသမီးများဟု မျှော်ကိုးပြီး တလှည့်အားကိုးချင်နေမိပါသည်။

မည်သည့်သားသမီးများ လာလေမည်နည်း၊ ဖုန်းဆက်လာမည်လား ဟု နေ့စဉ် မျှော်နေမိသည်။ ရောက်မလာကြလျှင် သားတို့သမီးတို့ နေကောင်းကြရဲ့လား၊ အလုပ်အကိုင်များ အဆင်ပြေကြရဲ့လားဟု အခါခါ ပူပန်နေခဲ့မိသည်။ အဆင်ပြေကြပါစေကြောင်း မေတ္တာပို့၍ ဆုတောင်းနေခဲ့မိသည်။

လက်ကျန်ဘဝလေးတွင် အသက်ရှင်ရပ်တည်ရန် လိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေးနှင့် ကျန်းမာရေးချို့ယွင်းလာလျှင် လိုအပ်ချက် များကို မည်သူလာ၍ ဖြည့်ဆည်းပေးမည်နည်းဟု မစွမ်းသာတော့သည့် ဘဝ တွင် ပူပင်နေခဲ့မိပါသည်။

မျှော်လင့်ခြင်းများစွာဖြင့် မျှော်ခဲ့ရသည်။ အနီးတွင်နေသည့် သားသမီးများမှလည်း လူမလာ သတင်းမမေး။ အဝေးတွင်နေသည့် သားသမီးများကလည်း အဆက်အသွယ်မလုပ်လေတော့ အားငယ်မှုများ အလိုလိုတိုး၍ လာခဲ့တော့သည်။ မိမိကံကိုက ဆိုးနေပြီလားဟု ကံကိုသာ ပုံချနေမိပါသည်။

မိဘများအနေနှင့် သားသမီးများဘယ်လိုအချိန်မှာ ဘာလိုအပ် သည်ကို အလိုလိုသိပြီး ဖြည့်ဆည်းပေးခဲ့မြဲဖြစ်ပါသည်။ မိဘများလိုအပ်ချိန်တွင် သားသမီးများက အလိုက်သိစွာ ထောက်ပံ့သည်ကို မစွမ်းတော့သော အချိန်တွင် မျှော်လင့်မိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

သားသမီးများကို လေ့လာကြည့်လျှင် သားသမီးများသည် မိဘများကို ပြန်လည်ကြည်ရှုစောင့်ရှောက်ကြရမည်ကို အာရုံမရှိတတ်ကြပေ။ မိမိတို့ တွင် တာဝန်ရှိသည်ဟူ၍လည်း မခံယူတတ်ကြပေ။



အလျဉ်းသင့်၍ မေတ္တာရှင်ဆရာတော်၏ ဟောကြားမိန့်ညွှန်ချက်ကို တင်ပြလိုက်ရပါသည်။

**"မိဘကိုလုပ်ကိုင်ကျွေးမွေးခွင့်ဆိုတာ. . . ကိုယ်ရချင်တိုင်း ရတာမဟုတ်ပါဘူး။ အချက်လေးချက်နှင့်ညီမှသာ လုပ်ကိုင်ကျွေးမွေးခွင့်ရပါတယ်။ အဲဒီအချက် (၄) ချက်ကတော့-**

**၁။ မိဘနှစ်ပါး သက်ရှိထင်ရှားရှိခြင်း။**

**၂။ မိဘနှစ်ပါးက မိမိကို မှီခိုနေရခြင်း။**

**၃။ ကျွေးမွေးနိုင်သော သဒ္ဓါတရားရှိခြင်း။**

**၄။ မိဘကို လုပ်ကိုင်ကျွေးမွေးနိုင်သော ပစ္စည်းဥစ္စာရှိခြင်း။**

**တို့ပဲဖြစ်ပါတယ်. . .**" ဟု မိန့်ဆိုခဲ့ပါသည်။

စင်စစ်မူ မိဘများချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ မိဘများအပေါ်တွင် တတ်နိုင်သမျှ ကူညီဖေးမခြင်းဖြင့် ကျေးဇူးဆပ်သင့်ကြပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် မိဘများ စိတ်ချမ်းမြေ့ကာ ကျန်းမာ၍ အသက်ရှည်ရေးအတွက် အထောက်အကူဖြစ်စေပါသည်။

သို့သော် သားသမီးများက ဆောင်ရွက်ပေးနိုင်မှုကို မတွေ့ခဲ့ရပါ။ ဝမ်းနည်းရုံသာ ရှိခဲ့ရပါသည်။ သိတတ်မှုလေး၊ စာနာမှုလေး ထားတတ်ကြပါစေဟု ဆုတောင်းနေမိပါသည်။

သားသမီးများသည် မိဘများက အသက်ကြီးပြီ၊ အိုမင်းမစွမ်းဖြစ်နေကြပြီဆိုခြင်းကို ထည့်မတွက်တတ်ကြပေ။ သူတို့မိသားစုဘဝအတွက်သာ စဉ်းစားရင်း ဖြည့်ဆည့်ရင်း အချိန်ကုန်နေတတ်ကြသည်။ မိဘအတွက်မူ နောက်ဆုံးမှ စဉ်းစားတတ်ကြသည်။

မိဘတို့မှာ သားသမီးများက အလိုက်တသိ သတင်းမေးလာခြင်း၊ ကန်တော့လာခြင်း၊ ထောက်ပံ့ခြင်းများ ပြုလုပ်လာပါက မိဘတို့ရင်ထဲတွင် ပီတိအဟုန်ပွားကာ ရင်တုန်အောင် ခံစားကြရသည်။ **"သားတို့ရှပ်ရည်၊ သီတာမည်သား၊ ရွှေကြည်ချမ်းမြ၊ တစ်ပေါက်ကလေး ကျရုံမျှနှင့်၊ မိဘတို့ဝမ်း ငြိမ်းစတမ်းတည့်"** ဆိုသည့် ရှေးကစာဆိုအတိုင်း ရင်မှာအေးချမ်းမှု ခံစားရပါသည်။ မိဘတို့၏ ရင်ထဲမှ ခံစားချက်အပြည့်၊ မေတ္တာစေတနာအပြည့်ဖြင့် မိသားစုအားလုံး ကျန်းမာချမ်းသာကြပါစေ၊ စိတ်ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာကိုယ်ကျန်းမာကြပါစေ. . . ဟု ဆုများ မဆုံးနိုင်အောင် ပေးမိကြမည်ဖြစ်သည်။

ရေသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းတတ်သည့်သဘောရှိသကဲ့သို့ နိမ့်ရာမှလည်းပြန်၍ ဆန်တက်တတ်သည့် အခါများလည်းရှိသည်။ ထို့အတူ သားသမီးများက မိဘအပေါ် ပြန်သိတတ်သည့် အခါလည်းရှိပါသည်။ သို့သော် နည်းပါး လွန်းလှပါသည်။

ဗုဒ္ဓဝင်ဇာတ်တော်ကြီးများတွင် မိဘအပေါ်သိတတ် စောင့်ရှောက်တတ်ကြသည့် သားသမီးများအတွက် နတ်လူသာခုခေါ်ကြရပုံ၊ အကျိုးခံစားရပုံများ ပါဝင်ပါသည်။

ယခု ပစ္စက္ခခေတ်တွင် ကျွန်တော့်သက်တမ်း နှစ် (၆၀) ကျော်အတွင်း စောင့်ကြည့်လေ့လာ မှတ်သားခဲ့မိသော အဖြစ်မှန်တခုရှိခဲ့ပါသည်။

သူကတော့ သမီးမိန်းကလေးတစ်ယောက်သာ ဖြစ်ပါသည်။ ထိုအချိန်က သူ့အသက် (၁၆) နှစ် (၁၇) နှစ် ဆယ်တန်းအောင်ပြီးစ ဖြစ်သည်။ သူ့မိဘနှစ်ပါးအပါအဝင် မိသားစု (၉) ဦးရှိခဲ့သည်။ သူက အကြီးဆုံးဖြစ်သည်။ သူ့ဖခင်နှင့် မိခင်တို့က အလုပ်မည်မည်ရရ မရှိ၊ သူကသာ ကျောင်းတတ်ရင်း ရရာအလုပ်ကို လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့ရသည်။

ဖခင်လုပ်သူက အရက်သောက်သည်၊ မိသားစုအတွက် မည်သည့်အကူအညီမျှ မရသည့်အပြင် မိသားစုအားလုံးကို စိတ်အနှောင့်အယှက်ပင် ပေးတတ်သေးသည်။

သမီးက အဖေကို မည်သည့်အခါမျှ အပြစ်မပြော၊ ပြောလာသူကိုလည်း မည်သူ့ကိုမဆို ပြန်လည်တုံ့ပြန်သည်။ သူ့အဖေ လိုအပ်သည်ကိုအမြဲ ဖြည့်ဆည်းပေးသည်။ လိုက်လိုက်လျောလျော ဆက်ဆံသည်။ သူ့အဖေကလည်း သူ့ကိုသာ အချစ်ဆုံးဖြစ်သည်။

သူ့အဖေ နေမကောင်းလျှင်လည်း သူက ဂရုတစိုက်ကုသပေးတတ်သည်။ မိဘအပေါ် မိသားစုအပေါ် သိတတ်သူဖြစ်၍လားမသိ၊ သူ့မှာ အလုပ်အကိုင်မရှား၊ ကူညီမည့်သူများသည်။

ထိုမိန်းကလေး အိမ်ထောင်ကျတော့လည်း သူ့အိမ်ထောင်ဘက်ကို သူ့နည်းတူ သူ့မိဘနှင့် ညီအကိုမောင်နှမများအပေါ် စောင့်ရှောက်စေရန် စည်းရုံးနိုင်ခဲ့သည်။



သူ့အဖေကို အလိုလိုက်၊ သည်းညည်းခံ ဆောင်ရွက်ပေးသဖြင့် အရက်ပြတ်ပြီး သာသနာ့ဘောင်တွင်း ဝင်ခဲ့သည်။ သာသနာ့ဘောင်တွင် ပျော်ပိုက်စေရန် ပစ္စည်းလေးပါး ထောက်ပံ့ပေးနိုင်ခဲ့သည်။ သူ့ဖခင် သာသနာ့ဘောင်တွင် ပျော်ပိုက်နေသည်ကို တွေ့ရသဖြင့် သူကျေနပ်နေခဲ့သည်။ ဘုန်းတော်ကြီးဘဝနှင့် ဆေးရုံတက်ကုသရ ပြန်တော့လည်း သူမငြီးမငြူ ကုသပေးခဲ့သည်ကို ကြည်နူးဖွယ်တွေ့ခဲ့ရသည်။

သူ့ဖခင် ဝါတော် (၉) ဝါ သက်တော် (၇၅) နှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ဘဝကူးကောင်းရန် ထောက်ပံ့ပေးသည်။ သမီးအလိမ္မာပင်ဖြစ်သည်။ သူ့ဖခင်ဆုံးတော့ ကျန်သည့်လူတွေ အော်ဟစ်ငိုကြွေးကြသော်လည်း သူမငိုခဲ့။ သူ့ဘဝပေးအသိက သူ့ဖခင်အသက်ရှင်စဉ် ကျေနပ်အောင် ရှာဖွေကျွေးမွေးပြုစုပြီးပြီ၊ သူ့တာဝန်ကျေသည်။ သေချိန်တန်ရင် သေကြရမည် ဆိုသည့် သင်္ခါရသဘောကို သူသိနေပုံရပါသည်။

တာဝန်ကျေသော သမီးကောင်းတစ်ယောက်ဟု မှတ်ချက်ပြုမိပါသည်။

ကျွန်တော်ကိုယ်တိုင် သည်လို မိဘအပေါ် သိတတ်ကြင်နာတတ်သည့် သမီးလေးမျိုးများရှိလျှင်ကောင်းမှာပဲဟု လောဘဝင်မိခဲ့သည်။ ကိုယ့်သားသမီးလေးများ ကိုယ့်အပေါ် ချစ်ခင်ကြင်နာစွာ စောင့်ရှောက်ကြပါစေဟု ဆုတောင်းနေမိသည်။

သည်မိန်းကလေး သူ့မိဘအပေါ် သိတတ်မှု၊ စောင့်ရှောက်မှုကြောင့် လောကကြီးကလည်း သူ့ကို တဖန်ပြန်လည်စောင့်ရှောက်၍ လောကီအကျိုး ခံစားရသည်ကို လက်ငင်းတွေ့ရပါသည်။

ထိုမိန်းကလေး၏ မိသားစုမှာ သာမန်လက်လုပ်လက်စား ဘဝမှနေ၍ သူ၏သမီးကြီး နိုင်ငံခြားတိုင်းပြည်တွင် ပညာသင်ခွင့်ရခဲ့သည်။ သူ့သမီးကြီးကလည်း သူပြုခဲ့သည့် ကုသိုလ်ကံ ပုံတင်သံပမာ သူ့ထံပြန်လာသည်ဟု ဆိုရမည်။ သူ့သမီးလေးက နိုင်ငံခြားမှာ ပညာသင်ရင်းရသည့်အချိန်တွင် ရသည့်အလုပ်ကိုလုပ်၍ သူ့မိသားစုထံ ပြန်လည်ပေးပို့ ထောက်ပံ့ပေးသည်။

သူ့စိတ်ချမ်းသာမှု တဖန်ခံစားရသည်။ လက်ငင်းအကျိုးပေးခြင်း ဖြစ်ပါသည်။

သူ့သမီးဘွဲ့ယူရန် သူ့ကိုခေါ်၍ သူလိုက်သွားရသည်။ ခေတ်မီတိုးတတ်

www.burmeseclassic.com

www.burmeseclassic.com



သော ကမ္ဘာ့ထိပ်ဆုံးနိုင်ငံကြီးကို သူရောက်သွားရပြီ။ လောကနိဗ္ဗာန်ဘုံကို ချက်ချင်းရောက်သွားရသည့် အကျိုးပေးမှုများကို သူခံစားရခြင်း ဖြစ်သည်ဟု ယုံကြည်မိပါသည်။

သည်လို မိဘတွေအပေါ်မှာ တာဝန်ကျေကြသော သားသမီးများအတွက် ဆရာတော်အရှင်ဆန္ဒာဓိက ဟောဖော်ညွှန်ပြခဲ့သည်များကိုလည်း တင်ပြလိုက်ရပါသည်။

**“မိဘကို ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာပါ အဆင့်အတန်းမြင့်အောင် ကျေးဇူးဆပ်နေတဲ့ သားကောင်းသမီးကောင်းတို့၏ ထံမှောက်ကို ကံကောင်းခြင်းလက်ဆောင်တွေ အရပ်ဆယ်မျက်နှာကနေ ဝင်လာမစဲတသဲသဲဆိုသလို အလုံးအရင်းနှင့် ဝင်လာမှာတတော့ သေချာပေါက်ပါပဲ. . .”** ဟု မိန့်ကြားထားသည်ကို ထောက်ရှု၍ သားသမီးများ အကျိုးပွားရှိစေချင်လှသည်။

အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ သားသမီးတို့၏ ကူညီဖေးမမှုများမရဘဲ နိကိုးရာမဲ့ဘဝနှင့် လေလွင့်နေကြရသည့် သက်ကြီးရွယ်အိုများကို မြင်တွေ့ကြားသိလိုက်ရသည့်အခါတိုင်း ကိုယ်ချင်းစာပြီး တုန်လှုပ်မိပါသည်။


သားသမီးများက မိဘများ အိုမင်းမစွမ်းရှိလာချိန်တွင် အလိုက်တသိ ကြည်ကြည်ဖြူဖြူ ကူညီစောင့်ရှောက်မှု အထူးလိုအပ်ပါသည်။

သို့မှသာ သက်ကြီးရွယ်အိုများ အသက်ကြီး၍ အလုပ်မလုပ်နိုင်၊ မရှာဖွေနိုင်သည့်အချိန်တွင် တရားဘာဝနာကျင့်ကြံ အားထုတ်နိုင်စေရန် ဝိုင်းဝန်းစောင့်ရှောက်ခြင်းဖြင့် သားသမီးများ ကုသိုလ်ယူစေချင်သည်။

သားသမီးများက မိဘအပေါ် ကြင်နာမှု၊ စာနာမှု၊ နွေးထွေးမှုများ ပြန်လည်ပေးအပ်စောင့်ရှောက်ကြခြင်းဖြင့် မိဘကျေးဇူးဆပ်နိုင်ပါစေဟု အကြံပြုရေးသားလိုက်ရပါသည်။ ။

၀

မောင်မောင်အေးမြင့် (လှိုင်)



# တရုးပေရုး

## ကိုရွှေဝင်းသန့်

ပန်းချီဒီဇိုင်း၊ ဝေမွန်လင်း

www.burmeseclassic.com

www.burmeseclassic.com

*"ချဉ်၊ ငန်၊ ချို၊ ဖန်၊ စပ်၊ ခါး ဟုဆိုသော (အရသာ) ခြောက်ပါးရှိသကဲ့သို့ စာပေမှာလည်း (ရသ) ကိုးပါးရှိ၏ဟု မှတ်သားဖူးပါသည်။ အရသာရှိပုံခြင်းကားမတူကြ။ ချဉ်၊ ငန်၊ ချို၊ ဖန်၊ စပ်၊ ခါး ဆိုသော အရသာခြောက်ပါးသည် ခန္ဓာကိုယ် ဖွံ့ဖြိုးရန်နှင့် အားရှိကျန်းမာဖို့ဖြစ်သလို ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့ဩ ဟူသော စာပေတွင်ရှိသောရသ ကိုးပါးသည် ဦးနှောက်ဖွံ့ဖြိုးပြီး အသိဉာဏ်ပညာ တိုးတက်စေရန် ဖြစ်သည်ဟု . . ."*

# စာရှုး ပေရှုး

ကိုရင်ဖိုးခက်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စာအုပ်များတွင်ပါရှိသော အရုပ်၊ ကာတွန်း၊ ဓာတ်ပုံ၊ ပန်းချီများ၏ အကြောင်းကို သိချင်ရာမှ စာဖတ်လိုချင်စိတ်များ အစပြုခဲ့သည်ဟု ဆိုရပေမည်။

တစ်လုံး တစ်ပါဒ၊ တစ်ဝါကျ၊ တစ်ကြောင်းစသည်ဖြင့် ဖတ်ကြည့်မိရာမှ မိမိသိချင်သောအကြောင်းအရာများကို သိလာရ၏။ ထို့ထက်မက သိချင်လာမိ၍ စာကို များများဖတ်ဖြစ်လာ၏။ များများဖတ်လာသည့်အခါ များများသိလာ၏။ ဆောင်းပါးတစ်ပုဒ်ကို ခေါင်းစဉ်ဖတ်ကြည့်ရာမှ တစ်ဝက်တစ်ပျက် (သို့မဟုတ်) တစ်ပုဒ်လုံးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ လင်္ကာများကိုလည်း တစ်ပုဒ်စ နှစ်ပုဒ်စဖတ်ရာက တွေ့သမျှအကုန်ဖတ်ဖြစ်လာ၏။ နားလည်တာရှိသလို နားမလည်တာလည်း ရှိခဲ့သည်။

စာဖတ်ပါများလာသည့်အခါ စာပေ၏အရသာ (အသိ) ကို တဖြည်းဖြည်းခံစားတတ်လာခဲ့၏။ လူ၏ လျှာနှင့်တွေ့ထိရသော ချဉ်၊ ငန်၊ ချို၊ ဖန်၊ စပ်၊ ခါး ဟုဆိုသော (အရသာ) ခြောက်ပါးရှိသကဲ့သို့ စာပေမှာလည်း (ရသ) ကိုးပါးရှိ၏ဟု မှတ်သားဖူးပါသည်။ အရသာရှိပုံခြင်းကားမတူကြ။ ချဉ်၊ ငန်၊ ချို၊ ဖန်၊ စပ်၊ ခါး ဆိုသော အရသာခြောက်ပါးသည် ခန္ဓာကိုယ် ဖွံ့ဖြိုးရန်နှင့် အားရှိကျန်းမာဖို့ဖြစ်သလို ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့ဩ ဟူသော စာပေတွင်ရှိသောရသ ကိုးပါးသည် ဦးနှောက်ဖွံ့ဖြိုးပြီး အသိဉာဏ်ပညာ တိုးတက်စေရန် ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါ၏။

ထိုစာပေအရသာသည် မည်သည့်အရသာနှင့်မှမတူပါ။ တော်တည့်မှန်ကန်စွာ သို့မဟုတ် ဥပမာ၊ ဥပမေယျဖြင့် ဂုဏ်အလင်္ကာရသမြောက်အောင် ရေးထားသောစာပေများ ဖတ်ရသူများသည် ဉာဏ်ရည်အသိများတိုးပွားခြင်း၊ ဆောင်ရန် ရှောင်ရန်များကို သတိပြုလာမိခြင်းနှင့် လက်တွေ့ကျကျ လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



သင့်သည်များကို သိရှိနားလည်လာခြင်းစသော ဦးနှောက်အားဖြည့် ခံစားမှု မျိုးကို ရရှိနိုင်ပါသည်။

ယင်းရသခံစားမှုမျိုး၊ များများခံစားရလေလေ ပတ်ဝန်းကျင်၏ သက်ရှိသက်မဲ့ သဘာဝတရား ဖြစ်ပျက်မှု အစဉ်များကို ယထာဘူတကျကျ တဖြည်းဖြည်းကြည့်တတ်၊ မြင်တတ်၊ ကြားတတ်၊ သိတတ်၊ ခံစားတတ်လာလေလေဖြစ်ပါ၏။ ဦးနှောက်ထဲတွင် မှတ်သားထားမှုများများရှိလာသည့်အခါ တိုက်ဆိုင်မှုရှိလာသောအခါ အချို့ကိုထုတ်ဖော်ပြောဆိုရမှုတွေ ဖြစ်လာရပါသည်။

တဖန် ပြောဆိုမှုနှင့်သာ ရပ်တန့်မနေဘဲ စာဖြင့်ရေးပြီး အများတကာ သိအောင်ပြုလုပ်ချင်လာ၏။ သို့သော် ဖြစ်ပေါ်လာသော စိတ်အစဉ်ကို ဘယ်ကစ၍ အကောင်အဖော်ရမှန်းမသိ ဖြစ်နေခဲ့ပါသည်။

အသိဉာဏ်ရှိသော သတ္တဝါ သို့မဟုတ် လူဆိုသောလူသားသည် မိမိ၏ဆန္ဒကို မပြည့်ပြည့်အောင် ပြုလုပ်တတ်ကြသော ဉာဉ် (ဝါသနာ) ကို အမိကထားပြီး နည်းလမ်းရှာတတ်လာကြ၏။ ထိုးထွင်း၍သိလာကြသူများ ရှိသလို၊ မသိနိုင်သောသူများသည် တစ်ပါးသူများ ရှာထားသောနည်းပညာ ကို အတုယူ၍ ပြုလုပ်လာတတ်ကြ၏။ ထိုမှတဆင့် ဆင့်ပွားနည်းပညာများ တွေးတောကြံဆကာ မိမိ၏ ဆန္ဒဖြစ်သော စာပေရေးသားခြင်းကို ပြုလုပ်နိုင်လာကြခြင်းဖြစ်သည်။

ယခုလည်း ကိုရင်ဖိုးခက်သည် စာဖတ်ဖန်များလာသည့်အတွက် မိမိခံစားသိမြင်လာသော အကြောင်းအရာများကို စာဖြင့်ရေးဖွဲ့ချင်စိတ် ဖြစ်ပေါ်လာတော့၏။ မရဲတရဲဖြင့် ကလောင်ကိုင်ကာ မိမိခံစားမိသောအကြောင်းများကို စာရွက်ပေါ်တွင် ရေးချကာစာရေးခြင်းကို စတင်ခဲ့ရသည်။

အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါး၊ ခုနစ်ဆိုသော ကာရန်သုံးချက် ညီစပ် ကဗျာရေးနည်းဖြင့် စာရေး "စမ်း" ခြင်း စခဲ့ရသည်ဟု ဆိုချင်ပါ၏။ ကဗျာရေးခါစတွင် မိမိရေးသောကဗျာသည် အကြောင်းအရာထူးဆန်းမှုနှင့် စကားလုံးသိပ်သည်းမှုလည်းမရှိပါ။ သမားရိုးကျ ကြားဘူးနားဝရှိသော စကားလုံးများနှင့်သာ သုံးနှုန်းရေးထားမိခြင်းဖြစ်ပါသည်။

မိမိထက်ကဗျာဉာဏ်ကြီးသော ပုဂ္ဂိုလ်များကိုပြကြည့်ပြီး အကြံဉာဏ်



တောင်းသောအခါရေးချင်လျှင် ကဗျာ၊ လင်္ကာတွေများများဖတ်ပါဟု ညွှန်းသည့် အတိုင်း ကဗျာ၊ လင်္ကာများကို အားထုတ်ဖတ်ရှုခဲ့ရသည်။

ဆိုလိုချက်ကို နားလည်သည်ရှိသလို၊ နားမလည်သည်လည်းရှိခဲ့၏။ အထပ်ထပ်ဖတ်ဖန်များလာသည့်အခါ ကဗျာ၏ အရသာကို သိလာရ၏။ ယခင်က ကဗျာစာပေများတွေ့လျှင် ရှောင်ကွင်းဖတ်တတ်သောအကျင့်သည် ယခုအခါ ဝါသနာဗီဇက နိုးဆွပေးလိုက်၍ ကဗျာတွေ့လျှင် ဖတ်ဖြစ်အောင် ဖတ်လိုက်၏။ ဤသို့ဖတ်လိုက်သည့်အခါ ကဗျာတွေထဲမှ အသိဉာဏ်၊ ကဗျာ ဉာဏ် သို့မဟုတ် ကဝိဉာဏ်ဟူသော စကားလုံးအသုံးအနှုန်းများကို သိလာရ၏။ ဝေါဟာရအဓိပ္ပါယ်လည်း အတော်အသင့်ကောက်ယူ တတ်လာပါသည်။

အကယ်၍ ကဗျာထဲတွင်ပါသော ဝေါဟာရစကားလုံးများအနက် အဓိပ္ပါယ်ရှင်းလင်းမှုမရှိလျှင် သက်ဆိုင်ရာ အဘိဓာန်စာအုပ်များထဲတွင် လိုက်ရှာရ၏။ သိလောက်မည်ထင်သော ဆရာသမားများကို ကာလ၊ ဒေသ ကြည့်၍ မေးမြန်းရသည်။

တူရာ၊ တူရာ ပေါင်းသင်းဆက်ဆံကြသည်ဆိုသော စကားအတိုင်း စာပေဝါသနာပါသူများနှင့် စာကြည့်တိုက်များတွင်လည်းကောင်း၊ စာပေ ဟောပြောပွဲများတွင်လည်းကောင်း၊ သိကျွမ်းခွင့်၊ ဆုံဆည်းခွင့် ရခဲ့ပါသည်။ အချိန်ရလျှင်ရသလို စာပေအကြောင်း သူ့အမြင်၊ ကိုယ့်အမြင်တွေကို ဖလှယ်ကြ၏။ ဆွေးနွေးကြ၏။ ငြင်းခုံကြ၏။ မည်သို့ပင်ဖြစ်စေ ထိုသို့ဆွေးနွေးသော အခါ အကြောင်းအရာတစ်ခုကို ရှုထောင့်မျိုးစုံမှသိရ၍ ဗဟုသုတအထွေ ထွေ ရပါ၏။ ဆိုခဲ့သောအကြောင်းအရာများကို အခြေခံပြီး အတွေးနယ်ချဲ့ ကာ ကဗျာများ ရေးမိလာပါသည်။

စာပေရေးသားခြင်းစတင်သည့်အချိန်က တစ်နေ့ကဗျာတစ်ပုဒ်မပြီးလျှင် မအိပ်ဘူးဟူသော ဌမ်မျိုးဖြင့်ပြုလုပ်ခဲ့ဖူး၏။ (လေ့ကျင့်ခန်းလုပ်သည် ဟု ဆိုချင်က ဆိုနိုင်ပါသည်)။ ရေးစရာအကြောင်းအရာ ကုန်ကြမ်းကိုလည်း လူနှင့်လူ့ပတ်ဝန်းကျင်တွင် (သို့မဟုတ်) သက်ရှိသက်မဲ့သဘာဝတရားတွေ၏ ဖြစ်ပျက်နေမှုများကို တွေ့မြင်ခံစားပြီးရှာယူ၏။ ကြာသော် ကိုရင်ဖိုးခက်၏ စာအုပ်များကို ကဗျာတို၊ စာတိုများဖြင့် တန်ဆာဆင်ပြီး ဖြစ်ပါတော့သည်။

လေ့ကျင့်ခန်းလုပ်ပြီးရေးထားသော ကဗျာစာပေ၊ စာတိုစာများ ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



မိမိနှစ်သက်သော ကဗျာများကို မဂ္ဂဇင်းတိုက်များ၊ ဂျာနယ်စာစောင်များ သို့ ပို့ပေးမိခဲ့၏။ ဥပမာတစ်ခုပြောရလျှင် စန္ဒာမဂ္ဂဇင်းတိုက်ကို လူမှုဘဝ ရေးရာနှင့်ပတ်သက်သော ကဗျာတစ်ပုဒ်ကို ရေးပို့ဖူး၏။ ထိုအချိန်က စန္ဒာ မဂ္ဂဇင်းတိုက်၏ အယ်ဒီတာချုပ်သည် ဆရာကြီးတင့်တယ်ဖြစ်ပါသည်။ အဆိုပါ ကဗျာစာမူပို့ပြီး ရက်များမကြာခင်မှာပင် ကိုရင်ဖိုးခက်ထံ ထိုကဗျာစာမူ၏ အောက်နားမှာ ဆရာတင့်တယ်၏ မှတ်ချက်ဖြင့် ပြန်ရောက်လာပါ၏။

မှတ်ချက်မှာ. . . "သင်၏ ကဗျာသည် အရေးအသားနှင့် ကဗျာဉာဏ် အများကြီး လိုအပ်နေပါသေးသည်၊ ဆက်လက်ပြီး ကြိုးစားပါ" ဟူ၍ ဖြစ်ပါ၏။

ဆရာတင့်တယ်၏ မှတ်ချက်ကိုဖတ်ပြီး ဝမ်းနည်းသလိုလို၊ အားငယ် သလိုလို၊ သိမ်ငယ်သလိုလို ဖြစ်မိ ခံစားမိပါ၏။ သို့သော်လည်း စာပေဖတ်ခြင်း၊ ကဗျာတို၊ စာတိုရေးခြင်းကိုတော့ ရပ်မထားခဲ့ပါ။

တစ်နေ့. . . မတ္တရာမြို့၊ မြို့နယ်ပြန်ကြားရေးစာကြည့်တိုက်တွင် မတ္တရာမောင်မိုးသန့်ဆိုသော စာပေသမားတစ်ယောက်နှင့် သိကျွမ်းခွင့်ရခဲ့ ၏။ (ထိုပုဂ္ဂိုလ်သည် မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များတွင် အတော်အတန် နေရာရထား သူ ဖြစ်ပါသည်) သူနှင့် စာအကြောင်းပေအကြောင်း ဆွေးနွေးကြရာမှ ကိုရင်ဖိုးခက်သည် စန္ဒာမဂ္ဂဇင်းတိုက်ကို ကဗျာတစ်ပုဒ်ပို့လိုက်ရာ အယ်ဒီတာချုပ် ဆရာတင့်တယ်၏ မှတ်ချက်ဖြင့် ထိုစာမူပြန်ရောက်လာကြောင်း ကို ပြောပြမိ၏။ မတ္တရာမောင်မိုးသန့်က သူ၏ အတွေ့အကြုံအရ တက်သစ်စ စာပေဝါသနာရှင် များသည် မိမိတို့ ကလောင်စမ်း၍ ရေးထားသော စာမူများကို မဂ္ဂဇင်း၊ ဂျာနယ်တိုက်များသို့ ပေးပို့ရာတွင် သတိထားရမည့် သဘော (အချက်အလက်) များကို ဆွေးနွေးပြောပြပါသည်။

ဥပမာ စန္ဒာမဂ္ဂဇင်းကဲ့သို့သော တိုက်ကိုကလောင်သစ်များအနေဖြင့် စာမူများ မပို့သင့်သေးကြောင်း၊ ထိုမဂ္ဂဇင်းကို လေ့လာကြည့်လျှင် မိမိတို့ ထက် စာပေအရာတွင် အတွေးအခေါ်၊ အယူအဆ၊ အကြောင်းအရာတစ်ခု ကို ရေးသားတင်ပြရာမှာ အဆပေါင်းများစွာ သာလွန်သော ပုဂ္ဂိုလ်များ၏ စာမူများကိုသာ (များသောအားဖြင့်) ဖော်ပြလေ့ရှိကြောင်း၊ ထို့ကြောင့်စာရေး သက် နုသောစာပေဝါသနာရှင် ကလောင်သစ်များ၏ စာမူများကို ပေးပို့ရန် မသင့်ကြောင်း ဆွေးနွေးပြောပြပါ၏။



ဆက်လက်၍ မတ္တရာမောင်မိုးသန့်က ကလောင်သစ်များကို မြေ တောင်မြှောက်ပေးနေသော စာစောင်များလည်းရှိကြောင်း၊ ဥပမာ မန္တလေး မြို့ရှိ တနင်္လာနေ့တိုင်းထုတ်သော (၁၅) ပြားတန် "ထူးစာစောင်" ဖြစ်ကြောင်း၊ ကလောင်သစ်များကိုတွဲ၍ ဖော်ပြပေးလေ့ရှိကြောင်း၊ အထူးသတိပြုရန်မှာ ယုံကြည်ချက် (ခံစားချက်) ကိုအသာထား၊ ခေတ်စနစ်ကိုကြည့်ကာ (သို့မဟုတ်) အချိန်ကာလ ရာသီသဘောကိုကြည့်ပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများရေး သား၍ ကလောင်စမ်းသင့်ကြောင်း ယခုအချိန်တွင် အရေး၊ အတွက်၊ အဖတ်ဟူသော အသုံးလုံးလှုပ်ရှား မှု စာမတတ်သူပပျောက်ရေး အကြောင်း များကို ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများရေး၍ ကလောင်စမ်းသင့်ကြောင်းနှင့် မြန်မာ"လ"များကို ကြည့်ပြီး ယဉ်ကျေးမှုဓလေ့ထုံးထမ်း၊ ကုသိုလ်ရေးနှင့် ပတ်သက်သော အကြောင်းအရာများကို ရေးသားပြီးပို့သင့်ကြောင်း ဆွေးနွေး ပြောပြပါသည်။

ထို့ကြောင့် ကိုရင်ဖိုးခက်သည် ၁၉၇၃ ခု၊ ဧပြီလတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာမတတ်သူပပျောက်ရေး (အသုံးလုံး) လုပ်အားပေး နေ သူများကို ဂုဏ်ပြုသောအားဖြင့် ကဗျာတစ်ပုဒ်ရေးပြီး မန္တလေးမြို့ "ထူးစာ စောင်" တိုက်သို့ ပေးပို့ပလိုက်ပါသည်။

စာမူပို့ပြီးတစ်ပတ်အကြာ ၂၄-၄-၇၂ တနင်္လာနေ့ထုတ် ထူးစာ စောင်တွင် ၎င်းကဗျာပါလာ၏။ ထိုကဗျာသည် ရိုးစင်းလွန်းလှသော်လည်း စာစောင်ထဲတွင် ပုံနှိပ်စာလုံးဖြင့် ပထမဦးဆုံး တွေ့မြင်ရသည့် ကိုရင်ဖိုးခက် ၏ ကဗျာစာမူဖြစ်ပါသည်။ ကဗျာမှာ-

"ဖြည်သူ့အကျိုး၊ ဒို့သည်ပိုး"
အသုံးလုံးလုပ်သား၊ ရောင်းရင်းများတို့
စိတ်အားထက်သန်၊ စေတနာမှန်၍
တစ်ဖန်စိတ်ထား၊ တည်ကြည်ပွားပြီး
လုပ်အားပေးလှူ၊ စာမတတ်သူကို
တတ်အောင်မြူကာ၊ သင်မှုပြည်ကျိုး
ဒို့သယ်ပိုးသည်၊ အဖိုးရတနာ တန်လွန်းပါ၏။

ဟူ၍ဖြစ်ပါ၏။ ယင်းအခါက ကလောင်အမည်သည် 'ရွှေရာပြတ် ဘုန်းမို' ဖြစ်ပါသည်။ ပထမဦးဆုံးပါရှိသော ကဗျာဖြစ်သောကြောင့် ကိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခက်သည် အလွန် ဝမ်းသာပီတိဖြစ်ခဲ့ရ၏။ နှိုင်းယှဉ်စရာ မရှိသော ပျော်ရွှင်မှုမျိုးကိုရခဲ့၏။ ခင်မင်ရင်းနှီးသော သူငယ်ချင်း အပေါင်းအသင်းများကိုလည်း ပြုသမိ၏။ ဆက်လက်၍ ကြိုးစားသွားမည်ဟူ၍လည်း အားတက်စိတ်တွေ ဖြစ်ခဲ့မိသည်။

ကိုရင်ဖိုးခက်သည် မိမိဝါသနာပါသော ကဗျာလင်္ကာ စာပေရေးသားရန် နေရာယူပေးမှု လမ်းစရောင်ခြည်ကိုမြင်နေရပါသော်လည်း အခြားတစ်ဖက်မှာ သင်ယူနေရသော ဗုဒ္ဓစာပေ၏ ထိုက်တန်သော ဘွဲ့တစ်ခုရရှိဖို့ရန်ကလည်း လိုသေးသည်။ ကိုရင်ဖိုးခက်သည် ထိုကာလတွင် ဝါသနာနှင့်ပညာသင်ကြားမှု (အတိုင်းအတာတစ်ခု) ၏ နှစ်ဘက်ကြားတွင် လွန်ဆွဲခံရသလို ဖြစ်နေခဲ့၏။

ပုထုဇဉ်တို့၏စိတ်သည် သာယာမှုနှင့်ယှဉ်သောနောက်သို့ အစဉ်တစိုက်လိုက်နေသည်ဆိုသောစကားသည် မှန်ပေ၏။ ကိုရင်ဖိုးခက်သည် ကဗျာတို၊ စာတိုကလေးများ စာစောင်များတွင် မကြာ၊ မကြာပါလာသောကြောင့် ၎င်းအပေါ် ပီတိသောမနဿ (နှစ်သက်ဝမ်းမြောက်ခြင်း) ဖြစ်ကာ အမိကအခြေခံကျသော ဘွဲ့တစ်ခုခုရရှိရန်အတွက် ကျောင်းစာကို ကြိုးစားသင်ယူလေ့လာခြင်း အားနည်းလာပြီး ပြင်ပစာပေများကိုသာ အချိန်များများပေးကာ ဖတ်ရှုနေမိခြင်းနှင့် ကဗျာတိုကဗျာစ၊ စာတိုပေစများရေးသားဖွဲ့ဆိုနေမိခြင်းတို့ကြောင့် ဗုဒ္ဓစာပေသင်ကြားမှုတွင် ထိုက်တန်သော (အသိအမှတ်ပြု) သည့်ဘွဲ့ကိုမရရှိခဲ့ပေ။ ပညာရေးပန်းတိုင်ဆီသို့မရောက်ဘဲ ရပ်နေသူဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ရပ်နေသူသည် သွားနေသူကဲ့သို့ ခရီးမရောက်နိုင်သည့်အပြင် တိုးတက်မှုလည်းရှိလိမ့်မည်မဟုတ်ပါ။ သို့သော်ငြားလည်း ရပ်နေသူသက်သက်မဖြစ်စေဘဲ ဝါသနာပါသော "စာရှုး ပေရှုး" စာတို "ငညို" သုဘောကမှ ထာဝရရှိနေဦးမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ ။

○

ကိုရွှေဝင်းသန့်



www.burmeseclassic.com

"အလို...ညှော်သည်လာစေျးကြဖြင်းဆိုပါက လား၊ မည်သို့ပါလိမ့်ယာ တဝည်သန်းထွင့်ကိုမေးကြည့်ရာ သူတို့ရွာ သည် ဝေးလံခေါင်သီသော အရပ် ဖြစ်သဖြင့် ယနေ့လို ညှော်သည်ရောက်လာလျှင် အလွန်ဝမ်းသာ ဂုဏ်ယူကြောင်း၊ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ တစ်ဦး၏ ညှော်သည်ကို တစ်ဦးကခေါ်ယူ ပြုစုခွင့် တောင်းခြင်းဖြစ် ကြောင်း သိရသည်၊ ထူးခြားယဉ်ကျေး သော ဓလေ့တစ်ခုပါပေ၊"

# ကျွန်းမာပါစေ ယောတောင်တန်းမြေ

၁၉၈၃ ခုနှစ် ကျွန်တော်အမှတ် (၁) စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ် ဖြစ်ပါသည်။ စက်မှုကုန်ကြမ်းရရှိရေးအတွက် မကွေးတိုင်း ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်များသို့ ခရီးထွက်ဖြစ်ခဲ့ပါသည်။

မကွေးတိုင်း၏ ရာသီဥတုမှာ မိုးနည်းရပ်ဝန်းဖြစ်သော်လည်း နွေဦးကာလဖြစ်သောကြောင့် အပူရှိန်လည်း မပြင်းထန်ဘဲ ဆောင်းကြွင်းနှင်းများ ဝေကာ သာတောင့်သာယာရှိလှပေသည်။ တောင်ကုန်းအတက်အဆင်းများနှင့် ရေစပ်စပ်ရှိသော သဲချောင်းပေါင်းမြောက်များစွာကို ဖြတ်ကျော်ခဲ့ရပါသည်။ ပခုက္ကူမှ အစဉ်အတိုင်း မြို့ငယ်ရွာငယ်များစွာကိုလည်း ဖြတ်ကျော်ခဲ့ရပါသည်။

အညာဒေသ၏ အိုအေစစ်ဟုခေါ်ရမည့် ကမ္မမြို့သည် အုန်းပင် ငှက်ပျောပင်များနှင့် ရေထွက်များဖြင့် အေးချမ်းသာယာလှပေသည်။ ထိုမှတဆင့် သမီးတော်ရွာ၊ ကြက်ကြော်နာမည်ကြီးသည့် ဂျီးပြာရွာ၊ ပျဉ်းချောင်း၊ ရေပြာစသည့်ရွာများစွာ ကျော်ဖြတ်ရသည်။ ပေါက်မြို့သည် စည်ကားသော်လည်း သေးငယ်သည့်မြို့တစ်မြို့သာဖြစ်သည်၊ ယောနယ်ဒေသနှင့် ပခုက္ကူဒေသ ပိုင်းခြားသည့် နယ်နိမိတ်လည်းဖြစ်သည်။ ထူးခြားသည်မှာ လေယာဉ်မဆင်းတော့သည့် လေယာဉ်ကွင်းတစ်ခုရှိနေခြင်းပင်။

ဖြတ်သန်းခဲ့သမျှ မြို့ရွာအားလုံး ပြောင်း၊ ဝါ၊ နှမ်း၊ ရေတ်ဆေးရွက်ကြီး စိုက်ပျိုးရေးနှင့် သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းများဖြင့် စီးပွားရေးထူးကောင်းမွန်သည်။ ပေါက်မြို့သို့ရောက်သော် ခရီးဆက်ရမည့်ရွာမှာ ညောင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ရွာဖြစ်ပြီး ကြားတွင်ရှိသည့် သဲချောင်းအချို့မှာ ရေများနေသေးသဖြင့် ကျွန်တော်တို့၏ ကားငယ်မှာသွားမရတော့ပေ။ မြို့နယ်တာဝန်ရှိသူများထံ အကူအညီတောင်း၍ ကားလေးအား ကိုင်းတောထဲတွင် မြုပ်နေသော လေယာဉ်ကွင်း ဟောင်းရုံးတွင် အပ်နှံထားခဲ့ရသည်။

ဌာနပိုင် (T.E 21) ကားကြီးဖြင့် ပေါက်မြို့မှ နေ့လယ် (၁) နာရီ တွင် ဆက်လက်ထွက်ခွာလာရာ တောင်ဆင်းတောင်တက် ခရီးမတ်စောက် လာသည်။ တက်မတောင်မှ အဆင်း အပေါ်စီးမှ ကြည့်မြင်ရသည့် ရှုခင်းမှာ ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။ အဝေးဆီယောနယ်မှ သစ်တောများ ဖုံးလွှမ်းနေသော ပုံတောင်ပုံညာတောင်တန်းကြီး ကုန်းပြင်မြင့်များ။ ချိုင့်ဝှမ်း များ။ ကွေ့ဝိုက်နေသည့် ယောချောင်း၊ ကျောချောင်းဝန်းကျင်မှ စိုက်ကွင်းများ၊ တောင်ယာခင်းများ၊ သိုးအုပ်၊ ဆိတ်အုပ်၊ နွားအုပ်များရေသောက်ဆင်းနေ သည့် မြင်ကွင်း၊ ဖူးမြင်နေရသည့် စေတီကျောင်းကန်များနှင့် မြန်မာ့ကျေးလက် သဘာဝ သက်ဝင်လှုပ်ရှားနေသော ရွာကြီးရွာငယ်များမှာ ရှုမဝနိုင်သော ရှုခင်းများပင်ဖြစ်တော့သည်။

ခြေသလုံးခန့်ရေရှိနေသော ချောင်းအချို့ကို ဖြတ်သန်းပြီး ဆောဂန့်ဂေါလမ်းအတိုင်း ဆက်ထွက်လာရာ တစ်နာရီခန့်ခရီးပေါက်ပြီးနောက် ဂန့်ဂေါ လမ်းမကြီးမှ မြောက်ဘက်လမ်းခွဲငယ်တစ်ခုကို ဦးတည်ဆက်ထွက်ခဲ့သည်။ လမ်းခွဲအတိုင်း ဆယ့်ငါးမိနစ်ခန့် မောင်းပြီးလျှင် လှည်းလမ်းအခြေအနေသာ ရှိတော့သောကြောင့် ကြိုတင်စီစဉ်ထားသော ဌာနပိုင်ထွန်စက်ခေါင်းဖြင့် ဆက်လက် ချီတက်ရပြန်သည်။ ထွန်စက်၏ အရပ်ဆယ်မျက်နှာဆောင့်ခြင်း၊ လှုပ်ယမ်းခြင်း ခံရသော ဒုက္ခဖြင့် ညောင်ရင်းရွာသို့ ညနေငါးနာရီတွင် ရောက်ရှိပါတော့ သည်။

**တစ်ကိုယ်လုံး ဖုန်မှုန့်အလူးလူးဖြင့်** ဖြစ်နေကြတော့သည်။ ဝိုင်းအုံကြည့်နေသော **ကလေးတစ်အုပ်ကိုကျော်ပြီး** တည်းခိုမည့်အိမ်သို့သွားကြသည်။ အိမ်ရှင်များကို **စကားမပြောအားဘဲ ရေချိုးရန်စမ်းချောင်းငယ်တစ်ခုဆီ** သွားကြရသည်။ **အလွန်အေးစိမ့်လှသော ယောဒေသ၏ စမ်းရေ**ကြောင့် ရေအမြန်ချိုးပြီး အနွေးထည်ပါဝတ်ထားရပါသည်။ ထို့နောက်မှ မိမိတို့တည်းခိုရမည့် အိမ်ရှင်နှင့် မိတ်ဆက်စကားဆိုရပါသည်။ အိမ်ရှင်မှာ ကျွန်တော်၏ဌာနမှ



ဝန်ထမ်းမောင်သန်းထွဋ်၏ **မိဘများဖြစ်ကြသည်။ ဗမာစကား**ဖြစ်သော်လည်း အလွန်စကားဝဲကြသည်၊ ပွင့်လင်း**ကြသည်။**

အိမ်ရှင်များတည်ခင်းသော **ငါးဟင်း၊ ငပိတောင်း၊ ရှောက်သီးသုပ်** တို့နှင့် ထမင်း**စားအပြီး** တစ်ကိုယ်လုံးနာကျင်နေသဖြင့် **အိပ်ယာဝင်ရန် ပြင် ဆင်**ကြသည်။ ထိုစဉ် **အိမ်အောက်** ကွပ်ပျစ်တန်းလျားများ၌ ရွာခံလူသုံး**လေး ဦးခန့်** **ရောက်နေသည်ကိုတွေ့**ရသည်။ ဧည့်သည်များကို တွေ့ချင်သဖြင့် လာရောက်**ကြကြောင်းသိရ**သဖြင့် အောက်သို့ဆင်းကာ စကားပြောရပြန်ပါ သည်။ အလို . . . **ဧည့်**သည်လာချေးကြခြင်းဆိုပါကလား၊ မည်သို့ပါလိမ့်ဟု တပည့်သန်းထွဋ်ကိုမေးကြည့်ရာ သူတို့ရွာသည် ဝေးလံခေါင်သီသော အရပ် ဖြစ်သဖြင့် ယခုလို **ဧည့်**သည်ရောက်လာလျှင် **အလွန်ဝမ်းသာဂုဏ်ယူ**ကြောင်း၊ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ တစ်ဦး၏ **ဧည့်**သည်ကို တစ်ဦးကခေါ်ယူ **ပြုစုခွင့်တောင်းခြင်းဖြစ်**ကြောင်း သိရသည်။ ထူးခြားယဉ်ကျေးသော **ဓလေ့ တစ်ခု** ပါပေ။

**ဧည့်**သည်လာချေးသော ရွာခံများ၏ စေတနာကို တုန့်ပြန်စကားပြောရင်း ညဉ့်**နက်**သွားသည်။ ရွာခံပုဂ္ဂိုလ်များလည်း ဝမ်းသာစွာ ပြန်ကြ၏။ **နောက်နေ့မနက်စောစော**တွင် ကျွန်တော်နှင့်ဝန်ထမ်းနှစ်ဦးသည် ရွာလယ်လမ်းမ တလျှောက် လမ်းလျှောက်ရင်း လေ့လာကြသည်။ ခြံစည်းရိုး**များစနစ်**တကျ ကာရံထားပြီး ရေတွင်းများလည်းရှိသည်။ ဝေးလံသီခေါင်သော်လည်း **အိမ်တိုင်း**လိုလို **အိမ်သာရှိ**ကြသည်။ ပျဉ်ထောင်အိမ်များရှိသလို **ဝါးထရံသက်ငယ်မိုးအိမ်**များလည်း များလှသည်။ ရွာလယ်လမ်းမတစ်နေရာတွင် **အမျိုးသမီးကြီး**ငယ် အချို့လမ်းတလျှောက် တံမြက်စည်းလှည်းနေကြသည်ကို **တွေ့ရသည်။** ၎င်းတို့ အနားရောက်သော် တံမြက်စည်းကို ကိုယ်**၏**ဝဲယာ**များ**တွင် ကပ်လျက်အနေ အထားဖြင့် ယိုယို့ကလေးလမ်းဘေးကပ် **ရပ်နေကြသည်။ စိတ်ထဲမှ** သက်ာ မကောင်းရှိသဖြင့် "ဘာအတွက်သန့်ရှင်းရေးလုပ်ကြတာလဲ" ဟုမေးမိရာ "အစိုးရ မင်းတွေရောက်နေတာကြောင့် ရွာကို သန့်ရှင်းသပ်ရပ်အောင်လုပ်ကြလို့ ဥက္ကဋ္ဌက မှာထားလို့ပါ" ဟု ဖြေပါသည်။ ကိုလိုနီခေတ်**၏** အမွေဆိုးဖြစ်ပါတယ်ဟု ဖြေသည်။ ကျွန်တော်နှင့်ဝန်ထမ်းများကို ဆိုလိုခြင်းဖြစ်၍ ကျွန်တော်လည်း **အတော်လေး**

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူမိသောကြောင့် တည်းအိမ်ကိုပြန်လှည့်ပြီး သန်းထွန်းမှ တဆင့် ရွာဥက္ကဋ္ဌထံ တောင်းပန်တားမြစ်ရပါသည်။

နံနက်စောစောတွင် အိမ်ရှင်တို့က ကောက်ညှင်းပေါင်း၊ ငါးကြော်၊ မြေပဲကြော်၊ ရေနွေးတို့ဖြင့် အသင့်ဧည့်ခံပါသည်။ ဘေးမှာလည်း ညကဧည့်လာ ချေးသူလေးငါးယောက် သူတို့အိမ်များသို့ခေါ်ရန် အသင့်စောင့်နေပါသည်။ သို့နှင့် တည်းအိမ်မှကျွေးသော နံနက်စာကိုဖြတ်၍ တစ်အိမ်ပြီး တစ်အိမ်ဗိုက်မဆံ့ လောက်အောင် လှည့်လည်စားရပါသည်။ ထိုသို့အိမ်စဉ်လှည့်ရာမှ လာရင်း ကိစ္စ ကုန်ကြမ်းရရှိရေးလည်း ဆွေးနွေးရပါသည်။

နောက်ထပ်အိမ်များကလည်း လာရောက်ဖိတ်ကြားကြပြန်ရာ မနည်း တောင်းပန်ထားရသည်။ ကျေနပ်ကြပုံမရပါ။ အိမ်တကာလှည့်ရင်း ရွာ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည်များကို ဆွေးနွေး အကဲဖြတ်ရပါသည်။ ရွာခံများကလည်း မျှော်လင့်ချက်ကြီးစွာဖြင့် ဆေးခန်းရရှိ ရေး၊ မူလတန်းမှ အလယ်တန်းတိုးမြှင့်ရရှိရေး ဆွေးနွေးပြောဆိုကြသည်။ အားကိုးတကြီး တင်ပြကြသည်။ ကျွန်တော်ကိုယ်တိုင်က စက်မှု (၁) မှ သာမန် အရာထမ်းတစ်ဦးမျှသာဖြစ်သဖြစ်သဖြင့် စိတ်မကောင်းဖြစ်ရုံကလွဲ၍ ဘာ မျှမတတ်နိုင်ချေ။ မြို့မှအရာရှိတစ်ဦးလာလျှင် သူတို့ရွာအတွက် လုပ်ကောင်း လုပ်ပေးနိုင်မည်အထင်ဖြင့် အားကိုးတကြီးတင်ပြကြခြင်းဖြစ်ပါသည်။

ထိုသို့ရွာစဉ်လှည့်၍ အလုပ်ကိစ္စဆွေးနွေးနေစဉ် အိမ်တစ်အိမ်၏ ရှေ့ကွက်လပ်တွင် ပခုက္ကူကဟုထင်ရသော စူလာနဖာရောင်းသည့် လူတစ် ယောက်တွေ့ရသည်။ အိမ်ရှင်ကခေါ်၍ ဈေးဝယ်နေခြင်းဖြစ်သည်။ အိမ်ရှင် လူကြီးက "အလင်းခဲပါသလား" ဟု မေးသည်။ ဓာတ်ခဲကိုမေးခြင်းဖြစ်ရာ "မပါဘူး" ဟု ဈေးသည်ကုလားက ဖြေသည်။ အိမ်ရှင်က မကျေနပ်သော ပုံစံဖြင့် "ဟာသံ့ကဘာလဲ" "အဲဒါကဘာလဲ" ဟု ဓါတ်ခဲကို လက်ဖြင့်ပြ၍ ပြန်မေးခြင်းပြုခဲ့ရာ ဈေးသည်ကုလားက "အဲဒါဟာသံ့မဟုတ်ဘူး ကြက်ဖ တံဆိပ်" ဟု ပြန်ဖြေပါသည်။ အမေးနှင့်အဖြေတို့ ကိုက်ညီလှသဖြင့် ကျွန်တော် တို့ပွဲကျရပါသည်။ သန်းထွန်းက ဝင်ရှင်းသဖြင့် အရောင်းဝယ်ဖြစ်သွားကြသည်။ စကားအခေါ်အဝေါ်များ ကွဲလွဲခြင်းဖြစ်သည်။ သန်းထွန်းကသူတို့ရွာမှာ ဆက်သွယ်ရေးညံ့လွန်းသဖြင့် ယခုကဲ့သို့ဖြစ်နေကြောင်း တမြန်နှစ်ကလည်း



သစ်ထုတ်လုပ်ရေးဌာနမှ CLERK ခေါ်သည့် သစ်လုံးတင်ချသည့် ယန္တရား တစ်စီးရောက်လာကြောင်း၊ ရွာလူထု မှာ အထူးအဆန်းဖြစ်၍ ဝိုင်းအုံနေ ကြောင်း၊ တစ်ရက်တွင် အဆိုပါစက်ကြီး နောက်ဆုတ်စဉ် ငါးနှစ်အရွယ် ကလေးတစ်ဦးကို ကြိတ်မိ၍သေဆုံးသွား ကြောင်း၊ စက်မောင်းဝန်ထမ်းမှာ တုန်လှုပ် ချောက်ချားစွာ ပူပန်နေစဉ် ရွာလူကြီး များနှင့် ကလေးမိဘများရောက်လာပြီး စိတ်မကောင်းမဖြစ်ပါရန်နှင့် သည်ရွာမှ ပြန်မသွားပါနှင့် ကလေးက ဆော့လွန်း ၍ဖြစ်ရကြောင်း ဝိုင်း၍တောင်းပန်ကြသည်။ အမှုဖြစ်ခြင်း မဖြစ်ခြင်းထက် သူတို့ရွာမှ လူကြုံလိုက်စီးနေရသော ကားမရှိမှာ ပူပန်နေကြခြင်းဖြစ်သည်။ အလွန်ဂရုဏာသက်ဖွယ်ဖြစ်လေသည်။

ရွာပတ်ဝန်းကျင်သည် သစ်တောများဖုံးလွှမ်းနေသကဲ့သို့ စိမ်းစိုနေ သော ပြောင်း၊ နှမ်း၊ ဝါ၊ ကြက်သွန်ခင်းများလွန်စွာဖြစ်ထွန်းလှပေသည်။ မြေသားမှာနက်မှောင်ပြီး (VIRGIN SOIL) ခေါ် သဘာဝအနေထားပျက်သွင်း မှုမရှိ ပကတိကောင်းမွန်လှပါသည်။ မြေမည်မျှကောင်းသနည်းဆိုသော် တနေ့ ရွာဦးကျောင်းသို့ အသွားလမ်းတွင် ငရုတ်ပင်တစ်ပင်ကို တွေ့ခဲ့ရသည်။ ပင်စည်လုံးက လူကြီးခြေသလုံးခန့်ရှိပြီး အမြင့်ကိုးပေ ဆယ်ပေခန့်ရှိသော ပိန်နမျိုးဖြစ်သည်။ အသီးများမှာ ပြောင်းဖူးစေ့သေးသေးခန့်သာရှိသည်။ လူတစ်ဦးတက်နိုင်သော ငရုတ်သီးစိမ်းပင် သည်တစ်ကြိမ်သာတွေ့ဖူးပါသည်။

ထို့ကြောင့် ကျွန်တော်ဆရာကြီးပုံစံဖြင့် ရွာသားများကို "ခင်ဗျားတို့ ဒီလိုတောင်ယာနဲ့တင်မကျေနပ်နဲ့၊ တောတွေရှင်းပြီး သရက်၊ ပိန္နဲ၊ သီဟို၊ ရှောက်သံပုရာတွေ စေလိုက်ချိုပြီးစိုက်ပါလား" ဟု အကြံပြုရာ ရွာခံကျောင်း ဆရာလေးက- "စိုက်ချင်တာပေါ့ဗျာ၊ သိတာပေါ့။ ဒါပေမယ့် မြို့ကိုနွေအခါက လွဲလို့ ကျန်တဲ့ရာသီမှာ ကိန္နရာချောင်းခြားနေတာလေ၊ ထွက်ကုန်ရောင်းဖို့ နေနေသာသာ မီးဖွားလူနာ မြွေကိုက်လူနာတောင်မပို့နိုင်လို့ အသေခံနေရ တာဗျ" ဟု ပြန်ဖြေရာ ၎င်းတို့၏ ဘဝပေးအခြေအနေကို နားလည်ခဲ့ရပါ သည်။ မှန်ပါသည်။ နွေရာသီမှာပင် သဲချောင်းထဲ အနိုင်နိုင်ရုန်းကန်နေကြရ ရာ မိုးရာသီဆိုလျှင် တောင်ကျချောင်းများကြောင့် ဝေဒနာရှင်ပေါင်းများ စွာ ဆေးရုံမရောက်နိုင်ဘဲ ဆုံးရှုံးမှုမှာ လွန်စွာများပြားလှပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အသုံးမပြုနိုင်သော မြေများမှာလည်း ပေါမှပေါ၊ ကိုယ်ခုတ်သည့် တောင်ယာကိုယ်ပိုင်သည်။ သူ့မြေကိုယ့်မြေ လုစရာမလို၊ ကျူးကျော်ဆိုသည်များမရှိ မြေစာရင်းဂရံ စလစ်၊ ပြေစာ၊ ပါမစ်ဘာမှမရှိ သိလည်းမသိ၊ အမိမြေက သူတို့အားလုံးကို ပဒေသာပင်ပေါက်ပေးပြီးဖြစ်သည်။ ဘဝကို ရိုးသားအေးချမ်းစွာဖြတ်သန်း၍ တင်းတိမ်ရောင့်ရဲနေကြသူများ ဖြစ်လေသည်။

ဤမျှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နောက်ကျလှသော ဒေသသည် ယခု (၂၀၀၀) ပြည့်နှစ် နောက်ပိုင်းတွင် ပြောင်းလဲလာချေပြီ။ ကျွန်တော်လည်း ထိုဒေသသို့ ပြန်မရောက်တော့ပါ။ သဲချောင်းများကို ဖြတ်၍ ဆောက်ပေးထားသည့် ရေပြာရွာ၊ မျဉ်းချောင်းရွာ တံတားများဆောက်ပြီးပြီဟု သိရသည်။ ကားလမ်းများကို ကွန်ယက်သဖွယ် ဖောက်လုပ်သည်။ ၎င်းတို့ အိပ်မက်ပင်မမက်ဖူးသော ရထားလမ်း၊ ရထားဘူတာမှာ ညောင်းရင်းရွာသို့ပင်ရောက်နေပြီဟု ဆိုသည်။ နိုင်ငံတော်၏ စေတနာပင်။ ဒေသထွက်ကုန်များ ဈေးကောင်းရလိမ့်မည်။ ကျန်းမာရေး၊ ပညာရေးတိုးတက်လာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ထို့အတူ ယခင်စူလာနဖာ အထမ်းဈေးသည်ကလေးမှသည် ယခုမြို့ကြီးပြကြီးဒေသအသီးသီးမှ ကုန်သည်ကြီးများ လူလည်များလည်း အဝင်အထွက်များလာကြပါလိမ့်မည်။ ရိုးသားလှသော ယောသူယောသားများအပေါ် လူအချင်းချင်း လှည့်ပတ်ခြင်းကင်းကြပါစေ၊ အထင်သေးခြင်း၊ ဆင်းရဲလို့ခြင်းကင်းပါစေဟု ဆုတောင်းမိသလို ယောတောင်တန်းမှ သစ်တောစိမ်းကြီးများ ယောသားတို့၏ မြေလွတ်မြေရိုင်းများလည်း ပကတိကျန်းမာကြပါစေဟု ဆန္ဒပြုမိပါတော့သည်။ ။

၀

• ကိုချို



# မိမိသာလျှင်...

တိုးသန္တာ

www.burmeseclassic.com

***"သည်အချိန် ပြန်စဉ်းစားကြည့်တော့ မြို့လယ်က စေတီတွင် မဆိုထားနှင့် မိမိနေအိမ်က ဘုရားစင်တွင် တစ်ဦးတည်းအားထုတ်သော်ငြား သတိ၊ အသိနှင့် ဆင်ခြင်မှုမရှိက စိတ်ချမ်းမြေ့နိုင်မည် မဟုတ်ကြောင်း၊ မိမိ၏စိတ်ကျေနပ်မှုသည် မိမိ အပေါ်၌သာ မူတည်ကြောင်း . . ."***

# မိမိသာလျှင်

ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း လုပ်ငန်းသဘာဝမတူသည့် အလုပ်နှစ်မျိုးကို ပြောင်းလဲလုပ်ကိုင်ခဲ့ရသည်မှာ (၃) နှစ်ကျော်လွန်ခဲ့ပြီ။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သဖြင့် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း ရုံးစိုက်ရာဒေသခရိုင်ရုံးမှ တွဲဖက်တာဝန်ပေးအပ်ရာ ရန်ကုန်မြို့လယ်ရှိ ရုံးဆီသို့ လမ်းကြောင်းပြောင်းခဲ့ရပြန်သည်။

မြို့ကြီးပြကြီး အလယ်ဗဟိုကို ဖြတ်သန်း၍ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်လိုင်းများမှာ စုံလင်လှသည်။ ကားအစီးရေလည်းများသည်။ ယခုတစ်လော ယာဉ်ကြောများ အဆမတန်ပိတ်ဆို့နေသဖြင့် လမ်းခရီးကြန့်ကြာချိန်ကို ပိုပိုသာသာတွက်ဆလျက် အိမ်မှစောစောထွက်ခဲ့သည်။

ကားမှတ်တိုင်သို့ တစ်စီးပြီးတစ်စီး ဝင်ရောက်လာသည့် ခရီးသည်တင်ယာဉ်အမျိုးမျိုးကို ခေတ္တစောင့်ကြည့်ရာ ကားများသလောက် စီးသူလည်းများလှသည်။ ချောင်ချောင်ချိချိစီးနိုင်မည့် ကားအလွန်ရှားသည်။ ကဲ. . . မထူးတော့ပါဘူး စီးမှရောက်မှာပဲဟု စိတ်ပိုင်းဖြတ်လျက် အဆင်ပြေမည် ထင်သည့် ကားပေါ်တက်ခဲ့သည်။ အလုပ်ချိန်၊ ရုံးချိန်ဖြစ်၍ အချိန်မီလိုရာ ခရီးရောက်နိုင်ရေးအတွက် ကားပေါ်တိုးဝှေ့တက်နေကြသူများနှင့် ရော၍ မိမိလည်း ကားပေါ်ရောက်ခဲ့သည်။ ယာဉ်မောင်းက ကားကိုဆောင့်ထွက်လိုက်သဖြင့် ဒယီးဒယိုင်ဖြစ်သွားကြကာ ခရီးသည်ချင်း တွန်းတိုက်မိကြသော်လည်း အထူးအဆန်းလုပ်၍ မပြောကြတော့။ မသိကျိုးကျွံပြု၍နေရန် အသားကျနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်း၏ ကားမောင်းကျွမ်းကျင်မှုအပေါ် အလိုက်သင့်ကျား ကန်ထိန်းမတ်လျက် ယာဉ်အကူ၏ညွှန်ကြားချက်များကို နာခံကာ ခရီးတဝက် ခန့် ကျစ်ကျစ်တောင့်တောင့်လိုက်ပါခဲ့ရပြီးချိန်တွင် ဘေးခုံမှခရီးသည်တစ်ဦး ဆင်းသွားသဖြင့် နေရာရသည်။ သည်လိုဆိုတော့လည်း မဆိုးပါဘူးဟု ကျေနပ်စွာမှတ်ချက်ပြုရင်း နေရာယူလိုက်သည်။ ထို့နောက် အချိန်ရလျှင် ရွတ်ဆိုမြဲ အရဟံဂုဏ်တော်ကို အမိပ္ပါယ်နှင့်တကွပွားများရွတ်ဆိုလျက် ဘတ်စ်ကားစီးချိန်ကို ကုန်ဆုံးစေခဲ့သည်။ လှည်းတန်းမီးပွိုင့်တွင် လေးကြိမ် ခန့် မီးနီမိအောင်မောင်းနေသည့်တိုင် ယာဉ်မောင်းကိုပြစ်မှုစိတ် မဖြစ်မိတော့ပေ။ ယာဉ်အကူ၏ စူးရှကျယ်လောင်သည့် ပြောဆိုသံများကိုလည်း သတိမပြု မိတော့ချေ။

ဂူလိုင်လ၏ မိုးမရွာသောနံနက်ခင်းသည် နေမပူဘဲ အုံ့ပျပျနှင့် သွားရလာရကောင်းနေသည်။ မြို့ထဲရောက်ချိန်တွင် ရုံးသို့သွားရန် အတန်ငယ် စောနေသဖြင့် တစ်ခုခုလုပ်ရန် စဉ်းစားမိသည်။ စာအုပ်ဆိုင်သွား၍ ကောင်းနိုး ရာရာစာအုပ်များ ရွေးချယ်မြည်းစမ်းပြီး တစ်အုပ်လောက်ဝယ်လျှင်ကောင်းမ လား၊ လက်ဖက်ရည်ဆိုင်ထိုင်လျှင် ကောင်းမလား။ ဝေခွဲမရသော အတွေး များဖြင့် ကားပေါ်ကဆင်းခဲ့သည်။ ကားမှတ်တိုင်တွင် ခြေစုံရပ်ရင်း ဘေးဝဲယာ ကို မျှော်ကြည့်လိုက်မိသည့်အခိုက် လမ်းမကြီး၏ အလယ်ဗဟိုတွင်ရှိနေသည့် စေတီတော်ကြီးကို ဖူးတွေ့လိုက်ရသည်။ အေးမြရှင်းသန့်သည့် နံနက်ခင်းတွင် ရွှေရောင်အဆင်းဖြင့် ရွှေစေတီတော်ကြီးမှာ တင့်တယ်လှပေစွ။ သည်နှစ် အတွက် လုပ်ငန်းပြောင်းသည့် ပထမဆုံးနေ့တွင် ဘုရားဖူးခြင်းသည် အကောင်း ဆုံးဟု စိတ်ပိုင်းဖြတ်၍ စေတီတော်ရှိရာသို့ ခြေဦးလှည့်လိုက်သည်။

၀

အစပြုမိသည့် ကုသိုလ်အလုပ်ကို အဆက်မပြတ်စေလိုသည့် ဆန္ဒ နှင့် တိုးပွားလာသည့် သဒ္ဓါတရားတို့ကြောင့် စေတီတော်ကို နံနက်တိုင်းဝင် ရောက်ဖူးမြော်လျက် ဘုရားရှိခိုးခြင်း၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဆို ပူဇော် ခြင်း၊ (၁၅) မိနစ်ခန့် တရားရှုမှတ်ခြင်း စသည်တို့ကို ပြုလုပ်ဖြစ်ခဲ့သည်။ မိမိသွားလိုရာ



လမ်းခရီးနှင့်သင့်သလို အိမ်မှအတန်ငယ်စောထွက်ကာမျှဖြင့် စိတ်ချမ်းမြေ့စွာ ကုသိုလ်ပြုခွင့်ရနေသဖြင့် အလွန်ပင်သဘောတွေ့မိလေသည်။

မိမိ၏အလုပ်အကိုင်အပြောင်းအလဲ မကြာခဏဖြစ်နေသည့် အခြေ အနေအပေါ် ဘဝင်မကျ စိတ်မရှင်ပျခဲ့သော်လည်း ယခုတော့နေ့စဉ် ဘုရား ဝတ်ပြုပြီး ကြည်လင်သည့်စိတ်နှလုံးဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ခဲ့သည်။ အလုပ်ခွင်နှင့် ဝန်ထမ်းများအပေါ် အကောင်းမြင်စိတ်များထားရှိနိုင်လာ သည်။ လူမှုဆက်ဆံရေး အဆင်ပြေ၍ လုပ်ငန်းခွင်တွင် ပျော်မွေ့အောင်ကြိုးစား လုပ်ကိုင်နိုင်ခဲ့သည်။

၀

မြို့လယ်ရှိစေတီတော်သည် ရှေးဟောင်းစေတီတော်ဖြစ်ပြီး ဗုဒ္ဓမြတ်စွာ ၏ ဆံတော်၊ဓာတ်တော်များ ဌာပနာထားရာ သမိုင်းဝင်စေတီတော်ဖြစ်သည်။ ရင်ပြင်တော်ကျဉ်းမြောင်းသော်ငြား အရံစေတီတော်၊ ဘုရားရုပ်ပွားတော် များနှင့် ပတ်ပတ်လည်တွင် သာသနိကအဆောက်အဦများ ဝန်းရံလျက် လမ်းလေးဆုံ ဦးခိုက်သည့်နေရာတွင် ရွှေတောင်ကြီးပမာတည်ရှိသည့် စေတီတော်ပင်ဖြစ်သည်။

နေသာသည့်နေ့ရက်များတွင် စေတီတော်ရင်ပြင်ပေါ်၌ လူသူလေးပါး များစွာမထူထပ်သည့် အရံစေတီတော်ထောင့်လေးများ၌ နေရာယူကာ ပြုမြဲ ဝတ်ကိုပြုကာ စိတ်အေးချမ်းသာရှိခဲ့သည်။

ယခုတလော လေဖိအားနည်းရပ်ဝန်းများ မကြာခဏဖြစ်ပေါ်နေ ကြောင်းကြားသိရပြီး နေ့စဉ်ရက်ဆက်ဆိုသလို မိုးရွာသွန်းနေသည်။ မိုးထဲ ရေထဲသွားလာရခက်သော်လည်း ပြုမြဲဝတ် မပျက်လို၍ စေတီတော်သို့သွား ရောက် ဖူးမြော်ခဲ့သည်။

သည်ကနေ့တွင်မူ မိုးရွာနေ၍ နီးစပ်ရာတန်ဆောင်းအတွင်း လူသူ ရှင်းသည့် ထောင့်တစ်နေရာတွင် နေရာယူလိုက်ရသည်။ ဘုရားရှိခိုး သီလ ဆောက်တည်ပြီး ပဋ္ဌာန်းဒေသနာတော် ပစ္စယုဒ္ဒေသကို ဆက်လက်ရွတ်ဆို ပူဇော်သည်။ ပြီးလျှင်ထုံးစံအတိုင်း (၁၅) မိနစ်တရားရှုမှတ်သည်။ တရားရှု မှတ်ချိန်နည်းသော်လည်း ဘုရားစေတီ အရိပ်အာဝါသအောက်တွင်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



စိတ်တည်ကြည်ရှင်းသန့်လွယ်သည်။ ဝိပဿနာကို ထိုးထိုးထွင်းထွင်း ရှုမှတ်နိုင်လောက်အောင် အချိန်မရသော်လည်း ဝင်လေထွက်လေနှင့် ယင်းတို့၏ ဖြစ်ပေါ် ချုပ်ပျောက်မှုကို သတိကပ်ရှုမှတ်ရင်း စိတ်အေးချမ်းနေသည်။

သည်အခြေအနေတွင် အခက်အခဲလေးတွေ တွေ့လာရသည်။ သည်းခံ၍ ကျော်လွှားနိုင်အောင် ကြိုးစားသော်လည်း စိတ်အနှောင့်အယှက်ဖြစ်လာသည်။ သည်တော့မှမိမိလိုပင် တွေ့ကြုံခံစားနေကြမည့် ဘုရားဝတ်ပြုသူ မည်မျှရှိမည်ကို တွေးမိတော့သည်။

မိမိနေရာယူမိသည်က အလှူခံမဏ္ဍပ်မှ အသံချဲ့စက်နှင့် နီးကပ်လွန်းသည့် တန်ဆောင်းဖြစ်နေသည်။ အလှူရှင်မရှိလျှင် မရှိသည့်အလျှောက် အလှူရှင်များစေတနာထက်သန်စွာ လှူဒါန်းကြစေရေး နှိုးဆော်တိုက်တွန်းသံများ၊ အလှူရှင်များလျှင်များသလောက် အလှူရှင်များအပေါ် ဆုတောင်းမေတ္တာပို့သသံများ၊ ကောင်းနိုးရာရာ တရားစာသားလေးများကို ရွတ်ဖတ်သံများ၊ အသံချဲ့စက်မှ ခဏမစဲဆိုသလို ထွက်ပေါ်လာရာ မိမိအလုပ်ပြီးအောင် ဦးတည်ကြိုးစားလုပ်ကာ တန်ဆောင်းမှခပ်သုတ်သုတ် ထွက်လာခဲ့ရသည်။

အနှောင့်အယှက်ဖြစ်သွားသော မိမိစိတ်ကို ဆင်ခြင်သည်။ နိဗ္ဗာန်ဆော်များရှိ၍သာ စေတီပုထိုး၊ သာသနိက အဆောက်အဦများကို မွမ်းမံထိန်းသိမ်းရန် အလှူငွေများရရှိသည်။ လှူဒါန်းသူများရှိ၍သာ မိမိအပါအဝင် ဗုဒ္ဓဘာသာဝင်တို့ ကုသိုလ်တရားပွားများရာ နေရာဌာနများ တည်တံ့ခိုင်မြဲလျက်ရှိနေပေသည်။ နိဗ္ဗာန်ဆော်များ၏ အလုပ်သည်မှန်မြတ်လှပေစွဟု သုံးသပ်မိသောအခါတွင်မှ ဘဝင်ကျသွားတော့သည်။

မည်သို့ပင်ဆိုစေ နောက်ရက်များတွင် အသံချဲ့စက်နှင့်ဝေးရာ တန်ဆောင်းကိုရှာမိသည်။ သီလဆောက်တည်အပြီး ပဋ္ဌာန်းပူဇော်နေစဉ် တန်ဆောင်းအတွင်းမှ အသံဝါဝါ ဌာန်ပါပါဖြင့် ပရိတ်ပဋ္ဌာန်းဒေသနာတော်များကို အားပါးတရ ပူဇော်ရွတ်ဆိုသံကို ကြားလိုက်ရသည်။ သြဇာသံအပြည့်ဖြင့် ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနေသံသည် ကြားရသူအပေါင်းအတွက် ပီတိဖြစ်ဖွယ်ကောင်းလှပါဘိ။ မိမိမှာမူအလွတ်ရွတ်ဆို ပူဇော်နေသည့် ပဋ္ဌာန်းတရားအာရုံမှာ ဖရိုဖရဲပြိုကွဲလျက် တရားစာသားများလည်း အနေအထားမကျ ကပေါက်တိကပေါက်ချာ ကျော်ချင်သလိုကျော်ဖြင့် ဟိုရောက် သည်ရောက်



ရွတ်ဆိုနေမိလေသည်။ သတိကြီးစွာထား၍ တရားဆုံးအောင် ပူဇော်ပြီး တန်ဆောင်းမှ အမြန်ဆုတ်ခွာခဲ့ရပြန်သည်။

သည်ကနေ့တွင်မူ အသံချဲ့စက်နှင့်ဝေးရာ လူသူရှင်းသည့်တန်ဆောင်းအတွင်း အသံသြဇာကောင်းသူများရှိမရှိ မျက်စေ့ဖွင့်နားစွင့်လေ့လာပြီး နောက်နားကျကျတွင် နေရာယူဖြစ်သည်။ သည်နေ့ဘုရားအာရုံပြုရသည်မှာ အဆင်ပြေသည်။

ဘုရားပန်းသည်များ၏ အသံတစာစာဖြင့် ဈေးခေါ်သံများ၊ စေတီတော်ပရဝုဏ်အတွင်း မိမိနေအိမ်ကဲ့သို့ သဘောထားလျက် အော်ဟစ်ပြောဆိုနေကြသည့် အလုပ်သမားအချို့နှင့် ဝေယျာဝစ္စဆောင်ရွက်နေသူများ၏ အပြန်အလှန် ပြောဆိုသံများကို ကြားရနေသော်လည်း အနှောင့်အယှက်မဖြစ် မိတော့။ ပဋ္ဌာန်းပူဇော်အပြီး တရားရှုမှတ်ရသည်မှာ အာရုံမိလှသည်။ ပတ်ဝန်းကျင်နှင့်ကင်းကွာလျက် ရှုမှတ်စိတ်က ဝင်လေထွက်လေအပေါ် စူးစိုက် ကာ အသိနှင့်သတိ မြဲမြံနေသည်။ ထိုစဉ်ကလေးငယ်တစ်ဦး၏ မြူးတူးအော်ဟစ်သံနှင့်အတူ မိမိပုခုံးကို ရုတ်တရက်ဆောင့်တွန်းသလို ခံစားလိုက်ရသည်။ ကိုယ့်အာရုံနှင့်ကိုယ်မို့ အတန်ငယ်ထိတ်လန့်သွားရသည်။ သတိကိုစုစည်းပြီး နားစွင့်ကြည့်လိုက်တော့ ဘုရားဖူးမိသားတစ်စု၏ အသံကိုကြားရသည်။ ဖြစ်တတ်သည့် သဘာဝပေပဲဟု နှလုံးသွင်းလျက် မိမိအလုပ်ကိုဆက်လုပ် သည်။ မကြာမီသူတို့အသံလည်း ပျောက်သွားသည်။ သမာဓိပြန်တက်လာပြီး ရှုမှတ်စိတ်ပြန်လည်အားကောင်းလာသည်။ ရုတ်တရက်မိမိဘေးနားမှ ကျယ်လောင်စွာ ထွက်ပေါ်လာသည့် သီချင်းသံကို ကြားလိုက်ရသည်။ လက်ကိုင်ဖုန်းမြည်သံပါလားဟု အသိအမှတ်ပြုမိချိန်မှာတော့ ရှုမှတ်ချိန်လည်းကုန်လု ပြီ။ အထူးတလည်စိတ်အနှောင့်အယှက်မဖြစ်တော့။ ကြည်လင်ရှင်းသန့်နေသည့် စိတ်ကိုမပျက်စေဘဲ ဘုရားဖူးလာသူများကို မဟာဂရုဏာလွှမ်းခြုံကာ ကြည့်တော်မူနေသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်၏ ဂုဏ်တော်ကို အာရုံပြုကာ ကြည်ညိုညွတ်နူးစွာဦးချလျက် အမျှဝေဆုတောင်းမေတ္တာပို့ပြီး ထွက်ခွာခဲ့တော့သည်။

၀

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် နေ့စဉ်ရုံးတက်ရက်များတွင် မြို့လယ်စေတီတော်သို့ ဘုရားဖူးရောက်လေ့ရှိခဲ့သည်မှာ တစ်လခန့်ကြာမြင့်ခဲ့ပြီ။ ယခုတော့အကြောင်းလည်းသိ ကျွမ်းကျင်မှုလည်းရှိလာပြီမို့ အဘိုးချဲ့စက်ကိုရှောင်၊ ကျယ်ကျယ်လောင်လောင် ဘုရားရှိခိုးတတ်သူများ စုတည်းချတတ်သည့် တန်ဆောင်းကိုတိမ်း၊ အကြောင်းအားလျော်စွာ ပေါ်ပေါက်လာတတ်သည့် အသံဗလံအနှောင့်အယှက်များကို ဥပေက္ခာပြုရင်း မိမိအလုပ်ကို ပီပြင်စွာလုပ်နိုင်လာသည်။

သည်အချိန် ပြန်စဉ်းစားကြည့်တော့ မြို့လယ်ကစေတီတွင် မဆိုထားနှင့် မိမိနေအိမ်က ဘုရားခန်းတွင် တစ်ဦးတည်းအားထုတ်သော်ငြား သတိ၊ အသိနှင့် ဆင်ခြင်မှုမရှိက စိတ်ချမ်းမြေ့နိုင်မည်မဟုတ်ကြောင်း၊ မိမိ၏စိတ်ကျေနပ်မှုသည် မိမိအပေါ်၌သာ မူတည်ကြောင်း ကောင်းကောင်းကြီး သတိပြုမိခဲ့ပေသည်။

နေ့စဉ် လိုရာခရီးကို အန္တရာယ်ကင်းစွာ မောင်းနှင်ပို့ဆောင်ပေးသည့် ခရီးသည်တင်ယာဉ်မောင်းနှင့် ယာဉ်အကူများ၊ ကုသိုလ်တရားပွား များရာ စေတီတော်အရှည်တည်တံ့နိုင်မြဲအောင် စောင့်ရှောက်ကြသူများ၊ မိမိအား ဉာဏ်တာဝန်ပေး၍ ဉာဏ်လမ်းခရီးကို သွားစေသူများ၏ ကျေးဇူးကို ဆင်ခြင်ရင်း သူတစ်ပါးအပေါ် မငြိုငြင်မိအောင် ထိန်းသိမ်းလျက် ပြုမြဲဝတ် မပျက် စေတီတော်ကို ဦးခိုက်လိုက်မိပါတော့သည်။ ။

○

တိုးသန္တာ

# ယဉ်ကျေးသူများဖြစ်ကြစေရန်

## ဖွန်မိုးအိမ်

(၁၇)

www.burmeseclassic.com

*"ကျေးဇူးမသိတတ်ခြင်း" သည် မင်္ဂလာတရားတော်နှင့် မညီညွတ်ပေ၊ "သူ့ကျေးဇူးကို၊ ထိမ်မြှုပ်မထွေ၊ သိတတ်စေ" ဟု ပညာကြီးသူများ ဆိုလေ့ရှိကြသည်၊ ကျေးဇူး မသိခြင်းကြောင့် ဆုံးရှုံးမှုများစွာ ကြုံတွေ့နိုင်သည်၊"*

# ယဉ်ကျေးသူများဖြစ်ကြစေရန်

ကိုယ်၊ နှုတ်၊ နှလုံး (စိတ်) သုံးပါးစလုံးထိန်းသိမ်းနိုင်သောသူကို လူယဉ်ကျေးဟုသတ်မှတ်ကြသည်။ လေးစားကြသည်။ လူရာသွင်းကြသည်။ လူယဉ်ကျေးဟု သတ်မှတ်ရာတွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာများကို အဓိကလေ့လာကြည့်ရှု အကဲဖြတ်၍ အဆင့်သတ်မှတ်ခြင်းဖြစ်သည်။ "လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကား" ဟူ၍ ဆိုရိုးစကားရှိသည်။ ဤအဆိုသည် "သားသမီးမကောင်းမိဘခေါင်း"၊ "တပည့်မကောင်းဆရာခေါင်း" ဆိုသည့်စကားကဲ့သို့ မိမိမကောင်းလျှင် မိဘများအထိန်းအကွပ်ကြောင့်ဟု မိဘများလက်ညှိုးထိုးခံရမည်။ ပတ်ဝန်းကျင်၏ ကဲ့ရဲ့ရှုတ်ချမှုကိုခံရမည်။ တပည့်မလိမ္မာလျှင် ဆရာသမားများ သွန်သင်ဆုံးမမှုညံ့သောကြောင့်ဟု ဆရာသမားများ အပြစ်တင်ခံရမည်။ အများ၏ လေးစားမှုကင်းမဲ့ခြင်းကို ကြုံရမည်။ သည်အဖြစ်မျိုးမှ လွတ်ကင်းအောင်မိကောင်းဖခင်သား သမီးများသည်ကိုယ်၊ နှုတ် (စိတ်) သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့အောင် ထိန်းထိန်းသိမ်းသိမ်း နေလေ့ရှိကြသည်။

တိရစ္ဆာန်နှင့်လူတို့၏ ကွာခြားချက်မှာ တွေးခေါ်ဆင်ခြင်နိုင်မှုဉာဏ်ရည်ဉာဏ်သွေးကွာခြားခြင်းပင်ဖြစ်ပေသည်။ လူတို့ ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးအောင် ထိန်းသိမ်းနိုင်ခြင်း၊ မထိန်းသိမ်းနိုင်ခြင်းမှာ ထိုဉာဏ်ရည်ဉာဏ်သွေးပေါ်တွင် မူတည်နေသည်ဟု ဆိုချင်ပါသည်။

လူပီပီသသအဖြစ် ရပ်တည်နိုင်ရန် ကိုယ်အမူအရာကိုလည်း ဂရုထားရမည်၊ နှုတ်အမူအရာကိုလည်း စောင့်စည်းရမည်၊ စိတ်အမူအရာကိုလည်း ထိန်းကွပ်ရမည်။

သည်နေရာတွင် အထက်ဖော်ပြပါ အမူအရာသုံးမျိုးကို အနည်းငယ်ချဲ့ထွင် ပြောပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**"ကိုယ်အမူအရာ"** ဆိုသည်မှာ ပြင်ပဗဟိဒ္ဓအမြင်ပင်ဖြစ်သည်။ လှုပ်ရှားသွားလာပုံ၊ ဝတ်စားဆင်ယင်ပုံစသည်တို့မှာ မျက်စိဖြင့်မြင်တွေ့နိုင် သောလူ၏ ကိုယ်အမူအရာဖြစ်သည်။ ကိုယ်အမူအရာကို ဂရုထားရမည် ဆိုရာ၌ ဣန္ဒြေရှိခြင်း၊ ကျက်သရေရှိခြင်း၊ အေးဆေးတည်ငြိမ်ခြင်း၊ ဝတ်စား ဆင်ပြင်ရာ၌ ဟီရီဩတ္တပ္ပတည်းဟူသော အရှက်အကြောက်ရှိခြင်းဟူ၍ အကြမ်းအားဖြင့် နားလည်နိုင်ပါသည်။ အထူးသဖြင့် အမျိုးသမီးများများသည် ကိုယ်အမူအရာကို သတိဂရုပြု၍ ထိန်းသိမ်းရမည့်သူများဖြစ်သည်။

ယနေ့ခေတ်အချို့သော မြန်မာမိန်းကလေးများတွင် ကိုယ်အမူအရာ ယဉ်ကျေးသိမ်မွေ့မှုအတော်ကလေးအားနည်းနေသည်ကို သတိထားမိကြပေမည်။ အလှအပပြင်ဆင်ရာတွင်လည်းကောင်း၊ အဝတ်အစားဝတ်ဆင်ရာတွင်လည်းကောင်း သူ့အရပ်နှင့်သူ့ဇာတ်လိုက်ဖက်အောင် ပြင်ဆင်ဝတ်စားခြင်း မပြုကြဘဲ အလွန်အမင်းခေတ်ရှေ့ကြူးပြီး လော်လီစွာပြင်ဆင်ဝတ်စားနေ ကြ၍ အရှက်တရားလည်းမရှိ၊ အကြောက်တရားလည်း ကင်းမဲ့နေလေသလား ဟု တွေးစရာပင်ဖြစ်နေပါတော့၏။ ထိုသို့ အပြင်အဆင်လွန်ကြူးနေခြင်း သည် အာသာရမ္မက်လွန် ယောကျ်ားသားများကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ် သည်။ ဆင်ခြင်ဘွယ်ရာဖြစ်ပါသည်။ ကိုယ်အမူအရာနှင့်ပတ်သက်၍ ရှေးက ရဟန်းစာဆို လူပုဂ္ဂိုလ်စာဆိုကြီးများက မိန်းမမာယာ (၄၀) ကစ၍ စာသင် သားများအတွက် နေတတ်ထိုင်တတ်ရန် လူငယ်ကလူကြီးကို ဂါရဝတရားဖြင့် ပြောဆိုဆက်ဆံတတ်ရန်များပါမကျန် စေ့ငသေချာစွာ အသေးစိပ်ရေးဖွဲ့ခဲ့ ကြပေသည်။

"ဒူးနေရာဒူး၊ တော်နေရာတော်" ဆိုသောစကား "ဘုရားကားအောက်၊ မျောက်ကားအထက်" ဆိုသောစကားနှင့် "ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင် ထိုင်ဆောင့်ကြောင်နှင့် ပေါင်ထောင်လက်ကား၊ အပါးကြပ်ကြပ် မနေအပ်" ဆိုသောစကား၊ ထိုထိုသောစကားများသည် ကိုယ်အမူအရာအတွက် ဆောင်ယူ လိုက်နာအပ်သော၊ ရှောင်ကြဉ်ဖယ်ထုတ်အပ်သော အဆုံးအမများပင် ဖြစ် ပေသည်။

မြန်မာလူမျိုးတို့ ယဉ်ကျေးမှုအရ လူကြီးသူမများရှေ့တွင် ကိုယ်ကို ကိုင်းညွတ်၍ သွားခြင်း၊ ရဟန်းသံဃာတော်များ၏ အရိပ်ကိုမနင်းမိစေခြင်း၊



ဘုရားကုန်းတော်ပေါ်နှင့် ပရဝဏ်အတွင်း ဖိနပ်မစီးခြင်းစသည်တို့မှာလည်း ကိုယ်အမူအရာနှင့်ပတ်သက်ပေသည်။

**"နှုတ်အမူအရာ"** နှင့်ပတ်သက်၍ကား ဗုဒ္ဓ၏ အဆုံးအမထဲတွင် အတိအလင်းပါရှိပေသည်။ မမှန်ကန်သောစကားကို ပြောဆိုခြင်းမှ ဝေးစွာ ရှောင်ကြဉ်ပါ၏ဟူ၍ ဝစီဒုစရိုက် မုသာဝါဒကို မသုံးမိစေရန် အထူးဂရုစိုက် ကြပေသည်။ သူ့အသက်ကို သတ်ခြင်း၊ သူတပါးပစ္စည်းကိုခိုးယူခြင်း၊ အရက် သေစာသောက်စားခြင်း၊ မမှန်သောစကားကို ပြောဆိုခြင်း၊ သူတပါးသားမ ယားကို ပြစ်မှားခြင်းဟူသည့် ရှောင်ကြဉ်အပ်သော ကိုယ်ကျင့်သီလများထဲ တွင် ကျူးလွန်ရန်အလွယ်ဆုံးမှာ မုသားစကားပြောကြားခြင်းပင်ဖြစ်သည်။ **"ဝစီဗေဒ ထိတိုင်းရှ"** ဆိုသလို မမှန်သောစကားကို ဆိုခြင်းကြောင့် ဘေးဒုက္ခ ရောက်ရသည့် သာဓကများလည်း များစွာရှိခဲ့ပေသည်။ ထို့ကြောင့်စကားကြီး ခြောက်ခွန်းရှိသည့်အနက် လေးခွန်းကိုပယ် နှစ်ခွန်းတည်ရမည်ဟု အဆိုအမိန့် ရှိခဲ့ခြင်းဖြစ်သည်။

စကားကြီး (၆) ခွန်းထဲမှ (၂) ခွန်းကိုသာ ပြောဆိုသင့်သည့်စကား ဟု ပညာရှိများ သတ်မှတ်ကြသည်။ သူတပါးကိုလည်း ထိုစကား (၂) ခွန်းကို ရွေးချယ်ပြောစေရန် တိုက်တွန်းနှိုးဆော်ကြသည်။ ထိုစကား (၂) ခွန်းမှာ အကျိုးရှိ၍ မှန်ကန်သောစကားဖြစ်လျှင် ကြားနာသူနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ပြောဆိုသင့်သည်ဟု သတ်မှတ်လိုက်သောစကား ဖြစ် သည်။ မှန်ကန်သောစကား (သစ္စာစကား) ကို ဆို၍ ဘုရားလောင်း သုဝဏ္ဏ သာမသည် မြားဆိပ်ပြယ်ရုံမျှသာမက မျက်မမြင်မိဘနှစ်ပါး ပါ အလင်းရ၍ သားရွှေအိုးထမ်းလာသည်ကိုမြင်ရသည့် သာဓကရှိသည်။

**"နှုတ်ချို သျှိုတစ်ပါး"**၊ "ချစ်စေလိုခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်"၊ "ကြမ်းကျွံလျှင် နှုတ်၍ရသည်၊ နှုတ်ကျွံလျှင် နှုတ်၍မရ" စသည်တို့ကလည်း နှုတ်အမူအရာနှင့်ပတ်သက်သည့် လိုက်နာစရာ၊ ဆင်ခြင်စရာ၊ စောင့်စည်းစရာ အဆိုအမိန့်များပင် ဖြစ်ပေသည်။ သစ္စာစကားဖြင့် ထုံမွမ်းအပ်သော နှုတ်သည်တန်ဘိုးကြီးမြတ်၏။ မုသားစကားဖြင့် တန်ဆာဆင်အပ်သော နှုတ်သည်တန်ဘိုးကင်းမဲ့၏။ ထို အချက်ကိုသတိပြု၍

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်လျှင် နှုတ်အမူအရာ စောင့်ထိန်းတတ်သူ လူယဉ်ကျေးတစ်ယောက် ဖြစ်လာနိုင်ပေသည်။

**"စိတ်အမူအရာ"** (အတွင်းအလွှတ္တအဖြစ်) နှင့်ပတ်သက်၍ စကား ဆင်ခြင်လိုက်နာစရာ ဖယ်ကြဉ်ရှောင်ခွာစရာ အသိပေးချက်များ များစွာ ရှိပေသည်။

လူတို့တွင် အညစ်အကြေး (၉) ပါးရှိကြောင်း၊ ဥဒ္ဒကဝိဘင်းပါဠိတော်တွင် လာလေသည်။ ထိုအညစ်အကြေး (၉) ပါးကို အကြောင်းပြု၍ အကျိုးတရားများပေါ် ပေါက်လာကြသည်။ ထိုအကျိုးတရားများသည် မကောင်းသော၊ မစင်ကြယ်သောအညစ်အကြေးကို အကြောင်းပြု၍ ဖြစ်ပေါ် လာသဖြင့် အကျိုးမများသော (အကျိုးမဲ့) အကျိုးတရားများဟု သတ်မှတ်နိုင်ပါသည်။

**"အမျက်ထွက်ခြင်း"** ကြောင့် မိမိစိတ်သည် မီးလျှံဖုံးသည့်နှယ်ပြင်းစွာ ပူလောင်သဖြင့် အမျက်ထွက်ပြီဆိုသည်နှင့် ပူလောင်မှုဒဏ်ကို အရင်ဆုံးခံရသည်မှာ မိမိကိုယ်တိုင်သာဖြစ်တော့၏။

**"ကျေးဇူးမသိတတ်ခြင်း"** သည် မင်္ဂလာတရားတော်နှင့် မညီညွတ်ပေ။ **"သူ့ကျေးဇူးကို၊ ထိမ်မြှုးမသွေ၊ သိတတ်စေ"** ဟု ပညာကြီးသူများ ဆိုလေ့ရှိကြသည်။ ကျေးဇူးမသိခြင်းကြောင့် ဆုံးရှုံးမှုများစွာ ကြုံတွေ့နိုင်သည်။ ဖခင်မင်းကြီး၏ကျေးဇူးကို မသိတတ်ဘဲပြစ်မှားသောကြောင့် အဇာတသတ် သည် အပယ်ငရဲသို့ ကျခဲ့ရ၏။ ကမ်းစပ်မှဖျိုင်းငုက်ကလေး ငါးကိုဖမ်း၍ မြှောက်ကာ မြှောက်ကာ ကစားသည်ကို ကြည့်ပြီး လှံကစားခြင်းအတတ်ကို ကျွမ်းကျင်ခဲ့သည့်သူက ဆရာမရှိပါဟု ပြောဆိုခဲ့၍ **"ဆရာတာပြန် အာခေါင်လှံစူး"** ရသည့် အဖြစ်များလည်းရှိခဲ့သည်။ ကျေးဇူးမသိတတ်သူ၏ အဖြစ်ကဘဝသင်ခန်းစာကို ပေးသည်ဟုဆင်ခြင်သိရှိနိုင်ပေသည်။

**"မနာလိုဖြူစူခြင်း"** မှာလည်း အမျက်ထွက်ခြင်း (ဒေါသ) နည်းတူ မိမိ၏ နှလုံးသားကို ဖွဲမီးကဲ့သို့ တမြေ့မြေ့နှင့်လောင်ကျွမ်းစေတတ်သည်။ ကိုယ့်ထက်သာ၍ မနာလိုတတ်သောစိတ်သည် မြေဆိပ်ထက်ပြင်း၏။

**"သဝန်တိုခြင်း"** သည်လည်း မိမိ၏စိတ်ကို မိမိကိုယ်တိုင် ညှင်းဆဲသလိုခံစားရသော အကျိုးမဲ့တရားဖြစ်ပေသည်။



**"လှည့်ပတ်ဖြားယောင်းခြင်း"** သည်ကား အလွန်စက်ဆုပ်ဖွယ်ကောင်းသော စာရိတ္တပိုင်းဆိုင်ရာ ပြစ်မှုတစ်ခုပင်ဖြစ်သည်။ ကိုယ်ကျိုးစီးပွားတိုးတက်အောင်သူတစ်ပါးထံမှ လှည့်ပတ်ဖြားယောင်းယူခဲ့လျှင် ထိုပစ္စည်းဥစ္စာတို့သည် တာရှည်မြဲမည်မဟုတ်ပေ။ ကောင်းစားလျှင်လည်း တစ်ဘဝသာဖြစ် သည်။ သံသရာတွင် မကောင်းနိုင်။

**"စဉ်းလဲကောက်ကျစ်ခြင်း"** သည်လည်း အကုသိုလ်အလုပ်တစ်ခုပင်ဖြစ်သည်။ မိမိ၏ စဉ်းလဲကောက်ကျစ်သော လုပ်ဆောင်မှုဖြင့် သူတပါး ကို လမ်းမှန်ပျောက်၍ လမ်းမှားရောက်အောင် တွန်းပို့သူ၊ သူတပါးဒုက္ခရောက်အောင်ကြံစည်သူတို့၏ လားရာသည် မည်သို့မျှကောင်းနိုင်မည်မဟုတ်ပေ။

**"လိမ်ညာပြောဆိုခြင်း"** သည်ကားနှုတ်အမူအရာနှင့်သက်ဆိုင်ပေသည်။ အချို့က စကားလုလုပြောသည်ဟုဆိုကာ "မုသားမပါ လင်္ကာမချော" ဟူသောအဆိုကို လက်ကိုင်ပြုတတ်ကြသည်။ လင်္ကာချောသည်ဖြစ်စေ၊ မချောသည်ဖြစ်စေ အမှန်မဟုတ်သောစကားကို ပြောဆိုကြလျှင် အကျိုးကျေးဇူးဖြစ်ထွန်းမည်မဟုတ်ပေ။ ဥပမာ- ကောလဟာလစကားများကိုကြည့်ပါ။ ထိုမမှန်သောစကားများကြောင့် အကျိုးမရှိသည့်အပြင် အကျိုးပျက်စီးစေသောအဖြစ်များမှာ မျက်မြင်ကိုယ်တွေ့ပင်။

**"မတရားလိုချင်ခြင်း"** မှာ လောဘစိတ်ကိုအခြေခံသည်။ 'မတရား' ဆိုသော အသုံးအနှုန်းမှာ 'တရားခြင်းမဟုတ်' ဟု အဓိပ္ပာယ်ထွက်ကြောင်း နားလည်ကြပြီး သားဖြစ်သည်။ "လိုချင်ခြင်း" ဆိုသည်မှာ "လက်ဝယ်ပိုင်ပိုင် ရရှိလိုသည့်ဆန္ဒဖြစ်ကြောင်း" ကိုလည်း သဘောပေါက်ကြပြီးသားဖြစ်သည်။ မိမိတွင်မရှိသောအရာကို သူတပါးထံမှ နည်းမှန်လမ်းမှန်ဖြင့် မဟုတ်ဘဲ ရယူချင်သည့်လောဘစိတ်သည်လည်း အပူကြီးပူရသည့်အပူတစ်မျိုးပင်ဖြစ်သည်။ မိမိကိုယ်တိုင်မှန်ကန်ကောင်းမွန်သော သမ္မာအာဇီဝနည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်၍ရရှိသော ပစ္စည်းဥစ္စာမဟုတ်ဘဲ သူတစ်ပါးထံမှ အချောင်နှိုက်၍လည်းကောင်း၊ မတရားအနိုင်ကျင့်၍လည်းကောင်း ရရှိလာသောအရာသည် တစ်ဘဝတွင် စံချင်စံရမည်။ သံသရာတွင် စံရန်ကားဝေးလွန်းလှပေ သည်။

**"မှားသောအယူရှိခြင်း"** ဆိုသည်မှာ ဘာသာတရားနှင့်ပတ်သက်၍ သော်လည်းကောင်း၊ အတွေးအခေါ် နှင့်ပတ်သက်၍သော်လည်းကောင်း မမှန်

www.burmeseclassic.com



ကန်သော အယူအဆရှိခြင်းကိုဆိုလိုပေသည်။ ဘုရားမပွင့်မီကာလက တတ္ထိတတ္ထတွန်းတို့သည် လွဲမှားသောအယူဝါဒတို့ဖြင့် လူအများကို လမ်းမှားသို့စည်းရုံးပို့ဆောင်ခဲ့ကြသည်။ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူပြီးနောက် မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်၊ မလျော့လွန်းမတင်းလွန်းသော အကျင့်ကို တရားမှန်အယူမှန်ဖြင့် ကျင့်ကြံအားထုတ်မှသာလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရာ မြတ်နိဗ္ဗာန်သို့ရောက်ရှိနိုင်ကြောင်း သိရှိလာကြပေသည်။

အထက်ပါအကြောင်းအရာနှင့် သာဓကများမှာ လူ့လောကတွင် လူပီပီသသဖြစ်လိုသူများရှောင်ရှားရန် အချက်များနှင့် လိုက်နာကျင့်သုံးစရာ အချက်များကို သိရှိသဘောပေါက်စေရန် သိမ်သိမ်မွေ့မွေ့ညင်ညင်သာသာ ညွှန်းဆိုထားသော အချက်များဖြစ်ပေသည်။ တစ်နည်းဆိုရသော် လူယဉ်ကျေးတို့အတွက် လူ့ကျင့်ဝတ်များပင်ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ဤသို့ဖြစ်မည်၊ ထိုသို့ဆိုလျှင် ထိုသို့ဖြစ်မည်ဟု သိမြင်စေရန် ညွှန်ပြသော ကျင့်ဝတ်များပင် ဖြစ်သည်။

ထိုသို့သော ကျင့်ဝတ်များကို မလိုက်နာတတ်ကြသူ၊ လိုက်နာရန် မသိတတ်ကြသူ၊ မလိုက်နာဘဲနေကြသူများအတွက် “စည်းကမ်း” ဟူသော ဝေါဟာရတစ်လုံးပေါ်ပေါက်ခဲ့ရသည်။ စည်းကမ်းဆိုသည်မှာမူ မလိုက်နာဘဲ မနေရ လိုက်ကိုလိုက်နာရမည်ဟု ခပ်တင်းတင်းကြပ်မတ်သတ်မှတ်ထားသည့် ကျင့်ဝတ်ဖြစ်သည်။ စည်းကမ်းကို ဖောက်ဖျက်ပါက ပြစ်ဒဏ်ပေးနိုင်သည်။ ဖောက်ဖျက်ကျူးလွန်မှု၏ အတိမ်အနက်အလိုက် အပြစ်ဒဏ်ခံကြရသည်။

ထိုသို့မဖြစ်စေရန် ကိုယ့်ကိုယ်ကိုယ် ပြုပြင်မြှင့်တင်ခြင်းဖြင့် လူယဉ်ကျေးများဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

၀

ဖွန်မိုးအိမ် (တာတု)

ပညာမြင့်မှ
လူမျိုးတင့်မည်
ကိုသိန်းသန်း
အခင်းစိန်



www.burmeseclassic.com

***"၁၉၅၉ ခုနှစ် စင်ကာပူနိုင်ငံ၏ အကြိုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် စင်ကာပူ အမျိုးသား ခေါင်းဆောင်ကြီး လီကွမ်ယုက "ကျွန်တော်တို့ အစွမ်းကုန် ညီညီညွတ်ညွတ်နဲ့ ကြိုးစားကြရင် နောင် ၁၀ နှစ် အတွင်း မြန်မာနိုင်ငံကို မီစေရမည်" ဟု ကြိမ်းဝါးခဲ့ဖူးသည်ကို . . ."***

# ပညာမြင့်မှ လူမျိုးတင့်မည်

စာပေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုရေချိန်ဖြစ်သည်။ ဘာသာစကားသည် စာပေနှင့်ဆက်စပ်နေသည်။ ရင်ထဲမှစကားလုံးများ စာရွက်ပေါ်တွင် ရေးချလိုက်သောအခါ နေ့စဉ်မှတ်တမ်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ အတ္ထုပ္ပတ္တိစသည်တို့ဖြစ်သွားသည်။ ထို့ကြောင့်လည်း **အလိမ္မာစာမှာရှိ၊** စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးတင့်မည်ဟု ဆောင်ပုဒ်များ ထွက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

**မြန်**မာလူမျိုးများသည် ညံ့သူများမဟုတ်ကြပါ။ စာဖတ်သည့်လူတိုင်း တိုးတက်ပြီး တိုးတက်ကြသူတိုင်း စာဖတ်ကြသည်ဟု ဖတ်မှတ်ဖူးပါသည်။ ဆရာမကြီး လူထုဒေါ်အမာကလည်း "စာဖတ်တဲ့လူမှ စိတ်ဓာတ်အဆင့်အတန်းမြင့်တယ်" ဟု ဆိုခဲ့ပါသည်။ အချိန်ကာလတစ်ခုက "စာမတတ်သူပပျောက်ရေး" ဆိုသည့် စီမံချက်ကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုအခါ စာမတတ်သူမရှိသလောက်ဖြစ်သွားသော်လည်း "စာမဖတ်သူပပျောက်ရေး" ကို နိုင်ငံတော်မှ အထူးစီမံကိန်းများ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

ပညာဆိုသည်မှာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ဖြစ်သည်။ ပညာကို စာဖတ်ခြင်းမှ အဓိကရရှိနိုင်သဖြင့် လူတိုင်းစာဖတ်ဖို့လိုပါသည်။ အောင်မြင်နေသော လူများစာဖတ်ခဲ့ကြသည်ကို အတုယူပြီး အောင်မြင်လိုသည့် လူများလည်း စာဖတ်ကြပါသည်။

စာဖတ်ခြင်းနှင့်အတူ ဆွေးနွေးတိုင်ပင် ညှိနှိုင်းမှုတွေပါပေါင်းလျှင် ပို၍အကျိုးရှိပါသည်။ စာဖတ်ခြင်းကြောင့် အောင်မြင်မှုအထွတ်အထိပ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည့် ကမ္ဘာကျော်ပုဂ္ဂိုလ်များစွာ ရှိပါသည်။ လက်ရှိကြိုးစားနေဆဲလူများလည်း စာပေနှင့်ကင်းကွာ၍ မရပေ။ စာပေလေ့လာမည့်သူများအတွက် စာကြည့်တိုက်များသည် မရှိမဖြစ်အရေးပါသော နေရာများဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားစာကြည့်တိုက်ရှိပါသည်။ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံ၏ အမြင့်ဆုံးစာကြည့်တိုက်ဖြစ်သည်။ တစ်မျိုးသားလုံး၏ စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစုဆောင်းထားရှိခြင်းကြောင့် အမျိုးသားစာကြည့်တိုက်ဟုခေါ်ခြင်းဖြစ်ပါသည်။ နိုင်ငံ၏အခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍စာကြည့်တိုက်တစ်ခုသော်လည်းကောင်း၊ တစ်ခုမကသော်လည်းကောင်း ထားရှိကြပါသည်။

စာသင်ခန်းများတွင် ပညာဆည်းပူးနိုင်သလို စာကြည့်တိုက်များတွင်လည်း ပညာရှာနိုင်ပါသည်။ တက္ကသိုလ်၊ ကောလိပ် စာကြည့်တိုက်များ၊ အများပိုင်စာကြည့်တိုက်များ၊ ပုဂ္ဂလိက စာကြည့်တိုက်များသည် စာပေ၊ ဗဟုသုတရှာဖွေသူများ အားထားရာ ပညာဘဏ်တိုက်များဖြစ်ကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်နှင့် လူမှုအဆင့်အတန်းကို လေ့လာလိုလျှင် ထိုနိုင်ငံ၏ စာကြည့်တိုက်ကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။

ကမ္ဘာပေါ်ရှိစာကြည့်တိုက်ကြီးများမှာ-

(၁) ကွန်ဂရက်စာကြည့်တိုက် (ဝါရှင်တန်ဒီစီ)

အမေရိက၏ ရှေးအကျဆုံးစာကြည့်တိုက်ဖြစ်သည်။ ယင်းစာကြည့်တိုက်၌ အဆောက်အဦသုံးခုပါရှိပြီး ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက်ဖြစ်သည်။ ယင်းစာကြည့်တိုက်၏ ထူးခြားချက်မှာ ပြည်သူများကို စာဖတ်ခွင့်ပြုထားသော်လည်း လွှတ်တော်အမတ်များနှင့် တရားရုံးချုပ်တရားသူကြီးများ၊ အစိုးရအရာရှိများသာ စာအုပ်ငှားရမ်းနိုင်သည်။

ထိုစာကြည့်တိုက်၌ စာအုပ်ပေါင်း (၃၂) သန်းကျော်အပါအဝင်၊ လက်ရေးစာမူ (၆၁) သန်းကျော်၊ လွတ်လပ်ရေး ကြေညာချက်မူကြမ်းစာရွက်၊ သမ္မာကျမ်းမာ၊ မိတ္တူပုရပိုက် တစ်ကမ္ဘာလုံး၌ (၄ ခုသာ ရှိသည်)။ လွန်ခဲ့သောရာစု ၃ ခုမှ သတင်းစာ ၁ သန်းကျော်၊ မြေပုံပေါင်း ၅ သန်းကျော်နှင့် ဓာတ်ပုံပေါင်း ၁၄ သန်းကျော် တစ်နေရာတည်းတွင် တွေ့ရှိနိုင်သည်။

(၂) Bodleian စာကြည့်တိုက် (အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ် တက္ကသိုလ်)



Bodleian စာကြည့်တိုက်သည် အင်္ဂလန်နိုင်ငံအောက်စ်ဖို့ဒ် တက္ကသိုလ်၌ တည်ရှိပြီး ၁၆၀၂ ခုနှစ်၌ စတင်တည်ထောင်ခဲ့သော ဥရောပ၏ ရှေးအကျဆုံး စာကြည့်တိုက်ဖြစ်သည်။ သမ္မာကျမ်းစာ၊ ရှိတ်စပီးယား၏ First Folio ဝတ္ထု (၁၆၂၃) အပါအဝင် ရှေးအကျဆုံးအဖိုးတန်စာအုပ်ပေါင်း (၁၁) သန်းကျော်ရှိသည်။

စာကြည့်တိုက်အဆောက်အအုံများစွာရှိပြီး ထိုအဆောက်အအုံထဲမှ (၁၇၃၇ မှ ၁၇၄၉ အထိ တည်ဆောက်ခဲ့သော) ရက် ကလစ်မ်ကင်မရာ အဆောက်အဦပါဝင်ပြီး သိပ္ပံစာကြည့်တိုက်တစ်ခုလည်းထားရှိသည်။ ရှေးအကျဆုံး စက်ဝိုင်းပုံစာကြည့်တိုက်ဖြစ်ပြီး "Young Sherlock Holmes" "The Saint" , "The Red Voilin" နှင့် "The Golden Compass" ရုပ်ရှင်အပါအဝင် ကားပေါင်းများစွာ ရိုက်ကူးခဲ့သော နေရာလည်းဖြစ်သည်။ ရှေးအကျဆုံး သမ္မာကျမ်းစာ လက်ရေးမူနှင့် အလယ်ခေတ်လက်ရာများကို ရှာဖွေတွေ့ရှိ ဖတ်ရှုမှတ်သားနိုင်သည်။

(၃) ဗာတီကန်စာကြည့်တိုက် (အီတလီနိုင်ငံ၊ ရောမမြို့)

၁၄၇၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ရှေးအကျဆုံး၊ အစောဆုံးစာကြည့်တိုက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ယခုအထိစာအုပ် ပေါင်း (၁. ၁) သန်းကျော်ရှိပြီး လက်ရေးမူပေါင်း ၇၅၀၀၀ ရှိသည်။ ရှေးအကျ ဆုံး သမ္မာကျမ်းစာလက်ရေးမူနှင့် အလယ်ခေတ်မူများကို ရှာဖွေတွေ့ရှိ ဖတ်ရှုမှတ်သားနိုင်သည်။

မြန်မာနိုင်ငံရှိ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ၁၉၂၇ ခုနှစ်၌ အင်္ဂလန်နိုင်ငံသား Mr Governor Sir Harcourt Butler က စတင်တည်ထောင်ပေးခဲ့သည်။ တက္ကသိုလ်စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်သည် ကျောင်းသား၊ကျောင်းသူများ ပညာရပ်ဆိုင်ရာများကို အလွယ်တကူလေ့လာဆည်းပူး၍ ဆရာ၊ ဆရာမများ သင်ကြားပို့ချရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်။

စာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ သုတေသနလုပ်ငန်းများ အတွက် အလွန်အရေးပါသောကြောင့် သုတေသနလုပ်ငန်းနှင့်သက်ဆိုင်သော စာအုပ်၊ စာတမ်းများ ရှာဖွေ စုစည်းသိုလှောင်ထားရှိခြင်းဖြင့်လည်း အကူအညီ ရယူနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့အပြင် သုတ၊ ရသ၊ စွယ်စုံကျမ်း သင်ကြားမှုအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ စာအုပ်များ၊ လေ့လာမှတ်သားရမည့် ရည်ညွှန်းစာအုပ်၊ စာတမ်းများ၊ နိုင်ငံတကာစာအုပ် စာတမ်းများ၊ ရှေးခေတ်သတင်းစာ၊ စာစောင်များလည်း စုစည်းထားရှိပါသည်။

ယခုအချိန် Open Society Foundation က ဘာသာရပ်ပေါင်း ၂၀ ကျော်ကို Download ရယူနိုင်ပါသည်။ E-book အနေဖြင့်လည်း ဖတ်ရှုနိုင်ပါသည်။ စာကြည့်တိုက်၏ Password အောက်မှာ ရယူနိုင်ပါသည်။ နိုင်ငံ တကာ အဆင့်မီစာအုပ်၊ စာတမ်းများလည်း လေ့လာဖတ်ရှုနိုင်ပါသည်။

ထို့အတူ စာပေဗိမာန်ကိုလည်း ၁၉၄၇ ခုနှစ်တွင် ဆိုရှယ်တိုဗီလာ စီမံကိန်းရေးဆွဲခဲ့ပြီး ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးပေါ်ခဲ့ပြီး ထိုအသင်းကြီးကို ၁၉၄၈ ခုနှစ် မေလတွင် စာပေဗိမာန်ဟု ခေါ်ခဲ့သည်။ စာပေဗိမာန်သည် ထိုစဉ်ကရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ဟံသာဝတီအဝိုင်းအနီး ဆိုရှယ်တိုဗီလာ အဆောက်အအုံ တွင်ရှိခဲ့သည်။

၁၉၅၅ ခုနှစ် မေလတွင် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့လယ်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၆၀ ခုနှစ်၊ ဇူလိုင်လတွင် စာပေဗိမာန်စာအုပ်အသင်းကို စတင်တည်ထောင်ခဲ့သည်။

စာပေဗိမာန်သည်လည်း စာကြည့်တိုက်များနည်းတူ စာအုပ်စာပေများကို တနေရာထဲမှာ ရှာဖွေလေ့လာနိုင်သော စာပေဘဏ်တိုက်တစ်ခုဖြစ်ပါသည်။ "မသိသူကျော်သွား၊ သိသူဖော်စား" ဆိုသကဲ့သို့ အသုံးပြုတတ်သူများအတွက် အဖိုးမဖြတ်နိုင်သော ပညာရတနာသိုက်ကြီးဖြစ်ပါသည်။

"တစ်လလျှင် ၁၀ ပဲတန်သောသော့နှင့် ကမ္ဘာ့ဘဏ်တိုက်ကြီးကို ဖွင့်လော့" ဟူသော ကြွေးကြော်သံဖြင့် စတင်တည်ထောင်ခဲ့သော စာအုပ်အသင်းကြီးမှာ "နဂါးနီစာအုပ်အသင်း" ဖြစ်သည်။ ယင်းစာအုပ်အသင်းကို သခင်နုနှင့်ဦးထွန်းအေးတို့ကစတင်၍ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက် နေ့တွင် စတင်တည်ထောင်ခဲ့သည်။ နဂါးနီစာအုပ်အသင်းသည် ဂီတစာဆို ဆရာရွှေတိုင်ညွန့်၏ 'နဂါးနီ' သီချင်းမာတ်ပြားကိုလည်း ၁၉၃၉ ခုနှစ်တွင် ထုတ်လုပ်ခဲ့ရာ ယနေ့တိုင် ထင်ရှားကျော်ကြား လူသိများလှသော အမျိုးသား သီချင်းဖြစ်သည်။



စာဖတ်မှပညာတတ်ဖြစ်မည်။ ပညာတတ်မှတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျရာတာဝန်ယူနိုင်ပြီး နိုင်ငံတော်တည်ဆောက်ရေးမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် အမျိုးသားရေးတာဝန်၊ နိုင်ငံသားတာဝန်ကျေပွန်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော လူမျိုးအားလုံး နိုင်ငံတော်အပေါ် တာဝန်ကျေရန်လိုပါသည်။ တာဝန်ကျေပွန်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။

ပညာရေးသည် တိုင်းပြည်တစ်ပြည်ထူထောင်ရန် တိုးတက်ရန်အတွက် အရေးအကြီးဆုံးဖြစ်ပါသည်။ ပညာရေးကို ဘက်ပေါင်းစုံမှ အလေးထား ပြီးရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ပညာရေးကိုလေ့လာကြည့်သည့်အခါမှာ လွတ်လပ်ရေးရပြီးစအချိန်တွင် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် အတော်အတန် အဆင့်အတန်းမီသော ပညာရေးစနစ်ဖြစ်ခဲ့သည်။ နိုင်ငံအနေဖြင့်လည်း အရှေ့တောင်အာရှတွင် ထိပ်ဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ထိုအချိန်ကာလ၌ မြန်မာလူမျိုးများ ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြသည့် ရွှေထီးဆောင်းခဲ့ရသည့်အချိန်ဖြစ်သည်။

မည်သည့်အတိုင်းအတာအထိရှိခဲ့သနည်းဆိုလျှင် ၁၉၅၉ ခုနှစ် စင်ကာပူနိုင်ငံ၏အကြိုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် စင်ကာပူအမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယုက "ကျွန်တော်တို့အစွမ်းကုန် ညီညီညွတ်ညွတ်ရုန်းကြိုးစားကြရင် နောင် ၁၀ နှစ်အတွင်း မြန်မာနိုင်ငံကို မီစေ ရမည်" ဟု ကြိမ်းဝါးခဲ့ဖူးသည်ကို လူတိုင်းအသိပင်ဖြစ်သည်။ ကြုံးဝါးခဲ့သည့်အတိုင်းရန်ကုန်မြို့ကို အတုယူပြီး စင်ကာပူနိုင်ငံကို တည်ဆောက်ခဲ့ပါသည်။ ယခုအချိန်ထိ စင်ကာပူနိုင်ငံတွင် ရန်ကုန်လမ်း၊ မန္တလေးလမ်းဟူ၍ ရှိပါသည်။ လီကွမ်ယုပြောခဲ့သည့်အချိန်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဂုဏ်ယူဝင့်ကြွားစရာများစွာနှင့် ပညာရေးအဆင့်မီသောနိုင်ငံ ဖြစ်ခဲ့ပါသည်။

စင်ကာပူနိုင်ငံသည် အတိတ်က ရွှံ့နွံများထူထပ်ပြီး ပင်လယ်ဓားပြတွေနှင့် မကောင်းမှုဒုစရိုက်များ ပြည့်နေသောနေရာဖြစ်ပါသည်။ ယခုအချိန်တွင် စင်ကာပူနိုင်ငံသည် အလွန်တိုးတက်လျက်ရှိသည်ကို ကမ္ဘာကပင်အသိအမှတ်ပြုခဲ့ရပါသည်။ လူဦးရေ (၆) သန်းသာရှိသည့် စင်ကာပူနိုင်ငံသည် နိုင်ငံခြားသား အလုပ်သမား (၆) သိန်းကျော်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်

www.burmeseclassic.com



အောင်မြင် နေပါသည်။ ယခင်ကတည်းက တရုတ်၊ မလေး၊ အိန္ဒိယ (တမိလ်) လူမျိုးတွေနှင့် အခြေခံထားသည်။ မတူကွဲပြားမှုများရှိသော နိုင်ငံဖြစ်သည်။ ရွှေ့ပြောင်းဝင်ရောက်လာသည့် အလုပ်သမားများပါရှိသဖြင့် မတူကွဲပြားမှု အတော်လေးများသည့် နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ရန်ကုန်တက္ကသိုလ်ကြီးသည်လည်း အရှေ့တောင်အာရှတွင် အကောင်းဆုံးတက္ကသိုလ်ကြီး တစ်ခုဖြစ်ပြီး အင်္ဂလန်နိုင်ငံပညာရေးစနစ်အတိုင်း စနစ်တကျသင်ကြားပို့ချခဲ့သောကြောင့် အရှေ့တောင်အာရှတွင် သာမက အာရှနိုင်ငံများအထိထင်ရှားကျော်ကြားခဲ့ပါသည်။ ပြည်ပအိမ်နီးချင်း နိုင်ငံခြားသားများကပင် လာရောက်လေ့လာ၍ ပညာဆည်းပူးခဲ့ကြပါသည်။ ထိုင်း၊ မလေး၊ စင်ကာပူစသည့်လူမျိုးများသည် ရန်ကုန်တက္ကသိုလ်ကြီးမှ ဘွဲ့ရခဲ့လျှင် သူတို့တိုင်းပြည်တွင် လစာကောင်းကောင်းပိုရသည်ဟု သိရပါသည်။

၁၉၇၆ ခုနှစ်၊ ဆေးတက္ကသိုလ်အောင်မြင်ထားသော ဆေးကျောင်းသားများဆိုလျှင် အင်္ဂလန်ကောင်စီတွင် ပေါင် ၃၅၀ ပေးသွင်းပြီး မှတ်ပုံတင်ပါက မည်သည့်ဝင်ခွင့်စာမေးပွဲမှ ဖြေဆိုစရာမလိုဘဲ ကမ္ဘာ့အဆင့်မီအသိအမှတ်ပြုခံရပါသည်။ ထိုကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ စိတ်ကူးယဉ်အိပ်မက်မက် ရသော မြန်မာပြည်ရှိရန်ကုန်တက္ကသိုလ်ကျောင်းကြီး၏ ဂုဏ်သတင်းသည် ထိုအချိန်က အထူးပင်ကျော်ကြားခဲ့ပါသည်။ ၁၉၂၀ ခုနှစ်တွင် စတင်တည်ထောင် ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် ကမ္ဘာ့သိပညာရှင်များ မွေးထုတ်ပေးရာ အမိတက္ကသိုလ်ကြီးပင် ဖြစ်ပါသည်။

"ပညာခေတ်ဟူသော (၂၁) ရာစုမှာ ဝေဖန်သုံးသပ်မြော်မြင်နိုင်မှု မပါတဲ့ သင်ကြားရေးအစီအစဉ်ဖြင့် ပညာရေးကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေခြင်းသည် စနစ်တကျစီစဉ်ထားမှုမရှိဘဲ ဆောက်ချင်သလိုဆောက်ထားတဲ့ (A house without a blueprint) အိမ်တလုံးပါပဲ" ဟု ပြောခဲ့သူက အဲရစ်ဆင် (Erickson) ပါ။ "ဝေဖန်သုံးသပ် တွေးခေါ်မြော်မြင်မှု ထွန်းကားအောင်သင်ပေးနိုင်စွမ်းမရှိတဲ့ ပညာရေးရဲ့ရလဒ်ဟာ ပရမ်းပတာဖြစ်မှုပဲ ပေါ်ထွန်းမှာပါ" ဟူ၍လည်းပြောခဲ့သည်။

၁၉၆၀ မှ ၁၉၉၀ အထိကျင့်သုံးခဲ့သော ပညာရေးသည် သမရိုးကျသင်ကြားခြင်း "Factual teaching" နည်းကိုသာ အသုံးပြုခဲ့ပါသည်။ ၁၉၉၅



နောက်ပိုင်းမှာ နိုင်ငံတကာပညာရေး အချက်အလက်၊ အကြောင်းအရာ သက်သက်ကို ပေးသည့်ပညာရေးမှာ ဝေဖန်သုံးသပ်မြော်မြင်မှုကို ရင့်သန်စေသော ပညာရေးဆီသို့ "Critical thinking" ပြောင်းလဲလျှောက်လှမ်းနေပါသည်။ ထိုပညာရေးမျိုးကသာ လူသား၏ဝေဖန်သုံးသပ်မြော်မြင်မှုစွမ်းရည်ကို ဆွဲထုတ်နိုင်အား ပိုကောင်းပြီးသူ့အရည်အသွေးကို မြင့်မားတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

"ဂျပန်ပညာရေးမှာလိုနေတာက အမြော်အမြင်နဲ့တီထွင်ဖန်တီးမှုရှိတဲ့ ဦးဆောင်မှုပဲ၊ ဘွဲ့ကြိုကျောင်းသားတွေမှာ ကျယ်ပြန့်တဲ့အမြင်ပျောက်ဆုံးနေတယ်၊ အဲဒီတွေးခေါ်သုံးသပ်မှုအမြော်အမြင်မရှိဘဲနဲ့ တီထွင်ဖန်တီးနိုင်စွမ်းလည်းမရှိဘူး" ဟု ဂျပန်နိုင်ငံ ဆူကူးဘား (Tsukuba) တက္ကသိုလ် အဓိပတိ လီယိုအီဆာကီ (Leo Esaki) က ညည်းတွားခဲ့ဘူးသည်။ အဆာကီသည် ရူပဗေဒနိုဘယ်ဆုကို ၁၉၇၃ ခုနှစ်ကတည်းက ရရှိထားသူဖြစ်ပါသည်။ သူညည်းတွားခဲ့သည့်အချိန်က နိုင်ငံတကာပညာရေးပြုပြင်ပြောင်းလဲရေးသည် ဝေဖန်သုံးသပ်မှုကို ဆောင်ရွက်နေသည့် ၁၉၉၆ ခုနှစ်ကဖြစ်သည်။


ကွန်ဖူးရှပ်က "Learning without thinking is labour lost" ဟု ဆိုခဲ့ပါသည်။ "မိမိသင်ယူထားသောပညာကို အခြေခံ၍ ဝေဖန်သုံးသပ်နိုင်စွမ်းမရှိသူ၏ လုပ်အားသည်အချည်းနှီးသာဖြစ်သည်" ဟု အဓိပ္ပာယ်ရသဖြင့် တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်မှုနှင့် တီထွင်တတ်မှုမရှိသော လူညံ့များမွေးထုတ်ပေးနေသော တက္ကသိုလ်မျိုးမဖြစ်စေချင်ပါ။ မြန်မာတက္ကသိုလ်များမှ မွေးထုတ်နေသော လူ့စွမ်းအားအရင်းအမြစ်များသည် ဝေဖန်သုံးသပ်နိုင်စွမ်းမဲ့ပြီး တီထွင်နိုင်မှုမရှိဘဲ ခိုင်းသမျှသာလုပ်တတ်သောသူဖြစ်ခဲ့လျှင် နိုင်ငံ၏ လူ့အဖွဲ့အစည်းသည်လည်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝေးကွာနေမည်ဖြစ်သည်။ ထိုသို့မဖြစ်စေရန် ဝေဖန်ပိုင်းခြားမှု၊ တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေမည့် သင်ကြားနည်းစနစ်သို့ပြောင်းလဲပါမှ တိုးတက်မည်ဖြစ်ပေသည်။ ။

၀

ကိုသိန်းသန်း (အင်းစိန်)

www.burmeseclassic.com

chစာရေးနည်းသင်တန်းအမှတ်စဉ် (၂)





# မေတ္တာမွန်ဖြင့်သော

နီလာထွန်း (ရှု)

www.burmeseclassic.com

www.burmeseclassic.com

**"ရှင့်ကို ကျုပ်က ချစ်နှမ်းနို (လွှမ်းလို့) မြတ်နိုး နှမ်းနို (လွှမ်းလို့) ကြင်နာနှမ်းနို (လွှမ်းလို့)...။" အဲဒီစကား အပြင် ကျွန်မတို့ ဆက်မကြားလိုက်ရတော့ပါဘူး။"**

# မေတ္တာမှန်ဖြင့်သာ

**"သူဟာ ကိုယ့်ဘဝရဲ့ အရှင်သခင်ပါ"** ။ မှန်ပါတယ်။ ဒီစကား ဟာ ကျွန်မရဲ့ရင်ထဲက လှိုက်လှိုက်လှဲလှဲ ရွတ်ဆိုနေကျစကားလေးပဲဖြစ်ပါ တယ်။ မိမိရဲ့လင်သားအပေါ် ကျိုးနွံတဲ့စိတ်နဲ့ အလေးအမြတ်ထားတတ်အောင် ဘယ်သူတွေကများ သင်ကြားပေးလိုက်ပါလိမ့်။ ကျွန်မတို့တတွေဟာ ငယ်ရွယ် စဉ်ဘဝမှာ ထိတွေ့ဆက်ဆံလာခဲ့ရတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ လွှမ်းမိုး မှုကို ခံခဲ့ရပါသည်။ လက်ရှိဘဝမှာ အဲဒီစံနမူနာတွေအတိုင်း ပြောဆိုပြုမူ နေထိုင်မိတတ်ကြပါသည်။

ဖေဖေ့ရဲ့ အဖေ ကျွန်မတို့ရဲ့ ဘိုးဘိုးဟာ အတွင်းဝန်တစ်ယောက် ဖြစ်ပါတယ်။ အသက် (၅၆) နှစ်မှာ ဆုံးပါးသွားခဲ့ပါတယ်။ ဘွားဘွားကြီး အမြဲတစေ ပြောလေ့ရှိတဲ့စကားက -

**"ကျုပ်တို့ကတော့၊ ကိုယ့်ယောကျ်ားကလွဲရင် အားလုံး ဖွဲနဲ့ ဆန်ကွဲပဲ"** ။ **"ကျေးဇူးရှင်ကြီးကို အမြဲရှိခိုး ဆုတောင်းမေတ္တာပို့နေရ တယ်"** အဲဒီလို တစ်သက်လုံးပြောသွားခဲ့ပါတယ်။ ဘွားဘွားက အသက် (၇၆) နှစ်မှာ ဆုံးပါတယ်။

ဖေဖေနဲ့မေမေ စကားပြောတဲ့အခါ မေမေကဖေဖေ့မျက်နှာကို ငေး စိုက်ကြည့်ပြီး တလေးတစား နားထောင်လေ့ရှိပါတယ်။ ဖေဖေ့စကားဆုံးတဲ့အခါ ကျမှ မေမေက သူ့ရဲ့ ထင်မြင်ယူဆချက်တွေကို ပြန်ပြောတတ်ပါတယ်။ အကြံဉာဏ်တွေလည်း ပေးတတ်ပါတယ်။ သူတို့စကားပြောပုံက စိတ်ပါလက်ပါ လှိုက်လှိုက် လှဲလှဲရှိတတ်တာမို့ နားထောင်လို့ကောင်းပါတယ်။ ကျွန်မတို့တတွေက ကလေးအရွယ်တွေမို့ မိဘတွေရဲ့စကားအဓိပ္ပါယ်တွေ အားလုံးကို နားမလည်ကြ ပါဘူး။ ကျွန်မတို့သိတာက အကြောင်းအရာတစ်ခုကို ငြင်းခုံနေကြတာမျိုး မဟုတ်ဘဲ တိုင်ပင်နေကြတယ်ဆိုတာပါပဲ။ ဖေဖေနဲ့မေမေက အစိုးရဝန်ထမ်း တွေပါ။ ဖေဖေက ဒု-ညွှန်မှူးဘဝနဲ့ အငြိမ်းစားယူခဲ့ပါတယ်။ မေမေကလည်း အသက်ပြည့်သည်အထိ အလုပ် လုပ်ခဲ့ပါတယ်။ ဖေဖေက အသက် (၇၀) မှာ ဆုံးပါတယ်။ မေမေက အခုဆို အသက် (၈၀) အရွယ်ရောက်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားနဲ့မေမေဟာ အိမ်ရှင်မကောင်းပီသကြပါတယ်။ အိမ်ဦးနတ် ကို ရိုသေလေးစားစွာနဲ့နေထိုင်ခဲ့ကြပါတယ်။ ခင်ပွန်းကောင်းတစ်ယောက် အဖြစ် ရပ်တည်သွားကြတဲ့ ဘိုးဘိုးနဲ့ဖေဖေ့အပေါ် စစ်မှန်တဲ့ချစ်ခြင်းမေတ္တာ တရား၊ ခိုင်မြဲတဲ့သစ္စာတရားတွေနဲ့ ပေါင်းဖက်ခဲ့ကြပါတယ်။

ကျွန်မ အရွယ်ရောက်လာတဲ့အခါ ဘိုးဘွားမိဘတွေရဲ့ ကောင်းမွန် တဲ့ မလေ့ထုံးစံအတိုင်း လိုက်နာကျင့်သုံးနေထိုင်ခဲ့ပါတယ်။ မိမိရဲ့ လင်သား အပေါ်မှာ ရိုသေသမှုနဲ့ ပြုစုလုပ်ကျွေးရမယ်ဆိုတဲ့အသိက ခေါင်းထဲမှာ သံမှို စွဲသလို ရှိနေခဲ့ပါတယ်။

ခင်ပွန်းသည်ရဲ့ အလုပ်သဘောအရ ကျွန်မတို့လင်မယားနှစ်ယောက် ဟာ မကြာခဏခွဲခွာပြီးနေကြရပါတယ်။ လပေါင်းများစွာ ခွဲခွာနေရတဲ့ အခါ မျိုးမှာ ဘွားဘွားပြောလေ့ရှိတဲ့စကားက ကျွန်မရင်ထဲမှာ ပဲ့တင်ထပ်လို့ ကြား ယောင်မိပါတယ်။ **ကိုယ့်ယောကျ်ားကလွဲရင် ဖွဲနဲ့ ဆန်ကွဲပဲ** ဆိုတဲ့စကား ရဲ့ အနက်အဓိပ္ပါယ်ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်းသိပြီး ဘွားဘွားကြီးရဲ့ လေးနက်တန်ဘိုးကြီးတဲ့ အသိအလိမ္မာကို လေးစားမိပါတယ်။ မြန်မာ အမျိုး ကောင်းသမီးပီသတဲ့ ဘွားဘွားနဲ့ မေမေဟာ ကျွန်မဘဝရဲ့ လမ်းကြောင်းမှန် ကို အလင်းရောင်ပြနေတဲ့ မီးပြတိုက်လိုပါပဲ။ သူတို့ဘဝတလျှောက်လုံး မိန်းမ ကောင်းဂုဏ်သိက္ခာထိပါးမယ့် အပြစ်ပြောစရာ နည်းနည်းလေးမှမရှိအောင် နေခဲ့ကြပါတယ်။

**"တော်တန်ရုံဆို ခွင့်လွှတ်လိုက်ပါ"**။ ကျွန်မကိုယ်ကျွန်မ သတိ ပေးနေကျ ရင်ထဲကစကားပါ။ ချစ်တယ်ဆိုရင် ခွင့်လွှတ်ရမှာပေါ့။ အဲဒီအသိ ကို လမ်းပေါ်က ရန်ပွဲတစ်ခုကိုမြင်တွေ့ပြီးရခဲ့တာပါ။ ကျွန်မအပျိုဘဝတုန်း ကပေါ့။ မိုးတွေရွာနေတဲ့ ညနေခင်းတစ်ခုမှာ လမ်းမပေါ်က ဆူဆူညံညံ အသံတွေကို ကြားလိုက်ရတယ်။ ကျွန်မတို့ ညီအစ်မတွေ အိမ်အပြင်ဖက် လမ်းမဆီကို မျှော်ကြည့်လိုက်ကြပါတယ်။

မိုးရေတွေ ရွဲရွဲစိုနေတဲ့ ယောကျ်ားတစ်ယောက်နဲ့မိန်းမတစ်ယောက် ကို တွေ့လိုက်ရတယ်။ နှစ်ယောက်စလုံးထီးလည်းမပါ၊ ဖိနပ်လည်းမပါ။ အဝတ် အစားနွမ်းနွမ်းနဲ့မို့ သူတို့ပုံစံက မြင်ရသူအဖို့ စိတ်မကောင်းစရာ၊ ကရုဏာ သက်စရာဖြစ်နေပါတယ်။ အသက်အရွယ်ကတော့ လူလတ်ပိုင်းအရွယ်တွေ ပါ။ အစောပိုင်းက ဘာတွေပြောနေကြမှန်းမသိပေမယ့် ကျွန်မတို့အိမ်ရှေ့



ရောက်တဲ့အခါမှာ သဲသဲကွဲကွဲကြားရပါတယ်။ မိန်းမလုပ်သူက ယောကျ်ား လုပ်သူကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အသံကျယ်ကျယ်နဲ့ ပြောနေလို့ပါ။ အဲဒီယောကျ်ားက ဘာမှ မတုံ့ပြန်ပါဘူး။ ခေါင်းကြီးငိုက်စိုက်ချလို့ပေါ့။ ဒေါသ တကြီးပြောတဲ့စကားကို ကြားလိုက်ရတဲ့အခါ ကျွန်မတို့ညီအစ်မတွေဟာ သူတို့အဖြစ်ကို မစာနာနိုင်ဘဲ ရယ်မိကြပါတော့တယ်။ သူပြောပုံက **"ရှင့်ကို ကျုပ်က ချစ်နွန်းနို့ (လွန်းလို့)၊ မြတ်နိုးနွန်းနို့ (လွန်းလို့)၊ ကြင်နာနွန်းနို့ (လွန်းလို့). . .**။"အဲ့ဒီစကားအပြင် ကျွန်မတို့ ဆက်မကြားလိုက်ရတော့ ပါဘူး။ ကျွန်မတို့မြင်ကွင်းရှေ့ကနေကျော်ဖြတ်သွားကြတော့လို့ပါပဲ။

သူတို့မြင်ကွင်းက ပျောက်သွားပေမယ့်၊ ကျွန်မတို့ ညီအစ်မတစ်တွေ အရယ်မရပ်နိုင်ကြသေးပါဘူး။ အဲဒီမိန်းမရဲ့ လိမ္မာပါးနပ်တဲ့ အပြစ်တင်စကား လေးကို ချီးမွမ်းမိကြပါတယ်။ အခုအချိန်အထိ အဲဒီရန်တွေ့ပုံလေးကို သတိရ မိတိုင်း သဘောကျနေကြတုန်းပါပဲ။ သူဟာ ကျွန်မတို့ညီအစ်မတစ်စုကို ဘဝ သင်ခန်းစာလေးတစ်ခုပေးသွားခဲ့ပါတယ်။ အဲဒီနောက်ကျွန်မတို့ ညီအမရှစ် ယောက်မှာ နှစ်ယောက်က အိမ်ထောင်မပြုဘဲ အပျိုကြီးဘဝနဲ့ ကျက်သရေ ရှိရှိ နေထိုင်ကြပြီး၊ ကျန်တဲ့ ခြောက်ယောက်ကတော့ အိမ်ထောင်ပြုကြပါ တယ်။ ကျွန်မတို့ညီအစ်မခြောက်ယောက်စလုံးအိမ်ထောင်သာယာအောင် နေနိုင်ကြပါတယ်။ အဲဒီရန်ပွဲကိုကြည့်ပြီးရခဲ့တဲ့ အသိအမြင်လေးကြောင့်လို့ ကျွန်မထင်ပါတယ်။

ကျွန်မကိုယ်တိုင်လည်းခင်ပွန်းဖြစ်သူရဲ့ အပြစ်အနာဆာလေးတွေ ကို ခွင့်လွှတ်နိုင်အောင်ကြိုးစားပြီး ခွင့်လွှတ်သည်းခံပါတယ်။ အဲဒီမိန်းမရဲ့ လိမ်မာပါးနပ်တဲ့ အပြောအဆိုလေးဟာ ကျွန်မကို စံနမူနာယူစေပြီး မေတ္တာ တရားရဲ့ အကျိုးအကျေးဇူးကို ခံစားစေပါတယ်။ တကယ် နှစ်နှစ်ကာကာ ချစ်မိရင် ခွင့်လွှတ်ခြင်းက သူ့အလိုလိုဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်စိတ်ဆိုး မယ်ကြဲတိုင်း သူ့အပေါ်ထားတဲ့မေတ္တာတရားက ဖုံးလွှမ်းသွားပြီး ခွင့်လွှတ် လိုက်ပါတော့တယ်။ နားလည်ပေးလိုက် တယ်လို့ဆိုရင် မမှားပါဘူးရှင်။

ဘဝမှာနေရတာ တစ်ခါတရံအဆင်မပြေမှုတွေ၊ ပြဿနာတွေနဲ့ ပင်ပန်းဆင်းရဲပါတယ်၊ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် သူနဲ့သာမခွဲမခွာ နေချင်ပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်မှီခိုကြရင်းကြီးမား တဲ့ မေတ္တာတရားရဲ့စွမ်းပကားနဲ့ ခွင့်လွှတ်သည်းခံကြမယ်။ ဒါဆိုရင် ချစ်ရသူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးကြားမှာ အမုန်းတရားတွေ၊ အာဃာတတွေ အငြိုးအတေးတွေမရှိ ပကတိဖြူစင်ရိုးသားတဲ့နှလုံးသားနဲ့ တစ်သက်လုံး အတူနေနိုင်ကြမယ်လို့ ကျွန်မချွင်းချက်မရှိ ယုံကြည်ပါတယ်။

**"လင်မယားဆိုတာ တစိမ်းတွေပါ"** ။ ဒါဆိုရင်ဘာဖြစ်လို့များအသက်ထက်ဆုံး အတူတူနေထိုင် သွားနိုင်ကြသလဲ။ တစ်ယောက်အပေါ်တစ်ယောက်ထားရှိကြတဲ့ မေတ္တာတရားနဲ့ ခိုင်မြဲတဲ့သစ္စာတရားနဲ့ နားလည်ပေးနိုင်မှုတွေကြောင့်ပါ။ သူတို့တစ်တွေဟာ ငယ်စဉ်ကတည်းက အခြေခံကျတဲ့ လူမှုရေးရာအသိအလိမ္မာတွေကို သင်ကြားခံခဲ့ကြရတယ်။ အဲဒီအထဲကမှ အလွန်ကံကောင်းတဲ့သူတွေကိုလည်းတွေ့ရတတ်ပါတယ်။ ပါရမီဖြည့်ဖက်ဆိုတဲ့စကားအတိုင်း ကိုယ့်ဘဝရဲ့တိုးတက်ရာ တိုးတက်ကြောင်းကို ပံ့ပိုးကူညီအားပေးတဲ့သူနဲ့ ပေါင်းဖက်မိသူတွေပါ။ သူတို့တစ်တွေကို မြင်ရတွေ့ရတာ ကိုကစိတ်ချမ်းမြေ့စရာကောင်းလှပါတယ်။ ကျက်သရေရှိလှပါတယ်။ စံထားလောက်တဲ့သူတွေမို့ လေးစားအားကျမိပါတယ်။

ကျွန်မတို့ကလည်း သူတို့လို ဘာလို့မဖြစ်နိုင်ရမှာလဲ။ ချစ်ချစ်ခင်ခင်ညီညီညွတ်ညွတ် တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်ရမှာပေါ့။ သဘောထားကွဲလွဲရင်တောင်မှ ညှိနှိုင်းဆွေးနွေးမှု ရှိရမှာပေါ့နော်။ ကျွန်မက ဒီလိုတွေးမိတယ်။ ကိုယ်ကသူ့ရဲ့ဆိုးမစကားတွေကို နားလည်လက်ခံရမယ်။ သူချစ်တဲ့ သူကိုကိုယ်ကလည်း ချစ်သင့်တယ်၊ ချစ်ကိုချစ်ရမယ်။ ကိုယ့်အကျိုးထက် သူ့အကျိုးကို ပိုလို့ကြည့်ရမယ်။ ဘာအကြောင်းပဲပေါ်ပေါ် သူ့ဘက်မှာပဲ အမြဲ ရပ်တည်ပေးမယ်။ သူသာလျှင်ကိုယ့်ဘဝရဲ့ အရှင်သခင်အဖြစ် အမြဲနေရာထားမယ်၊ ဦးစားပေးမယ်။


အိမ်ထောင်သက် ငွေရတုအလွန်ရွှေခရီးအတွက် အကောင်းဆုံးတွေကို မျှော်လင့်ရင်း ကြိုးစားနေထိုင်သွားပါမယ်။ ကျွန်မက ဘွားဘွားရဲ့ မြေး၊ မေမေ့ရဲ့သမီးပီပီ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော ပြီးနာမည်ကောင်းကို ထိန်းသိမ်းသွားမယ့် လိမ္မာတဲ့သူ့ရဲ့ဇနီးမိနီပါ။ ■


○


နီလာထွန်း (ရကသ)

# ရေချို ရေခါး စပီရှုလိုင်းနား

စိမ်း







www.burmeseclassic.com

www.burmeseclassic.com

**"ရွှေကောက်ရသော ကလေးငယ်သည် အဝါကိုသာသိသည်၊ ရွှေမှန်းမသိချေ။ မိစင်ကို ပြသော်၊ မိစင်ကရွှေမှန်းသိသော်လည်း တန်ဖိုးမမှန်း တတ်၊ ပန်းထိမ်ဆရာကား၊ ပညာတတ်သူဖြစ်၍ တန်ဖိုးဖြတ်တတ်သည်မဟုတ်တုံ လော၊ သညာသိ၊ ဝိညာဉ်သိ၊ ပညာသိ' သိမှုခွမ်းရည် အဆင့်အရ လူတို့သည် မည်သည့်အရာကိုဖြစ်စေ၊ တန်ဖိုးထား မည်၊ သုံးမည်၊ စောင့်ရှောက်မည်ဖြစ် သည်။ ပညာမြင့်သည်နှင့်အမျှ . . ."**

# ရေချို ရေခါး "စပီရှုလိုင်းနား"

"မြစ်မင်းရောခွေကာဝိုင်းလို့ စစ်ကိုင်းအောင်ချာမြေ××× ရေလှိုင်းလေးတွေသွင်သွင်မြူးလို့ ငွေရောင်ဖြူးကာနေ ××× ရွှေတောင် ဦးမော် ရှုမျှော်ခင်းနဲ့××× မြစ်တွင်းသာယာပေ×××ချစ်ခြင်းသံသာနေ ××× ဟသ်ာ ဇင်ယော် ကြင်ဖော်တွဲလို့×××သဲကမ်းပါးယံ ဝဲပျံကာနေ××× ရောက်ကြဘူးသလား×××ဇေယျာရွှေမြေ×××မြစ်ရေခွေဝန်းလျှံ×××ရှုစမ်း ဖြာထွေ×××စစ်ကိုင်းတောင်ခြေအရောက်သွား×××တရားရှာပေ×××ဗုဒ္ဓ ဘာသာမြန်မာတစ်တွေ×××အတာကူးတဲ့ နှစ်ဦးဂိမှန်နွေ×××"

အကော်ဒီယံ ကိုအုံကြီး၏ **"စစ်ကိုင်းတောင်"** တေးသီချင်းလေး ကို တိုးညင်းစွာညည်းမိရင်း ဘေးဝန်းကျင်ကိုကြည့်မိသည်။ မိုးပြာပြာ၊ ဟိုးအဝေး စစ်ကိုင်းတောင်ရိုး ပုထိုးဖြူဖြူကလေးများကို မြကတ္တီပါ တောတောင်စိမ်းစိမ်း နောက်ခံနှင့် ရေဇလာညိုပြာသော ရောဝတီ။

မြစ်အတွင်းကူးသန်းသွားလာနေသော လှေနာဝါများ၊ ဝါးဖောင်တွဲ ဖွဲ့တဲငယ်လေးများနှင့် မိသားစု၊ ဆီကန် တွဲဖောင်းရစ်နစ်လုလုကို အနောက်မှ တွန်းပို့ရွေ့စေသော တွန်းသင်္ဘောကြီးများ၊ သမ္ဗာန်ငယ်နှင့်စက်လှေများ လူးလာစုန်ဆန်နေသည်ကို လက်ယာဖက်တွင် မြင်ရသည်။ စစ်ကိုင်းတောင် ရှိ ချောင်းများ၊ ဘုန်းကြီးကျောင်းနှင့်လူနေအိမ်များကား လက်ဝဲဖက်တွင် ဆီးကြိုလျက်။ မြစ်ကမ်းနားဝဲ့ဝိုက်တွေ့ကောက်သော လမ်းပေါ်၌ ကျွန်မ တို့၏ ကားလေးဦးတည်နေသည်က မုံရွာ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေသကြီးရှိ တွင်းတောင်အင်းဆီသို့ဖြစ်သည်။ အချိန်က ဒီဇင်ဘာ ၂၁ ရက်နေ့ ၂၀၁၃ ခုနှစ်။

## "စပီရူလိုင်းနား စိမ်းပြာရေညှိမှော်ပင်များ"

စိမ်းပြာရေညှိသည် လွန်ခဲ့သောနှစ်သန်းပေါင်း ၃၅၀၀ ကတည်းကပင် ကမ္ဘာမြေတွင် အဦးဆုံးပေါ်ပေါက်ခဲ့သော သက်ရှိများဖြစ်ကြသည်။ အများစုမှာ အဏုကြည့်မှန်ပြောင်းဖြင့်သာမြင်ရသော အစိမ်းရောင်ရေညှိများဖြစ်၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ငွေ့ကိုသုံးပြီး အစာချက်ပေးသည့် လူသတ္တဝါသက်ရှိတို့အသက်ရှူရန် မရှိမဖြစ်အောက်ဆီဂျင်ဓါတ်ငွေ့နှင့် အပင်ဇီဝဖြစ်ထုထုတ်လုပ်ပေးသည့်အပင်များဖြစ်သည်။

စပီရူးလိုင်းနား **Arthrospira Platensis** သို့မဟုတ် **Spirulina Platensis** စိမ်းပြာရေညှိတစ်မျိုးမှာ မက်ဆီကိုနိုင်ငံ အက်ဇဘက်လူမျိုးတို့၏ ရိုးရာအစာ ဖြစ်သည်။ ဤအလေ့မှာ မက်ဆီကိုနိုင်ငံတွင် ကွယ်ပျောက်သော်ငြား အာဖရိက နိုင်ငံ၌ ယနေ့တိုင်ရှိဆဲဖြစ်သည်။ အရေးကြီးသည့်အချက်မှာ လီယိုနတ် (၁၉၆၆) က ၁၉၆၄-၁၉၆၅ ဘယ်လဂျီယံ ဆဟာရ နယ်အလွန်၌ စူးစမ်းရှာဖွေမှုတွင် ချဒ်ရေကန်အနီး၌ အာဟာရဖြစ်စေသည့် စပီရူလိုင်းနားကို အရင်းအမြစ်ထစ်ရပ်အဖြစ် ရှာဖွေတွေ့ရှိခဲ့သည်။

စပီရူလိုင်းနားစိမ်းပြာရေညှိ အာဟာရတန်ဖိုးမှာ ပရိုတင်းနှင့် အမိုင်နိုအက်ဆစ် ၇၀%၊ ဗီတာမင်၊ သတ္တုဓါတ် ၇%၊ အမျှင်ဓါတ် ၅%၊ ကာဘိုဟိုက်ဒြိတ် ၁၂%၊ လစ်ပစ်အဆီ ၆% ပါရှိသည်။ လူ့ခန္ဓာကိုယ်၌ မရှိမဖြစ်စိုးစဉ်းမျှလိုအပ်ဒြပ်စင် (Trace element) သံဓါတ်၊ ဇင့်၊ ကော့ပါး၊ ဆီလီနီယမ်၊ ခရိုမီယမ်၊ မဂ္ဂနီဆီယမ်စသည်တို့ပါဝင်သည့် အာဟာရတန်ဖိုးမြင့်အစာဟု ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၅ မှ ၁၇ ရက် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသောခေတ်မီနည်းပညာ အသုံးချအစားအစာထုတ်လုပ်မှုနိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲ၌ ရုရှားနိုင်ငံ ဆေးသိပ္ပံသုသေတနဌာနမှ Vladmun-K Mago, JVam V.Gmoshimski, Sengey n.Zorin တို့ တင်ပြသော စာတမ်းတွင် ပါရှိသည်။

စပီရူလိုင်းနား (၅၀၀) မီလီဂရမ် (၁၂) ပြား စားခြင်းဖြင့် ရရှိနိုင် သော



ဗီတာမင်နှင့်သတ္တုဓါတ်ဇယားကို June ဆေးဝါးကုမ္ပဏီလီမိတက် စပီရူလိုင်းနားစူပါအစာလက်ကမ်းစာစောင်၌ ပါရှိသည်ကိုတွေ့ရသည်။ မြန်မာ့သဘာဝစပီရူလိုင်းနားကို ကမ္ဘာအနှံ့အပြားရှိ ၁၀ နိုင်ငံထက်နည်းသော ရေညှိထုတ်လုပ်မှုများတွင် အကောင်းဆုံးကျန်းမာရေးအာနိသင် အကျိုးရှိကြောင်း အသိအမှတ်ပြုထားသည်။ ကိုယ်ခံအားကောင်းမွန်မှုကို မြှင့်တင်နိုင်ခြင်း၊ ကော်လက်(စ်)တရောကို လျှော့စေခြင်း၊ အစာအိမ်အစာအိမ်အစာချေမှုကို ထောက်ကူသော လက်ဆိုဘက်စီလပ် ဘတ်တီးရီးယားများစေခြင်း၊ ဗိုင်းရပ်ပိုးများကြီးထွားမှုကို ကာကွယ်ခြင်းအစရှိသည့် အာနိသင်များရှိသည်။

ဤသို့သော ဂုဏ်သတ္တိထူးများရှိသည့် သဘာဝစူပါဆေးအစာ စိမ်းပြာရေညှိအထင်အရှားရှိသည့် ကမ္ဘာပေါ်မှ နိုင်ငံများမှာ အာဖရိက၊ မက်ဆီကိုနှင့် မြန်မာနိုင်ငံသာလျှင် ဖြစ်သည်။ ဤ (၃) နေရာတွင်သာ သဘာဝအတိုင်းပေါက်ရောက်သည်။ ထိုနိုင်ငံများအနက် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာ သဘာဝမှစီးပွားဖြစ်ထုတ်ယူရရှိနိုင်သည်။ ခန္ဓာကိုယ်က လိုအပ်သောအာဟာရဓာတ်အမျိုးမျိုးအပြင် ကင်ဆာရောဂါကိုပင် ကာကွယ်ကုသရာ၌ သုံးနိုင် ကြောင်း အမေရိကန်၊ ဂျပန်၊ တရုတ်နှင့်အိန္ဒိယနိုင်ငံများမှ လေ့လာသုတေသနပြုချက်များအရသိရသည်။ ဤသို့အစွမ်းထက်သည့် စူပါဆေးအစာ ရေညှိစိမ်းပြာထွက်ရှိခြင်းကြောင့် မြန်မာတို့ဂုဏ်ယူဝမ်းမြောက်နိုင်ခဲ့ပါသည်။ အခြားနိုင်ငံများ၌ သဘာဝမဟုတ်ဘဲ လူလုပ်ကန်များဖြင့်သာ မွေးမြူ၍ရရှိကြပေ သည်။ စိမ်းပြာရေညှိဆေးအစာကိုမြန်မာအပါအဝင် ၁၂ နိုင်ငံက ထုတ်လုပ် လျက်ရှိသည်။

၁၉၈၃ ခုနှစ် ပန်းရိုးမနှင့်ရွှေမင်းဝံပြကွဒိန်ပါ တွင်းတောင်အင်းအနေအထားအရ စပီရူလိုင်းနား စိမ်းပြာရေညှိရရှိနိုင်ကြောင်း သုံးသပ်၍ ၁၉၈၄ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ် အဏုဇီဝသိပ္ပံဌာနမှ ကထိကဒေါက်တာ မင်းသိန်းနှင့် ဆရာ၊ ဆရာမ ဘွဲ့လွန်သုတေသီများက သုတေသန ထုတ်လုပ်မှု၊ အသုံးချမှုလက်တွေ့ခန်းတွင် ဆောက်ရွက်မှုများ စတင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## သဘာဝဘူမိနက်သန် "တွင်းတောင်ကန်"

၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံ ရန်ကုန် (BPI) စပီရူလိုင်းနားဌာနခွဲ အဖြစ် တွင်းတောင်အင်းတွင် စခန်းချ၍ စိမ်းပြာရေညှိကို စတင်ဆယ်ယူ သည်။ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလတွင် PROVIMIN ပရိုဗီတာမင်အာဟာရ ဆေးပြားအဖြစ် ပြည်တွင်းဈေးကွက်ဝင်လာသည်။

"တွင်းတောင်" မီးတောင်ဟောင်းကန်ဆီးရိုးမှာ၊ တွင်းတောင်အင်း၊ လတ္တီတွဒ် (မြောက် ၂၂˚ ၂၁' ၃၃. ၁၂" နှင့် အရှေ့လောင်ဂျီတွဒ် ၉၅˚ ၀၀' ၄၈. ၁၅" ) ၊ တွင်းမကန် (မြောက်လတ္တီတွဒ် ၂၂˚ ၁၆' ၅၁-၉၈" နှင့် အရှေ့လောင်ဂျီတွဒ် ၉၄˚ ၅၈' ၁၉. ၀၃" )၊ တောင်ပျောက်ကန် (မြောက်လတ္တီတွဒ် ၂၂˚ ၁၈' ၀၉. ၄၁" နှင့် အရှေ့လောင်ဂျီတွဒ် ၉၄˚ ၅၈' ၅၃. ၉၃" )၊ ရေခါးအင်း (မြောက်လတ္တီတွဒ် ၂၀˚ ၅၈' ၂၅. ၂၃" နှင့် အရှေ့လောင်ဂျီတွဒ် ၉၅˚ ၅၉' ၁၃. ၆၇" ) တွင် တည်ရှိသည့် ကန် (၄) ခိုင်မှ သဘာဝအတိုင်း ထွက်ရှိလျက်ရှိသည်။ ပထမ (၃) အင်းကား ထူးခြားသည့် မီးတောင်ပေါက်ကွဲမှုမှ တွင်းဒယ်ကြီးများဖြစ်၍ နောက်ဆုံးတွင်းမှာ ပင်လယ်ကြမ်းပြင် ရေမျက်နှာပြင်ဖြစ်၍ ၂၂၀ဟက်တာကျယ်ဝန်းသည်။ တွင်းတောင်မှာ ကန်လေးကန်ထဲတွင် အကြီးဆုံးဖြစ်သကဲ့သို့ ကမ္ဘာ့နိုင်ငံ (၃) နိုင်ငံတွင် မြန်မာ့တွင်းတောင် စပီရူလိုင်းနားမျှင်များကား ပရိုတင်းနှင့် အဏုဇီဝအာဟာရဓာတ် အကြွယ်ဝ ဆုံးဟု မှတ်တမ်းပြုခံရသည်။

မီးတောင်ဟောင်းကန်ကြီး (၃) ကန်မှာ ကာဗွန်နိတ် လွှမ်းသော ရေဖြစ်၍ ကျန်တောင်မှာ ဆာလဖိတ်ကန်ဖြစ်သည်။ PH ရေခါးဓါတ် (၉. ၅မှ ၁၀. ၅) အကြား၊ အပူချိန် ၃၈˚ C ၊အယ်လ်ကာလီဓါတ် ၁၀၀၀၀ ppm တွင် ရှင်သန်နိုင်ကြသော စပီရူလိုင်းနား မြန်မာ့သဘာဝရတနာကို စတင် ထုတ်သည့် ၁၁-၁၁-၁၉၈၈ ခုနှစ်မှသည် ယနေ့ ၂၀၁၄ ခုနှစ် ဩဂုတ် လအထိ ၂၆ နှစ် ၇ လပြည့်ခဲ့ပြီး ပြည်တွင်းတွင် စီးပွားဖြစ်ထုတ်လုပ်နိုင်ခဲ့သည်။

၆ရက် ၆ လ ၂၀၁၃ ခုနှစ်တွင် စစ်ကိုင်းဆေးဝါးစက်ရုံတည်ထောင်ခဲ့သည်။ ထို့အပြင် (၀. ၁၂၅) ဧက အုတ်ရေကန် (၆၄) ကန်ဖြင့် နေ့စဉ်လိုသည့် ဓာတ်ပေးပြီး စိမ်းပြာရေညှိများ မျိုးထိန်းခြင်း၊ အင်းအတွင်းသန့်စွမ်းသော



အပင်ကောင်းများပြန်လည် ထုတ်လွှတ်ပေးခြင်းပြုသည်။ လတ်ဆတ်သန့်ရှင်းသော ဆေးဘက်ဝင် ဤသယံဇာတ မှော်ပင်များသည် သဘာဝမီးတောင်ဟောင်းတွင်သာ သဘာဝပွားများနိုင်ပါသည်။ Artificial Pond ဖြင့် (၁၀) ဧက ပေ (၄၀၀) ရှည် အုတ်ကန် (၂၀) ဖန်တီး၍ ဂေဟာစနစ်ချို့ယွင်းလာသည့် တွေ့ရှိချက်ကို အချိန်မီပြန်လည် နာလန်ထနိုင်ရေးအတွက် ထိန်းသိမ်းရန် ကြိုးစားလာကြရသည့် တွင်းတောင်ချုံးချုံးကျခြင်းကို ရှေ့စာမျက်နှာများတွင် လေ့လာစရာသင်ခန်းစာယူဖွယ်ပြင်ဆင်နိုင်ခြင်းအလို့ငှာ ဤသို့သဘာဝအား ဖြင့်ထုတ်လုပ်မှု၊ လူလုပ်ကန်ဖြင့် ထုတ်လုပ်မှုမှသည် မည်သို့ အတိမ်းအစောင်း ဆုံးရှုံးပျက်သုန်းမှုများ ဖြစ်ပေါ်စေခဲ့သည်ကို တင်ပြပါမည်။

## နာမကျန်းဖြစ်လာသည့် တွင်းတောင်အင်းနှင့် ဇီဝမျိုးကွဲများ ပျောက်ကွယ်ခြင်း

လက်ပံအနီပွင့်များဝေနေသော အပင်မြင့်ကြီးများ၊ ထန်းပင်များ၊ ဝါးချက်သံယာဆေးရုံ ဇေယျာရွှေပြည်ချောင်၊ ဇေတဝန်မဟာစေတီစသည် တို့ကို ကျော်ဖြတ်၍ စာရေးသူတို့ကားလေးသည် စိမ်းညို့နေသောသစ်ပင် များပေါက်ရာ ပင်လယ်ရေမျက်နှာပြင်ထက် ၂၅၅ ပေမြင့်သည့် ကျယ်ပြန့်လှ သော ၂၁၁ ဧက၊ တွင်းတောင်ရေမျက်နှာပြင်မှာ ၂၀၁၃ ခုနှစ်တွင် ရေမျက်နှာ ပြင် ၆ ပေမြင့်တက်လာသည်ဟုသိရသည့် တွင်းတောင်ကြီးသို့ ရောက်ရှိပါ တော့သည်။

လာရင်းကိစ္စမှာ ရေခါးမှသည် ရေချိုဖက်လာသဖြင့် အဲလ်ကာလီဓာတ်မြင့်ခြင်း၊ တွင်းတောင်အင်း မူလသဘာဝဂေဟာစနစ် PH 10.5 မှာ ပျက်ယွင်းပြီး ဆေးဘက်ဝင်စိမ်းပြာရေညှိစပီရူလိုင်းနား နတ်မှော်ပင်များ ပေါများစွာ သဘာဝသီးသန့်ပေါက်ရောက်ထုတ်ယူနေရာမှ ရေချို၊ ရေဝင်ခြင်း (PH နိမ့်ကျလာခြင်း) ပယောဂကြောင့် ရေသည်စိမ်းနေသော်ငြား၊ စပီရူလိုင်းနားမဟုတ် အခြားရေညှိများသာ ပေါက်ပွားနေသည့်အကြောင်းတို့ကို တွင်းတောင်အင်း အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်လေ့လာရန်ဖြစ်၏။

ချည့်နဲ့ရုံတင်မဟုတ်၊ စပီရူလိုင်းနားပျောက်ကွယ်ခြင်းဖြစ်၍ တွင်းတောင် ချုံးချုံးကျပြီဟုပြောနိုင်သည်။ လက်ထောက်စက်ရုံမှူး ဦးစိန်ဝင်းက တွင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



အမည်ကြောင့်“အခြားနေရာမှသည် ရေခါးအင်းတွင်းတောင်တွင် ရွှေပြောင်း လာ၍ ရှုလိုင်၊ ပြဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလ များတွင် တွင်းပိုး” အမည်ရ ပိုးဖို၊ ပိုးမ (လက်ဖက်ဖြင့်စားသုံးနိုင်သော သဘာဝအာဟာရ) ပိုးကောင်ငယ်များ မျိုးဥရာ ကြီးပြင်းရာ မိုးတွင်းကာလဖြစ်သည့် မြန်မာနိုင်ငံ တွင် သဘာဝဇီဝမျိုးကွဲများလည်း တွင်းတောင်ဂေဟစနစ် ပြောင်းလဲယိုယွင်း မှုကြောင့် ပျောက်ကွယ်သွားသည်ဆို၏။ ဤသည်တို့ကား မျက်မြင်ဒိဋ္ဌငြင်းမရ သော ဂေဟစနစ်ထိခိုက်ခြင်း တွင်းတောင်ချုံးချုံးကျ နာမကျန်းခြင်း ပြယုဂ် သက်သေပင်ဖြစ်သည်။

တွင်းတောင်သဘာဝဘေးပတ်လည် ၅ မိုင်ခန့်မှာ ရေစိမ့်လွယ်သော မီးတောင်မြေများဖြစ်ပြီး တွင်းတောင်ရေထုပမာဏ ဂါလန်သန်းပေါင်း ၃၁၀၀ ခန့်ရှိပြီး ယခုတိုးရေ ဂါလံ ၂၀၈. ၆၂ သန်းဟုဆိုသည်။ လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ၁၂ ရက်က ပြုလုပ်သော တွင်းတောင်အင်းရှိ ကမ္ဘာ့ရှားပါးသယံဇာတ သဘာဝစိမ်းပြာရေညှိ ထိန်းသိမ်းစောင့်ရှောက်နိုင် ရေး အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေး မြန်မာ NGO အထွေထွေ အတွင်းရေးမှူး ဦးအုန်း (FREDA) က ယုဇနဟိုတယ်တွင် ကျင်းပသည့်ပွဲ၌ တွင်းတောင်မြောက်ဖက် ပင်လယ်ရေမျက်နှာ ပြင်အမြင့်ပေ ၁၉၀ ခန့် ပိုမြင့်သည့်နေရာရှိ မြစ်ရေတင်စီမံကိန်းအကြောင်း ဆွေးနွေးသည်။ မူလ ဂျုံစိုက်သည့်နေရာတွင် ရေကြိုက်သောစပါးကို စိုက်ပျိုးသဖြင့် ရေကြိုက်သည့်အပင်မျိုးအား မြစ်ရေတင်၍ ရေသွင်းရခြင်းကို ထောက်ပြသည်။ ရေများများလိုသည့် အပင်နှင့် ရေနည်းနည်းလိုသည့် အပင်များအကြောင်း ရှင်းလင်းတင်ပြသွားခဲ့သည်။

မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ရေငန်စီးသောလမ်းကို တားပိတ်လျှင် ဒီရေတော (လမုတော) လုံးဝသေသွားစေနိုင်သကဲ့သို့ ရေခါးပေါက်စပီရူလိုင်းနားကို ရေချိုစီးဝင်ပါက PH နိမ့်ကျ၍ စိမ်းပြာရေညှိ စပီရူလိုင်းနားတို့သေမည့်အကြောင်း ပြောသည်။

ဒုစက်ရုံမှူး ဒေါက်တာမေယုခိုင်မှ မည်သည့်အတွက်ကြောင့် ယနေ့ စပီရူလိုင်းနားမျော်ပင်များ လျော့နည်းပျောက်ကွယ်ခြင်းကို မိုး၊ အလင်းရောင်၊ PH နှင့် အခြားကာဗွန်နိတ်၊ ဘိုင်ကာဗွန်နိတ်၊ ငါး၊ ရေချိုစီးဝင်မှုဆိုသည့်



ဖြစ်နိုင်ချေအချက် (၅) ချက်ကို အသေးစိပ်တွက်ချက်ပြီး တစ်ချက်ချင်း သုတေသနမှတ်တမ်းဓာတ်ပုံများနှင့်တကွ သက်သေများ၊ ဇယားများ၊ ဥပမာ များဖြင့် နှိုင်းယှဉ်ပြသည်။ မိုးကြောင့်လားဟူသည့် မေးခွန်းတွင် Bar Graph အား မိုးရေချိန်လက်မနှင့် ရေမျက်နှာပြင်အမြင့် တစ်စုံစီတွဲ၍ ၂၀၀၃ ခုနှစ် မှသည် ၂၀၁၃ ခုနှစ်အထိ ပြသ၍ ရှင်းလင်းသည်။ ၂၀၀၆ ခုနှစ် မိုးရေချိန် ၄၀. ၃ လက်မ၊ ရေမျက်နှာပြင်အမြင့် ၃၄ လက်မ၊ ၂၀၁၁ ခုနှစ် မိုးရေချိန် ၅၁ လက်မ၊ ရေမျက်နှာပြင်အမြင့် ၆၅ လက်မ၊ ၂၀၁၃ ခုနှစ်တွင် မိုးအရွာ ပါး၍ အညာတွင် မိုးရေချိန်လက်မ ၃၃. ၂ သာရှိသော်လည်း ရေမျက်နှာ ပြင်အမြင့်မှာ ၇၄ လက်မ ရှိကြောင်း တွေ့မြင်နိုင်သဖြင့် မိုးမရွာသော်လည်း မိုးရေချိန်နိမ့်သော်လည်း ရေမျက်နှာပြင်သိသာစွာ မြင့်မားနေခြင်းက ရေချို များ တွင်းတောင်အတွင်း စီးဝင်နေခြင်း သက်သေဖြစ်သည်။ အညာမိုးရှား သည့်အချိန်မှာပင် ရေမျက်နှာပြင်အမြင့်မှာ လက်မ (၇၀) ကျော်ရှိနေသည် ကို မှတ်တမ်းပုံတွင် တွေ့မြင်ရသည်။

တွင်းတောင်စခန်း ရေညှိရေမျော်ပညာရှင် ဒေါက်တာမင်းသိန်းက “တွင်းတောင်ထူးခြားမှုကို ချင်းတွင်းမြစ်ရေတက်လျှင် တွင်းတောင်အင်းရေ ကျသည်။ ချင်းတွင်းမြစ်ရေကျလျှင် တွင်းတောင်ရေတက်သည်။ ထို့ကြောင့် ချင်းတွင်းမြစ်နှင့် တွင်းတောင်အင်းမှာ တိုးလျှိုပေါက်ဆက်စပ်မှုမရှိပါ။ ရှိလျှင် မိုးတွင်း ချင်းတွင်းမြစ်ရေတက်သည်နှင့် တွင်းတောင်မြုပ်မှာဖြစ်သည်။ ထို့ကြောင့်တွင်းထဲက ရေမျက်နှာပြင်မြင့်ခြင်းသည် မြစ်ရေကြောင့်မဟုတ်သလို မိုးရေကြောင့်လည်းမဟုတ်။ စပီရူလိုင်းနားက PH လွန်ကဲရေမှာပဲပေါက်သည်။ ရေချိုဝင်သည့်အတွက် PH ကျသည်။ PH ကျသည့်အတွက် တီလားပီးယား ငါးတွေဝင်သည်။ ရေမျော်စပီရူလိုင်းနားများကို စားသည်။ ငါးပေါက်ပွားနှုန်း အားကောင်းလာသည်။ ပညာရှင်များသိသိနှင့် လက်ပိုက်ကြည့်မနေနိုင်ပါ။ အင်းကြီးကိုထိန်းသိမ်းဖို့ နိုင်ငံခြားက ရေမျော်ပညာရှင်များနှင့်လည်း တိုင်ပင် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။ တွင်းတောင်ထဲကို ရေချိုဝင်တာ ရပ်လိုက်လျှင် အယ်လ်ကာလီပါဝင်မှု (PH)ပြန်မြင့်လာပြီး ငါးတွေသေမည်၊ ဖယ်ပြီး ဖြစ်မည်။ ၂၀၀၃ ခုနှစ်မှာကတည်းက Artificial Culture နှင့် စပီရူလိုင်းနား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်နိုင်ခဲ့သည်။ တွင်းတောင်ကြီးကို သဘာဝအတိုင်း ပြန်စိမ်းအောင် အချိန်မီ ပြုပြင်ထိန်းသိမ်းကြရပါမည်" ဟု ရှင်းလင်းပြောဆိုသွားသည်။

တွင်းတောင်အင်းနှစ်စဉ် စပီရှုလိုင်းနားထုတ်လုပ်မှု ၁၉၈၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်ကို သုံးသပ်သော်၊ ၁၉၈၈ မှ ၁၉၉၂ ခုနှစ်အတွင်း ၁၉၉၂ ခုနှစ်မှ လွဲ၍ မက်ထရစ်တန်း ၂၀ အောက်ထွက်သည်။ ၁၉၉၂-၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း၌ မက်ထရစ်တန် ၂၀ မှ ပုံမှန် တဖြည်းဖြည်း တိုးတက်ရာ ၁၉၉၉ ခုနှစ်၌ တန် ၆၀ အထက်၊ ၁၉၉၉-၂၀၀၀ ပြည့်တွင်း ကား မက်ထရစ်တန် ၁၆၀ ကျော် အမြင့်ဆုံးထွက်ရှိသည်။ ၂၀၀၀ ခုနှစ်မှ ၂၀၀၅ ခုနှစ် တန် ၁၀၀ မှ ၁၂၀ အတွင်း၊ ၂၀၀၅ -၂၀၀၆ တန် ၁၄၀ နီးနီး၊ ၂၀၀၆-၂၀၀၇ တန် ၁၂၀ နီးနီး၊ ၂၀၀၇-၂၀၀၈ တန် ၁၆၀၊ ၂၀၀၉ မှ ၂၀၁၁ တန် ၁၄၀ ဝန်းကျင်၊ ၂၀၁၁-၂၀၁၂ တန် ၈၀၊ ၂၀၁၂-၂၀၁၃ တန် ၂၀ ကျော်၊ ၂၀၁၃ - ၂၀၁၄ ခုနှစ် လုံးဝ မထွက်ရှိတော့ပေ။

ဖြစ်စဉ်မှာ မြစ်ရေတင် စီမံကိန်းသည် တွင်းတောင်၏ မြောက်ဘက် ပင်လယ်ရေ မျက်နှာပြင်အထက် ၄၄၄ ပေ ရှိပြီး ရေတင်ပမာဏ ဂါလံသန်း ၃၀ မှ ၄၀ တစ်ရက်၊ တစ်မက်ဂါဝပ်သုံး ပိုက် ၅ လုံးဖြင့် တစ်ပြိုင်တည်း ၁၀-၁၅ နာရီ မောင်းတင်ရသည်။ တွင်းတောင်က ရေတင်စခန်းနှင့် တစ်မိုင်ခွဲ အကွာ၌ရှိပြီး ပေ ၁၉၀ ခန့်နိမ့်သည်။ အင်းပတ်လည်မြေ ၅ မိုင်ခန့်၌ ရေစိမ့်လွယ်သော မီးတောင်မြေ၊ အင်းတွင်းတောင် မီးတောင်ပေါက်ဝ၊ အင်းရေအတွင်း ရေခါး PH ၁၀. ၅ မှ ထုတ်လုပ်မှုဖြစ်နိုင်သည့် သဘာဝ ဆေးပင် စပီရှုလိုင်းနား များ ဂေဟာစနစ် ပျက်စီးခြင်းအဓိက အကြောင်းရင်း မှာ ရေချိုဝင်ခြင်း၊ ငါးများများလာခြင်းဟု သုံးသပ်တင်ပြသည်။

မူလအတိုင်းရေခါးလျှင်ဖြင့် ငါးသေသကဲ့သို့ စပီရှုလိုင်းနားများပြန် လည် ပျိုးယူနိုင်အောင် ကြိုးစားနိုင်ခြေရှိသည်။ အဖတ်ဆည် ဆေးကုမရ သော နာမကျန်းခြင်းမျိုး မဟုတ်ပါ။ သို့သော် အချိန်ကြာသည်နှင့်အမျှ နာတာ ရှည် ရောဂါသည်ကဲ့သို့ ပြန်ကောင်းနိုင်ခြေ ဒီဂရီနိမ့်ပေမည်။

ဆုံးရှုံးသည်က လွယ်ပါသည်။ တည်ဖို့ဖြစ်ဖို့မှာ အချိန်၊ ငွေ၊ လူအား ဖိ၍ ဋ္ဌဲဖြင့် အမျိုးမျိုးကြဲဆအားထုတ်ကြရပါသည်။ ထိန်းသိမ်းနိုင်ရန်မှာ ပို၍ အားထုတ်ရပါသည်။ ဆေးကော၊ အစာပါထုတ်လုပ်ရန်ဖြစ်၍ အထူးတီထွင်



အားထုတ်ကြပါသည်။ ထုတ်ကုန်မှာ (စားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်း) ဆေးဝါးများနှင့်အာဟာရလည်းဖြစ်ရာ အဖိုးတန်သည့်နတ်ဆေးတစ်လက် နိုင်ငံတော်မှ ထွက်ရှိနေပါသည်။ ထို့အပြင် ဒေသလေ့လာရေးဖြင့်လည်း တိုင်းတပါးလေ့လာသူအများမှ နိုင်ငံ့ဝင်ငွေပေးနိုင်မည့် ဘုရားပေးသည့် ရွှေတွင်း၊ ငွေတွင်း၊ သဘာဝပေးလက်ဆောင်ကို ပိုင်ဆိုင်နေကြသည်မှာ ဂုဏ်ယူစရာဖြစ်သည်ဟု ဆိုကြသည်။ ဝမ်းသာစရာလည်း အမှန်ဖြစ်သည်။

အဖိုးတန်ရတနာ ဇီဝမျိုးကွဲများပျောက်ကွယ်ခြင်း၊ နာမကျန်းဖြစ်ခြင်း မှ ချုံးချုံးကျသည့် လုံးဝထုတ်လုပ်မှု ရပ်ဆိုင်းရသည့် အဆင့်ကို အတတ် နိုင်ဆုံး တိုင်ပင်ဆွေးနွေးပြုပြင်ထိန်းသိမ်းကြရပါမည်။ အချိန်ကစကားပြော ဆုံးဖြတ်လာမည် ဖြစ်၏။ အလုပ်နှင့်အဖြေ လက်ထဲတွင်ပင်ရှိသည်။ ပြောလို သည်မှာ သဘာဝတရားကို မရှောင်ရှားသာ၊ သို့သော်လူလုပ်၍ဖြစ်လာမည့် ဒုက္ခမှာ လူတို့ပြု၍ရသော (ဆုံးရှုံးသော) ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ရလဒ်များ (Human Induced Impact) အများပြည်သူနှင့် မိမိမျိုးဆက်များ ခံစားရမည်ဖြစ်သည်။

ငါးကိစ္စကရှင်းသည်။ ရေချိုမှ ရေခါးဖြစ်လာသည်နှင့် ငါးပျောက် မည်။ တွင်းမှော်၊ တွင်းပိုးသဘာဝဂေဟာပြန်တည်သည်ဖြစ်၍ သန့်စွမ်း ကျန်းမာလာသော တွင်းတောင်အင်းဂေဟာစနစ် သယံဇာတများ ပြန်လည် ထူထောင်ရှင်သန်လာ မည်။ ရေချိုရေခါး "အချိန်မီ" ပြောင်းနိုင်ပါမှ အကျိုး များမည်။ အချိန်နှောင်းက ငွေ၊ အချိန်၊ ရင်းနိုင်သော်မှမလွယ်ပါ။

ပမာဆိုလျှင် သစ်တစ်ပင်စိုက်နိုင်သည်၊ ခုတ်နိုင်သည်။ ရှင်သန်အား ကောင်းနေရန် ထိန်းဖို့ခက်ပါသည်။ စိတ်ဓာတ်၊ အသိ၊ သတိ၊ ပညာ၊ ဆင်ခြင်မှု၊ စာနာမှု၊ အလုပ်၊ လက်များ၊ အချိန်၊ အရင်းအမြစ်၊ သဘာဝအခြေအနေ များလိုပါသည်။ သယံဇာတထိန်းနိုင်ပါမှ ရေရှည်ကောင်း၍ နောင်မျိုးဆက်များ ပါ အသုံးပြုနိုင်သော သာယာသော "စိမ်းသည့်မြေ" ဖြစ်နိုင်ပါသည်။

ရွှေကောက်ရသော ကလေးငယ်သည် အဝါကိုသာသိသည်၊ ရွှေမှန်း မသိချေ။ မိခင်ကိုပြသော်၊ မိခင်ကရွှေမှန်းသိသော်လည်း တန်ဖိုးမမှန်းတတ်။ ပန်းထိမ်ဆရာကား ရွှေပညာတတ်သူဖြစ်၍ တန်ဖိုးဖြတ်တတ်သည်မဟုတ်တုံ လော။ "သညာသိ၊ ဝိဉာဉ်သိ၊ ပညာသိ' သိမှုစွမ်းရည် အဆင့်အရလူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အရာကိုဖြစ်စေ၊ တန်ဖိုးထားမည်၊ သုံးမည်၊ စောင့်ရှောက်မည်ဖြစ် သည်။ ပညာမြင့်သည်နှင့်အမျှ ပတ်ဝန်းကျင်သာယာမည်၊ ပတ်ဝန်းကျင်သာယာသည်နှင့်အမျှ နိုင်ငံစီးပွားအားကောင်းမည်ဖြစ်ရာ၊ ပတ်ဝန်းကျင်နှင့်စီးပွားရေး၊ စီးပွားရေးနှင့်ပညာရေး၊ ပညာရေးနှင့်ပတ်ဝန်းကျင် အပြန်အလှန် အကျိုးသက်ရောက်ဆက်နွှယ်လျက် လောကကမ္ဘာ၏ ကောင်းမွေဆိုးမွေကို ပေးစေနိုင်ပါသည်။ အားလုံး "ပေါင်း" မှ ပြည် "ကောင်း" မည်။

**"နှမ်းတစ်စေ့မှ ဆီမဖြစ်ငြား၊ နှမ်းစေ့အများ၊ စုပေါင်းအားဖြင့် ဆီ ဖြစ်ကြစို့လား"**


၀

**အကိုးအကား**

သတင်းစာ၊ အင်တာနက်၊ စပီရှုလိုင်းနားလက်ကမ်းစာစောင်များ၊ စပီရှုလိုင်းနားထိန်းသိမ်းရေးအလုပ်ရုံဆွေးနွေးပွဲ မှတ်စုစာစောင်များ၊ ၂၀၀၄ ပခုက္ကူဦးအုံးဖေ သုတေသနစာပေ ပထမဆုရ **"စိမ်းသည့်မြေ"** ပတ်ဝန်းကျင် ပညာပေးစာအုပ် ၂၀၀၄ ခုနှစ်။

စိမ်း

ကျော်ရင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

"လမ်းညွှန်ဟုအဓိပ္ပာယ်ရသော နိတိစကား သည် အခြားသော သုံးဆယ့်ရှစ်ဖြာမင်္ဂလာစသော တရားတော်ကဲ့သို့ ဘက်စုံ၊ ထောင့်စုံပါဝင်သော ဆုံးမစကားများကဲ့သို့ ပြည့်ပြည့်စုံစုံပါဝင်သည်မဟုတ်၊ လူ့လောကအတွက် လိုအပ်သောနေရာ၌ လိုအပ်သလောက်ကို ကွက်ကွက်ကွင်းကွင်းနှင့် တစ်ချက်တည်းနှင့်ထိအောင် မိအောင် ညွှန်းနည်းမျိုးပင်ဖြစ်ပါသည်"

# ဝါးတီးဘုရား

"သက်ကြီးစကား သက်ငယ်ကြား" ဟူသော ဆိုရိုးစကားသည် မြန်မာမှုနယ်ပယ်၌ ကာလကြာမြင့်စွာကပင် ရှိနေခဲ့သည်။ ထိုစကားသည် ဟောင်းသွားခြင်း၊ ရိုးသွားခြင်းမရှိဘဲ ပစ္စုပ္ပန်ကာလသို့တိုင် လေးနက်သော အဓိပ္ပာယ်ကိုဆောင်လျက် ရှင်သန်နေဆဲဖြစ်ပါသည်။

သက်ကြီးတို့သည် လူ့ဘဝတွင် ကာလကြာမြင့်စွာနေခဲ့ကြပြီးသူတို့ ဖြစ်သည့်အလျောက်၊ သုတ၊ မုတ၊ ဒိဋ္ဌ ဓမ္မများဖြင့် သံဝေဂဖြစ်စရာစသည့် ကောင်းဆိုးနှစ်တန် လောကဓံတရားကို ကိုယ်တိုင်ကြုံခဲ့ ကျော်ဖြတ်ခဲ့ရသဖြင့် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုသည် လူငယ်တို့ထက်သာလွန်နိုင်ပါသည်။

သက်ငယ်တို့သည်ကား လူ့ဘဝတွင်စတင်လျှောက်လှမ်းနေကြရသူ ဖြစ်ကြ၏။ အတွေ့အကြုံ ဗဟုသုတနည်းသေး၏။ လူငယ်များသည် မည်မျှပင် စာပေကျမ်းဂန်တို့ကို လေ့လာသည်ဖြစ်စေ၊ လောကဓံ၏သဘောမှန်ကို ကိုယ်တိုင်သိခဲ့ပြီးသော လူကြီးတစ်ယောက်၏အသိမျိုးကိုမူ မမှီနိုင်။ ငါတွေ့နှင့် စာတွေ့ကား ကွာခြား၏။ လေးလေးနက်နက် ထွင်းဖောက်သိမြင်မှုမျိုး ၌ မတူနိုင်။ တစ်နည်းဆိုရသော် လောကအမြင်မတူနိုင်၊ လောက၏အမှန်တရားကို ချဉ်းကပ်ရာတွင် လူကြီးနှင့်လူငယ်ကွာခြားမည်မှာ မုချပင်။

သို့ဖြစ်ရာ လူကြီးတိုင်းသည် လူငယ်တို့၏ ဘဝလမ်းကြောင်းဖြောင့် တန်းစေရန်အလို့ငှာ မိမိတို့တွေ့သိခဲ့ပြီးသော အမှန်တရား၊ ဘဝဆိုင်ရာ လက်တွေ့ဘဝနှင့်စပ်လျဉ်းသည့် အတွေ့အကြုံများကို လူငယ်တို့ထံလက်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ကမ်း၍ သိစေကြခြင်းဖြစ်ပါသည်။ ဆွေမတော်၊ မျိုးမစပ် မိမိနှင့်မဆိုင်ဟု လျစ်လျူရှုမထားကြပေ။ ထို့ကြောင့်ပင် သက်ကြီးစကားသက်ငယ်ကြားဟု နီတိစကားဖြင့် အစဉ်အဆက်ညွှန်းထားခဲ့ဟန်တူပါသည်။ **"တပည့်မကောင်း ဆရာ့ခေါင်း"၊ "သားသမီးမကောင်း မိဘခေါင်း"၊ "လက်ဦးဆရာမည်ထိုက် စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"** စသည့် အဆိုအမိန့်များသည် မျိုးဆက်သစ်တို့အပေါ်ထားရှိရမည့် လူကြီးတို့၏ ဘဝပေးတာဝန်ကို ထင်ဟပ်ပြလျက်ရှိပါသည်။ ဤတာဝန်သည် မည်သူတစ်ဦးတစ်ယောက်ကမျှ ညွှန်ကြားပေးအပ်ခြင်းမဟုတ်စေကာမူ ပြည်သူ့နီတိ၊ လောကနီတိ၊ ဓမ္မနီတိစသည်ဖြင့် ရှေးလူကြီးအဆက်ဆက်က လောကကောင်းကျိုးအလို့ငှာ နီတိစကားများဖြင့် ညွှန်းခဲ့ကြခြင်းပင်။

နီတိသည် **"သဿကရိုက်ပါဠိဘာသာ"** ဖြစ်၏။ **"လမ်းညွှန်"** ဟုအဓိပ္ပာယ်ရကြောင်း လေ့လာသိရှိခဲ့ရပါသည်။ လောကလူသားတို့ သိမှတ်လိုက်နာအပ်သည့် လူမှုကျင့်ဝတ် (Social Conduct) နှင့် လူ့စည်းကမ်း (Social Discipline) တို့ကို ပေါင်းစည်းကာ လောကနီတိဟု ရှေးပညာရှိများက ထားရစ်ခဲ့သည်ဟု နီတိကျမ်းအဖွင့်၌ ပါရှိပါသည်။

လမ်းညွှန်ဟုအဓိပ္ပာယ်ရသော နီတိစကားသည် အခြားသော သုံးဆယ့်ရှစ်ဖြာမင်္ဂလာစသော တရားတော်ကဲ့သို့ ဘက်စုံ၊ ထောင့်စုံပါဝင် သောဆုံးမစကားများကဲ့သို့ ပြည့်ပြည့်စုံစုံပါဝင်သည်မဟုတ်။ လူ့လောကအ တွက် လိုအပ်သောနေရာ၌ လိုအပ်သလောက်ကို ကွက်ကွက်ကွင်းကွင်းနှင့် တစ်ချက်တည်းနှင့်ထိအောင် မိအောင် ညွှန်းနည်းမျိုးပင်ဖြစ်ပါသည်။ အခါလည်းသင့်၊ အခွင့်လည်းသာပြီး ဖြစ်စဉ်ကိုက် **တွက်တိဝင်အညွှန်း** ဟုပင် ဆိုချင်ပါသည်။ ဥပမာ-လူတစ်ယောက်သည် ဥစ္စာစီးပွားဖြစ်ထွန်းရန် မည်သည့် အလုပ်မျိုးကို ရွေးချယ်ရမည်ကို အတိအကျမသိ၊ တွေဝေနေသည်ဖြစ်ငြားအံ့၊ ထိုသူ့အတွက် ကွက်တိအညွှန်းကား **"ဥစ္စာလို ကုန်သွယ်ရာ၏"**ဟူ၍ ဖြစ်သည်။ ဥစ္စာလိုသူအတွက် ဤအညွှန်းစကားထက် တိကျမှန်ကန်သော အညွှန်းသည်မရှိရာ။

ခေတ်အခါ အခြေအနေအရ ပေါ်ပေါက်လာသော **ကိစ္စများ၊** အခက်အခဲပြဿနာများကို ဖြေရှင်းကြရာတွင် ဤကဲ့သို့သော နီတိစကားများကား



လျော်ရာကိစ္စအတွက် လျော်ရာနီတိသည်ရှိပြီးဖြစ်ပါသည်။ ထိရောက်သော နီတိအညွှန်းများလည်း ဖြစ်နေပါလိမ့်မည်။ လိုက်နာသူတို့ကသာ ဂရုမမူပြု၍ လိုက်နာကြရန်သာရှိပါသည်။

လွန်ခဲ့သောရက်များက ဒီမိုကရေစီတူဒေးစာစောင်တွင် ဆောင်းပါး ရှင် ချမ်းမြအောင်က **"ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိ"** ဆိုသော ခေါင်းစဉ် ဖြင့် နီတိအကြောင်းနှင့်စပ်လျဉ်း၍ ဆောင်းပါးရေးသည်ကို ဖတ်ရသည်။ ဆောင်းပါးရှင်အာဘော်တွင် ပြည်သူ့နီတိသည် လူတစ်ယောက်၏ ယဉ်ကျေးမှု အဆင့်အတန်းကို တိုင်းတာရာတွင် အသုံးပြုနိုင်သည့် ပြဒါးတိုင်တစ်ခုဟု ဆို၏။ ပြည်သူ့နီတိသည် ကျောင်းစာသင်ခန်း၌ ပေါက်ဖွားခဲ့သော်လည်း ကြီးပြင်းကျက်စားရာနယ်မြေသည် ပြင်ပလောကထဲမှာသာဖြစ်ပါသည်ဟု ဖော်ပြပါသည်။ ယနေ့ခေတ်လူငယ်များသည် စာရိတ္တနှင့်ပြည်သူ့နီတိကို နားမလည်ကြဟုဆို၏။ အငြိမ်းစားကျောင်းဆရာမကြီးတစ်ဦးကလည်း စာသင်ကျောင်းများ၌ ပြည်သူ့နီတိသင်ကြားရမည့်အချိန်ကို အခြားသောဘာသာရပ် များ အစားထိုးသင်ကြားနေခြင်းကို ကန့်ကွက်ထားပါသည်။

အထက်ဖော်ပြပါ ဆောင်းပါး၌ပါရှိသော အဆိုအမိန့် အချက်အလက်များကို ကန့်ကွက်ရန်လည်းမရှိ ဖြည့်စွက်ရန်လိုအပ်သည်ဟုလည်း မမြင်မိ ပါ။ သို့သော် ယနေ့ကျောင်းစာသင်ခန်းတွင်းရှိ ကလေးသူငယ်တို့ကို မြင်ယောင် မိကာ စာရေးသူက သနားနေမိပါသည်။

ယနေ့ခေတ်ကား ပညာခေတ်၊ နည်းပညာခေတ်ဖြစ်၍ ရုပ်ဝတ္ထု အသစ်အသစ်တို့ပေါ်ပေါက် ပြွမ်းတီးနေသည်။ အိုင်တီ၊ အင်တာနက်၊ ဝက်ဆိုက်၊ ကွန်ပျူတာနှင့် ဂလိုဘယ်လိုက်ဇေးရှင်း ကမ္ဘာ့ရွာခေတ်၊ စဉ်ဆက်မပြတ် အရပ် အနားမရှိ ဆက်၍ဆက်၍ လေ့လာသင်ယူနေရသည့် Life Long Learning ခေတ်ဖြစ်သည်။ ရပ်လိုက်လျှင်ကျန်ခဲ့မည့်ခေတ်။ ထို့ကြောင့် ယနေ့လူငယ် တို့တွင် အချိန်ပိုမရှိ။ လူငယ်တို့၏ အာရုံသည် ခေတ်လိုအပ်ချက်များ၌သာ ကျက်စားနေရသည်။ အကြားအလပ်မရှိဘဲ ခေတ်သစ်လူ့ဘဝ လိုအပ်ချက်တို့က ကွက်ပြည့်နေရာယူထားခြင်းခံနေကြရသည်။ တိုင်းပြည်၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးသည် ရှေ့တန်းရောက်နေသည့်အခါ ကမ္ဘာနှင့်ရင် ဘောင်တန်းနိုင်ရေးအတွက် အူလျားဖားလျား လိုက်နေကြရသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ခေတ်လူငယ်တို့သည် မသိမဖြစ်သိကိုသိသင့်သည့် လောကီ၊ လောကုတ္တရာ ကိစ္စတို့ကိုပင် မသိ၊ နားမလည်ကြတော့ပေ။

စာရေးသူ၌ အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးရှိ၏။ သူသည် ဘုရားဒကာ၊ ကျောင်းဒကာ၊ စေတီတော်၏ ဂေါပကလူကြီးဖြစ်သည်။ သူသည် နှစ်စဉ်ပြုမြဲအတိုင်း သူ၏မွေးနေ့နံနက်တွင် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ရန် အစီအစဉ်ရှိ၏။ သို့အတွက် သူ၏သားကြီး ဩရသကို ဆွမ်းစားပင့်ခိုင်းလိုက်သည်။ သို့သော် ဆွမ်းကျွေးမည့်နံနက် အရုဏ်တက်ပြီးသည်အထိ သံဃာတော်များ ကြွမလာခဲ့။ ဆရာတော်ကား စေတီတော်၏ဩဝါဒစရိယ ဆရာတော်ဖြစ်၏။ ဂေါပကလူကြီးအလှူရှင်နှင့်ရင်းနှီးပြီးသားလည်းဖြစ်သည်။ ယခင်နှစ်များတွင်လည်း ဤကဲ့သို့ဆွမ်းစားပင့်ခဲ့ဖူးသည်သာ။ ယခု ဘာကြောင့် ကြွမလာပါသနည်း။ အလှူရှင်သည် သို့လော. . . သို့လော စိတ်မအေးတော့။ သည်အခါ စာရေးသူက အတွေးမှပေါက်လိုက်သဖြင့် အလှူရှင့်လက်ကိုဆွဲလျက် ရရာကားတစ်စီးဖြင့် ဆရာတော်ထံအပြေးအလွှား သွားရောက်ကာ ဦးတိုက်လိုက်၏။ "ခွင့်လွှတ်တော်မူပါဘုရား။ ကိုယ်တိုင်ဆွမ်းစားပင့်ရန် ပျက်ကွက်ခဲ့ပါတယ်ဘုရား။ ယခုအချိန်မလွန်သေးပါသဖြင့် အရုဏ်ဆွမ်းစားကြွတော်မူပါဘုရား" ဟု လျှောက်ထားကာ သံဃာတော်များကို ကားဖြင့်တပါတည်း ပင့်ဆောင်ခဲ့ရသည်။

သံဃာတော်များ ဆွမ်းကိစ္စပြီးစီးသည့်နောက် ယခင်နှစ်များကကဲ့သို့ ဆရာတော်က တရားမဟောဘဲ ကမ္ဘာနှင့်ဗုဒ္ဓဘာသာဆက်စပ်နေပုံကို ဗဟုသုတအဖြစ် မိန့်ကြားပါသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် အခြေစိုက်ထားသော အပြည်ပြည်ဆိုင်ရာ ဘာသာတရားနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အိကာရပ်စ် (ICARUS) သည် (၂၀၀၉ ခုနှစ်၊ ဇူလိုင်လ) ၌ ဘာသာရေးခေါင်းဆောင် (၂၀၀) ပါဝင်သည့် ညီလာခံ တစ်ရပ်ကျင်းပခဲ့သည်။ ထိုညီလာခံ၌ ဤကမ္ဘာမြေပေါ်တွင် လူသားများအတွက် အမွန်မြတ်ဆုံးသော ဘာသာတရား (BEST RELIGION IN THE WORLD) တစ်ခုကို မဲစနစ်ဖြင့်ရွေးချယ်ကြ၏။ အဖွဲ့ဝင်အားလုံးက ဗုဒ္ဓဘာသာသာလျှင် အခြားသောဘာသာအယူဝါဒများထက် ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှု၊ လူသားအားလုံးဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေမှုတို့ကို ပေးစွမ်းနိုင်သည့် ဘာသာအဖြစ်ရွေးချယ်လိုက်ကြသည်။ ဖြစ်ပွားခဲ့သမျှသော ဘာသာရေးစစ်ပွဲများအနက် ဗုဒ္ဓဘာသာကြောင့် ဖြစ်ပွားခဲ့ရသော စစ်ပွဲဆိုသည်မှာ လူသမိုင်းတွင် မရှိခဲ့ကြောင်းကိုလည်း ထိုညီလာခံ၌ နှစ်ထောင်းအားရစွာ ထုတ်ဖော်ပြောဆိုခဲ့ကြ၏။



ထိုအကောင်းဆုံးသောဘာသာသည် ဗုဒ္ဓဘာသာ။ ထိုဘာသာ အထွန်းကားဆုံးက မြန်မာနိုင်ငံဖြစ်သည်။ အဘယ့်ကြောင့်ထွန်းကားပါသနည်းဆိုသော် ပရိယတ္တိ၊ ပဋိပတ္တိအားကြောင့် ဖြစ်သည်။ ထိုမှ အရင်း စစ်သော် ပရိယတ္တိ၊ ပဋိပတ်ကိုဆောင်သော်သံဃာဖြစ်၏။ သံဃာ အဖွဲ့အစည်း ဆက်လက်အားကောင်းနေမှသာ အကောင်းဆုံးမွေ့ရတနာသည် တည်တံ့ပါလိမ့်မည်။ သံဃာများ မြင့်မြတ်သော အကျင့်ကောင်းများဖြင့် အားကောင်းနေစေရန်အတွက် ဒကာ၊ ဒကာမတို့က ပစ္စည်းလေးပါးထောက်ပံ့ကာမျှနှင့် မပြီး။ သံဃာသည် ကျွေးတိုင်းလည်း စား၍မရ၊ ပေးတိုင်းလည်းယူ၍မရ။ သံဃာတို့သည် စောင့်ထိန်းရသော ဝိနည်း သိက္ခာဘောင်မှ ကျော်လွန်၍ ဒကာတို့အလိုကို မလိုက်နိုင်။ ဝိနည်းအရဆိုသော် အားနာ၍ ရင်းနှီး၍ နားလည်ပေးပါလိမ့်မည်ဟူ၍ မယူဆသင့်၊ မမှတ်သင့်ပေ။ ထေရဝါဒ၏ အစိပ္ပာယ်ကိုကပင် ပယ်ဖျက်ခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း အလျဉ်းမရှိရ၊ ဘုရားဟောထား ပညတ်ထားလျှင် ထိုအတိုင်းသာ လိုက်နာရခြင်းပင်ဖြစ်၏။

ဒကာ၊ ဒကာမတို့သည် သံဃာတို့လိုက်နာရသော ဝိနည်းသိက္ခာ အားလုံးကို သိနားလည်ရမည်ဟု မဆိုလို၊ သံဃာတို့နှင့်ဆက်ဆံရာတွင် လိုအပ်သည့် အချက်များကိုမူ မသိမဖြစ် သိမှအဆင်ပြေပေလိမ့်မည်ဟု မိန့်ကြားကာ အလှူဒါနအတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းဖြင့် ပြီးဆုံးပါသည်။

သံဃာတော်များ ပြန်ကြွသွားကြပြီး အလှူသည်ပြီးမြောက်၏။

သို့သော်မပြီးသေး။ သံဃာတော်များ ဘာကြောင့် အရုဏ်ချိန်အတိုင်း မကြွခဲ့ပါသနည်းဟူသော မေးခွန်းပေါ်လာ၏။

အဖြေက တွေးယူသော်ရနိုင်၏။ သို့သော်စာရေးသူက အားလုံးသိစေချင်သောစေတနာဖြင့် ကပ္ပိယ ဦးညိုမောင်ကို တမင်မေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



**သားတော်ကြီးဩရသက** ဆွမ်းစားပင့်ပါသည်။ သို့သော်ပင့်ပုံက ဘောလုံးကန်ဘိနပ်၊ ဘောလုံးကန်ဝတ်စုံဖြင့် မော်တော်ဆိုင်ကယ်ကို စက်သံပြင်းပြင်းမောင်းဝင်သွားကာ ကျောင်းအောက်က ဟွန်းသံတတီတီ ပေး၍နေ၏။ ထိုအခါ ဆရာတော်က ပြတင်းတံခါး ဖွင့်အကြည့်တွင် သူက လှမ်း၍ အော်ကာလျှောက်၏။

**"ဘုန်းဘုန်း ခါတိုင်းလိုပဲ မနက်ဖြန်အရုဏ် ဝါးတီးဘုရား"**

ဟုဆိုကာ မော်တော်ဆိုင်ကယ်ကို စက်ကုန်မောင်း၍ထွက်သွားသည် ဟူ၏။ အကောင်းဆုံးဘာသာ၊ အထွန်းကားဆုံးတိုင်းပြည်က ဘုရားလူကြီး၏ သားက ဝါးတီးဘုရားဟု ဆွမ်းစားဖိတ်သော အသုံးအနှုန်းကား ဟာသကွက် တစ်ကွက် ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် ဤဖြစ်ရပ်ကား ရှက်ဖွယ်အတိပင်။ ခေတ်လူငယ်ထုသည် ဤမျှပင် ဘာသာတရားနှင့် ကင်းကွာနေပါသလော။

**"တပည့်မကောင်း ဆရာ့ခေါင်း"**၊ **"သားသမီးမကောင်း မိဘခေါင်း"**၊ ဖြစ်၏။ စာရေးသူနှင့်တကွ ကျန်လူကြီးသူမအပေါင်းက မိမိတို့နှင့်မသက်ဆိုင်ဟု လျစ်လျူမရှုရက်၊ မဆိုရက် မပြောရက်။ ခေတ်လူငယ်တို့၏ အာရုံသည် များစွာသော ခေတ်ကိစ္စများ၌ ဝန်ပိနေသည်ကို နားလည်ပေးရမည်ဖြစ်ပါသည်။ ထိုမျိုးဆက်သစ်တို့၏ လွတ်ကွက်၊ ဟာကွက်များကို **"သက်ကြီးစကား သက်ငယ်ကြား"** ဟူသော နီတိစကားနှင့်အညီ အချိန်အခါ အခြေအနေပေါ် မူတည်လျက် လူကြီးများက နောက်တစ်ခါ **"ဝါးတီးဘုရား"** မဖြစ်ရေးအတွက် ဝိုင်းဝန်း၍ ပျိုးထောင်ပေးကြပါဟု နှိုးဆော်ပန်ကြားလိုက်ရပါသတည်း။ ။

○

**ကျော်ခင်ဝင်း**



# ချစ်သောကွေးကွေး

www.burmeseclassic.com

*"ကျွန်မနှလုံးသားတွေ ဆယ်ပေါင်တူနှင့် အထုစံရသလို ဖြစ်သွားတဲ၊ ကွေးကွေးလေးက ခြေမသန်သဖြင့် သူများတွေထက် ကရုဏာ ပိုပြီးချစ်ရသည့် ကလေးပါ၊ သူ့အသံလေးက. . ."*

# ချစ်သော ကွေးကွေး

လူဆိုသည်မှာ အချစ်၊ မေတ္တာ၊ သံယောဇဉ်တွေနှင့် မကင်းနိုင်ကြသူတွေပါ။ ထိုလူတွေထဲက ကျွန်မတစ်ယောက်သည်လည်း သံယောဇဉ်၏ အကျဉ်းသားပင်ဖြစ်ပါသည်။ ကျွန်မ၏ အကြီးဆုံးသောသံယောဇဉ်မှာ တိရိစ္ဆာန်လေးတွေအပေါ် ထားရှိသော သံယောဇဉ်ဖြစ်ပါသည်။

၀

ကျွန်မက တစ်ဦးတည်းသော သမီးမို့လားတော့မသိပါ။ သူများတွေ ထက် သံယောဇဉ်ကြီးတတ်၊ အဖော်မက်တတ်လွန်းပါသည်။

"သမီးရေ. . . သမီးကြက်မကြီး သားခေါ်သံကြားတယ်။ ကြက်ကလေးတွေ ဘယ်နှကောင်ပေါက်လဲ မသိဘူး။ သွားကြည့်လိုက်ပါဦး"

ကြက်ဥတင်းရှိတဲ့ ထင်းစင်ပေါ် ကျွန်မတက်ကြည့်ရပါသည်။ ဟုတ်ပါသည်။ ကြက်နီမ၏ ဥတွေက ကြက်သားလေးတွေ ပေါက်နေတာကို တွေ့ရပါသည်။ ကြက်နီမက လူနဲ့ယဉ်ပါးပါသည်။ ထို့ကြောင့် ကျွန်မက ကြက်ဥတင်းထဲနှိုက်ကြည့်လိုက်ပါသည်။

ကြက်ပေါက်စလေး ဆယ့်တစ်ကောင်နှင့် ကြက်ဥအဆန်ချောင်ငါးလုံးတွေ့ပါသည်။ ကြက်ဥအဆန်ချောင်ကို ကျွန်မတို့ တောရပ်တောရွာက လူတွေက ဖောက်ပြီးကျော်စားလေ့ရှိပါသည်။ ကြက်ဥအဆန်ချောင်များက မည်သည့်အခါကမှ ကြက်ပေါက်မလာတတ်ပါချေ။ ကြာလျှင်ပုပ်သွားတတ်ပါသည်။

www.burmeseclassic.com



“မိနီမ. . . လာ။ လာ. . . လာ”

ကြက်မနှင့် ကြက်ဥတင်းကိုချပါသည်။ ပြီးတော့ ကြက်အုပ်ဆောင်းထဲ ထည့်အုပ်၊ ဆန်ကွဲကျွေးပြီး ရေတိုက်ပါသည်။ သူတို့မိသားစုကို နှစ်ရက်လောက် လှောင်ပိတ်ထားရဦးမည်။ ကြက်ပေါက်စလေးတွေ မိခင်အငွေ့ဖြင့် နွေးပြီး သန်စွမ်းလာစေရန် ဖြစ်ပါသည်။

ကျွန်မမှာ သားပေါက်ကြက်မ ဆယ်ကောင်နှင့် ကြက်ဖနှစ်ကောင် အပါအဝင် ကြက်အကောင် ငါးဆယ်ကျော်ရှိပါသည်။ ထို့အပြင် ဝက်နှင့် ဆိတ်တွေလည်း မွေးထားပါသေးသည်။

ကျွန်မ တိရိစ္ဆာန်လေးတွေကို ချစ်တတ်လွန်းလို့ မေမေကကြည့်မရ။

“ဒီအရူးမနဲ့တော့ ခက်တာပဲ အစ်ကိုရေ။ ဝက်တွေ၊ ဆိတ်တွေ မွေးထားပြီး ရောင်းလည်းမရောင်းဘူး။ ဝက်ထီးလည်း အစွယ်ပေါက်နေပြီ။ နေပါစေ သူ ဒီလောက်တောင် တိရိစ္ဆာန်တွေကို ချစ်ခင်နေတာ ခြံနောက်ဖေးမှာ အိမ်တစ်လုံးဆောက်ပေးလိုက်။ သူ့အကောင်တွေနဲ့ သူ့ကို နေခိုင်းမယ်။ ဘယ်လို သမီးမွေးထားမိမှန်း မသိပါဘူး။ တစ်ယောက်ဆို ဆိုသလောက်”

မေမေက ဖေဖေ့ကို ခဏ ခဏ ပြောသည့်စကားပင်ဖြစ်ပါသည်။ ကျွန်မကလည်း ကျွန်မပင်။ ကြက်တုပ်ကွေးရောဂါ၊ ဝက်နားရွက်ပြာရောဂါတွေ ကူးစက်ပြီး သေမှာကိုလည်း မကြောက်မိပေ။ တစ်နေ့ သေရမည့်အတူတူ မသေခင် သူတို့လေးတွေနှင့် ပျော်ပျော်ပါးပါးနေသွားချင်သည့် ဆန္ဒပင်ရှိနေပါသည်။

xxx xxx xxx

“ဟဲ့. . . ဟဲ့. . . သမီးအဖေ။ ကြက်မအော်သံကြားတယ်။ ဓါတ်မီးနဲ့သွားကြည့်စမ်းပါဦး၊ မြွေလား. . . ကင်းလား”

ကျွန်မတို့မိသားစုသုံးဦး အိပ်မှုန်စုံမွှားနှင့် ကြက်စင်အောက်ပြေးကြည့်မိကြသည်။

“မိန်းမရေ. . . မြွေ. . . မြွေ. . . မြွေဟောက်ကွ။ လှံယူခဲ့စမ်း”

“ဦးလေးရေ. . . ကျွန်တော်တို့လာပြီဗျို့။ မီးထိုးထား ဒီကောင့်ကို မျက်ခြေမပြတ်စေနဲ့။ ဟော့ကောင်. . . သူ့ရ. . . လေးခွပေးစမ်း။ ဒူးလေးလည်း ယူခဲ့. . . မြန်မြန်”



“လာပြီဗျို့. . . လာပြီ”

ခွေမျိုးတွေစုနေသည့်ရွာမို့ တစ်ခုခုဆိုလျှင် ဝိုင်းကြဝန်းကြပါသည်။ ကြက်မကို ကိုက်သော မြွေဟောက်ကြီးကိုလည်း ဝိုင်းသတ်ကြ၏။ ကြက်နီမ ခမျာ သူ့သားသမီးလေးကို လာမျိုသည့် မြွေဟောက်ကို ပြန်ခွပ်ရင်း မြွေကိုက်၍ သေသွားရှာပါပြီ။ ကျွန်မမှာ ရင်ကွဲပက်လက်ဖြစ်ရပါတော့သည်။

မောင်ဝမ်းကွဲလေး ရွှေဥက မြွေကို ဆင့် ဆင့်ရိုက်ပစ်လိုက်သဖြင့် မြွေပါးစပ်ထဲမှ ကြက်ပေါက်စလေး ထွက်ကျလာပါသည်။

“ကံဆိုးလေးရဲ့ မြွေမျိုလို့သေရသလားဟဲ့။ သေမဲ့သေ နာသေလိုက်ပါလား။ ခုတော့ ကြောက်ကြောက်လန့်လန့်နဲ့ မျိုချခံရပြီးမှ သေရတယ်လို့”

မေမေက စိတ်မရှည်သော လေသံနှင့်ကျွန်မကို-

“ဟဲ့. . . ညကြီး၊ မင်းကြီး ငိုမနေနဲ့ ရွှေမင်းသမီးရဲ့။ ရွာဦးဆရာ တော်ပျံလွန်တော်မူတော့မယ်၊ မကြာတော့ဘူး။ အဲဒီ ဘုန်းကြီးပျံကျမှ ဒင်းကို ယှဉ်ကျူးခိုင်းမယ်။ ခု. . . တိတ်”

“သမီး အချစ်ဆုံး ကြက်နီမကိုး။ မေမေရဲ့”

“ချစ် ချစ်။ မချစ်ချစ် ခုတိတ်”

သားပေါက်ကလေးဆယ်ကောင်ကိုတော့ဖြင့် ပြိုင်တူပေါက်တဲ့ ကြက်မမရှိသဖြင့် တခြားကြက်မသားအုပ်ထဲ ရောထည့်မပေးလိုက်နိုင်ပါ။ ကျွန်မ ပဲ တာဝန်ယူ မွေးမြူရပါမည်။ ကျွန်မက မိဘမဲ့ ကြက်၊ ဘဲ၊ ဝက်တွေ မွေးမြူနေကျမို့ အပန်းကြီးသည်ဟု မထင်ပါ။

xxx xxx xxx

လေးငါးရက်အတွင်းမှာပဲ ကြက်ပေါက်စနလေး ဆယ်ကောင်က သူ့မိခင်ကြက်မကြီးကို မေ့သွားပြီ။ အစာကျွေး၊ ရေတိုက်၊ အဝတ်နဲ့ထွေးသိပ်တတ်တဲ့ ကျွန်မကို တွယ်တာနေကြပါပြီ။ ကျွန်မဘယ်နေရာသွားသွား ပြေးလိုက်ကြပါသည်။ မတွေ့လျှင် အာပြဲအောင် အော်ပါသည်။ ဆူမရ၊ ချော့၍မရပေ။ ဖေဖေမေမေတို့ကိုမူ မခင်တွယ်ကြပေ။ ကျွန်မမှကျွန်မ။ ကျွန်မပုံစံနှင့် အသံကို သူတို့က အသေမှတ်ထားတာပင် ဖြစ်မည်။ ထမင်းချက်တော့လည်းပါ၊ ရေခပ်တော့လည်းလိုက်၊ ရဟန်းသံဃာဆွမ်းထွက်လောင်းတော့လည်း ရှေ့ က၊

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးလည်းစောင့်သည်။ ထမင်းစားလည်း ဘေးကနေသည်။ အစာမဝလျှင်တော့ လုံးစားတတ်ပါသည်။ ဝလျှင်အိပ်နေတတ်ကြသည်။

"ဟဲ့. . . ဟဲ့။ ကုန်ပါပြီ. . . ဟဲ့. . . ဟဲ့"

မိခင်နှင့်တစ်ရက်ပဲ တူတူနေရတော့ သူတို့ကိုမိခင်က ပညာသင်ပေးခွင့်မရလိုက်ပါ။ သို့သော် သဘာဝအရ မြေကြီးကို ယက်တတ်သည်။

"ကွက်ကွက်တို့ရေ. . ."ဟု ခေါ်လိုက်လျှင် "ပိညှပ်. . . ပိညှပ် ဆိုပြီး ကျွန်မနံဘေးရောက်လာတတ်ကြသည်။ အကောင်တိုင်းတွင် ဦးခေါင်း မှာ ဖြူဖြူအကွက်လေးတွေပါနေပါသည်။ သူတို့အဖေ ကြက်ဖကြီးက အလွန်လှသည့် အဝါရောင်ရစ်ကြီးဖြစ်ပါသည်။

ကြက်ကလေးများက ဖခင်မျိုးရိုးဗီဇကိုလိုက်ကာ အနီရစ်၊ အဝါ ရစ်၊ အပြာရစ်ကလေးတွေ ဖြစ်ပါသည်။

အိမ်မှာကြက်တွေများသဖြင့် သတ်မှတ်နာမည်ပေးရပါသည်။

"ပြောင်ပြောင်ရေ. . . ပြောင်ပြောင်" ဟု ခေါ်လိုက်ပါက ကြက်ဖကလေး "ဖင်ပြောင်" က သူ့နာမည်ကိုကြားပြီး ပြေးလာပါသည်။ ကြက်ပျိုမလေး "ခါခါ" ကဖြင့် သူ့နာမည်မဟုတ်၍ လှုပ်ပင်မလှုပ်ချေ။ ယခု နောက်ဆုံးအုပ်စုက. . . "ကွက်ကွက်" တို့အုပ်စု။

××× ××× ×××

"ပိညှပ်. . . ပိညှပ်"

"ဟဲ့. . . ဟဲ့. . . ဟဲ့. . ."

နွေရာသီပူပြင်းလွန်း၍ ဖျာခင်းပြီးမြေကြီးမှာ နေ့ခင်းနေ့လယ် ကျွန်မ အိပ်လျှင် သူတို့က ကျွန်မကိုယ်လုံးပေါ် ဖက်တက်ပြီး အိပ်တတ်ကြသည်။ ထိုင်ပြီး စာမူရေးလျှင် ပုခုံးပေါ်၊ ပေါင်ပေါ် တက်အိပ်တတ်သည်။ မိဘမဲ့လေး တွေမို့ ကျွန်မက အသနားပိုပြီး အလိုလိုက်ထားမိပါသည်။

"သိပ်ရှုပ်တာပဲ။ လာခဲ့. . . အုပ်ဆောင်းထဲ ထည့်ထားမယ်"

သူတို့ကို အုပ်ဆောင်းထဲထည့်လှောင်ထားရင် မကြိုက်ကြပေ။ ပြာနေအောင် အော်ဟစ်ပြီး ခြင်းပေါက်ကနေ အနာခံ၊ အမွေးကျွတ်ခံပြီး တိုးပါသည်။ မဆန့်လို့ ထွက်မရပါ။ နားငြီးအောင်အော်ပြီး အငြိမ်မနေကြ။ ထိုအခါ ကျွန်မက သနားပြီးတော့ လွှတ်ပေးရစမြဲ။



"ဟဲ့. . . ဟဲ့"

ကြက်သွန်နီကို အလွန်ကြိုက်ကြသည်။ ကျွန်မ ဟင်းချက်ရန် ကြက်သွန်နီလှီးလျှင် တားမရ၊ ဆီးမရ ဝင်လုတတ်သည်။

ကန်စွန်းရွက်၊ ဆလပ်ရွက်၊ ပဲပင်ပေါက်၊ သားငါး အကုန်လုံးစားတတ်ပါသည်။ လုရင်း မီးဖိုထဲကျ။ ထမင်းရည်အိုးထဲကျဖြစ်ကုန်ကြ၍ ကျွန်မ ဒုက္ခရောက်ရပါသည်။ မီးဖိုထဲပြုတ်ကျပြီး ခြေချောင်းလေးတွေ မီးပူပြီး ကွေးသွားသည့် ကြက်ကလေးကို "ကွေးကွေး" ဟု နာမည်ပေးလိုက်မိသည်။

ထမင်းရည်အိုးနွေးနွေးထဲကျ၍ ကော်စေးနှင့်ကပ်ထားသလို အမွေးတွေကပ်ပြီး ကာတွန်းရုပ်လေးနှင့်တူသည့် ကြက်ကလေးကို "ကာတွန်း" ဟု နာမည်ပေးထားလိုက်ပြန်သည်။ သားစိမ်း၊ ငါးစိမ်းစားလွန်း၍ သန်ကောင်ကပ်ပြီး ဗိုက်ပူနံကားနှင့် ကြက်သေးသေးကလေးကို "ပူပူ" ဟု ခေါ်ဖြစ် သည်။

သူတို့ကို အစွန်းရောက်ချစ်သည့် သံယောဇဉ်နှင့် ကျွန်မက မခွဲချင်ပေ။ ဖမ်းပြီးကိုင်၊ အမွေးနုလေးတွေ ပွတ်ပေးနှင့် ကြက်ကလေးတွေနှင့် ကျွန်မ၏ သံယောဇဉ်က တစ်နေ့ထက်တစ်နေ့ ပိုမိုခိုင်မြဲလာခဲ့သည်။

"ဟဲ့. . . နေကြဦး ကလေးတွေရဲ့"

ညအိပ်ချင်လျှင် ကျွန်မခြေထောက်ပေါ် ထဘီပေါ်ခုန်တက်တတ်သည်။ မည်သည့်အခါမှ သူတို့ဖာသာမအိပ်ကြ။ ကျွန်မနှင့်အတူစောင်ခြုံကုတင်ပေါ်မှ ခေါင်းအုံးနှင့် အိပ်ချင်သူလေးတွေဖြစ်သည်။

သူတို့အိပ်လျှင် အစုအပုံနှင့် ပုံ့ပုံ့လေးအိပ်လေ့ရှိပါသည်။ ဖိမိလျှင်သေကြရှာပေမည်။

"လေးကောင်. . . ခြောက်ကောင်. . . ကိုးကောင်။ ဟဲ့၊ တစ်ကောင် ဘယ်ရောက်နေသလဲ။ ကွက်ကွက်. . ."

တစ်ညအိပ်ချိန်တွင် ကိုးကောင်ပဲ တွေ့ရသည်။ ကျွန်မမှာစိတ် ထဲ ဒိန်းကနဲ။ စွန်ချီသွားသလား၊ ကျိုးကန်းသုတ်သွားသလား၊ အိမ်က ကြောင်သိုးခုတ်သွားသလား အမျိုးမျိုးတွေးပူမိသည်။

"ကွက်ကွက်. . . ကွက်ကွက်. . . ဘယ်မှာလဲ"

ပူပူက အရင်ပြေးသွား၍ ကျွန်မလိုက်သွားတော့ ကြက်ဆောက်ရေခွက်ထဲမှ အသံဖျော့ဖျော့ကလေးကို ကြားရသည်။ ကြည့်လိုက်တော့ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးပဲပေါ်တော့သည်။ ဆယ်ရက်သားလေးမို့ ကော်ရေခွက်ကြီးထဲမှာ ပြန်မတက်နိုင်ရှာပေ။ ပူပူက ကြက်အဖော်ရေထဲကျနေတာမြင်ပုံရသည်။ လူလိုမပြောတတ်၍ လိုက်ပြခြင်းဖြစ်သည်။

ရေထဲကဆယ်၊ အဝတ်ခြောက်နှင့်သုတ်ပြီး မီးကင်ပေးရသည်။ ရေနစ်ထား၍ တုန်တုန်ချိချိနှင့် ချမ်းနေပုံရသည်။ အကြာကြီး ဒူးတုန်နေသဖြင့် သူက "တုန်တုန်" ဖြစ်လာပါတော့သည်။

xxx xxx xxx

အရက် (၂၀) လောက်ရှိသည့်အခါ ကွက်ကွက်တို့က အတောင်ပံလေးတွေထွက်လာပြီး တစ်မျိုးချစ်စရာကောင်းလာပြန်ပါသည်။ အမွေးသစ်၊ အတောင်သစ်လေးတွေနှင့် အရွယ်ကလည်း လက်သီးဆုပ်နီးပါး ရှိလာပါ သည်။

ဖေဖေ၊ မေမေတို့ကလည်း သနားပြီး အစာကျွေး၊ ရေတိုက်ဝင်လုပ်သဖြင့် သူတို့က ကျွန်မလိုပဲ ချစ်ခင်တွယ်တာသွားကြပါသည်။ သူတို့က "ပုရွက်ဆိတ်ဥ" နှင့် "ခြ" တွေကို သိပ်ကြိုက်ပါသည်။ ထိုအစာတွေ စားပြီးလျှင် အကြာကြီး အိပ်သည်။ ထို့ကြောင့် ဖေဖေက သူတို့အော်နေလျှင် မြေကြီးထဲက "ခြ" တွင်းကို ပြတော့သည်။

"ခြ" ကျွေးသဖြင့် သူတို့က ဖေဖေ့အသံ၊ ပုံစံမြင်တာနှင့် ပြေးကပ်ကြတော့သည်။

သည်ပုံစံနှင့် ကျွန်မက သူတို့လေးတွေကို အချိန်နှင့် လုပ်အားတွေပေးပြီး ဂရုတစိုက်မွေးမြူခဲ့ရတာပါ။ ကြာလာတော့ ကျွန်မနှင့်ကွက်ကွက်တို့၏ သံယောဇဉ်က ပြတ်တောက်ရန်ခဲယဉ်းသော ကြိုးဖြူဖြူကလေးဖြစ်လာသည်။ အထူးသဖြင့် တစ်ဦးတည်းသောသမီး ကျွန်မက သူတို့ကို မိသားစုဝင်လို၊ ကိုယ့်ရင်သွေးတွေလို၊ ကိုယ့်ရဲ့ ခန္ဓာကိုယ်တစ်စိတ်တပိုင်းလောက်ကို ထင်မှတ်တဲ့အထိ တွယ်တာလာခဲ့ပါတော့သည်။

သူတို့ကလည်း သူတို့မိခင်နှင့် ကြက်မျိုးနွယ်စုအားလုံးကို မခင်တွယ်တော့ပေ။ ကျွန်မကိုသာ သူတို့အတွက် တတိုင်းရသော ပဒေသာပင်ကြီးကဲ့သို့လည်းကောင်း၊ ဘေးဒုက္ခနှင့် အန္တရာယ်များကို ကာကွယ်ပေးသော စစ်သူကြီးကဲ့သို့လည်းကောင်း အားကိုးမှန်း သိသာလှပါသည်။

"ဟဲ့. . . ခွေး၊ ငါ့ကြက်ကလေးတွေနား မကပ်နဲ့၊ သွား"



ကျွန်မက သူတို့ကို စားစား သွားသွား အလစ်မပေးဘဲ ဂရုစိုက်ပါသည်။ သူတို့က အားကိုးမှန်းသိပြန်တော့ သူတို့ကို လုပ်ပေးရတာကိုပင် ကျေနပ်နေမိပါသေးသည်။ ပြုစုစောင့်ရှောက်၊ ကာကွယ်ပေးရသည့် အခက်အခဲတွေကိုလည်း ဒုက္ခဟု မထင်မိခဲ့ပေ။ သူတို့နှင့် အချိန်ပေးနေထိုင်ရတာကိုပင် ပျော်ရွှင်ကြည်နူးနေမိပါသည်။

"သမီး. . . ထင်းစင်နားကို သွားသွားနေတဲ့ ကြက်ပေါက်ကလေး တွေ နှစ်ကောင်သုံးကောင် ပျောက်နေသလားလို့၊ ညကျ ကြက်အိပ်တန်း စစ်ကြည့်စမ်း သမီး"

"ဟုတ်. . . မေမေ"

ကျွန်မ ဘာစားစား သူတို့က စားကြည့်ချင်ပါသည်။ နောက်ဆုံး ထန်းလျက်ခဲစားလျှင်တောင် သူတို့က နည်းနည်းစီလိုက်စားတတ်သည်။ မကြိုက်မှ ထွေးပစ်တတ်သည်။ ဘယ်သွားသွားလိုက်ချင်သည်။

"လာကြ၊ စားချိန်တန်စားရမယ်။ နေ့လယ် လူအနားယူချိန် အိပ်ရမယ်။ လာခဲ့. . ."

ကျွန်မ အိပ်ပျော်နေတုန်း ရန်သူနှင့်တွေ့သွားမှာစိုးရိမ်စိတ်နှင့် သူတို့ကို ကြက်အုပ်ဆောင်းကလေးထဲထည့်ပြီး မအိပ်ချင်လည်း သိပ်ရပါသည်။ ညနေစောင်း ကျွန်မနိုးမှ သူတို့လည်း လွတ်လပ်ခွင့်ရပါသည်။ ဒါ. . . နိစ္စ ဓူဝ ဖြစ်စဉ်များပင်ဖြစ်ပါသည်။

xxx xxx xxx

"ဒီနေ့. . . အရေးကြီးတဲ့ စာမူရေးရမယ်။ မဂ္ဂဇင်းတိုက်ကိုပေးရမယ်. . . ဒီနေ့ပြီးမှဖြစ်မယ်"

ကျွန်မက စိတ်ကူးပေါက်လျှင် ပေါက်သလို နေ့ဘက်အားချိန်၊ ညဘက်နားချိန်တွေမှာ စာမူတွေကို ကောက်ရေးတတ်ပါသည်။ သူတို့တွေကလည်း နံဘေးမှာ လျှောက်သွားနေတတ်ပါသည်။ တောရွာတွင် ကြက်၊ ဘဲ၊ ဝက်တွေကို ခြံနှင့်ဝန်းနှင့် မွေးမြူလေ့မရှိပါ။ ခြံကျယ်ထဲမှာ ရွာထဲမှာ သွားချင်ရာသွား၊ လာချင်ရာလာ လွှတ်ထားကြစမြဲပင်။

စိတ်ထဲမှာ ဇာတ်လမ်းကို အကွက်ချနေမိသည့်အတွက် အာရုံက ကွက်ကွက်တို့ဆီမှာ သိပ်မရှိတော့ပါ။ မိဘနှစ်ပါးလယ်ထဲက ပြန်လာလျှင်

www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်စားရအောင် ထမင်းချက်ရင်း ထင်းလိုနေသဖြင့် ထင်းစင်ထဲ ထင်းဝင်ယူပါသည်။ သူတို့ပါ ပါလာပါသည်။ မီးဖိုထဲ ထင်းတွေ ခေါက်တုံ့ ခေါက်ပြန် သယ်နေတာကို သူတို့က ထင်းစင်ဘေးမှာ ခုန်ပေါက် ခုန်ပေါက်နှင့် ကစားရင်း စောင့်နေကြသည်။

"ခု. . . တစ်ခေါက်တော့ ပြီးပြီကွ"

ထင်းတွေပွေ့ပြီး ထင်းစင်ထဲက အထွက်မှာပဲ ကွေးကွေးကို အကောင် မည်းမည်းကြီးတစ်ကောင် ခုန်အုပ်ဖမ်းဆီးကာ ဒရွတ်ဆွဲပြီး ထင်းပုံထဲဝင် သွားသည်ကို တွေ့လိုက်ရ၏။

"ကွေးကွေး. . ."

လျှပ်တစ်ပြက်အတွင်းမှာပင် ခြေထောက်မသန်စွမ်းသော ကွေးကွေး ကလေးခမျာ ထင်းစင်အောက်ကို အော်ဟစ်ရုန်းကန်ရင်း ယက်ကန်ယက်ကန်ဖြင့် ပါသွားပါတော့သည်။ ကျွန်မထင်းတွေကို ပစ်ချကာ ထင်းပုံထဲ လက်ဖြင့် လိုက်ဆွဲသည်။ မိမလို မီမလိုနှင့် မမီလိုက်။ ကွေးကွေးလေးကို ရန်သူက မြေကြီးတွင်းထဲ ဆွဲခေါ်သွားသည်။

"ကွေးကွေး. . . ကွေးကွေး. . ."

လက်မောင်းတစ်ဆုံး လိုက်နှိုက်သော်လည်း မမီခဲ့ပါ။ ကြွက်တွင်းထဲ ပါသွားသဖြင့် ကျွန်မမှာ အရူးမီးဝိုင်း ဖြစ်သွားပါသည်။ ကြွက်တွင်းထဲ လူ သာဝင်လို့ရလျှင် ဘာကောင်ပဲတွေ့တွေ့ ဝင်လိုက်သွားချင်သူပါ။ ယခုမူ ခန္ဓာကြီးကလည်းဝင်မရ။ တွင်းထဲမှ မသန်စွမ်းသည့် ကြွက်ကလေး ကွေးကွေး ကို ရန်သူက အနိုင်ကျင့်နေသဖြင့် လုံးထွေးဆူညံနေသံတွေ ကြားနေရ၍ ကျွန်မစိတ်မထိန်းနိုင်တော့ပါ။

"ကွေးကွေး. . . ကွေးကွေး. . ."

ကြွက်ကလေးဇောနှင့် တွင်းထဲအတင်း နှိုက်မိပါသည်။ မမီပါ။ အပေါ်မှာက တစ်နှစ်စာအပြည့် ထင်းတုံး၊ ထင်းစတွေ။ ထင်းပုံအောက်မှာ က ပလွေပေါက်ကဲ့သို့ရှိသော မြေကြွက်တွင်းတွေရှိခဲ့တာ နှစ်ပေါင်း ကြာခဲ့ ပါပြီ။

"ကွေးကွေးရေ. . . . ကွေးကွေး. . . မကြောက်နဲ့။ ဟဲ့. . . လွှတ်. . . လွှတ်"



နှိုက်မရသည့်အဆုံး တွေ့သည့်တုတ်ကိုကောက်ပြီး ထင်းပုံကို အား ကုန်ရိုက်ပြီး ခြောက်လှန့်မိ၏။

"ညှပ်. . . ပိညှပ်. . . ဖတ်. . . ဖလပ်. . . ဖလပ်"

အတောင်ပံရိုက်သံနှင့် ငယ်သံပါအောင် အော်သံက ကျွန်မရင်ကို ဓားနှင့်ခွဲ ဆားနှင့်ထပ်ပက်ခံရသလိုပင်။

"ရေလောင်းထည့်မယ်. . . ရေလောင်းထည့်မယ်"

ရုတ်တရက်ရလိုက်သည့် အကြံနှင့်ရေပြေးခပ်မိပြီးမှ-

"ကြွက်ပွင်းထဲ ရေလောင်းထည့်တော့ ကွေးကွေးပါရေနစ်သွားမှာ ပေါ့။ ဟိုအကောင်ကရော မိမှာလား။ ထင်းပုံကို လှန်မှရမယ်"

ရေပုံးကိုပစ်ချပြီး ထင်းပုံဆီပြေးလာမိပြန်ပါသည်။ ကျွန်မ အာရုံထဲ မှာ ကွေးကွေးပဲရှိပါတော့သည်။ ကွေးကွေးအော်တော့ ကျန်တဲ့ကြွက်ကလေး တွေကလည်း တွင်းနားမှာ ဝိုင်းအော်နေကြလေပြီ။

ကျွန်မမှာ ရင်ကွဲပက်လက်။ ကြွက်တွင်းက ထင်းပုံအောက် အလယ် လောက်မှာဖြစ်သည်။ ငရုပ်သီးတောင့်နှင့် မီးရှို့ရအောင်လည်း ထင်းပုံမို့ မီးလောင်ဦးမည်။ ကျွန်မစဉ်းစားချိန်မရပါ။ ပူထူနေပါသည်။ စိတ်အဆိပ်တက် နေပါသည်။

"ပိညှပ်. . . ပိညှပ်"

"ကွေးကွေးရေ. . . နှုတ်သီးနဲ့ ပြန်ဆိတ်၊ ပြန်ဆိတ်ပြီး တောင့်ထား"

ကျွန်မထင်းစတွေကို အတင်းဆွဲလှန်သည်။ သယ်ပြီးရွှေ့ချိန်မရ။ ထင်းပုံစပ်ကနေ ရောက်ချင်ရာရောက် လွှင့်ပစ်သည်။

"ညှပ်. . . ညှပ်. . ."

ကျွန်မအသံကြောင့် ကွေးကွေးလေးကလည်း ပိုအော်ပါသည်။ နာကျင်သံမှန်း ကျွန်မခွဲခြားသိနေပါသည်။ လူက တုန်ရီလာပါသည်။ မျက်လုံး တွေပင် ဝေဝါးလာပါသည်။

"ကွေးကွေး. . . ကွေးကွေး. . . မကြောက်နဲ့၊ အားတင်းထား"

ထင်းစတွေထင်းတုံးတွေက အပေါ်က ပြိုကျလာပါပြီ။

"ညှပ်. . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှလုံးသားတွေ ဆယ်ပေါင်တူနှင့် အထုခံရသလို ဖြစ်သွား၏။ ကွေးကွေးလေးက ခြေမသန်သဖြင့် သူများတွေထက် ကရုဏာပိုပြီးချစ်ရသည့် ကလေးပါ။ သူ့အသံလေးက ပျော့နေပါပြီ။

ကွေးကွေးကို သူ့ရန်သူက နိုင်နေပုံပါ။ အသံက ကျွန်မကို လာကယ်ဖို့ ဖျစ်ညှစ်ခေါ်သံဆိုတာကို ကျွန်မက အတူတူနေလာသူမို့ သိလိုက်ပါသည်။ ဖြစ်နိုင်လျှင် ကြွက်တွင်းထဲ ကျွန်မဝင်ပြီး ရန်သူကို အမှုန့်ကြိတ်ချင်နေမိပါသည်။

"ငါ့ကွေးကွေးကိုသတ်ရင် နင်နဲ့ငါတွေ့မယ် . . . ဟေ့"

ကျွန်မသည် တခဏရူးသွားသလိုပင်။ ထင်းတုံးကြီးတွေကို ကွေးကွေး ဇောကပ်ပြီး ရွှေ့ပစ်သည်။ ထင်းပုံရွှေ့ပြီး၍ မြေကိုတူးပြီး ကွေးကွေးကို ကယ်တင်နိုင်ဖို့ပဲ စိတ်ကူးရှိနေပါသည်။ ဘယ်ကလာသော ခွန်အားတွေမှန်းမသိ သည့် ပြင်းအားတွေဖြင့် တောင်ပုံရာပုံရှိသည့် ထင်းတွေကို ဆွဲထုတ်၊ ဆွဲဖယ် လွှင့်ပစ် လုပ်နေမိပါသည်။

"ကွေးကွေးသေရင် နင့်ကိုငါ ဝါးစားပစ်မယ်"

လက်ဖဝါးတွေလည်း ပေါက်ပြဲနေပါပြီ၊ ခြေထောက်တွေကလည်း ဆူးမှန်း၊ အချွန်မှန်းမသိနင်းမိသဖြင့် ခြစ်မိသည့်ဒဏ်ရာတွေနှင့်။ ဒေါသတွေ နှင့် လူကအသက်ရှူမမှန်ပါ။ ကွေးကွေး၏အသံကို မကြားရတော့၍ ဖြစ်ပါ သည်။ ထင်းတွေကို ပွေ့ပွေ့ပြီး လွှင့်ပစ်သဖြင့် လက်မောင်း၊ လက်ဖျံတွေ မှာ ပွန်းရှပြီး သွေးတွေစို့နေသော်လည်း ကျွန်မမနားနိုင်။

အင်္ကျီနှင့်ငြိ ဆောင့်ရုန်း၊ ထဘီနှင့်ငြိ ဆောင့်ရုန်း။ အဝတ်အစားတွေ အကွဲကွဲအပြဲပြဲဖြစ်လည်း ကျွန်မမနှမြောနိုင်။ မမြင်ရသောရန်သူကို အမုန်းကြီး မုန်းကာ ကမ္ဘာလောကကြီးကိုပင်မေ့ကာ တစ်နှစ်စာ ဧရာမထင်းပုံကြီးကို ဖယ်နေသော ကျွန်မ။ မောမှန်းလည်းမသိ၊ နာမှန်းလည်း မသိပါပေ။

××× ××× ×××

ချွေးကျများပြီး လူကမူးဝေလာပါပြီ။ ကွေးကွေးဆီကတော့ အသံ ထွက်မလာတော့ပါ။ ကွက်ကွက်တို့ကမူ ထင်းပုံက ထွက်လာသည့် ပိုးမွှားများ ကို ထိုးကာဆိတ်ကာစားနေပါသည်။

"ကွေးကွေး . . . ကွေးကွေး . . . မကြောက်နဲ့"

သည်အချိန်လောက် ဝမ်းနည်းခံစားရတာ ကျွန်မဘဝမှာ မရှိတော့



ပေ။ စိတ်သည် အံ့ဩစရာပင်။ သုံးရက်လောက် ရွှေ့မှကုန်မည့်ထင်းပုံကြီးကို နာရီဝက်လောက်နှင့် ရွှေ့ပစ်နိုင်ခဲ့၏။

"ငါ့ကလေးသေပြီ။ ဒင်းကို . . . သတ်မယ် . . . သတ်မယ်"

ထင်းစင်ထဲ ထင်းကုန်သွားပါပြီ။ မြေပြင်မှာ ကြွက်တွင်းတွေ အများ ကြီးတွေ့ရသည်။ ပေါက်တူးကို ပြေးယူလိုက်၏။ ပြီးတော့ မြေကြီးကို သွေးစက်လက် လက်ဖဝါးနှင့်ပဲ ပေါက်၍ပေါက်၍မြေလှန်လိုက်ပါသည်။

"ဟဲ့ . . . သမီး။ ထမင်းအိုးကြီးလည်း ပျော့ပြဲနေ . . . ဟင်"

လယ်ထဲမှ မေမေတို့ ပြန်ရောက်လာပါသည်။ ကျွန်မရုပ်က ဆံပင် စုတ်ဖွား၊ အဝတ်အစား ဖရိုဖရဲနှင့် လူသတ်နေသလို မျက်နှာနှင့်မို့ မေမေလန့် သွားပုံရသည်။

"သမီး၊ သမီး ဘာတွေလုပ်နေတာတုန်း။ ထင်းတွေလည်း လွှင့်ပစ်ထား သေးတယ်။ သမီး သတိထားစမ်း။ ဘာတူးနေတာလဲ။ ဒါ မေမေနော်"

ကျွန်မမျက်နှာက ဘီလူးတစ်ကောင်လို၊ မိစ္ဆာတစ်ကောင်လို ဒေါသ အခိုးတွေ ထောင်းထောင်းထနေသည့် မျက်နှာနှင့်ရှိနေပုံရသည်။ မိခင်အသံ ကြားမှ ကွေးကွေးသေလောက်ပြီဟု တွက်ဆမိရင်း-

"မေမေရဲ့၊ ကွေးကွေးလေးကို ကြွက်ကြီးက ထင်းပုံအောက်က တွင်းထဲ ဆွဲသွင်းသွားတယ်။ အခု . . . ကွေးကွေးမအော်နိုင်တော့ဘူး။ သမီးကွေးကွေး လေး . . . သမီးကွေးကွေးလေး . . . "

"ဟဲ့ . . . သမီးလေး . . . သမီး။ သူ့အဖေရေ . . . မြန်မြန်လာပါဦး"

ဝမ်းနည်းထိရှသည့်စိတ်၊ ပင်ပန်းသည့်စိတ်နှင့် ကျွန်မမိုက်ကနဲဖြစ် သွားပါသည်။

"ရှင့်သမီးကြွက်ကလေးကို ကြွက်တွင်းထဲ ဘာကောင်ချီသွားမှန်း မသိဘူးတဲ့။ ကွေးကွေး . . . ကွေးကွေးတဲ့"

"ဟင် . . . ဟိုကြွက်ကလေးလား။ ပေးစမ်း . . . ပေါက်တူး"

ဖေဖေကလည်း ကွေးကွေးကို ခြေထောက်မသန်သည့်အတွက် ပိုသံယောဇဉ်ရှိခဲ့သူ။ ဖေဖေက လယ်သမားပီပီ မြေကြီးထဲက ရန်သူကို စေ့စေ့စပ်စပ် ရှာသည်။

"ဟေ့ရန်လုံ၊ ရန်လုံ လာခဲ့စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ခွေးကြီးရန်လုံကလည်း တာဝန်ကျေပါသည်။ တောထဲကပြန်လာ ပြီး မောနေသော်လည်း သခင်နိုင်းတော့ ကြွက်ယက်သည်။ မေမေကလည်း တူရွင်းနှင့်တွေ့ရာ တွင်းတူးသည်။ ကျွန်မလည်း တူရွင်းနှင့်တူးသည်။ သုံးယောက်ပြိုင်တူ တူးသည်။ ကွေးကွေးအသံမကြားရတော့။

"သမီး. . . သိပ်မောနေတယ်။ နားလိုက်နော်။ မေ့လဲသွားမှာစိုးလို့"

"ဟင့်အင်း၊ ရတယ် မေမေ. . ."

"ညှပ်. . ."

ညာဖက် ဂလိုင်တွင်းကြီးဆီမှ အသံသဲ့သဲ့ကလေးကြားရသည်။ မိဘတွေက မကြားလိုက်ပေ။

"ဒီဘက်ကမေမေ။ ကွေးကွေး. . . ဒီဖက်မှာ၊ အသံကြားတယ်"

"ဟ. . . ဒုက္ခ။ ဂယ်ပေါက်တွေအများကြီးပဲ။ ခွေးကတစ်ကောင်ပဲ ဆိုတော့ လွှတ်ပြီး ထင်းပုံထဲဝင်ပြေးမှ အခက်"

"ကျွန်မနဲ့သမီး ဂယ်ပေါက်ကစောင့်မယ်။ ရှင်လည်း သတိထားဦး၊ မြွေဖြစ်နေဦးမယ်"

ရန်လုံက စတူးပြီဆိုကတည်းက သံကုန်ဟောင်သည်။ နှာမှုတ်သည်။

ဟုတ်ပါသည်။ ရန်လုံကြောင့် တွင်းထဲက သတ္တဝါ လှုပ်ရှားသံကြားရသည်။ မေမေက ချိန်ဆပြီးတူးသည်။

"ရန်လုံ. . . ကြွက်ကလေးကိုတွေ့ရင် မကိုက်နဲ့နော်"

ခဏအကြာတွင်ကွေးကွေး၏ အတောင်ဖျားလေးပေါ်လာသည်။ ရန်လုံက ခွေးပါး၊ ခွေးလိမ္မာပင်။ လက်နှင့် လှမ်းယက်ထုတ်သည်။ မကိုက်ပေ။

"ကွေးကွေး၊ ကွေးကွေး. . ."

"ညှပ်. . ."

မြင်ရက်စရာမရှိပေ။ လည်ပင်း၊ ဗိုက်တွေနှင့် ခေါင်းကို အကိုက်ခံထားရသဖြင့် သွေးသံတွေနှင့်ပါ။ သခင့်အသံကြားတော့ အားယူပြီး မျက်လုံးလေးဖွင့်ကြည့်ရှာသည်။ သခင့်ကို မြင်ရတော့ မျက်လုံးအရောင်က ဝင်းလက်လာပါသေးသည်။

ကျွန်မက လက်ဖဝါးထဲထည့်ကာ လေနှင့်မှုတ်ပေးလိုက်မိသည်။

"ပီညှပ်. . . ပီညှပ်. . ."



ပူပူတို့ တုံတုံတို့က ကွေးကွေးကို ရုတ်တရက်မမှတ်မိ။ သဲ့သဲ့အသံလေးကြားမှ မှတ်မိသွားပြီး ကျွန်မလက်မောင်းပေါ် ခုန်တက်၊ ကွေးကွေးအပေါ် ဖက်တက်ကြသည်။ ငုံ့ကြည့်သည်။ အမွေးလေးခွေကို ဖွဖွဆိတ်ကြသည်။ ကွေးကွေးက အသံပြန်ပေးသော်လည်း အသံမထွက်လာပေ။

"ကွေးကွေးရယ်. . ."

ကျွန်မကြောက်လျှင် ရေဆာတတ်ပါသည်။ ယခုလည်း ကွေးကွေး ကြောက်နေသောကြောင့် ရေကိုလက်ညှိုးနှင့်ဆွတ်ပြီး သူ့ပါးစပ်ကလေးထဲ အစက်ချပေးမိသည်။ ကွေးကွေးက ရေစက်လေးများကို အငမ်းမရ မျိုချရှာသည်။ ကျွန်မမှာ မမြင်ရက်တော့ပါ။

"ကွေးကွေး. . . ကြွေးရှိရင်၊ မြေရှိရင်. . . ကြေတယ်နော်။ ငါတို့အိမ်မှာကြွက်လာမဖြစ်နဲ့တော့။ ကောင်းရာမွန်ရာကို သွားတော့နော်။ မမတို့မိသားစုပြုသမျှ ကောင်းမှုတွေကို သာခုခေါ်နော်။ အမျှ. . . အမျှ. . . အမျှပါ ကွေးကွေးရယ်. . ."

ကွေးကွေးလေးသည် ခဏအကြာမှာပဲ ဆန့်ငင် ဆန့်ငင်နှင့် ကျွန်မလက်ဖဝါးပေါ်တွင် သေသွားရှာပါသည်။ အားငယ်သူကို နိုင့်ထက်စီးနင်းပြုခဲ့သော တွင်းထဲကသတ္တဝါကို ကျွန်မအမုန်းတွေရောက်သွားပါသည်။

ဒေါသတွေနှင့်လူက ပူလောင်လာကာ အငြိုးတကြီးနှင့်တူရွင်းယူကာ မြေတွင်းထဲတွင် လှည့်ပတ်ပုန်းနေသော ထိုသတ္တဝါကို သဲကြီးမဲကြီး တူးဆွမိပါတော့၏။

"ဝေါင်း. . ."

မဲကနဲမြင်လိုက်သဖြင့် ရန်လုံက ဒေါသတကြီး ကိုက်လိုက်သည်။ သတိဆောင်ထားပုံရသော မြေကြွက်မဲမဲကြီးက ညာဘက်လှည့်ဝင်ပြေးသည်။ ဂယ်ပေါက်ကနေတဆင့် စောစောက ထင်းပုံထဲဝင်ရောက်ရှောင်တိမ်းဖို့ ပြင်ဆင်လိုက်သည်။

ကွေးကွေးကို သတ်သည့်ကြွက်ကြီးကို ဘယ်နည်းနှင့်မျှ အလွှတ်မပေးနိုင်သော ကျွန်မသည် တွင်းထဲလက်နှိုက်ရန် အားထုတ်လိုက်မိပါသည်။

"ဟဲ့. . . သမီး။ ပြန်ကိုက်လိမ့်မယ်။ မနှိုက်နဲ့၊ မနှိုက်နဲ့"

မေမေက အော်သည်။ ကျွန်မကို ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . စိတ်လျှော့။ ဖေဖေရအောင်ဖမ်းမယ်"

ဖေဖေက မြေကိုတူးဆွပြီး ကြွက်ကိုဆွဲထုတ်လာပါသည်။ ကြွက်ကြီးမှာ လေးငါးဆယ်သားလောက်ပင်ရှိနိုင်၏။ ရန်လုံက ပါးနပ်သောခွေးပီပီ ကြွက်မဲကြီး၏ကျောကို အားပါးတရကိုက်၍ ဆောင့်ဆွဲယူလိုက်ပါသည်။ ထို့နောက် ကြွက်ကြီးပါလာသည်နှင့် တအားခါရမ်းပစ်လိုက်၏။

ကြွက်သည် ရန်လုံက သူ့ခါးကို ကိုက်ထားခံရ၍ ပြန်ကိုက်ရန် အခွင့်မသာပါ။ ကြွက်ကြီးသည် ရန်လုံပါးစပ်ထဲတွင် ခလောက်ဆန်နေသည်။ သည်အချိန်မှာပင် ရန်လုံက မြေပြင်ပေါ်သို့ နှုတ်သီးဖြင့်ဖိချကာ စိတ်ရှိလက်ရှိ အကြိမ်ကြိမ်ကိုက်သတ်ပစ်လိုက်သည်။

"ကွေးကွေးလေးရေ. . . မင်းအတွက် ကြွက်ကြီးကို ရန်လုံက စိစိညက်ညက်ကြေအောင် ကိုက်သတ်ပြီးပါပြီ။ ကျေနပ်ပါတော့ ကလေးရယ်"


ကြွက်ကြီး၏ အရိုးတွေ ကျိုးထွက်၊ အရည်ခွံတွေကွာပြီး သွေးတွေယိုစီးလာမှ ရန်လုံကထားခဲ့၏။ ပြီးတော့ သူ့တာဝန်ကျေပါတယ်ဆိုသော မျက်နှာလေးနှင့် ကျွန်မကိုမော့ကြည့်သည်။

မေမေကမောပြီး လျှာထွက်နေသော ရန်လုံကို ထန်းလျက်ခဲများ ချကျွေးလိုက်၏။ ကျွန်မကတော့ သေနေသည့် ကွေးကွေးလေးကို အသာပွေ့ထားရာက ခြေမသန်သည့် ကွေးကွေးလေးနှင့်နေခဲ့၊ စားခဲ့၊ ကစားခဲ့ပုံတွေကို ပြန်မြင်လာမိရင်း ငို၍မဆုံးတော့ပါ။

"သနားလိုက်တာ ကွေးကွေးလေးရယ်"

၀

စိမ်းရွက်လှော




www.burmeseclassic.com

www.burmeseclassic.com

***"ခေါင်းပေါ်မှာဟင်းရွက်မန်းကို ရွက်ထားလို့ ခေါင်းငုံ့ကြည့်လို့မရပေမယ့် ကျုပ်စီးလာတဲ့ဖိနပ် ပြတ်သွားပြီဆိုတာ ကျုပ်သိလိုက်တယ်၊ ဖိဖိနပ်စီးပြီး အိမ်ကထွက်လာကတည်းက ထင်တော့ထင်သား၊ သဲကြိုးကချောင်နေတော့ ပြတ်ခါနီးနေပြီဆိုတာ၊ ချက်ချင်းပြတ်မယ်လို့မထင်သေးဘူး၊ ဖိနပ်က ခေါင် ပြုတ်တာမဟုတ်လို့ တော်သေးတယ်၊ ခေါင်ကို ခြေမခြေညှိုးနဲ့ညှပ်ပြီး ခြေထောက်ခရွတ်ဆွဲနဲ့ ဆက်လျှောက်နဲ့တယ်၊"***

# သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ

ကျုပ်နာမည်က ဒေါ်မြအေးပါ။ အသက်က (၄၄) နှစ်ရှိပြီ။ ကျုပ်မှာ သားလေးတစ်ယောက်လည်းရှိပါသည်။ သားက အခုဆို (၁၇) နှစ်ရှိနေပြီ။ ကျုပ်သားက ဆယ်တန်းကိုနှစ်ချင်းပေါက်အောင်တာ။ ဆယ်တန်းအောင်တုန်းက သူ့အသက် (၁၆) နှစ်ပြည့်ဖို့ (၃) လတောင်လိုသေးတယ်။ ဆယ်တန်းအောင်ပေမယ့် ဂုဏ်ထူးတော့ မပါပါဘူး။ ဘယ်ပါပါ့မလဲ။ ကျုပ်ကကျူရှင်မှမထားနိုင်တာ။ ကျူရှင်များထားနိုင်လို့ကတော့ ကျုပ်သားက ဂုဏ်ထူးတွေတစ်သီကြီးနဲ့ အောင်မယ်ဆိုတာ ယုံပြီးသားပဲ။ ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့က သားအောင်တယ်ဆိုတာလည်းကြားရော သူ့အဖေကိုညွှန့်ရွှေကို သတိရလိုက်တာ။ သူသာရှိသေးရင် သိပ်ဝမ်းသာမှာ။ သားကိုးတန်းဖြေပြီးတဲ့အချိန်က သူ့အဖေဆုံးတာလေ။ ကျုပ်ကလည်း ငယ်ငယ်က ဖတဆိုးသမီးအဖြစ်နဲ့ ကြီးပြင်းခဲ့တာဆိုတော့ ကျုပ်သားလေး၊ ဖတဆိုးဖြစ်သွားတာကို တော်တော်လေး စိတ်မကောင်းဖြစ်မိပါတယ်။

၀

ကျုပ်တို့က အမေတစ်ခုသမီးတစ်ခုဘဝပါ။ ကျုပ်က ပန်းနာရင်ကျပ်ဖြစ်နေတဲ့ အမေ့ကို ကုန်စိမ်းရောင်းပြီးရှာကျွေးခဲ့တာပါ။ အမေက ကျုပ်ကို ငယ်ငယ်က ဆုံးမခဲ့ဖူးတယ်။ အိမ်ထောင်ရှိတဲ့သူဆို ဝေးဝေးကရှောင်ရမဲ့၊ လူပျိုလူလွတ်ဆို ဆိုက္ကားသမားယူလည်း အမေသဘောတူတယ်တဲ့။ ကျုပ်ကလည်း အမေ့စကားနားထောင်ပြီး ကျုပ်ထက် (၁၅) နှစ်ကြီးတဲ့ ဆိုက္ကားသမား

www.burmeseclassic.com



လူပျိုကြီးနဲ့ ယူခဲ့တာပါ။ ကျုပ်က ကုန်စိမ်းသွားရောင်းရင် သူ့ဆိုက္ကားကိုပဲ အသွားအပြန်အမြဲစီးတော့ သူနဲ့ ဖူးစာဆုံခဲ့တာပေါ့။ သူနင်းတဲ့ဆိုက္ကားကတော့ သူ့အပိုင်မဟုတ်ပါဘူး။ အုံနာခပေးပြီး နင်းရတာပါ။ ဒါပေမယ့် ဒဂုံဆိပ်ကမ်းက ကျူးကျော်ရပ်ကွက်လေးမှာ ဓနိမိုးထရံကာတဲလေးတစ်လုံးတော့ သူပိုင်ပါတယ်။ ခုခေတ်မှာ စားရေးထက် နေရေးကပိုအရေးကြီးတယ်မဟုတ်လား။ ဒီတော့ အိမ်လေးတစ်လုံး အပိုင်ရှိတာ အသက်ရှူပေါက်လေးချောင်တယ်လို့ ပြောရမှာပေါ့။ ကျုပ်အမေဆုံးသွားတဲ့နောက်ပိုင်း ကျုပ်တို့ငှားနေတဲ့ အိမ်လေးကို ပြန်အပ်ပြီး သူ့နောက်ကိုကျုပ် လိုက်ခဲ့ရတော့တာပေါ့။ သူကလည်း အမေတစ်ခု သားတစ်ခုဘဝနဲ့ (၈၇) နှစ်အရွယ် အမေအိုကြီးကို လုပ်ကျွေးနေတဲ့ သားလိမ္မာပါ။

ကျုပ်ယောက္ခမကြီးက တိမ်စွဲပြီးမျက်စေ့တစ်ဖက်က မမြင်ရှာပါဘူး။ ကျန်တစ်ဖက်ကလည်း မှုန်ဝါးဝါးပဲမြင်ရတယ်တဲ့။ သူနဲ့လက်ထပ်ပြီး ယောကျ်ားအိမ်လိုက်လာတဲ့နေ့က ကျုပ်ယောက္ခမကိုတွေ့တော့ သနားသွားမိတယ်။ ဒါကြောင့် မျက်စိမမြင်တဲ့ယောက္ခမကို ကျုပ်ရဲ့အမေအရင်းလိုသဘောထားပြီး မရှံ့မရှာပြုစုပေးပါတယ်။ ကျုပ်ယောကျ်ားက သူ့အမေကို စေတနာမေတ္တာအပြည့်နဲ့ ပြုစုပေးတယ်ဆိုပြီး သူ့တစ်သက် ကျုပ်ကိုစိတ်ချမ်းသာအောင် ထားပါ့မယ်၊ ကျုပ်တစ်သက်လည်း စိတ်မဆင်းရဲစေရပါဘူးလို့ ကျုပ်ကို ကတိပေးပါတယ်။ သူကတိအတိုင်းပါပဲ၊ သေသွားတဲ့အချိန်အထိ ကျုပ်ကို လေသံမာမာနဲ့တောင် စကားမပြောခဲ့ပါဘူး။ ကျုပ်ကိုခေါ်တာလည်း ကြည့်ဦးလေ။ လုံမလေးတဲ့၊ မိန်းကလေးတဲ့။ ကျုပ်လေ လူမချမ်းသာပေမယ့် စိတ်ချမ်းသာခဲ့ရပါတယ်။ ယောက္ခမအမေ့ကို ကျုပ် (၂) နှစ်ပဲ ပြုစုလိုက်ရပါတယ်။ လူကြီးရောဂါနဲ့ အသက် (၈၉) နှစ်မှာ ဆုံးရှာပါတယ်။ အမေ့ကို ကျုပ်က အသက် (၉၀) အထိ နေရမယ်လို့ ထင်နေခဲ့တာ။ ယောက္ခမအမေဆုံးတော့ ကျုပ်မှာ ကိုယ့်အမေ ဆုံးတုန်းကလိုပဲ ခံစားပြီးငိုလိုက်ရတာ။ ကျုပ်ကိုယ်တိုင် ချွေးကလူ၊ သွေးကလူ ပြုစုခဲ့ရတာမဟုတ်လား။ အမေကလည်း ကျုပ်ကိုချစ်တယ်လေ။ အမေ့အသုဘချတော့ ယောက္ခမသေလို့ ငိုတဲ့ကျုပ်ကို မေးငေါ့တဲ့သူကရှိသေး။ လူတွေများ စိတ်ကောင်းကိုမရှိဘူး။

၀



မကြာပါဘူး၊ သူ့သားကိုအမေအိပ်မက်ပေးတယ်တဲ့။ ကျုပ်တို့နဲ့လာနေပါရစေလို့ ပြောသတဲ့။ ကျုပ်ကိုတော့မပေးဘူး။ ပေးရင်လည်း ကျုပ်က ဝမ်းသာအားရနဲ့ ခွင့်ပြုမှာပါပဲ။ နောက်တော့ သားကိုကိုယ်ဝန်လည်းလွယ်ရ ရော သူ့အမေဝင်စားတာပါဆိုပြီး ကျုပ်ယောကျ်ားက ဝမ်းသာနေတာလေ။ ကျုပ်ကိုလည်း ဟိုဟာမစားနဲ့ ဒီဟာမစားနဲ့၊ ဟိုလိုနေ သည်လိုထိုင်ဆိုပြီး တတွတ်တွတ်နဲ့ ပြောလို့ကိုမပြီးနိုင်ဘူး။ ကြာတော့ကျုပ်စိတ်ညစ်လာတာပေါ့။ သူက ဗိုက်ထိန်းလုပ်နေရတာကို ပျော်လို့။

သားလေးမွေးတဲ့နေ့ကများ သူ့လောက်ပျော်တဲ့သူ ကျုပ်မတွေ့ဖူးသေးဘူး။ ကျုပ်ကသားကို မွေးရုံပဲ မွေးခဲ့ရတာပါ။ သားရဲ့ဝေယျာဝစ္စတွေအကုန်လုံးသူပဲ တာဝန်ယူလုပ်ခဲ့တာ။ ည ည သားဆီက “အဲ” ခနဲအသံကြားတာနဲ့ ချက်ချင်းထထိုင်ပြီး သေးနိုးလဲပေး၊ အီးနှိုးလဲပေးနဲ့ သားလေးနို့ ဆာလို့ငိုရင်လည်း ကျုပ်ကိုနှိုးပြီး နို့တိုက်ခိုင်းတယ်။ အိပ်ပြီးနို့တိုက်ရင် မကြိုက်ဘူး။ သူ့သား ခေါင်းတခြမ်းပိန်သွားမယ်တဲ့လေ။ ကျုပ်ကထိုင်လျက်နဲ့ အိပ်ငိုက်ပြီး သားကိုနို့တိုက်ရင် သူကလည်းထိုင်စောင့်နေတာ။ သားကနို့ဝလို့ အိပ်ပျော် သွားရင် အသာချပြီး အိပ်ယာပေါ်ပြန်ချသိပ်၊ ကျုပ်ကိုလည်းပြန်အိပ်တော့ ဆိုပြီး စောင်ခြုံပေး၊ ဒါနဲ့ပဲကျုပ်လည်း ပြန်အိပ်ပျော်သွားတာပါပဲ။ သူကတော့ အိပ်လိုက်နိုးလိုက်၊ သားကိုအနှီးလဲပေးလိုက်နဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ရတယ်ကို မရှိပါဘူး။ ကျုပ်ကသူ့ကို အိပ်ဖို့ပြောရင်လည်း လက်မခံပါဘူး။ သားနဲ့ပတ်သက်သမျှ သူပဲလုပ်ပေးချင်တယ်။ ကျုပ်က ကလေးအမေဖြစ်ပြီး အိပ်ရေးလုံးဝမပျက်ဘူး။ သူကတော့ ပြောင်းပြန်။ သူက ဆိုက္ကားဂိတ်မှာ ပါဆင်ဂျာ ကို အလှည့်ကျစောင့်ရင်း အိပ်လို့ရတယ်တဲ့။ ကျုပ်လည်းမပြောတော့ပါဘူး။

မနက်မိုးလင်းတာနဲ့ ရေနွေးအိုးကောက်တည်တော့တာပဲ။ တစ်ညလုံးကလေးကို နို့တိုက်ထားလို့ ဆာနေမှာပဲဆိုပြီး ကျုပ်အတွက် မတ်ခွက်ကြီး နဲ့ မဟာကော်ဖီမှုန့်ကို နို့မှုန့်တစ်ထုပ်ထည့်ပြီး တစ်ခွက်ကြီးဖျော်ထားပေး တယ်။ ကျုပ်ကြိုက်တဲ့ ပူတင်းပေါင်မုန့်ကိုလည်း အဆင့်သင့်ဖောက်ပေးထား တယ်။ သူကတော့ ညကကျန်တဲ့ ထမင်းကြမ်းကို ဟင်းကျန်ရှိရင် ဟင်းကျန် နဲ့ ဟင်းကျန်မရှိရင် ထမင်းကိုဆီဆမ်း ဆားဖြူးပြီး ပဲပြုတ်နဲ့စားတာပဲ။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုးတစ်လုံးတည်ထားပြီး သူရေချိုးတော့ ညကတစ်ညလုံး သားရဲ့ အီးပေ သေးပေအနီးတွေ တပုံကြီးကို လျှော်တော့တာပဲ။

သားအီးကိုလည်းကြည့်ပြီး ပျော့လား မာလား၊ ဝမ်းပျက်နေလား ဝမ်းချုပ်နေလား၊ အရောင်က ဖြူလား ဝါလားနဲ့ တုတ်တစ်ချောင်းကိုင်ပြီး အီအီးစုံထောက်လုပ်သေးတယ်လေ။ သူရေချိုးပြီးအိမ်ပေါ်တက်လာတော့ ထမင်းအိုးဆူနေလို့ ကျုပ်ကထမင်းရည်ငှဲ့မလို့လုပ်တော့လည်း "လုံမလေး ဘေးကို မယ် ဘေးကိုမယ်" ဆိုပြီး အတင်းဖယ်ခိုင်းတော့တာပဲ။ သူ့ပဲထမင်းရည်ငှဲ့ပြီး နှပ်ပေးတာ။ နေ့ခင်းထမင်းပြန်စားရင် သူ့ဖာသာဟင်းတစ်ထုပ်ဆွဲပြီး ပြန် လာတာပဲ။ ကျုပ်အတွက်တော့ အာပြခြောက်ကြော်တို့ ငါးရံခြောက်မီးကင် တို့စတဲ့ ရယ်ဒီမိတ်အထုပ်တွေဝယ်လာတယ်။ အငန်တွေစားပြီး ရေသောက် ရင် နို့များများထွက်တယ်တဲ့။ နေ့ခင်းထမင်းစားပြန်လာရင် သားကို ရေချိုး ပေးဖို့လည်း သူ့တာဝန်လို့ သတ်မှတ်ထားတယ်။

ဆိုက္ကားနင်းထွက်ခါနီးလည်း သားကိုနို့တိုက်နေတော့ ဝမ်းပျက်မှာ စိုးလို့ ဟိုဟာမစားနဲ့ ဒီဟာမစားနဲ့ဆိုပြီး မှာတမ်းတွေခြွေနေတာ မပြီးနိုင်တော့ ဘူး။ သူထွက်သွားမှ နားအေးရတာ။ သားကို ကာကွယ်ဆေးသွားထိုးပေး တော့ ဒေသန္တရ ကျန်းမာရေးဌာနက ဆရာမလေးက နို့တိုက်မိခင်တွေ အာဟာ ရပြည့်တဲ့အစာစားမှ ကလေးလည်းကျန်းမာသန်စွမ်းမယ်တဲ့။ အာဟာရပြည့် တဲ့ ငှက်ပျောသီး၊ ကြက်ဥ၊ ပဲအမျိုးမျိုးကို သင့်တင့်မျှတစွာ စားလို့ရတယ်တဲ့။ ကျုပ်ကမှတ်ထားတာပေါ့။ ကျုပ်ယောက်ျားကတော့ လွန်လွန်းပါတယ်။ ငှက်ပျော သီးစားရင် ကလေးဝမ်းသွားမယ်။ ကြက်ဥစားရင် ကလေးဝမ်းပုပ်ထမယ် တဲ့။ သူတတ်သူသိချည်းပဲ။ ကျုပ်နဲ့တည့်တာ ဘာတစ်ခုမှမရှိတော့ဘူး။

ကျုပ်က ဖီးကြမ်းငှက်ပျောသီးဆို အသေကြိုက်။ တစ်ခါစားရင် နှစ်လုံး သုံးလုံးက အသာလေး။ သားကို ကိုယ်ဝန်နဲ့တုန်းကလည်း ကလေးထွားပြီး မမွေးနိုင်မှာစိုးလို့တဲ့။ မစားရဘူး။ အခုတော့ ကလေးလည်း မွေးပြီးပြီ။ ဘာရ မလဲ၊ ကျုပ်ကငှက်ပျောသီးစားပြီးတော့ အခွံကိုနောက်ဖေးခြံပြင်ရောက်အောင် အားကုန်လွှဲပစ်လိုက်တာပေါ့။ လက်စဖျောက်လိုက်တာလေ။ ကြက်ဥစားရင် လည်း ဒီလိုပဲ အခွံကို ကြမ်းပေါက်ကြားကနေ အိမ်အောက်ကိုပစ်ချပြီး အစ ဖျောက်လိုက်တာပဲ။ ကျုပ်က အစားကိုဒီလောက်မမက်ပါဘူး။ ကျုပ်သားလေး



အာဟာရပြည့်ဝပြီး ကျန်းမာစေချင်လို့စားတာပါ။ ကာကွယ်ဆေးဆိုရင်လည်း သူတို့သတ်မှတ်ထားတဲ့ရက်နဲ့ အကြိမ်ရေအတိအကျကို ရက်ပျက်မရှိ ထိုးပေး ပါတယ်။ ဒါကြောင့်လည်း သားလေးက ကျန်းကျန်းမာမာနဲ့ ကြီးပြင်းလာခဲ့ တာပေါ့။

သားလေးကျောင်းမနေခင် မူကြိုထားတော့လည်း သူ့ပဲအကြိုအပို့ လုပ်ပေးတာလေ။ ကျောင်းစတက်တဲ့ သူငယ်တန်းတစ်နှစ်လုံးလည်း သူ့ပဲ ဆိုက္ကားနဲ့ အကြိုအပို့လုပ်ပေး၊ မုန့်စားဆင်းချိန် ထမင်းသွားခွံ့ကျွေးရင်းနဲ့ ကျောင်းကပြန်လာရင်လည်း တစ်ဆယ်တန်အရုပ်တစ်ခုက နေ့တိုင်းပါလာ တယ်။ ကျုပ်က အဲဒီအရုပ်ပေါက်စလေးတွေက ခိုင်တာလည်းမဟုတ်၊ ကျိုးပဲ့ ပျက်စီးလွယ်တဲ့ကော်ရုပ်၊ ပလတ်စတစ်ရုပ်တွေကို ဝယ်ပေးတာမကြိုက်ပါဘူး။ သူ့ကိုပြောရင်လည်း သူက "လုံမလေးရယ်၊ ကိုယ်တို့က သားကိုနိုင်ငံခြားဖြစ် အရုပ်တွေကို ဈေးကြီးပေးပြီး ဝယ်ပေးနိုင်တာမဟုတ်ဘူးလေ။ ဒီ တစ်ဆယ်တန် အရုပ်ကလေးတွေသားကို နေ့တိုင်းဝယ်ပေးတော့ သားလေး ပျော်ရွှင်နေတာ ကြည့်ပြီး ကိုယ်လည်းစိတ်ချမ်းသာနေလို့ပါကွာ။ အဲဒါကိုတော့ မတားပါနဲ့နော်" ဆိုတော့ ကျုပ်လည်း မပြောတော့ပါဘူး။ သားလေးပျော်ရင် ကျုပ်လည်း ပျော်ပါတယ်။

၀

ဒီလိုနဲ့ သားလေးကတစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ပါတယ်။ သား ကိုးတန်းရောက်တော့ ကျုပ်ယောက်ျားက အလုပ်ကို ပိုပြီးကြိုးစားလုပ်လာ တယ်။ နေ့ဘက်ဆိုက္ကားနင်းတဲ့အပြင် ညဘက်လည်း ယုဇနဥယျာဉ်မှာ ညအိပ် ရပ်ထားတဲ့ကားတွေကို သွားစောင့်တဲ့အလုပ်လည်း လုပ်သေးတယ်။ ကျုပ်က တားတော့ "နောက်နှစ်ဆို သားကဆယ်တန်းရောက်တော့မှာ သားကို ကျူရှင် ကောင်းကောင်းထားချင်တယ်၊ ဒါကြောင့်အခုကတည်းက အလုပ်ကိုဖိလုပ်ပြီး ငွေစုရတော့မှာ" တဲ့။ သူပြောတဲ့အတိုင်း မုန့်ပုံးခွံတစ်ပုံးကိုရှာလာပြီး ငွေစု တော့တာပါပဲ။

သူကတော့ မျှော်လင့်ချက်တွေနဲ့ပျော်လို့လေ။ ဒါပေမယ့် ပျော်ရွှင် ချမ်းမြေ့နေတဲ့ ကျုပ်တို့ဘဝလေးထဲကို ကြမ္မာဆိုးက မဖိတ်ခေါ်ပဲ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ နေပူမိုးရွာမရှောင် နေ့ဘက်မှာ တစ်လမ်းဝင်တစ်လမ်းထွက်နဲ့ နေ့စဉ်ရက်ဆက် ဆိုက္ကားနင်းခဲ့တဲ့ဒဏ်တွေရယ်၊ ညဘက်ကားစောင့်ရလို့ ညစဉ်ညတိုင်းအိပ်ရေးပျက်တဲ့ဒဏ်တွေရယ်စုပြီး အိပ်ရာထဲလဲတော့တာပါပဲ။ ဆေးဆိုင်က ဆေးတွေဝယ်သောက်လည်း အဖျားကလုံးဝမကျဘူး။ ဆေးခန်းသွားပြတော့ အဆုတ်ထဲရေဝင်တာတဲ့။ ဆေးခန်းပြပြီး နှစ်ရက်မြောက်နေ့မှာ မူးလိုက်တာဆိုပြီး သတိလည်မလာတော့ဘူးလေ။ ဆေးရုံခေါ်သွားတော့ အသက်မရှိတော့ပါဘူး။ လမ်းမှာဆုံးတာတဲ့။

ကျုပ်တို့သားအမိကို ဒုက္ခမပေးခဲ့တဲ့သူတော်ကောင်းကြီးလေ၊ သူ့လမ်းသူဖြောင့်ဖြောင့်သွားလို့ကျေးဇူးတင်မိတယ်။ အဟုတ်ပါ။ ဆေးရုံရောက်တဲ့ အထိ မသေမရှင်ဘဝနဲ့ဆို အသက်ကယ်ဆေး ထိုးဆိုလည်း ထိုးရတော့မှာ ပဲ။ အောက်ဆီဂျင်ပေးမယ်ဆိုလည်း ပေးရတော့မှာပဲလေ။ ဘယ်မှာလည်း ပိုက်ဆံ။ ဒါကြောင့်ပြောတာပါ။ မိန်းမကိုဒုက္ခမပေးခဲ့တဲ့ ကျေးဇူးရှင်ကြီးကို ဦးအခါခါချမိပါရဲ့။

ကျုပ်ယောကျ်ားဆုံးတော့ သူ့သားအတွက် စုပေးထားတဲ့ ဆယ်တန်းကျူရှင်ဖိုးတွေက သူ့ရဲ့သင်္ဂြိုလ်စရိတ်ဖြစ်သွားတာပေါ့။ ဘာပဲဖြစ်ဖြစ် အရပ်ကကူငွေလေးနဲ့ သူစုပေးထားတဲ့ငွေလေးကို ရက်လည်မှာရော တစ်လပြည့်မှာပါ ဘုန်းကြီးငါးပါးကို သင်္ကန်းပရိက္ခရာအစုံနဲ့ သူ့ကို ရည်စူးပြီး လှူဒါန်းနိုင်တာကို ကျုပ်ကကျေနပ်မိပါတယ်။

အခုတော့ ကျုပ်ကအမေနဲ့နေတုန်းကလို ကုန်စိမ်းပဲပြန်ရောင်းနေပြီလေ။ သင်္ကန်းကျွန်းဘုရားလမ်းက ကုန်စိမ်းသည်တွေဆီမှာ ဒဖာက်သည်ယူပြီး ရပ်ကွက်ထဲမှာ ကျုပ်ကလိုက်ရောင်းတာပေါ့။ မပိုလျှံပေမယ့် ကျုပ်တို့သားအမိနှစ်ယောက်အတွက်ကတော့ စားလောက်ပါတယ်။ သူ့အဖေဆုံးတော့ သားက ကိုးတန်းဖြေပြီးပြီလေ။ အဲဒီတော့ နွေရာသီကျောင်းပိတ်ရက် လမ်းထိပ်ကကိုမြကြီး လက်ဘက်ရည်ဆိုင်မှာ တစ်နေ့တစ်ထောင်နဲ့စားရိတ်ငြိမ်းဝင်လုပ်မယ်လို့ ကျုပ်ကိုခွင့်တောင်းတယ်။ စိတ်မကောင်းပေမယ့် ကျုပ်လည်းဘယ်တတ်နိုင်ပါ့မလဲ။ ခွင့်ပြုလိုက်ရတာပေါ့။ သားကသူရတဲ့ တစ်နေ့တစ်ထောင်ကို ညဘက်ပြန်လာတိုင်းပေးပါတယ်။ နောက်ကျုပ်ကြိုက်တဲ့ လက်ဘက်ရည်ထုပ်လည်း နေ့တိုင်းပါဆယ်ဆွဲလာတယ်။ ကျုပ်ကသားပေးတဲ့ပိုက်ဆံတွေကို မသုံးရက်ပါဘူး။ သူ့အဖေသင်ပေးထားတဲ့အတိုင်း စုဗူးတစ်ခုဝယ်ပြီး နေ့တိုင်းထည့်စုပေးပါတယ်။ ကျောင်းပြန်ဖွင့်ရင် ကျုပ်သားကဆယ်တန်းရောက်ပြီလေ။ သူ့ကျောင်းစာရိတ်အတွက်စုရတာပေါ့။



ဒီလိုနဲ့ ဆယ်တန်းကိုကျူရှင်မတတ်ဘဲ နှစ်ချင်းပေါက်အောင်တဲ့ သားကို တက္ကသိုလ်ကျောင်းသားကြီးအဖြစ်နဲ့ နေ့ ကျောင်းတက်တာကိုကျုပ်က မြင်ချင်တာ။ ဒါပေမယ့် ရေရှည်မှာကျုပ်တတ်နိုင်မှာမဟုတ်ပါဘူး။ သားကလည်း ပြောရှာပါတယ်။ စာပေးစာယူနဲ့ပဲ ဘွဲ့ရအောင်ယူမယ်တဲ့။ သူ့ဘွဲ့ရလို့ အလုပ်ကောင်းကောင်းရရင် ကျုပ်ကို ကုန်စိမ်းမရောင်းပါနဲ့တော့တဲ့။ တက္ကသိုလ်ကျောင်းတွေမဖွင့်ခင် အရင်ကသူလုပ်ခဲ့တဲ့ ကိုမြကြီးရဲ့လက်ဘက်ရည်ဆိုင်မှာပဲ ဝင်လုပ်မယ်တဲ့လေ။ ကျုပ်လည်းဘာမှမပြောတော့ပါဘူး။ သားရဲ့ဆန္ဒအတိုင်းပဲ ခွင့်ပြုလိုက်ရတယ်။ ကိုမြကြီးကလည်း စာတော်လို့ အလုပ်ကြိုးစားလို့ မိဘကိုလုပ်ကျွေးလို့ဆိုပြီး သားကိုချစ်နေတာလေ။ သူ့ဆိုင်မှာအလုပ်လာလုပ်ဖို့လည်း ခေါ်နေတော့ အဆင်ပြေသွားတာပေါ့။

၀

"ဟင်းရွက်စုံတွေရမယ် ဟင်းရွက် . . . ဟောတော့"

ခေါင်းပေါ်မှာဟင်းရွက်ဗန်းကိုရွက်ထားလို့ ခေါင်းငုံ့ကြည့်လို့မရပေ မယ့် ကျုပ်စီးလာတဲ့ဖိနပ် ပြတ်သွားပြီဆိုတာ ကျုပ်သိလိုက်တယ်။ ဒီဖိနပ်စီး ပြီး အိမ်ကထွက်လာကတည်းက ထင်တော့ထင်သား။ သဲကြိုးကချောင်နေ တော့ ပြတ်ခါနီးနေပြီဆိုတာ၊ ချက်ချင်းပြတ်မယ်လို့မထင်သေးဘူး။ ဖိနပ်က ခေါင်ပြုတ်တာမဟုတ်လို့ တော်သေးတယ်။ ခေါင်ကိုခြေမခြေညှိုးနဲ့ ညှပ်ပြီး ခြေထောက်ဒရွတ်ဆွဲနဲ့ ဆက်လျှောက်ခဲ့တယ်။

"အင်း ဖိနပ်လေးတစ်ရံတော့ ဝယ်ဦးမှ၊ ဖိနပ်တစ်ရံကလည်း တစ်ထောင်၊ တစ်ထောင့်ငါးရာပေးရမှာ။ မဝယ်တော့ပါဘူးလေ၊ သဲကြိုးတစ်ချောင်းတည်း ပြုတ်တာဆိုတော့ လမ်းမှာဖိနပ်ပြင်ဆိုင်တွေ့ရင် ချုပ်သွားမယ်။ တစ်ရာလောက်တော့ပေးရမယ်။ ချုပ်လိုက်ရင်တစ်လတော့ ကောင်းကောင်းစီးလို့ရဦးမှာပါ"

ကိုယ့်ဖိနပ်အကြောင်းကိုတွေးရင်း လျှောက်လာလိုက်တာ ခေါင်း ထဲကို

www.burmeseclassic.com



သားဖိနပ်အကြောင်းရောက်လာတယ်။ ဟုတ်ပါရဲ့ မိုးတွင်းထဲက သားကို ဝယ်ပေးခဲ့တဲ့ ဆင်ကြယ်အတုရာဘာဖိနပ်က ဆောင်းတွင်းတစ်တွင်းလုံးစီးတဲ့ အပြင် အခုနွေမှာလည်း ဆက်စီးနေရတော့ ဖိနပ်နောက်ပိတ်ကပါးနေပြီ။ သားကိုလည်း မန္တလေးဖိနပ်တစ်ရံတော့ ဝယ်ပေးချင်သား။ သားရဲ့ခြေထောက် ဖြူဖြူနုနုကလေးတွေက ကတ္တီပါသဲကြိုးလေးနဲ့ဆို ကြည့်ကောင်းမှာ။ မန္တလေး ဖိနပ်တွေရဲ့ဈေးကလည်း အနည်းဆုံးငါးထောင်အထက်မှာချည်းပဲ။ သားရေစိမ်း နဲ့ ချုပ်ထားတော့ ဈေးကြီးတာပေါ့။ ဒီတစ်ခါပိုက်ဆံစုပြီး မန္တလေးဖိနပ်တစ်ရံ တော့ မျက်စိမှိတ်ပြီး ဝယ်ပေးလိုက်ဦးမယ်။

××× ××× ×××

ဒီနေ့ဟင်းရွက်တွေရောင်းကုန်လို့အိမ်ပြန်အလာ နေကလည်းပူလိုက် တာ။ ခေါင်းခုပုဆိုးကို ခေါင်းပေါ်တင် ဟင်းရွက်ဗန်းကို လက်ကဆွဲပြီး ကျုပ်နေ တဲ့ရပ်ကွက်ကို ကားလမ်းကူးမလို့ ကားအရှင်းကိုစောင့်နေတုန်း ဘတ် (စ်) ကားတစ်စီးပေါ်က အထုပ်တစ်ထုပ် ကျုပ်ရှေ့ခပ်လှမ်းလှမ်းကို ဘုတ်ခနဲကျ လာတယ်။ ကြည့်လိုက်တော့ လားလား. . .၊ ကြွပ်ကြွပ်အိတ်နဲ့ထည့်ထားတဲ့ မန္တလေးဖိနပ်ဘူးလေး။ ကြည့်လိုက်တာနဲ့သိပါတယ်။ ကျုပ်လည်း မန္တလေး ဖိနပ်ဘူးဆိုတာ သေချာတော့ ခပ်သုတ်သုတ်သွားပြီး ငုံ့ကောက်လိုက်ပါတယ်။ နောက်ဘေးဘီဝဲယာကိုကြည့်လိုက်တော့ ဘယ်သူမှမရှိပါဘူး။ ကျုပ်ကိုကျော်ခိုင်း ပြီး လျှောက်သွားတဲ့ လူနှစ်ယောက်ကိုပဲတွေ့ရတယ်။ ဘူးကပေါ့မနေပါဘူး။ ဘူးထဲမှာဖိနပ်ပါတယ်ဆိုတာ သိနေတယ်။ ကြွပ်ကြွပ်အိတ်က အကြည်ဆိုတော့ ဖိနပ်ဘူးပေါ်မှာ ရေးထားတဲ့စာကို ဖတ်လို့ရပါတယ်။ စက်ယက္ကန်းတံ့။ ဒီတံဆိပ် ကို ကျုပ်ယောကျ်ားအတွက် ကျုပ်ဝယ်ပေးဖူးပါတယ်။ ကျုပ်ယောကျ်ားကြိုက် တဲ့ တံဆိပ်ပေါ့။ ကျုပ်လည်းခေါင်းပေါ်မှတင်ထားတဲ့ ခေါင်းခုပုဆိုးနဲ့ ဖိနပ် ဘူးကို ရစ်ပတ်ပြီး ချိုင်းကြားမှာ ညှပ်လိုက်တယ်။ နောက် ကားလမ်းကူးပြီး အိမ်ကို ခပ်သုတ်သုတ်ပြန်လာခဲ့ပါတယ်။ ရင်တွေလည်းခုန်လို့ပေါ့။ လူကလည်း ကတုန်ကယင်နဲ့။ ကားပေါ်ကတစ်ယောက်ယောက်ပြုတ်ကျခဲ့တာပဲဖြစ်မယ်။ အပေါက်ဝမှာတွယ်စီးရလို့ လက်ထဲကလွတ်ကျခဲ့တာများလား။ သူခမျာတော် တော်နှမြောရှာမှာပဲလို့ ကိုယ်ချင်းစာစိတ်နဲ့တွေးပြီး ဖိနပ်ပိုင်ရှင်ကို သနား နေမိပါတယ်။ ကျုပ်လေ အိမ်ကိုပဲ အမြန်ရောက်ချင်နေမိတယ်။ ဒါပေမယ့်



ဟိုနေ့ကချုပ်ထားတဲ့ဖိနပ်ကလေး ပြတ်သွားမှာစိုးလို့ အရမ်းအမြန်ကြီးလည်း မလျှောက်ရဲဘူး။ ဖိနပ်ကိုထိန်းပြီးလျှောက်နေရတော့ အိမ်ကိုတော်တော်နဲ့ မရောက်နိုင်ဘူး။

"ကြီးကြီးမြအေး. . . ဟင်းရွက်တွေကုန်ခဲ့ပြီလား"

လမ်းထိပ်အိမ်က အပုက လှမ်းနှုတ်ဆက်တာတောင် "အေး" လို့ သံပြတ်နဲ့ဖြေပြီး အိမ်ကိုပဲ ခပ်သုတ်သုတ်ပြန်လာခဲ့ပါတယ်။ အိမ်ပေါ်ရောက် တော့ အမောတောင်မဖြေနိုင်ပါဘူး။ ဝါးကြမ်းခင်းပေါ် ထိုင်ချပြီး ဖိနပ်ဘူးကို ပတ်ထားတဲ့ ပုဆိုးကိုတုန်တုန်ရီရီနဲ့ ဖြည်လိုက်ပါတယ်။ ကြွပ်ကြွပ်အိတ်နဲ့ထည့် ထားတဲ့ ဖိနပ်ဘူးကို တွေ့လိုက်တော့ရင်တွေခုန်လာပါတယ်။ ခေါက်တွံ့ချည် ထားတဲ့ ကြွပ်ကြွပ်အိတ်ကြိုးစကို ဆွဲဖြုတ်လိုက်ပါတယ်။ နောက်ကြွပ်ကြွပ်အိတ် ထဲက ဖိနပ်ဘူးလေးကို အမြန်ဆွဲထုတ်လိုက်တယ်။ ဖိနပ်ဘူးကိုဖွင့်နေတဲ့ ကျုပ် ရဲ့လက်တွေက တုန်နေပါတယ်။ ရင်ထဲမှာလည်း တစ်ဒိတ်ဒိတ်နဲ့ခုန်နေပါတယ်။ ဘူးအဖုံးကို အသာလေးဖွင့်လိုက်တော့. . .

"ဟင်. . ."

ကျုပ်ပါးစပ်က အာမေဋိတ်သံထွက်သွားပါတယ်။ ခုန်နေတဲ့ရင်လည်း ငြိမ်သွားသလို တုန်နေတဲ့လက်လည်း ရပ်သွားပါတယ်။ ဘူးထဲကဖိနပ်က အသစ်မဟုတ်ပါဘူး။ အဟောင်းပါ။ စက်ယက္ကန်းတံဆိပ်လည်းမဟုတ်ပါဘူး။ ဒီပြင်တံဆိပ်နဲ့ပါ။ လက်စသတ်တော့ မောင်မင်းကြီးသားက ဖိနပ်အသစ်ဝယ် စီးတဲ့ ဘူးအသစ်ထဲကို ဖိနပ်အဟောင်းထည့်ပြီး ပစ်လိုက်တာကိုး။ ဘူးထဲကဖိနပ်ကလေးကို ကျုပ်ယူကြည့်မိပါတယ်။ အောက်ခံကသားရေစိမ်းနဲ့ ချုပ်ထားတာပါ။ ခေါင်နဲ့သဲကြိုးကလည်း အလတ်ကြီးရှိပါသေးတယ်။ ဘာပဲ ဖြစ်ဖြစ် မောင်မင်းကြီးသားကို ကျေးဇူးတင်ပါတယ်။ ဖိနပ်ဆိုဒ်ကလည်း ကျုပ် သားနဲ့ကွက်တိ။ အခုတော့ ကျုပ်သားလေး မန္တလေးဖိနပ်စီးရပြီပေါ့။

"မောင်မင်းကြီးသား သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေတော်"

○


ဂမုန်းအိခင်

www.burmeseclassic.com

www.burmeseclassic.com



(၄) ဦးဝင်းဆေးနှင့်တွေထွန်းငြိမ်းစပေ



www.burmeseclassic.com

***"ဒီနံ့ရုံလေးဆီ ကျွန်မ တစ်လတိုင်နှစ်ခါသုံးခါ ရောက်ဖြစ်နေတတ်တာ ငါးနှစ်ကျော်ခဲ့ပြီ၊ အချိန်နဲ့အမျှ ပြောင်းလဲနိုင်တဲ့ လူ့သဘာဝအတိုင်း သူ့စိတ်တွေ ဘယ်လိုဘယ်ပုံပြောင်းလဲနေပြီလဲ သေချာအတပ်မသိရပေမယ့် သူ့အငွေ့အသက်တွေရှိတဲ့ နံ့ရုံလေးကတော့ ပြောင်းလဲခြင်းနိယာမကို လွန်ဆန်လို့ စိုက်နံ့တည်မြဲနေခဲ့တယ်၊"***

# နံ့ရုံလေး

သဲသဲမဲမဲရွာနေတဲ့ မိုးသဲလေထဲ ထီးတစ်ချောင်းကို အဖော်ပြုလို့ ရေလွှမ်းနေတဲ့ ကတ္တရာလမ်းမကြီးအတိုင်း တရွေ့ရွေ့ လျှောက်လာမိတယ်။ ယိုင်နဲ့နဲ့ခြေလှမ်းလေးတွေရဲ့ တူရူရာအရပ်ကတော့ မိုးကုပ်စက်ဝိုင်းအောက်မှာ မှုန်မှုန်မွှားမွှားတည်ရှိနေတဲ့ ကော်ဖီဆိုင်လေးတစ်ခုဆီကိုပေါ့။ ဝေဝေဝါးဝါးဖြစ်နေတဲ့ အတိတ်တွေကို ပြန်လည်တူးဖော်ဖို့ လာခဲ့ခြင်းမျိုးလည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲ့ဒီဆိုင်လေးမှာ အတိတ်အမှတ်တရများစွာကိန်းအောင်းနေတာကိုး။ သေချာတာကတော့ နွေးထွေးမှုလေးတွေ ရတတ်တဲ့ ဒီဆိုင်လေးဆီကို စိတ်အားငယ်မိတဲ့ အခါတိုင်း ရောက်ဖြစ်နေဦးမယ်ထင်ပါတယ်။

၁

မိုးရေတွေ တစ်ကိုယ်လုံး ရွှဲနစ်နေပေမယ့် ဆိုင်လေးထဲဝင်လိုက်တာနဲ့ နွေးထွေးသွားလိုက်တာ မီးလင်းဖိုဘေးထိုင်လိုက်ရသလိုပါပဲ။ နွေးဆိုချစ်သူ့အငွေ့အသက်လေးတွေက တစ်ဆိုင်လုံးကို လွှမ်းခြုံထားတာကိုး။ သူမရှိပေမယ့်သူ ရှိနေတဲ့အတိုင်းလေးမို့ ဒီဆိုင်လေးက နွေရက်တွေမှာအေးမြနေပြီး မိုးနဲ့ဆောင်းမှာ နွေးထွေးနေလိုက်တာပြက္ခဒိန်တွေ ဘယ်လောက်ပြောင်းပြောင်း ထိုနည်းလည်းကောင်းပါပဲ။ ထိုင်နေကျခုံလေးမှာ ကျွန်မ ထိုင်လိုက်တယ်ဆိုတာနဲ့ ဘေးက နံ့ရုံလေးမှာ မျက်နှာလေးတစ်ခု ဘွားကနဲ ပေါ်လာတယ်။ သူပေါ့။ ဘယ်အချိန်မဆို မျက်လုံးလေးအသာမှိတ်ရင် မြင်တွေ့နေကျ ကျွန်မ ချစ်သူ့ရဲ့မျက်နှာလေးပေါ့။ သူ့လှုပ်ရှားမှု ဟန်ပန်တွေနဲ့အတူ နံ့ရုံလေး သက်ဝင်လှုပ်ရှားလာပြီး စကားသံလေးတွေ လေထုထဲ ပျံ့လွင့်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



**"နွယ် ဒါဘာသဘောလဲ။ ဒီကောင်နဲ့မင်းက. . . တောတ်. . မင်းကွာ"**

**"ရှင်းပြနေစရာလိုသေးလို့လား။ ရှင်ထင်ခဲ့သလို ကျွန်မကရှင့်ကို စိတ်ကစားရုံသက်သက် ရင်ခုန်ခဲ့တာဆိုတော့ ကျွန်မ မိဘရဲ့ ဆန္ဒအတိုင်း ဖြည့်ဆည်းပေးလိုက်ရုံပေါ့"**

"မဖြစ်နိုင်ဘူး။ ငါ မယုံဘူး။ **ဒါပေမယ့် မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်။ ဒီလုပ်ရပ်တွေအတွက်မင်း ဘယ်တော့မှ နောင်တမရစေနဲ့"**

သူနဲ့ ကျွန်မ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဇာတ်ဝင်ခန်းလေးကို နံရံပေါ်မှာ ပီပီပြင်ပြင်မြင်လိုက်ရတော့ ကျွန်မ နှလုံးသားထဲက စိမ့်ထွက်လာတဲ့ သွေးမျက်ရည်တွေ မျက်ဝန်းအိမ်တွေထဲအပြည့် လျှံတက်လာလိုက်တာ ပါးပြင်မစိုအောင်မနည်းထိန်းချုပ် ဟန့်တားလိုက်ရတယ်။ ဒီစကားတွေကို ပြန်ကြားယောင်မိ ချိန်တိုင်း ရင်ကွဲမတတ် ခံစားရတယ်ဆိုတာ မိုးနဲ့မြေ အသိဆုံးပါ။ အဲဒီနေ့က ပြောခဲ့တဲ့ မုသားစကားတွေအကြား ကွယ်ဝှက်ထားတဲ့ အမှန်တရား အကြောင်း သူ့ကို ကျွန်မ သိ ကြား စေချင်လိုက်တာ။

**"ကိုကို တစ်ယောက်တည်းတိုသာ ကျွန်မ ချစ်ခဲ့ဖူးတာပါ။ ချစ်နေဆဲချစ်နေအုံးမှာ မပြောင်းလဲတဲ့ ကျွန်မရဲ့သစ္စာပါ"**

၀

နံရံလေးက အရင်ကလို အဖြူရောင်လေးမဟုတ်တော့ဘူး။ အစိမ်းရောင်လွင့်လွင့်ဖက်ဖူးစိမ်းလေး ဖြစ်နေခဲ့တာကြာခဲ့ပြီ။ ဒါပေမယ့် ကျွန်မအမြင်အာရုံထဲမှာတော့ အဖြူရောင်နံရံပေါ်က နီကျင်ကျင် အစက်အပြောက်လေးတွေကို မြင်ယောင်နေမိတုန်းပါ။ ကျွန်မ သိပ်ချစ်တဲ့ သူ့ရဲ့ လက်ဖဝါး နုနုလေးကို ဖန်ကွဲစတွေ စူးစိုက်ဝင်သွားလို့ ပန်းထွက်လွင့်စင်ခဲ့တဲ့ သွေးစက်ကလေးတွေ ဒီနံရံပေါ်မှာ စွန်းထင်းခဲ့ဖူးတယ်လေ။ ကျွန်မ အဲဒီအချိန်တုန်းက ဘာမှမခံစားရသလို ဟန်ဆောင်နေခဲ့ရတယ်။ တကယ်တော့ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားတဲ့ ကျွန်မနှလုံးသားအပိုင်းအစလေးတွေလည်း ရင်ဘတ်ကြီးထဲကခုန်ထွက်လို့ သွေးစက်လေးတွေကိုအဖော်ပြုပြီး ဒီနံရံပေါ်မှာ ကပ်ငြိကျန်ခဲ့တယ်ထင်ပါရဲ့။ အဲဒီနေ့ ဒီဆိုင်လေးကအပြန်မှာ နှလုံးသားတစ်စုံ ကျွန်မနဲ့အတူ ပြန်ပါမလာခဲ့တော့ဘူးလေ။



ကျွန်မ နံရံလေးကို တမေ့တမောငေးမိနေတုန်း စားပွဲထိုးလေးကြောင့် အတွေးမျှင်တွေ ပြတ်တောက်သွားခဲ့တယ်။

**"အစ်မ ထုံးစံအတိုင်းပဲလား"** တဲ့။ ဝတ္တရားအရသာ သူ့ခမျာ မေးရှာတာပါ။ တကယ်တော့ သူဒီလိုမေးလာရင် ကျွန်မက ယဲ့ယဲ့လေးပြုံးပြီး ခေါင်းလေးမသိမသာညိတ်ရုံအပြင် အင်း အဲလို့တောင် တစ်ခွန်းဖြေမှာ မဟုတ်မှန်း သူသိနှင့်နေပြီးသားလေ။ သူ့ရှေ့က စီနီယာ့ စီနီယာ စားပွဲထိုး အဆက်ဆက်က ပြောခဲ့လို့သာ ကျွန်မလာရင် နက်(စ်) ကော်ဖီ ပလိန်းနှစ်ခွက်၊ ရေသန့်တစ်ဗူးနဲ့ အတူဖန်ခွက်နှစ်လုံး ချပေးရမယ့် အကြောင်းလောက်ပဲ ကျွန်မနဲ့ပတ်သက်လို့ သူတို့လေးတွေ သိထားတာပါ။ လူသစ်လေးတွေဆို ကျွန်မကို ဆွံ့အနေသူလို့တောင် ထင်နေကြတာလေ။ တချို့ကလည်း စိတ် ဝေဒနာ ရှင်လို့ ထင်ကောင်းထင် နေကြမှာပါ။ နံရံလေးကို တီးတိုးတိုင်ပင်ဖို့နဲ့ တန်ပြန်ထွက်လာတဲ့ စကားသံတွေကို နားထောင်ဖို့ ဒီဆိုင်လေးဆီကို ရောက်လာခဲ့တာ မဟုတ်လား။ ထင်လိုရာ ထင်ကြပါစေ၊ ကျွန်မဂရုမစိုက် ပါဘူး။ ခမ်းနားခဲ့တဲ့ အတိတ်ပုံရိပ်တွေ ရှိနေပြီပဲ၊ ကျွန်မအတွက် ပြီးပြည့်စုံ ပါပြီ။ ဒီအချိန်မှာ ပတ်ဝန်းကျင်ဆိုတာကြီးက လုံးလုံးကိုမေ့ပစ် ထားရမယ့် အရာတစ်ခုပါ။

ကော်ဖီနှစ်ခွက်နဲ့ကျွန်မ အများအမြင်မှာ အူကြောင်ကြောင်နိုင်နေ မှာပါ။ ကျွန်မအတွက်ကတော့ ပုံမှန်ထက် ပိုထူးမနေပါဘူး။ ကိုကိုဖျော်ပေးလေ့ရှိသလို ရေနွေးသုံးချိုးတစ်ချိုးကို လျှော့ပစ်လို့ ကော်ဖီမှုန့်တွေထည့်ပြီး သမအောင်မွှေမယ်။ ပြီးရင် အောက်ခံပန်းကန်ပြားမှာ တင်နေတဲ့ရေတွေကို တစ်ရှူးစလေးနဲ့ ခြောက်အောင်သုတ်ရမယ်လေ။

"ရေတွေခွက်အောက်ကနေကပ်ပါလာပြီး ကော်ဖီလည်းသောက်ရော အင်္ကျီပေါ် ရေစက်တွေ ကျကုန်ရော"

မကျေမနပ်ပြောနေတဲ့ သူ့အသံလေးကို ပြန်ကြားယောင်မိရင် မပြုံးဘဲမနေနိုင်ဖြစ်ရတယ်။ အဲဒီလို အသန့်အပြန့် သိပ်ကြိုက်တဲ့ ကျွန်မချစ်သူက ကော်ဖီ သောက်ပြီးတိုင်း သွားလေးတွေ ကော်ဖီရောင်စွန်းမှာစိုးလို့ဆိုပြီး ရေသောက်လေ့လည်းရှိသေးတယ်။ သူမရှိတော့ပေမယ့် ဒီဆိုင်လေးရောက်တိုင်း ကျွန်မ ကော်ဖီနှစ်ခွက် အမြဲဖျော်ပြီး တစ်ခွက်ကိုသူထိုင်လေ့ရှိတဲ့ မျက်နှာချင်းဆိုင် နေရာလေးမှာ ဒီအတိုင်းလေး တင်ထားမြဲပါ။ ရေဖန်ခွက်တစ်လုံးနဲ့ အတူပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်သူရှိနေတဲ့အမှတ်နဲ့ လူမရှိတဲ့ထိုင်ခုံလေးရဲ့နောက်က နံရံလေး ကိုငေးလို့ စိတ်ထဲကနေ စကားတွေအများကြီး ပြောရဦးမှာလေ။ နံရံထဲကနေ သူပြန်ပြောမယ့် စကားသံလေးတွေကိုလည်း နားထောင်ချင်လှပြီ။

၀

ဒီနံရံလေးဆီ ကျွန်မ တစ်လကိုနှစ်ခါ၊သုံးခါ ရောက်ဖြစ်နေတတ်တာ ငါးနှစ်ကျော်ခဲ့ပြီ။ အချိန်နဲ့အမျှ ပြောင်းလဲနိုင်တဲ့ လူ့သဘာဝအတိုင်း သူ့စိတ်တွေ ဘယ်လိုဘယ်ပုံပြောင်းလဲနေပြီလဲ သေချာအတပ်မသိရပေမယ့် သူ့အငွေ့အသက်တွေရှိတဲ့ နံရံလေးကတော့ ပြောင်းလဲခြင်းနိယာမကို လွန်ဆန်လို့ ခိုင်ခံ့တည်မြဲနေခဲ့တယ်။ ဒီအတိုင်းပဲ သူ့အပေါ် ထားရှိတဲ့ ကျွန်မ မေတ္တာကလည်း မယွင်းမယိုင် တည်ရှိနေမြဲဆိုတာ နံရံကလေးသက်သေပါ။

ကျွန်မတို့ နှစ်ယောက်ရဲ့ ဆုံတွေ့ပုံက ကဗျာမဆန်ခဲ့သလို ထာ၀ရအတွက်ရည်စူးခဲ့တဲ့ တွဲလက်တွေကလည်း ရက်ပေါင်းတစ်ထောင်တောင် မကျော်လွှားနိုင်ခဲ့ပါဘူး။ တစ်ယောက်ယောက်ဘက်ကများ စကားအမှန်မဆိုခဲ့မိလို့ မြတ်ဘုရားရှေ့ တိုင်တည်ဆုတောင်းခဲ့တဲ့ သစ္စာအဓိဋ္ဌာန်ဆုတောင်းတွေ မပြည့်ခဲ့ရတာလား။ မဖြစ်နိုင်ပါဘူးလေ။ ကိုကိုနဲ့ကျွန်မ တကယ့်မေတ္တာစစ်နဲ့ ချစ်ခဲ့ကြတာပါ။ တွဲလက်မမြဲခဲ့ကြရတာ ဖူးစာကံ အကြောင်းမတိုက်ဆိုင်လို့ပဲဖြစ်ပါလိမ့်မယ်။

ခရီးသွားဟန်လွှဲ သိကျွမ်းခဲ့ကြပြီး ဖြစ်ရိုးဖြစ်စဉ် သူငယ်ချင်းသံယောဇဉ်ကတစ်ဆင့် မွေးဖွားသန္ဓေတည်ခဲ့တဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခြင်းဖွံ့တေးအလင်္ကာမှာ ဂုဏ်ပကာသနအခြေခံတဲ့ အသိုင်းအ၀ိုင်း အယူအဆကွဲပြားမှုတွေရဲ့ ရိုက်ခတ်မှုကြောင့် သံစဉ်မလှပဘဲ ကွဲအက်ပြတ်ရှသွားခဲ့ရတယ်။ သားသမီးအလိမ္မာ ဖြစ်ချင်ကြတဲ့ ကျွန်မတို့နှစ်ယောက်လည်း အသည်းကွဲဝေဒနာကို မကျေမနပ် လက်ခံခဲ့ကြရတယ်။ မာနလေးတွေ ကိုယ်စီနဲ့ မရင့်ကျက်ခဲ့တာကလည်း ဝေးကွာရခြင်း အကြောင်းရင်းတွေထဲက တစ်ချက် ဖြစ်နိုင်ပါတယ်။

ဘ၀လက်တွဲဖော်နဲ့ပတ်သက်လို့ သူ့မိဘတွေရဲ့ မျှော်လင့်ချက် မြင့်မြင့်ကြီးတွေက ကျွန်မအဖို့ တုံးခုလှမ်းဖို့ မမိမကမ်းဖြစ်ခဲ့ရသလို ကျွန်မမိဘတွေရဲ့ မျှော်မှန်းချက်ကြီးတွေကလည်း သူ့အတွက် လှေကားအကူအညီနဲ့တောင် အရ



ယူဖို့ မဖြစ်နိုင်ခဲ့တာလေ။ တစ်ဦးတည်းသောသားရှင်နဲ့ တစ်ဦးတည်းသောသမီးရှင်တို့ရဲ့ အတ္တမာနပြိုင်ပွဲမှာ မြေဇာပင်ဖြစ်ခဲ့ရတဲ့ ကျွန်မတို့နှစ်ယောက် ရဲ့ နှလုံးသားတွေအတွက် ဘယ်သူကမှ စာနာသနားပြီး ငဲ့ညှာမကြည့်ခဲ့ကြ ပါဘူး။

အစပိုင်းမှာ သာယာဖြောင့်ဖြူးခဲ့တဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းလေးက ဘ၀တစ်သက်တာ လက်တွဲဖို့ ဆုံးဖြတ်ပြီး နှစ်ဖက်မိဘတွေကို အသိပေးလိုက်တဲ့နောက်ပိုင်း မှန်တိုင်းထန်တဲ့နေ့ရက်တွေကိုပဲ ပိုင်ဆိုင်ရပါတော့တယ်။ ပြေလည်အောင် ညှိနှိုင်းရင်း ညှိနှိုင်းရင်း ကျွန်မတို့နှစ်ယောက်ရဲ့ အနာဂတ်ဇာတ်လမ်း ဝိုးတိုးဝါးတားနဲ့ လမ်းစပျောက်လာခဲ့တယ်။ နောက်ဆုံးတော့ ကျွန်မအသက်ထက်ချစ်ရတဲ့ သူ့ကို စိတ်မဆင်းရဲစေချင်သလို မိဘတွေကိုလည်း စိတ်ချမ်းသာစေချင်တာကြောင့် ဖြစ်သင့်တာကိုရွေးချယ်လို့ ကျွန်မအသည်းကို ကျွန်မကိုယ်တိုင်ခွဲခဲ့ရတယ်။ နှလုံးသားကိုအစားထိုးလို့ရမယ် မထင်ခဲ့ပေမယ့် **"မိဘ ဆိုတာ အစားပြန် မရနိုင်ဘူး"** ဆိုတဲ့စကားကိုပဲ ဦးစားပေးအလေးထားလိုက်ပါတော့တယ်။

၀

"ကိုကို နွယ့်ကို စိတ်နာနေသေးလားဟင်။ လက်ထပ်တော့မယ်ဆိုတဲ့ သတင်း သန္တာဆီက ကြားပြီးကတည်းက နွယ် တစ်ညမှအိပ်မပျော်ဘူး သိလား။ ကိုကို ပြန်လာမလားဆိုပြီး မသိစိတ်လေးထဲက မျှော်လင့်နေမိတာကို နွယ် အဲဒီညကမှ ကိုယ့်ကိုယ်ကိုယ် သိလိုက်ရတယ်။ အသည်းကွဲခံစားချက်တွေ အစအဆုံးပြန်ခံစားလိုက်ရတာ နွယ် ရူးသွားမတတ်ပါပဲ ကိုကိုရယ်"

နံရံလေးနဲ့ စကားပြောနေရင်းက ဒိုင်ယာရီလေးဆီ စိတ်ရောက်သွားခဲ့တယ်။ အဲဒီနေ့က သန္တာ ကျွန်မကို သိပ်စိတ်ဆိုးသွားခဲ့တယ်။ ဒီအကြောင်းတွေ လာပြောပြတာ ကျွန်မချစ်သူဆီ အချိန်မီ အဖြစ်မှန်တွေကို သွားရှင်းပြစေချင်ခဲ့မှန်းကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမယ့်လေ အခြား မိန်းကလေးတစ်ယောက်နဲ့ ယှဉ်ပြိုင်ပြီး သူ့ကိုပြန်အရယူဖို့ ဆန္ဒမရှိခဲ့ဘူး။ ကျွန်မကစပြီး လက်တွဲဖြုတ်ခဲ့သူမို့ ဒီအချိန်မှာ သူ့လက်ကို အတင်းပြန်ဆွဲဖို့ ကိုယ့်လိပ်ပြာ ကိုယ်မလုံတာလည်းပါပါတယ်။ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို အားမလိုအားမရနဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုသွားတဲ့သူငယ်ချင်းက မဆီမဆိုင် ဒိုင်ယာရီလေးအပေါ် ဒေါသပုံချပြီး မြစ်ထဲသွားလွှင့်ပစ်မယ်ဆိုပြီး ယူသွားလေရဲ့။ သူနဲ့ပတ်သက်တဲ့ ခံစားချက်တွေ ရေးထားတဲ့ ဒိုင်ယာရီလေးမို့ သံယောဇဉ်တွယ်နေပေမယ့် မပစ်လိုက်ပါနဲ့လို့ မတားဖြစ်ခဲ့ပါဘူး။ ကျွန်မ သူ့ကို လုံးဝမေ့ပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ မဟုတ် လား။ သူနဲ့ပတ်သက်ပြီး ဘာကိုမှ ကျွန်မ ဖက်တွယ် မထားချင်တော့ပါဘူး။

"ကိုကို့ကို မပိုင်ဆိုင်ရတော့ရင်တောင် တမ်းတမ်းတတနဲ့ လွမ်းနေချင်သေးတာ။ အိမ်ထောင်သည်အမျိုးသားတစ်ယောက်ကို နွယ် တမ်းတလွမ်းနေလို့ မရတော့မှာ စိုးရိမ်မိတယ်။ ဒါပေမယ့် ကိုကိုရယ် နွယ် သတိတွေရနေမှာက ပစ္စုပ္ပန်ကကိုကိုမှ မဟုတ်တာ အတိတ်က ကိုကို့ကိုဆိုတော့ ငရဲမကြီးလောက်ပါဘူးနော်။ သတိရမိတိုင်း အပြစ် ဖြစ်မှာကြောက်မိတယ်။ ချစ်သူတွေ ကွေကွင်းရတာ အတိတ်ဘဝတွေက ကာမေသုမိစ္ဆာစာရကံ မလုံခြုံခဲ့လို့တဲ့။ အဲဒီကံကို နွယ် စိတ်နဲ့တောင် မချိုးဖောက်ဝံ့ပါဘူး။ ချစ်သူနဲ့ကွေကွင်းရတာက အမိပ္ပါယ်မဲ့စွာ အသက်ရှင်နေထိုင်ရခြင်း နဲ့ အဓိပ္ပါယ်ထပ်တူကျတယ် မဟုတ်လား။ နွယ် နောက်ဘဝတွေမှာ ထပ်မခံစားချင်ဘူး။ နွယ် ကြောက်တယ် ကိုကိုရယ်"

ဒီတစ်ခေါက်တော့ ကျွန်မ ပြောချင်တဲ့စကားတွေ စိတ်ထဲကတစ်ဆင့် နံရံလေးကို အဆက်မပြတ် ပြောမိလိုက်တယ်။ အရင်ကဆိုပြောချင်တာလေး တွေ ပြောပြီးရင် ကိုကိုသာဆို ဘယ်လိုပြန်ပြောမလဲ သူ့နေရာလေးကနေ တွေးလိုက်တယ်ဆိုရင်ပဲ နံရံလေးဆီကနေ ကိုကို့ရဲ့စကားသံတွေ စိမ့်ထွက်ကျ လာတယ်လေ။ ဒီတစ်ခါတော့ နံရံလေး မဖြစ်မနေနှုတ်ဆိတ်နေမှ ဖြစ်လိမ့် မယ်။ သူ့ကို မေ့ပစ်လိုက်တော့မှာလား၊ နောက်ဘယ်တော့မှမလာတော့ဘူး လားဆိုတဲ့ စကားသံလေးတွေ နံရံလေးထဲက စိမ့်ထွက်လာရင် ကျွန်မသံယော ဇဉ်မပြတ်နိုင်မှာစိုးလို့ ဒီတိုင်းလေးနှုတ်ဆိတ်နေပေးပါ နံရံလေးရယ်။

"ကိုကို နွယ်လေ မနေ့က သွေးလှူဘဏ်မှာ သွေးသွားလှူ တော့ ကိုကို့သူငယ်ချင်း ကိုဇော်နဲ့တွေ့ခဲ့တယ်သိလား။ လေးလတစ်ကြိမ် လှူနေကြဆိုတော့ သူနဲ့အမြဲလိုလို ကြုံနေတတ်ပါတယ်။ နွယ့်ဘေးတ ကိုကိုနေရာလေးသာ လစ်လပ်သွားတာ လူဖို့ကြီးဘေးမှာတော့ မသူဇာ ဆိုတာတိုးလာတယ် သိလား။ သူပြောပြလို့ ကိုကိုတို့မိသားစု ရန်ကုန်



မှာ အခြေချတော့မယ့် အကြောင်းသိရတာ။ ကိုကို့အတွက် သိပ်ဝမ်းသာ ရသလို ကိုကိုနဲ့ လက်ထပ်မယ့် အမျိုးသမီးအပေါ်လည်း စိတ်ထဲက ကျိတ်ပြီး မနာလိုဖြစ်မိတယ် သိလား"

ကျွန်မ ပြောနေမိတဲ့စကားတွေကို နံရံလေးက တိတ်တဆိတ်လေး နားထောင်ပေးနေရှာတယ်။ နံရံလေးနဲ့ ကျွန်မ စကားတွေပြောဖြစ်တာ ဒီ တစ်ခါ နောက်ဆုံးအကြိမ်မို့ စိတ်ထဲကြိတ်ဆွေးမိပေမယ့် သိပ်ကိုဝမ်းနည်း ပူဆွေးရတာမျိုး မဖြစ်မိလို့ ကျွန်မကိုယ်ကျွန်မ အံ့အားသင့်နေမိတယ်။ နှုတ်ဆက်ရတော့မယ့် အတူတူ ကျွန်မ ရင်ထဲမှာသိမ်းထားသမျှ စကားတွေ အားလုံးကို ဖွင့်ထုတ်ပြောပစ် လိုက်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ တကယ်တော့ ဒီစကားတွေကို နံရံ လေး သိအောင် ပြောချင်နေခဲ့တာ ကြာပါပြီ။ ပြောမထွက်ရက်လို့သာ ဒိုင်ယာရီ စာမျက်နှာပေါ်မှာပဲ ပွင့်အန်ထွက်ခဲ့ရတာတွေပါ။

○

"အမေတို့သဘောတူတဲ့ ကောင်လေးနဲ့ လက်ထပ်တော့မယ်လို့ပြောခဲ့တာ နွယ် တမင်လိမ်ညာခဲ့တာပါ။ နွယ့်သူငယ်ချင်းကို အကူ အညီတောင်းလို့ ကိုကို ယုံအောင်တွဲသွား တွဲလာလုပ်ခဲ့တာပါ။ ကိုကို ပြောခဲ့သလို နွယ့် လုပ်ရပ်တွေအတွက် နောင်တမရမိအောင် ဘယ်လို ပဲနေနေ နောင်တရနေမိတာ အချိန်တိုင်းပါပဲ။ ပြင်ဆင်လို့မရအောင် မှားယွင်းခဲ့ပြီမဟုတ်လား။ ကိုကိုနဲ့ ဝေးပြီးကတည်းက စက္ကန့်တိုင်းကို မျှော်လင့်ချက်မဲ့စွာ အသက်ဆက်ရှင်နေခဲ့ရတယ်။ ရှင်ရက်နဲ့သေသူ မခြား ပျော်စရာနတ္ထိမရှိတဲ့ဘဝကို ကြိုခန့်မှန်း မိခဲ့ရင် ဒီလိုဆုံးဖြတ်မိမှာ မဟုတ်ပါဘူး။ အခုတော့လေ မပျော်တဲ့ဘဝကြီးမှာ ရှင်သန်နေရသလို ကိုကိုတော နွယ့်လိုများ အသက်ရှုရုံ ရှင်နေရတဲ့ဘဝမှာ နေနေရတာ လားလို့တွေးမိရင် ရင်ဘတ်ထဲ ငရဲမီးလောင်းခံရသလို ပူလောင် နာကျင် ခံစားရတယ်။ မဖြစ်နိုင်ပါဘူး။ကိုကို့ဘဝလေး အမြဲပျော်ရွှင်စေနိုင်ဖို့ ဒီလိုဆုံးဖြတ်ခဲ့တာပဲ။ နွယ့်ကို စိတ်နာနာနဲ့မေ့ပစ်ပြီး ပျော်ရွှင်အောင် နေနေမှာပါ။ အမြဲတမ်း ပျော်ရွှင်နေပေးပါနော်။ ကိုကို ပျော်နေမယ် ဆိုတဲ့ အတွေးလေးက နွယ် အသက်ရှုနေရတဲ့ အဓိက အကြောင်းရင်း လေးဖြစ်နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့အမေနဲ့ကိုကို ဘယ်မှာအခြေချမလဲဆိုတဲ့ ကိစ္စနဲ့ ပြဿနာအကြီးအကျယ်ဖြစ်တုန်းက မိတ္ထီလာကအဘွားဆီ စစ်တူသွားတောင်းခဲ့တဲ့ အခိုက်အတန့်မှာ နွယ် မရှူ့မလှနဲ့ ကျဆုံးခဲ့ရတာ ကိုကို မသိခဲ့ဘူးမဟုတ်လား။ မိဘနဲ့သားသမီးကြား နွယ် ဆူးငြောင့်ခလုတ် မဖြစ်ချင်ခဲ့ပါဘူး။ ပြတ်သားတဲ့ အန်တီ့ သဘောထားကတော့ အန်ကယ်ရှိနေတဲ့ စက်ာပူမှာပဲ မိသားစု အခြေချမယ်တဲ့။ အဲဒီဆုံးဖြတ်ချက်ကို ဘယ်သူကြောင့်မှ မပြင်နိုင်ဘူးတဲ့လေ။ ကိုကို ဘယ်လောက်ပဲ ခေါင်းမာနေနေ မရရအောင် ခေါ်သွားမှာမို့ နွယ့်အနေနဲ့ ကိုကို့ကို နားချပေးပါတဲ့။ သူ့အနေနဲ့ နွယ်ရဲ့ကိုကို့ကို ဟိုရောက်တာနဲ့ လက်ထပ်ပေးဖို့ စီစဉ်ထားတဲ့အကြောင်း၊ အလုပ်အကိုင် ပါစီစဉ်ပေးပြီးပြီ ဆိုတဲ့အကြောင်း ခေါ်ပြောခဲ့တယ်။ ကိုကို့အတွက်တောင် မိသားစုရှိနေရက်က နေရပ်ကိုစွန့်ခွာဖို့ ဒီလောက်ခဲယဉ်းနေသေးရင် နွယ်တလည်း မိသားစုအသိုက်အမြုံအပြင် နွယ့်ပတ်ဝန်းကျင်တစ်ခုလုံးကို စွန့်ပစ်ပြီး ကိုကို့နောက် လိုက်ရမှာအတွက် နွယ် သတ္တိမရှိခဲ့ဘူး။ ဘယ်တုန်းကမှလည်း အဲဒီလိုစွန့်ခွာဖို့ မတွေးထားမိခဲ့ ဘူးလေ။ ဒါကြောင့်မို့ အန်တီ့စကားအဆုံးမှာ နွယ်တို့ နှစ်ယောက်ဟာ ဆုံမှတ်မရှိနိုင်မယ့် မျဉ်းနှစ်ကြောင်းမှန်း နွယ် နားလည်ခဲ့တယ်"

"တစ်ဦးတည်းသောသမီး နွယ့်ကို မိဘရင်ခွင်ထဲက ဆွဲထုတ်သွားမှာကို မေမေနဲ့ဖေဖေ ဘယ်လိုနည်းနဲ့မှ လက်ခံမှာမဟုတ်မှန်း ကိုကိုလည်း ကြိုသိနေခဲ့တာပဲလေ။ နွယ့်အနေနဲ့ကလည်း မိဘနဲ့ကိုကို တစ်ခုခုကို မဖြစ်မနေ ရွေးချယ်ရရင် မိဘကိုပဲရွေးချယ်မှာမို့ ကိုကို့အနေနဲ့ကလည်း ဒီအတိုင်းပဲ ဖြစ်သင့်တယ်မဟုတ်လား။ အဲဒီအချိန်မှာ နွယ့်နားထဲ အပြန်ပြန်အလှန်လှန် ကြားယောင်မိတာ အန်တီရောမေမေပါ ပြောခဲ့ကြတဲ့တူညီတဲ့ စကားလေးတစ်ခွန်း၊ "မိဘဆိုတာဘယ်တော့မှ အစားပြန်မရနိုင်ဘူး" တဲ့။

နံရံလေးရဲ့နားတွေနဲ့ မဆုံအောင် ကျွန်မသူ့ကိုသိစေချင်ခဲ့တဲ့အကြောင်းအရာတွေကို စိတ်ရှိသမျှပြောနေမိလိုက်တာ အချိန်နာရီတွေကိုတောင် မေ့သွားခဲ့တယ်။ မိုးတွင်းကြီးပဲဖြစ်နေလို့လား။ အချိန်အတော်လင့်ပြီး မိုးချုပ်တော့မှာ



မို့လားတော့မသိ၊ ဆိုင်ပြင်မှာ ထစ်ချုန်းမိုးတွေနဲ့အတူ မှောင်ရိပ်စပျိုးနေပြီ။ ကျွန်မပြန်ရတော့မယ်။ သူနဲ့အတူ သူ့အငွေ့အသက်တွေ ထုံမွှမ်းနေတဲ့ ဒီဆိုင်လေးအပြင် သူ့အမှတ်နဲ့ ရင်ဖွင့်နေကျ နံရံလေးကို အပြီးအပိုင် နှုတ်ဆက်ရတော့မယ်။ လွန်ခဲ့တဲ့ ငါးနှစ်က ဒီနံရံလေးမှာ ချိတ်ငြိကျန်ခဲ့တဲ့ ကျွန်မရဲ့အသည်းနှလုံးတစ်စုံကိုတော့ ပြန်ဖြုတ်ယူဖို့ မကြိုးစားတော့ပါဘူး။ နံရံလေးနဲ့အတူ နေကျန်ရစ်ပါစေတော့။ နှုတ်ဆက်ခဲ့ပါတယ်၊ ခွင့်ပြုပါဦးနော်။

၀

"နွယ် ပြန်တော့မလို့လား"

နံရံလေးကို ကျွန်မ ကျောခိုင်းလိုက်တော့ ပီပီသသ အသံတစ်ခုနံရံလေးဆီက ထွက်ပေါ်လာတယ်။ ကျွန်မတစ်ချက် စောင်းငဲ့ကြည့်မိလိုက် တယ်။ ဒီအသံလေးတွေလောက် ချိုမြတဲ့သံစဉ် လောကမှာမရှိဘူးလေ။ ကိုကို့အသံလေးနဲ့ မလှည့်စားပါနဲ့ နံရံလေးရယ်။ မဖြစ်သေးဘူး၊ ထပ်တွေးနေလို့မဖြစ်သေးဘူး။ သံယောဇဉ် ဖြတ်မှဖြစ်တော့မယ်လို့ စိတ်ထဲခိုင်ခိုင်မာမာဆုံးဖြတ်ပြီး ကိုယ့်စိတ်ကိုယ် နိုင်အောင်ထိန်းလို့ လမ်းမကြီးဆီမျက်နှာမူ အားယူပြီး ခြေလှမ်းတစ်လှမ်းလှမ်းလိုက်တယ်။

"နွယ် ကို့ အသံကိုတောင် မမှတ်မိတော့ဘူးလား"

ဒီအသံလေး။ ဒီအသံလေးက နံရံလေးဆီကလား။ ဟင့်အင်း မဖြစ်နိုင်ဘူး။ နံရံလေးက ကျွန်မရဲ့ အတွေးတွေနဲ့ ပေါင်းပြီးမှစကားသံတွေ စိမ့်ထွက်လာနိုင်တာလေ။ ဒါဆို ဒီနံရံအကာလေးရဲ့ နောက်ဘက်ဘေးက စားပွဲဝိုင်းလေးဆီကပြန့်လွင့်လာတာလား။ အတွေးမဆုံးသေးခင် အသံလာခဲ့ရာ လမ်းကြောင်းကို ခြေရာကောက်လို့ ကျွန်မခြေထောက်တွေ အပြေးရောက်သွားပြီ။

သားရေခြေညှပ်ဖိနပ်လေးမှာ သွယ်သွယ်လျလျခြေချောင်းလေးနဲ့သန့်ပြန့်နေတဲ့ ခြေဖဝါးတစ်စုံက မာကြောနေတဲ့ မြေသားထုကို အားကန်ပြုလို့ နံရံလေးကို ကျောပေးပြီး မတ်မတ်ကလေးရပ်နေတယ်။ လည်ကတုံးအဖြူလေးကို အကွက်စိပ်စိပ်ပုဆိုးအပြာလေးနဲ့တွဲပြီး သေသေသပ်သပ်ဝတ်ထားတဲ့ ထောင်ထောင်မောင်းမောင်း အမျိုးသားတစ်ဦး။ ဆံပင်ပုံကပါအစ ကိုကိုနဲ့

www.burmeseclassic.com

www.burmeseclassic.com



တူလှတာမို့ ရင်ဘတ်ကြီးဖြောင်းဆန်အောင် လှုပ်ခတ်ခါရမ်းသွားတယ်။ ခုနက ကြားလိုက်တဲ့ အသံပိုင်ရှင်ဆိုတော့ သူက ကိုကိုပေါ့။ ကိုကို မဟုတ်လား။

စက္ကန့်လေးအတွင်းမှာ ကျွန်မအတွေးတွေ ယောက်ယက်ခတ်သွားလိုက်တာ မျက်လုံးတွေထဲ ကြယ်တွေတောင်ရောက်လာတယ်။ ဟုတ်ပါတယ်၊ ကိုကိုမှ ကိုကိုအစစ်ပါ။ စားပွဲလေးပေါ်ကနေ အရာဝတ္ထုတစ်ခုကို လှမ်းယူပြီး ညာဘက်လက်လေးနဲ့ ဆွဲကိုင် မယူလိုက်တယ်။ ဖြောင့်စင်းသွယ်တန်းနေတဲ့ ကိုကို့လက်ချောင်းလှလှလေးတွေကြားမှာ တလက်လက်တောက်ပနေတာ သန္တာလွှင့်ပစ်မယ်ပြောပြီး ယူသွားခဲ့တဲ့ ဒိုင်ယာရီလေး မဟုတ်လား ကိုကို့နွယ့် ဆီ ပြန်လာပြီ။ ဒါဆို နွယ့်ကမ္ဘာကြီး အရာအားလုံးပြည့်စုံသွားပြီပေါ့၊ အသက်မဲ့ စွာရှင်သန်ရခြင်းတွေ ကုန်ဆုံးသွားပြီ။ နွယ် ပျော်လိုက်တာ ကိုကိုရယ်။

ဝ

နံရံလေးအပြင် ကျွန်မ နှုတ်ခမ်းဖျားမှာရော ကိုကို့နှုတ်ခမ်းဖျားမှာပါ စကားလုံးတွေ ဆွံ့အနေခဲ့တယ်။ ကျွန်မ သိပ်ကြောက်တဲ့မိုးပေါက်သံကြီးတွေကတော့ ဟီးထနေလေရဲ့။ ဒါပေမယ့် ကိုကို့ရင်ခွင်ကျယ်ကြီးထဲမှာ ကျွန်မ မှေးစက်နေပြီမို့ ဘာကိုမှ မကြောက်တတ်တော့ပါဘူး။ ပွေ့ဖက်ထားတဲ့ ကိုကို့လက်မောင်းကြီးတွေက အရင်အချိန်တွေကထက် ပိုတင်းကျပ်ခိုင်မြဲနေတယ်။ တကယ်တော့ ကျွန်မ မေးခွန်းတွေအများကြီး မေးချင်နေခဲ့တာပါ။ ဒါပေမယ့် လေ ကိုကို့နှုတ်ခမ်းဖျားက ထွက်ကျလာတဲ့ စကားလုံးလေးတွေက ပုစ္ဆာတိုင်းအတွက် အဖြေဖြစ်ခဲ့ပါပြီ။

**"ကို နွယ့်ကို တစ်စက္ကန့်လေးမှ မေ့မရခဲ့သလို တစ်စက်ကလေးမှလည်း အချစ်မပေါ့ခဲ့ပါဘူး။ နောက်ဘယ်တော့မှ ဘယ်အကြောင်းကြောင့်ပဲဖြစ်ဖြစ် လက်တွဲမဖြုတ်ဘူးဆိုတဲ့ ကတိတော့မဖြစ်မနေ မင်းပေးရလိမ့်မယ်"**

ကျွန်မ ခေါင်းလေး ဘယ်နှစ်ကြိမ် ညိတ်မိသလဲမသိတော့ပါဘူး။ အခုထိလည်း ညိတ်နေမိတုန်းပဲ၊ ညိတ်နေမိဆဲပဲ. . .။ ။

ဝ

ဖြူစင်သန့်



လရိပ်လေး

မောင်ဥမကန်

www.burmeseclassic.com

**"ကိုကြီးနဲ့ ကျွန်မ ထားဝယ်မြို့က ဘုရားကြီးမှာ သစ္စာဆိုထားခဲ့တယ်လေ၊ ဘယ်လို အကြောင်းတရားကြောင့်ပဲဖြစ်ဖြစ် လမ်းမခွဲကြေး၊ သစ္စာမဖောက်ကြေး၊ အကယ်၍ သစ္စာဖောက်ခဲ့ရင် သစ္စာစူးပါစေသားလို့ အတူတူ ဆုတောင်းခဲ့ဖူးတာကို သတိရရင်း . . ."**

# အဆိပ်သင့် လိပ်ပြာ

"မောင် . . . နောက်ဆုံး ချစ်သက်လက်ဆောင်လို့သတ်မှတ်ရင်း ကျွန်မကို လာတွေ့ပေးပါနော်"

လက်ရေးလှလှ စကားလုံးလှလှလေးတွေ သုံးထားတဲ့ စာကြောင်းတစ်ကြောင်း။ အဲဒီစာတစ်ကြောင်းက လူတစ်ယောက်ရဲ့ဘဝ မိသားစုတစ်ခုရဲ့ကြမ္မာကို ပြောင်းလဲပစ်လိမ့်မယ်လို့ ဘယ်သူကမှ ထင်မှတ်ထားမှာ မဟုတ်ပါဘူး။

၀

နယ်မြို့လေးကနေ ကျောင်းလာတက်တဲ့ကျွန်မ၊ ထားဝယ်မြို့ပေါ် မှာ နာမည်ကြီး ကျူရှင်ပိုင်းတစ်ခုမှာ ကိုကြီးနဲ့စတွေ့တယ်၊ ကျွန်မကဆယ်တန်း၊ ကိုကြီးက ဆယ်တန်းသင်တဲ့ ကျူရှင်ဆရာ။ ကျူရှင်စအပ်တဲ့နေ့မှာပဲ ကိုကြီး ကို သတိထားမိတယ်။ ကိုကြီးက ခန့်ညားတယ်၊ သဘောကောင်းတယ်၊ ကျောင်းသားတွေကို အလေးထားတယ်။ လွန်တယ်လို့ထင်မလား၊ ကိုကြီးကို စတွေ့တွေ့ချင်းပဲ ဘာကြောင့်မှန်းမသိ ကျွန်မရင်ခုန်သံတွေဟာ ပလောင်းပလဲ ဖြစ်ကုန်တယ်။ ကျွန်မကိုယ်တိုင် စိတ်ထဲကပဲ ဖြစ်နေလို့လားမသိဘူး။ ကိုကြီးရဲ့အကြည့်တွေ ကျွန်မကိုကြည့်တဲ့အခါ သူများတွေနဲ့မတူပဲ နွေးထွေးမှုတွေ ကြင်နာမှုတွေနဲ့ ရောစပ်ထားသလို ခံစားရတယ်။ ဖူးစာကံလို့ဆိုရမလား၊ ရေစက်လားမသိလိုက်ပေမယ့် ကျွန်မနဲ့ကိုကြီး တစ်နှစ်အတွင်းမှာ ချစ်သူတွေဖြစ်လာတယ်။ ကျွန်မအတွက် ပျော်ရွှင်ဖွယ်ရာအတိပြီးတဲ့ စာသင်နှစ်တစ်နှစ်ပေါ့၊ ဆယ်တန်းစာမေးပွဲတွေ စဖြေပြီ၊ တက္ကသိုလ်ဆိုတဲ့ အိမ်မက်ကကိုကြီးနဲ့ နှိုင်းယှဉ်လိုက်ရင် ကျွန်မအတွက် မှုံဝါးဝါးဖြစ်သွားတဲ့အထိ ကိုကြီးကို အချစ်ကြီးချစ်ခဲ့မိလို့ တစ်စက္ကန့်လေးတောင် မဝေးချင်တော့တာမို့ ဆယ်တန်းစာမေးပွဲအပြီး နောက်ဆုံးနေ့မှာပဲ ကိုကြီးနဲ့ ကျွန်မလက်ထပ်ဖြစ်ခဲ့ကြတယ်။

၀

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီး နှစ်နှစ်အကြာမှာတော့ ကိုကြီးရဲ့ ရင်သွေးကို ကျွန်မ လွယ်ခဲ့ရတယ်။ သမီးလေးမွေးလာတယ်။ သမီးဦးလေးမို့ ယမုံဦးတဲ့လေ၊ ကိုကြီး ကိုယ်တိုင် နာမည်ပေးခဲ့တယ်။ သမီးလေး တီတီတာတာပြောတတ်တဲ့ အရွယ် ထိ ကျွန်မတို့မိသားစုလေးက အရမ်းပျော်ရွှင်ခဲ့တယ်။ မနက်အစောကြီး ထတတ်တဲ့ သမီးလေးကို ကိုကြီးက ပုခုံးပေါ်ထမ်း လက်ဖက်ရည်ဆိုင်သွားပြီး အဆာပြေကျွေးတယ်။ ပြန်လာရင် သမီးလေးနဲ့ အတူတူဆော့တယ်။ ပြီးရင်ကျူရှင်သွားတယ်။ ညနေကျူရှင်ကပြန်လာရင် သမီးရယ် ကျွန်မရယ် ကိုကြီးရယ် အတူတူလမ်းလျှောက်ကြတယ်။ အပြစ်အနာအဆာကင်းတဲ့ လပြည့်ညရဲ့ လမင်းကြီးအေးမြသလို ကျွန်မတို့မိသားစုလေးက ငြိမ်းချမ်းနေခဲ့တယ်။

ကျွန်မတို့ရဲ့ စိုပြည်ငြိမ်းချမ်းနေတဲ့ ဘဝထဲကို ကိုကြီးရဲ့ ဒုတိယ မြောက် ရင်သွေးလေးက ထပ်တိုးနေရာယူလာတယ်။ ကျွန်မပျော်လိုက်တာ အတိုင်းမသိပါပဲ။ ဘဝဆိုတာ ကိုကြီးရယ် သမီးလေးရယ် နောက်ထပ်တိုး လာမဲ့ ရင်သွေးရယ်၊ အမြဲတမ်းအေးချမ်းပြီး အတူနေရမယ်ပေါ့။ ဒီလိုပျော်ရွှင်စရာအတိပြီးနေတဲ့ ကျွန်မရဲ့ဘဝထဲကို ကံကြမ္မာမုန်တိုင်း ရက်စက်စွာ ထန်လာလိမ့်မယ်လို့ ကျွန်မဘယ်သောအခါမှ မတွေးဖြစ်ခဲ့တာ ကျွန်မအမှားလား၊ ဖြစ်ချင်တာနဲ့ ဖြစ်နေတာလောက်ပဲ တွေးတတ်တဲ့ ကျွန်မကို ဒုတိယ သမီးလေး မျက်နှာမြင်ပြီး နှစ်နှစ်အရွယ်မှာ လောကကြီးကစပြီး ဒဏ်ခတ် တော့တာပါပဲ။

○

ကိုကြီး ကျူရှင်ပြန်တာ နောက်ကျလာတယ်။ သမီးတွေအပေါ်ဂရုစိုက်မှုနည်းလာတယ်။ ညဘက်အပြင်မထွက်တတ်တဲ့ ကိုကြီး ညဆယ့်နှစ်နာရီလောက်မှ အိမ်ပြန်လာတတ်တော့တယ်။

“ကိုကြီး ဘာလို့ညဘက် အိမ်ပြန်နောက်ကျတာလဲ”

ကျွန်မမေးတော့ ညပိုင်းစာကျက်ဝိုင်း တာဝန်ယူထားလို့တဲ့လေ။ ရိုးရိုးလေးနဲ့ ယောကျ်ားကို ယုံတတ်တဲ့ကျွန်မ ဘာမှဆက်မပြောတော့ပဲ နေလိုက်တယ်။ ဒါပေမယ့် ကိုကြီးရဲ့ တပည့်ရင်းတစ်ယောက်ဆီက သတင်းအမှန် တွေကို ကျွန်မနေ့တိုင်းကြားနေရတယ်ဆိုတာ ကိုကြီး မသိဘူးလေ။ ခါတိုင်း ညနေဘက်



အတူတူ လမ်းလျှောက်တတ်တဲ့သမီးလေး ယမုံဦးကတောင် မေးတတ်လာပြီ။

“ဖေကြီး ဘာလို့ စောစောမပြန်လာတာလဲဟင်၊ မီးနဲ့အတူလမ်းလျှောက်တာ ပင်ပန်းလို့လား ဖေကြီး”

သမီးလေးမေးတော့ သူဖြေနေကျ အဖြေအတိုင်းပဲ အဖြေပေးလိုက်တယ်။

“ဪ. . . သမီးရယ် အဖေညပိုင်းစာကျက်ဝိုင်း တာဝန်ယူထားရလို့ပါကွယ်” တဲ့။

ကျွန်မရင်ထဲ နင့်ခနဲ ဖြစ်သွားတယ်။

“ဪ. . .၊ သမီးကိုတောင် သူညာနေတတ်ပြီပဲ”

○

ကျွန်မအရမ်းခံစားခဲ့ရတယ်။ ကိုကြီး ကောင်မလေးတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်။ တခါတလေ ကျူရှင်မှာ အရေးကြီးလို့ဆိုပြီး အကြောင်းပြပြီး အိမ်ပြန်မလာတဲ့ ညတွေများလာတယ်။ ကျူရှင်ပြီးတိုင်း လျှောက်လည်ကြတယ်တဲ့။ ဒါတွေက ကိုကြီးတို့ နေ့တိုင်းလုပ်နေတယ်ဆိုတာ ကျွန်မဆီ သတင်းက အတိအကျရောက်နေခဲ့တယ်။ ကျွန်မ မမေးရက်ခဲ့ပြန်ဘူး။ ကိုကြီးနဲ့ ကျွန်မ ထားဝယ်မြို့က ဘုရားကြီးမှာ သစ္စာဆိုထားခဲ့တယ်လေ။ ဘယ်လို အကြောင်းတရားကြောင့်ပဲဖြစ်ဖြစ် လမ်းမခွဲကြေး၊ သစ္စာမဖောက်ကြေး၊ အကယ်၍ သစ္စာဖောက်ခဲ့ရင် သစ္စာစူးပါစေသားလို့ အတူတူ ဆုတောင်းခဲ့ဖူးတာ ကို သတိရရင်း ကိုကြီးတစ်ယောက် သစ္စာမစူးပါစေနဲ့လို့ပဲ ဆုတောင်းနေ မိတယ်။ ကိုကြီးနဲ့ထပ်တူ သမီးလေးတွေကို ချစ်တယ်။ ကိုကြီးကို ထာဝရ ပေါင်းချင်တယ်။ သမီးလေးတွေကို အဖေမဲ့တဲ့ဘဝ မရောက်စေချင်ဘူး။ ဒီတော့ ကျွန်မဘာလုပ်ရမလဲ။ ရွေးစရာမရှိတော့ဘူးလေ။ ကိုကြီးလုပ်နေသမျှ အရာအားလုံးကို ဘာမှမသိသလိုနေပြီး အိမ်ထောင်တစ်ခုမပြိုကွဲအောင် ကျွန်မကိုယ်တိုင် ဖန်တီးဖို့ ဆုံးဖြတ်လိုက်တယ်။

ဝတ္တရားမပျက် လုပ်ပေးတယ်။ အိမ်ပြန်နောက်ကျတာဖြစ်စေ ပြန်မလာတာဖြစ်စေ၊ ဘာမှမမေးတော့ပဲ ကိုကြီးလိုအပ်တာလုပ်ပေးတယ်။ သမီးလေးတွေအပေါ် ပိုပြီးဂရုစိုက်ရင်း အချိန်တွေကုန်စေခဲ့တယ်။ ကိုကြီးကလည်း အိမ်ထောင်ရေးဖောက်ပြန်နေတယ်ဆိုပေမယ့် သမီးတွေအပေါ်တော့ ဝတ္တရား

www.burmeseclassic.com

www.burmeseclassic.com



မပျက်ခဲ့သလို အိမ်စရိတ်ကိုလည်း ပံ့မှန်ထောက်ပံ့ပေးတယ်။ ကိုကြီးနဲ့ ကျွန်မအကြား ဆက်ဆံရေးကတော့ နည်းနည်းအေးလာတယ်။ မသိသလိုဟန်ဆောင်ပြီး ဘယ်လိုနေနေ ကိုယ့်လိပ်ပြာသန့်ဖို့က ဟန်ဆောင်ရခက်တယ်လေ။ အစပိုင်းကတော့ ကိုကြီးနောက်ကွယ်မှာ ကျိတ်ငိုပြီး ဖြေသိမ့်ခဲ့ရတာ အကြိမ်ကြိမ်။ အခုတော့ ကျွန်မမှာမျက်ရည်တွေခမ်းကုန်ပြီ ကျဖို့မျက်ရည်လည်း မရှိတော့ဘူး။ အမိကက အိမ်ထောင်တစ်ခုတည်နေဖို့နဲ့ သမီးတွေအဖေမမဲ့ စေဖို့ပါပဲ။ ကျွန်မခံနိုင်ရည်ရှိရမှာပေါ့။ ဒါလောကဓံတရားပဲလေ။ ကျွန်မအရာ အားလုံးကို နားလည်တတ်အောင် ကြိုးစားနေတယ်။

ကိုကြီးဖောက်ပြန်နေတာ ခြောက်လလောက်ကြာတော့ ကိုကြီးရဲ့ တပည့်လေးက ကျွန်မကို ပြောတယ်။

"အစ်မရယ် ကျွန်တော်ပြောပြလိုက်တော့မယ်။ ဆရာလုပ်နေတာ တွေ အကုန်သိရက်နဲ့ နားလည်ပေးနေတယ်လို့လေ။ တကယ်မကြည့်ရက် တော့ဘူး အစ်မရယ်။ ဆရာ လုပ်နေတာရက်စက်လွန်းနေတယ်ဗျာ။ အစ်မ ဘာကြောင့် အဲဒီလောက်ဆရာ့ကို ချစ်ရတာလဲဗျာ။ ဆရာကရော ဒီလောက် နားလည်ပြီးချစ်တတ်တဲ့ မိန်းမကိုထားပြီး ဖောက်ပြန်ရက်တယ်လို့ဗျာ။ ကျွန်တော်မထိန်းနိုင်တဲ့ တစ်နေ့တော့ပြောဖြစ်လိမ့်မယ် ထင်တယ်ဗျာ"

ကျွန်မ မချိုပြုံးလေးပြုံးမိပါတယ်။ ရင်ထဲကနာကျင်နေတဲ့အရာကို အတတ်နိုင်ဆုံးလျှို့ဝှက်ရင်း-

"နေပါစေ ကောင်လေးရယ်၊ ဒါ အစ်မတို့ရဲ့ အတိတ်က အကြောင်းတရားကြောင့်ပါ၊ သူ့အလိုလိုဖြစ်လာတာလေ။ အချိန်က အဖြေပေးမှာပါ။ အချစ်ဆိုတာ ချစ်နေရရုံနဲ့ ပေးဆပ်နေရရင်လည်း တစ်ချို့သူတွေက ပျော်နေတတ်တာပါ။ အစ်မလည်း အဲသလိုပါပဲ၊ မပြောဖြစ်အောင်ထိန်းပေးပါ"

ကျွန်မ မပြောဖို့ တောင်းပန်လိုက်ရတယ်။

ကိုကြီးကတော့ ဟန်မပျက်ပါဘူး၊ ရိုးအလွန်းတဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို နောက်မိန်းမရဲ့ ရင်ခွင်သစ်လေးထဲမှာ အရမ်းပျော်နေပုံရပါတယ်။ အရင်ထက်ပိုပြီး တက်ကြွလန်းဆန်းလို့ ပီတိတွေ တဝေဝေပါပဲ။ ကျွန်မအမြဲတမ်း ကိုကြီးမျက်နှာလေးကိုကြည့်ပြီး ဆုတောင်းပေးနေမိပါတယ်။ ကိုကြီးတစ်ယောက် ထာဝရပျော်ရွှင်နိုင်ပါစေလို့လေ။

ဝ



ကျွန်မဆုတောင်းက မှားသလား။ ကြမ္မာကလှည့်စားတာလား၊ သစ္စာတရားက ဒဏ်ခတ်တာလား၊ တစ်နေ့ ကိုကြီးတစ်ယောက် မျက်နှာမသာမ ယာနဲ့ အိမ်ပြန်လာတယ်။

"ညီမရေ. . .၊ ညီမ"

ခြံဝကနေ လှမ်းခေါ်ရင်း အိမ်ပေါ်တက်လာတယ်။

အိမ်ထောင်မကျခင်ကတည်းက ညီမလို့ပဲခေါ်တဲ့ ကိုကြီး။

အိမ်ထောင်ရေးဖောက်ပြန်ပြီးမှ ညီမလို့ မခေါ်တဲ့ကိုကြီး။

အခုတော့ ဘာစိတ်ကူးပေါက်ပြီး ပြန်လာတာလဲလို့ ကျွန်မတွေးနေတုန်း ကျွန်မရှေ့ရောက်လာတယ်။ တုန်ရီအက်ကွဲနေတဲ့အသံနဲ့

"ညီမရယ် ကိုကြီးကို အဲဒီလောက်တောင် ချစ်လားတဲ့"

ရုတ်တရက်ဆိုတော့ ကျွန်မက

"အယ်. . . ကိုကြီး၊ ဘာထူးထူးဆန်းဆန်းတွေ တွေ့လာတာလဲ"

တအံ့တဩ မေးလိုက်မိပါတယ်။

ကိုကြီးကဝမ်းနည်းတဲ့အသံနဲ့

"ညီမရယ်၊ ဘာကြောင့် အဲလိုနေနိုင်ရတာလဲ။ ကိုကြီးမှားတာပါ။ ကိုကြီးလူမဆန်တာ၊ ညီမရဲ့အချစ်ကို မလေးစားတတ်တာ ကိုကြီးလူမှ ဟုတ်သေးရဲ့လား။ စိတ်အလိုလိုက်နေမိတာ ကိုကြီးမှားမှန်း ဒီနေ့မှ သိလိုက်ရတယ် ညီမရယ်၊ ခွင့်လွှတ်ပါလို့ ကိုကြီး မတောင်းဆိုတော့ပါဘူး။ ဒါပေမဲ့ ကိုကြီး ဒီနေ့ကစပြီး ပြင်ပါ့မယ်။ သစ္စာရှိပါ့မယ်။ ညီမကိုပဲ ကိုကြီးထာဝရ လက်တွဲပါ့မယ် ကိုကြီးကတိပေးပါတယ် ညီမရယ်" တဲ့။

ကျွန်မ ဘာမှမပြောတတ်တော့ဘဲ ရင်ထဲမှာဝမ်းနည်းသလို ဝမ်းသာသလိုဖြစ်နေပြီး ကိုကြီးကိုပဲ ငေးကြည့်နေမိတယ်။ ကိုကြီးက ဆက်ပြောတယ်။

"ကိုကြီး တပည့်လေးက ဒီနေ့ ကိုကြီးကို အကုန်ပြောပြတယ်။ ကိုကြီးက ညီမမသိခဲ့ဘူး ထင်နေခဲ့တာ။ အခုတော့ ကိုကြီးအပေါ်ထားတဲ့ ညီမရဲ့ ချစ်မေတ္တာတွေကိုသိပြီး ကိုကြီးယူကြုံးမရဖြစ်လို့ ချက်ချင်းပြန်လာခဲ့တာ။ ညီမ ကိုကြီးကို နားလည်ပေးတယ်မဟုတ်လားဟင်"

အနားကပ်မေးလာတော့ ကလေးနှစ်ယောက်ရပြီးတဲ့ကျွန်မ ဟိုအရင် ကိုကြီး ကျွန်မကို ရည်းစားစကားစပြောတုန်းကလို ခံစားချက်ပုံစံမျိုးဖြစ်သွားပြီး ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကို ထာဝရနားလည်ပြီးသားပါရှင်။ ကိုကြီးပျော်ရင် ညီမ ပျော်ပါတယ်"

ကျွန်မ တိုးတိုးလေးပြန်ဖြေလိုက်မိပါတယ်။

အဲဒီနေ့ကစပြီး ကိုကြီးဟာ တကယ့်ကို ကျွန်မတို့မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်ပြန်နေခဲ့တယ်။ အရင်အတိုင်းအချိန်မှန် အိမ်ပြန်လာတယ်။ မိသားစုကိုလည်း အရင်ကထက်ပိုပြီး ဂရုစိုက်လာတယ်။ သမီးလေးနှစ်ယောက်နဲ့အတူ ညနေဘက်လမ်းလျှောက်ထွက်တယ်။ မနက်ဆို အငယ်မကို ပုခုံးပေါ်တင်ပြီး အကြီးမကို လက်ကဆွဲပြီး လက်ဖက်ရည်ဆိုင်ကို သွားတတ်လာတယ်။ အရင်လိုပျော်ရွှင်မှုမျိုး အသစ်ပြန်ရပြီလို့ ထင်နေမိတဲ့ကျွန်မ မမျှော်လင့်တဲ့ ကံကြမ္မာရဲ့ ကျီစယ်မှုကို မထင်မှတ်တဲ့ အချိန်မှာ အလဲထိုးခံလိုက်ရတယ်။ အချိန်တစ်လလောက်ကြာတော့ စာတစ်စောင်ရောက်လာတယ်။ ကိုကြီးရဲ့ အငယ်အနှောင်းဆီကပေါ့။

"မောင် နောက်ဆုံး ချစ်သက်လက်ဆောင်လို့ သတ်မှတ်ရင်း ကျွန်မကို လာတွေ့ပေးပါနော်"

လက်ရေးလှလှ စကားလုံးလှလှလေးတွေ သုံးထားတဲ့ စာကြောင်းတစ်ကြောင်း၊ အဲဒီစာတစ်ကြောင်းက လူတစ်ယောက်ရဲ့ဘဝ မိသားစုတစ်ခု ရဲ့ ကြမ္မာကို ပြောင်းလဲပစ်လိမ့်မယ်လို့ ဘယ်သူကထင်မှတ်ထားမှာလဲ။ စာရွက်ကိုင်ထားတဲ့ကိုကြီးရဲ့ လက်တွေဟာ တုန်ရီနေပြီး စာရွက်ကိုတွေတွေကြီး စိုက်ကြည့်ပြီး ငေးငိုင်နေခဲ့တယ်။ ကိုကြီးကိုကြည့်ရတာ အပြစ်ရှိတဲ့ ရာဇဝတ်သားလိုပဲ ကိုကြီးစာဖတ်ပြီးတာနဲ့ ကျွန်မကို တိုးလျှိုးတောင်းပန်တဲ့ အသံနဲ့ ပြောတယ်။

"ညီမ ကိုကြီး နောက်ဆုံးအနေနဲ့ သွားပါရစေနော်၊ အပြီးသတ် စာရင်းရှင်းပြီး ပြန်လာခဲ့မယ်" တဲ့လေ။

ကျွန်မ ငြင်းခွင့်ရှိလို့လားကိုကြီးရယ်။ ခေါင်းညိတ်ရုံကလွဲပြီး ဘာများ တတ်နိုင်မှာလဲ။ ကိုကြီး သူ့တပည့်လေးကို ခေါ်ပြီးသွားတယ်။

○

စာရောက်လာတဲ့အချိန်က ညနေ (၅) နာရီ၊

အခုည (၁၁) နာရီ ထိုးနေပြီ။



ကိုကြီး ပြန်မလာသေးဘူး။ ကျွန်မစိတ်တွေ လှုပ်ရှားနေတယ်။ ကိုကြီး ပြန်မှလာပါ့မလား။ တစ်ခုခုများဖြစ်နေမလား။ စိုးရိမ်စိတ်တွေနဲ့ ဗျာများနေမိတယ်။ အိပ်ရာထဲမှာ အိပ်မောကျနေတဲ့ သမီးနှစ်ယောက်ကိုကြည့်ရင်း ကျွန်မထိုင်နေမိတယ်။ ဘယ်လောက်တောင် ငေးငေးငူငူ ဖြစ်သွားမှန်းမသိ၊ ညနှစ်နာရီထိုးပြီးချိန်မှာ-

"အစ်မရေ အစ်မ"

အမောတကော ခေါ်သံတစ်ခုကို ကြားလိုက်ရတယ်။ ကိုကြီးရဲ့ တပည့်လေးခေါ်သံပါပဲ။

"ကောင်လေး နင့်ဆရာရော"

"အစ်မ၊ ဟိုလေ. . .၊ ဆရာ. . . ဆရာ"

ကောင်လေးက ကတုန်ကယင်နဲ့ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသေးတယ်။ ကျွန်မက စိုးရိမ်တကြီးနဲ့ ဖြတ်မေးလိုက်မိတယ်. . .

"ဘာ ဘာဖြစ်တာလဲ မြန်မြန်ပြောစမ်းပါကွယ်"

"ဆရာလေ၊ ဆရာ။ ဆရာဘာဖြစ်မှန်းမသိဘူးအစ်မ၊ ဆေးရုံကိုလိုက်မှရမယ်"

ကျွန်မခေါင်းထဲ မိုက်ခနဲဖြစ်သွားတယ်။ တဒင်္ဂလေးကြောင်သွားတယ်၊ နောက်မှသတိရပြီး ကောင်လေးကို. . .

"ဒါဆို ကလေးတွေကို နင်ကြည့်ထားနော်၊ အစ်မလိုက်သွားမယ်"

ကျွန်မကမန်းကတန်း ကားငှားပြီး ဆေးရုံလိုက်ခဲ့တယ်။

တလမ်းလုံးဘုရားစာတွေရွတ်ရင်း ကိုကြီး ဘာမှမဖြစ်ပါစေနဲ့လို့ ကျွန်မဆုတောင်းနေမိတယ်။ ဆေးရုံရောက်လို့ ကိုကြီးရှိတဲ့အခန်းကို မေးပြီး အဝင် ကျွန်မရင်အစုံဆောင့်တက်သလို ခံစားလိုက်ရတယ်။ ကိုကြီးသတိလစ်နေတယ်။ ဆရာဝန်မလေးက ပြောတယ်။

"အစ်မ အခြေအနေမကောင်းဘူး၊ အရက်ထဲမှာ ဆေးတစ်ခုခုနဲ့ ရောသောက်မိတဲ့ပုံစံ၊ ကျွန်မတို့ စစ်ဆေးနေတုန်း"

ကိုကြီးက အိပ်မောကျလို့ ဟောက်နေတဲ့ပုံစံနဲ့ နှာခေါင်းပိုက်တွေလည်း သွင်းထားတယ်၊ ကုတင်ပေါ်မှာ ဘာကိုမှ မသိနိုင်တော့တဲ့ ကိုကြီးကို ကျွန်မ ဘာလုပ်ပေးရမှာလဲ၊ ဘာပြောရမှာလဲ။ ကျွန်မတို့မိသားစုကို နားလည်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုမှ ခုလိုဖြစ်သွားရတာ ဘာကြောင့်လဲ။ ကျွန်မ မတွေးတတ်တော့ဘူးကိုကြီးရယ်။ ကိုကြီးမဘေးမှာ အစောင့်အဖြစ်ထားဖို့ ဆရာမတွေနဲ့ တိုင်ပင်စီစဉ်ပြီး အိမ်ကိုပြန်လာခဲ့တယ်။

○

အိမ်ရောက်တော့ မနက်တောင်လင်းနေပြီ၊ အိပ်ဖို့သတိမရဘူး၊ သမီးအကြီးကို သူ့အဖွားဆီပို့၊ သမီးအငယ်ကိုခေါ်ပြီး ဆေးရုံကိုပြန်လာ ဆေးရုံရောက်တော့ ကိုကြီးနဘေးမှာ ထိုင်နေရင်း ကိုကြီးသတိပြန်ရလာမယ့်အချိန်ကို သမီးလေးကို ပွေ့ချီထားရင်း စောင့်နေခဲ့တယ်။ စက္ကန့်ကို မိနစ်က ဝါးမျို၊ မိနစ်ကို နာရီကဝါးမျို၊ နာရီကို ရက်ကဝါးမျို။ တရွေ့ရွေ့နဲ့ အချိန်တွေတိုက်စားသွားလိုက်တာ (၅) ရက်သာ ကုန်သွားတယ်။ ကိုကြီး သတိရမလာဘူး။ ဘယ်လိုမှလည်း ကုလို့မရတော့ဘူး။ နောက်ဆုံးဆရာဝန်တွေ လက်လျှော့လိုက်တော့ ကိုကြီးကိုအိမ်ပြန်ခေါ်လာခဲ့တယ်။ ကိုကြီးနံဘေးမှာ ကိုကြီးရဲ့ မိဘတွေရော တပည့်တွေရော ညတိုင်းလာစောင့်ပေးရင်း အဖော်လာလုပ်ပေးကြတယ်။

ကိုကြီးကတော့ အိပ်မောကျနေတဲ့ ပုံစံအတိုင်းဖြစ်နေခဲ့တယ်။ ကိုကြီးရဲ့ တပည့်ပြောပြတဲ့အတိုင်းဆိုရင် ကောင်မလေးက ကိုကြီးနဲ့ လမ်းခွဲရတော့မယ့် နောက်ဆုံးအထိမ်းအမှတ်တခုအနေနဲ့ သူနဲ့အတူ အရက်သောက်ပေးပါ၊ နောင်ဘယ်တော့မှကိုကြီးကို မနှောင့်ယှက်တော့ပါဘူးဆိုပြီး ကိုကြီးကို အတင်းပဲ အရက်အတူသောက်ဖို့ပြောတယ်။ ကိုကြီးက နောင်မနှောင့်ယှက်တော့ရင်ပြီးရောဆိုပြီး တစ်ခါမှမသောက်ဖူးတဲ့အရက်ကို လိုက်လျောပြီး သောက်ခဲ့တယ်၊ အမူးလွန်ပြီး ဘာတွေစားမိမှန်းမသိ စားခဲ့တယ်တဲ့။ ကိုကြီးရယ် . . .။ **လူသားတိုင်းဟာ "လာရာ" ဆိုတဲ့ မွေးဖွားရာမိဘတွေကို ရွေးချယ်ခွင့်မရှိပေမဲ့ မိမိရဲ့ နောက်ဆုံး "လားရာ" ဆိုတဲ့ သေခြင်းတရားတိုမရောက်ခင် အကောင်းဆုံးသောလမ်းကို ရွေးချယ်ခွင့်ရှိကြတယ်လေ။ ဒါပေမယ့်ကိုကြီးမှာ ရွေးဖို့အချိန်မရလိုက်ဘူးနော်။**

ကျွန်မ ကိုကြီးလက်ကိုကိုင်ပြီးတွေးနေတုန်း ကိုကြီးလက်တွေလှုပ်လာတယ်။ ပြီးတော့ ပါးစပ်လှုပ်လာတယ်။

"ကိုကြီး သတိရလာပြီ၊ ကိုကြီး သတိရလာပြီ"



ကျွန်မ ဝမ်းသာအားရ အော်လိုက်တယ်။

ကိုကြီးက မျက်လုံးမဖွင့်ဘဲ စကားပြောဖို့ အားယူနေတယ်။ ကိုကြီးအမေကလည်း အနားကပ်လာပြီး

"သား ဘာပြောချင်တာလဲ၊ ဘာပြောချင်လို့လဲ၊ ရေသောက်ချင်လို့လား"

လို့ ပျာပျာသလဲ မေးတယ်။

ကိုကြီးက အမေ့ပြောစကားကို ဂရုမစိုက်နိုင်သေးဘဲ လက်ကာ ပြတယ်။ ပြီးတော့မှ လေသံဖျော့ဖျော့လေးနဲ့ အားယူပြီး

"ခွင့်လွှတ်ပါ ညီမ" တဲ့။

"ခွင့်လွှတ်ပါတယ် ကိုကြီးရယ်၊ ကိုကြီးအပေါ် ညီမဘယ်တုန်းကမှ အပြစ်မယူခဲ့ပါဘူး"

ကျွန်မအသံကိုကြားတော့ မျက်နှာမှာ အပြုံးရိပ်သန်းသွားသလို ထင်လိုက်ရတယ်။ ပြီးတော့-

"ကိုကြီးဝမ်းသာလိုက်တာ"

လေသံသဲ့သဲ့လေးနဲ့ပြောရင်း ကိုကြီးဇက်လည်ကျသွားတယ်။

ကျွန်မသိလိုက်ပြီ၊ ကိုကြီး ကျွန်မအပေါ် တင်ထားတဲ့အကြွေးကို ပြန်ဆပ်ချင်ဇောနဲ့ အသက်ထွက် မဖြောင့်ဖြစ်နေခဲ့တာ။ ခွင့်လွှတ်ပါဆိုတဲ့ စကားလေးပြောပြီးမှ ကိုကြီးအသက်ထွက်သွားနိုင်ခဲ့တယ်။ ကိုကြီးရယ်၊ ကျွန်မက ကိုကြီးကို အရမ်းကို ယုံကြည်လေးစားပြီး ချစ်ခဲ့တဲ့မိန်းမသား တစ်ယောက်ပါ။ ကျွန်မ ခွင့်လွှတ်နိုင်တာပေါ့ရှင်။ ဒါပေမယ့် သစ္စာဆိုတာ မှန်ကန်တဲ့သူတွေအတွက် ဆေးကောင်းတစ်လက်ပါ။ ကိုကြီးကို ကျွန်မ ခွင့်လွှတ်နိုင်ခဲ့ပေမယ့် သစ္စာတရားက ကိုကြီးကို ဒဏ်ခတ်လိုက်တယ်လို့ပဲ ကျွန်မမြင်တယ် ကိုကြီးရယ်။ နောင်ဘဝဆက်တိုင်းမှာ ကိုကြီးတစ်ယောက် သစ္စာတရားကို အလေးအနက်ထားတတ်တဲ့ အိမ်ထောင်ဦးစီးတစ်ယောက် ဘဝကို ပိုင်ဆိုင်နိုင်ပြီး ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံတွေ့ပါစေနဲ့လို့ ညီမ ဆုတောင်းပေးလိုက်ပါတယ်ရှင်။ **"သစ္စာဆိုတာ တည်ရင်ဆေး မတည်ရင်ဘေး"** ဆိုတာ ကျွန်မ နားလည်လိုက်ပါတယ် ကိုကြီးရယ်။ ။


○

လရိပ်လေး (မောင်းမကန်)

www.burmeseclassic.com

www.burmeseclassic.com

စာရေးနည်းသင်တန်းအမှတ်စဉ် (၄)





# အညာကြ
# စ်သည်

ပန်း၊ချီဒိုင်း၊ဝေမှုန်လင်း

www.burmeseclassic.com

www.burmeseclassic.com

"ဗုဒ္ဓက တွေးခေါ်ရေးသမား သက်သက် မဟုတ်ဘူး၊ သူ့ရဲ့တရားတွေဟာလည်း ထင်မြင်ယူဆချက်တွေ မဟုတ်ဘူး၊ ကိုယ်တော်တိုင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ခဲ့ရပြီး သိဒ္ဓတ္ထအလောင်းတော် ဘဝမှာ မရှိမလမ်းစဉ်ကျင့်ကြံတော်မူပြီး ရုပ်နာမ်စခန်းကို ဖောက်ထွင်းမြင်ခဲ့တယ်၊ လောကသစ္စာကို ပိုင်ပိုင်သိမြင်ခဲ့ရလို့ ဗုဒ္ဓလို့ဖြစ်လာခဲ့တာပါ၊ တွေးခေါ်ရေးသမား၊ စိတ်ကူးသမား၊ သက်သက်မဟုတ်ပါဘူး"

# အညတြ စစ်သည်

မြို့ရန်ကုန်၏ပူလောင်ပြင်းပြသော ရာသီဥတုဒဏ်ကြောင့် အဖွားချစ်သည် ယပ်တောင်ကိုအဖော်ပြုကာ အိမ်ရှေ့ဆင်ဝင်အောက်ရှိ ကွပ်ပျစ်တွင် လဲလျောင်းအနားယူနေသည်။ ဖွားချစ်အနားယူ၍ နာရီဝက်ခန့်အကြာတွင်မြေးအလတ်မ ရွှေတုတ်တစ်ယောက် စာအုပ်တစ်ပွေ့တစ်ပိုက်ဖြင့် ခြံအတွင်းဝင်လာလေ၏။ တစ်ယောက်တည်းမဟုတ်၊ မိန်းကလေးတစ်ဦးနှင့် ယောက်ျားလေးနှစ်ဦး အဖော်ပါလာခဲ့သည်။

"ဒီကွပ်ပျစ်က သူတို့စာဆွေးနွေးနေကျ၊ လေပေါ်နေကျနေရာပဲ၊ ငါဖယ်ပေးရမှာပေါ့" ဟု တွေးကာ လှမ်းခေါ်လိုက်သည်။

" မြေးတို့ လာကြလာကြ၊ အိမ်ထဲက ခုံတွေပါယူခဲ့ကြ"

ပြောပြောဆိုဆိုနှင့် အိမ်ခန်းထဲရှိ ဆက်တီခုံတစ်ခုပေါ် ဝယ် ပုတီးစိပ်ရင်း ထိုင်နေလိုက်သည်။

ကောင်လေးနှစ်ယောက်က အိမ်ထဲကခုံများသယ်ထုတ်ကြ၏။ ရွှေတုတ်နှင့် အဖော်မိန်းကလေးက ရေပုလင်းနှင့် ဖန်ခွက်များ ယူလာကြသည်။

"ကဲရေအေးအေးလေး သောက်ကြဦး၊ ပြီးမှစာကိစ္စလုပ်တာပေါ့၊ အချိန်နှစ်နာရီကျော်လောက်ရပါသေးတယ်"

ရွှေတုတ်က ဆော်ဩလိုက်သည်။

"ဗိုး. . . ပူလိုက်တာဟာ၊ ဟိုနေ့က ဒီမှာ ဦးထုပ်မေ့ကျန်ခဲ့လို့ အပူဒဏ်တော်တော်ခံလိုက်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ရွှေတုတ်က နံရံတွင် ချိတ်ထားသော ဦးထုပ်ကို သွားယူသည်။ ဦးထုပ်သည် ဧည့်ခန်းနံရံအောက်ခြေမှ (၇)ပေခန့်မြင့်သော သံချောင်း၌ ချိတ်ထားခြင်းဖြစ်သဖြင့် ရွှေတုတ်တစ်ယောက်ခြေဖျားထောက် ကာ ဖြုတ်ယူရသည်။ ခြေဖျားထောက်လိုက်စဉ် အရပ် ငါးပေခြောက်လက်မ ခန့်မြင့်သော ရွှေတုတ်၏ မြင့်မားသောအရပ်မှာ ပို၍ပင်မြင့်သွားသယောင် ဖြစ်သွားသည်။ ဤသည်ကို ကြည့်နေသော ဇာခြည်က-

"ရွှေတုတ်ကတော်တော် DOMINENT ဖြစ်တာပဲဟဲ့"

"ဘာကို DOMINENT ဖြစ်တာလဲဟ"

သဘောမပေါက်သော အောင်လွင်ဦးက ပြန်မေးသည်။

"ဟဲ့. . . ၊ သူ့အဖိုးနဲ့တူတာကိုပြောတာ၊ သူ့အဖိုးကအင်္ဂလိပ်"

"ဩော်. . . ဒါကြောင့် ရွှေတုတ်က အရပ်ရှည်ပြီးကုလားမလေး လိုလိုထင်ရတာကိုး၊ တကယ်တော့ ဘိုစပ်တာပဲ"

"အေးဟုတ်တယ်၊အဖိုးကဘိုအစစ်၊ အဖွားကဗမာ။ အဲဒါနင်တို့ ဘာပြောချင်လို့လဲ"

ဦးထုပ်ယူလာသော ရွှေတုတ်က ခပ်စွာစွာလေး မေးလိုက်သည်။

"ဩော် ဒါကြောင့် နင့် English က အရမ်းကောင်းတာကိုး၊ ဒို့က ဘူးမရှိတော့ နင့်လောက်မတော်ဘူးပေါ့ဟာ"

ဇာခြည်က ရွှေတုတ်ကိုရော၊ ဖွားချစ်ကိုပါ အလွန်အားနာသွားသည်။ သို့သော် ရှည်ရှည်ဝေးဝေးမတွေးသော အောင်လွင်ဦးက မလျှော့ဘဲ ဆက် ပြောပြန်သည်။

"ဟဲ့. . . ရွှေတုတ်ငါတို့ကို အင်္ဂလိပ်အမွေအနှစ်ကလေးများ ခွဲခြမ်း ပါဦးဟ"

"နင်ဘာတွေပြောနေတာတုန်း၊ ဘာအမွေအနှစ်လဲ"

"ဒီလိုလေဟာ အင်္ဂလိပ်စာနဲ့အင်္ဂလိပ်စကား ဒို့ကိုကျွမ်းကျင်သွား အောင်သင်ပေးပါဦးလို့ပြောတာပါ"

"တတ်ချင်ရင် ကိုယ့်ဘာသာကိုယ်လေ့လာပေါ့၊ ကျူရှင်တွေ သင်တန်း တွေပေါ်မှပေါ၊ ငါကကျူရှင်ဆရာ မဟုတ်ဘူး"



ရွှေတုတ်က မျက်နှာထားတင်းတင်းဖြင့် ပြန်ပြောသည်။ သူတို့သုံးဦး အချီအချပြောနေသည်ကို ကျော်စွာဝင်းက ရယ်နေသည်၊ ဖွားချစ်လည်း ယပ်တောင်ခတ်ရင်း အတိုင်းသားကြားနေရသည်။ အောင်လွင်ဦးကတော့ အလိုက်မသိတတ်။

"နင်တို့ ဘိုးဘွားတွေ ခုခေတ်ဆိုမလွယ်ဘူး"

အဆက်အစပ်မရှိသော စကားကိုဆိုပြန်၏။

"ဘာမလွယ်ရမှာလဲဟဲ့"

ဇာခြည်က ဝင်ထောက်သည်။

"ဟိုဟာလေကွာ အမျိုးဘာသာ စောင့်ရှောက်ရေးဆိုလားဘာလား"

ရွှေတုတ်ရင်ထဲ ဒိန်းကနဲ လှုပ်ခတ်သွားသည်။ သို့သော် အိမ်ခံဖြစ် နေသဖြင့် စိတ်ကိုထိန်းကာ-

"ကဲကဲမဆိုင်တာတွေပြောမနေနဲ့၊ လုပ်လက်စ PROJECT တွေ ဆက်ကြရအောင်။ ကျော်စွာရွှေ့တို့၊ စာအုပ်တွေထုတ်တော့ ဇာခြည်ရေ"

ရွှေတုတ်က စကားကို အတင်းဖြတ်ဖို့ ကြိုးစားသည်၊ သို့သော် အောင်လွင်ဦးသည် မည်သို့သော ပယောဂဆိုး ပူးနေသည်မသိ မျိုးချစ်တရား များကို ဆက်ဟောပြန်သည်၊ ဇာခြည်နှင့် ကျော်စွာဝင်းတို့က မျက်နှာရိပ် မျက်နှာကဲပြသော်လည်း မသိ၊ ရွှေတုတ်ကလည်း တစ်ခွန်းမကျန် နှုတ်လှန် ထိုးရင်း မျက်နှာကြီးနီမြန်းလာသည်။ မြေးနှင့် အဖော်များ၏ စကားရည်လုပွဲ ကိုကြားနေရသော ဖွားချစ်သည် သူ့ငယ်စဉ်ဘဝကိုပြန်လည်အမှတ်ရ အောက်မေ့ သွားတော့သည်။

၀

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းနေဆဲကာလဖြစ်သည်။ တစ်နိုင်ငံလုံး မျိုးချစ်စိတ်ဓါတ်ပြင်းထန်နေသည်။ ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ် ရှမ်းစုရွာ၏ သူကြီးဘချစ်သည် အင်္ဂလိပ်အမှုထမ်းပင် ဖြစ်လင့်ကစား ဒို့ဗမာအစည်း အရုံးဝင်ဖြစ်ခဲ့သူသည်။ ဒို့ဗမာအစည်းအရုံးဝင်ဖြစ်ခဲ့သောကြောင့် သူကြီး ရာထူးက ဖြုတ်ပစ်လျှင်လည်း မှုမည်သူတော့မဟုတ်။ ဦးဘချစ်မှာ လယ်တွေ မြေတွေရှိသည့် ချမ်းသာကြွယ်ဝသူဖြစ်သည်။ သူကြီး၏ သမာသမတ်ကျမှု၊ ဖြည်းကမ်းရှိမှု၊

www.burmeseclassic.com



အုပ်ချုပ်မှု အရည်ချင်းကောင်းမှုတို့ကြောင့် ရွာကလေးစား သည်၊ ခရိုင်အတွင်း နာမည်ကောင်းသလို အလျှုအတန်းရက်ရောမှု၊ ဘာသာ တရားကိုင်းရှိုင်းမှုရှိသော ဘုရားဒကာ၊ ကျောင်းဒကာကြီးလည်းဖြစ်ပေသည်။အစိုးရကလည်း သူ့လိုလူကို လက်မလွှတ်နိုင်၊

သူကြီးဘချစ်တွင် သား**မောင်မျိုးချစ်**နှင့် သမီး**စာမရီချစ်**တို့ရှိသည်။ မျိုးချစ်စိတ်ထက်သန်စေသောငှာ ထိုနာမည်များပေးခဲ့ခြင်းဖြစ်သည်။ ရွာမှာ ဖျာပုံအပိုင်ဖြစ်သော်လည်း သားနှင့်သမီးကို ရွာနှင့်အနီးဆုံး ကျိုက်လတ်မြို့ အမျိုးသားကျောင်း၌ ပညာသင်စေသည်။ သူကြီးကတော် ဒေါ်ဖွားရီမှာ သားနှင့် သမီးကို မခွဲလိုသော်လည်း ပညာရေးအတွက် မကန့်ကွက်ခဲ့ပေ။ မောင်နှမ နှစ်ယောက်စလုံး ပညာရေးမှအပ အခြားကိစ္စများကို စိတ်မဝင်စားကြသဖြင့် ပညာထူးချွန်ကြသည်၊ လူမှုရေးကိစ္စများတွင်လည်း တက်ကြွစွာပါဝင်သဖြင့် လူသိများကာ ဆရာများ၊ ကျောင်းသားများက ချစ်ခင်ကြလေသည်။

မောင်နှမနှစ်ဦးသည် ဖခင်ဝယ်ထားသော ကျိုက်လတ်မြို့ရှိအိမ်တစ်လုံးတွင် အဒေါ်အပျိုကြီး ဒေါ်အေးညွန့်၏ စောင့်ရှောက်မှုဖြင့် မပူမပင် ကျောင်းတက်ရ၏။ **မောင်မျိုးချစ်**မှာ ကျန်းမာရေးကြောင့် ကျောင်းထား နောက်ကျရာ **စာမရီချစ်**နှင့် အတန်းတူ၏။ ဤသို့ မောင်နှမနှစ်ယောက် တစ်နှစ်တစ်တန်းမှန်မှန်အောင်ခဲ့ရာ မက်ထရစ်စာမေးပွဲ ဖြေရမည့် အဆင့်သို့ပင်ရောက်လာလေ၏။ အချိန်ကာလကလည်း လွတ်လပ်ရေးရပြီး တစ်နှစ်ပင်ကျော်လာလေပြီ။ ပညာရေးအတွက်အရေးကြီးဆုံးသောနှစ် ရောက်ကာမှ **စာမရီချစ်** ၏ နှလုံးသားမှာ မမျှော်လင့်ဘဲ လှုပ်ရှားလာလေ တော့သည်။

**ဒေးဗစ်** သည် ဘီအိုစီ ရေနံကုမ္ပဏီမှ ဗြိတိသျှလူမျိုးလူငယ် အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ကျိုက်လတ်မြို့နယ် ကျေးရွာများတွင် ရေနံရှာဖွေရေးအတွက် ကွင်းဆင်းစမ်းသပ်မှုများ လုပ်နေသူဖြစ်သည်။ အသက် (၂၄) နှစ်ခန့်ရှိပြီး **စာမရီချစ်** ထက်လေးနှစ်ကြီးသည်။ **ဒေးဗစ်** တစ်ယောက် ကျိုက်လတ်ဈေးအတွင်း တရုတ်ဆိုင်တွင် ဈေးဝယ်နေစဉ် ဈေးဝယ်လာသူ **စာမရီချစ်** နှင့် ဆုံခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်စကားမတတ်သော ဆိုင်ရှင် တရုတ်နှင့် **ဒေးဗစ်** တို့အကြား ကူညီကာ စကားပြန်လုပ်ပေးရင်း သိကျွမ်းခဲ့ ရသည်။ သာမန်မျှသာဖြစ်ပါသည်။ နောက်တစ်ကြိမ်တွင် **စာမရီချစ်** တို့ မောင်နှမ



နှစ်ယောက် သင်္ဘောမှပစ္စည်းချနေသော **ဒေးဗစ်** နှင့်ဆုံပြန်၏။ **ဒေးဗစ်** နှင့် အလုပ်သမားများအကြား ဆက်သွယ်မှုအခက်အခဲကို မောင်နှမနှစ်ဦးက ထပ်မံကူညီခဲ့ခြင်းဖြင့် ပိုမိုရင်းနှီးလာခဲ့သည်။

**မောင်အောင်ချစ်** က **ဒေးဗစ်** ကို အိမ်အလည်ခေါ်သည်။ **ဒေးဗစ်** ၏ မိဘများမှာ ဘိလပ်တွင်ရှိပြီး ညီတစ်ယောက်ညီမတစ်ဦးရှိကြောင်း သိရှိခဲ့ ရသည်။ ဤသို့ ရွှေနည်သည် **ဒေးဗစ်** အဝင်အထွက်များရာမှ **စာမရီချစ်**နှင့် သံယောဇဉ်ဖြစ်ကာ မေတ္တာမျှခဲ့ကြလေသည်။ နှစ်ဦးသားတွေ့ဆုံမှုမှာ ရိုးစင်း လှပေသည်။ ထိုအခြေအနေကို သိရှိသော **မောင်မျိုးချစ်** တစ်ယောက် ခေါင်း မီးတောက်ရသည်။ နှမငယ်ကိုချစ်သဖြင့် မတားရက်သော်လည်း ဖခင်ကြီး သိရှိပါက ပြဿနာကြီးလာနိုင်ကြောင်း သူအသိဆုံးဖြစ်သည်။ အဒေါ်ဖြစ်သူ **ဒေါ်အေးညွန့်** မှာလည်း တူမလေးအတွက် စိတ်ပူရသလို အကို ဖြစ်သူကို မည်သို့မျက်နှာပြရမှန်း မသိတော့ပေ။ အချစ်အတွက် အားလုံးကို ရင်ဆိုင်မည့် **စာမရီ** ကတော့ အေးအေးဆေးဆေးပင်။

**မောင်မျိုးချစ်** နှင့် **ဒေါ်အေးညွန့်**တို့ **စာမရီ** ကိစ္စ ဦးဘချစ်ထံ တင်ပြရေး ခက်ခဲနေစဉ်မှာပင် တစ်စုံတစ်ယောက်မှတဆင့် ဦးဘချစ်ထံ **စာမရီ** နှင့် **ဒေးဗစ်** ကိစ္စပေါက်ကြားလေတော့၏။ မကြာမီဦးဘချစ်မြို့သို့ တက်လာကာ ပွဲကြမ်းလေ၏။ **မောင်မျိုးချစ်**နှင့် **ဒေါ်အေးညွန့်**တို့ နှစ်ဦး ခေါင်းမဖော်ရဲတော့။

"ကဲ၊ နှစ်ကောင်စလုံးစာမေးပွဲလည်းဆက်မဖြေနဲ့တော့၊ ဒီအိမ်ကြီး လည်းရတဲ့ ဈေးနဲ့ရောင်းမယ်။ ရွာကိုသာ ပြန်ခဲ့ကြတော့။ ဘယ့်နှယ့်ဗျာ၊ တိုင်းတစ်ပါးသား ဘာညာမှန်းမသိ၊ သူ့မှာအိမ်ထောင်ရှိမရှိလည်းမသိ၊ သူတို့ မျိုးရိုးလည်းမသိနဲ့ နင့်ဥစ္စာ လေဖမ်းဒန်းစီးတာပဲ **စာမရီ**မရဲ့။ ဟေ့ကောင် **မျိုးချစ်**"

"ဗျာ ၊ အဖေ"

"အဲဒီ **ဒေးဗစ်** ဆိုတဲ့ကောင်အကြောင်း မင်းဘယ်လောက်သိလဲ"

"ဘာမှတော့ ထူးထူးခြားခြားမသိပါဘူး အဖေ၊ အင်ဂျင်နီယာ တစ်ယောက် ဆိုတာပဲ သိရတာပါ၊ ဒါပေမယ့် စိတ်ကောင်းရှိပြီး အေးအေးဆေးဆေးနေတဲ့ ပညာတတ်ပါအဖေ"

"ကောင်းကွာ၊ အစ်ကိုလုပ်တဲ့ကောင်ကပါ သူ့ဘက်ခပ်ပါပါလားဟေ့"

"ဟဲ့ **စာမရီ**၊ ငါဟာ မျိုးချစ်နိုင်ငံရေးသမားတစ်ယောက်ဆိုတာ နင်

www.burmeseclassic.com

www.burmeseclassic.com



သိတယ်နော်၊ ကိုယ့်ရပ်ရွာကို အလိုတော်ရိ အုပ်ချုပ်တာမခံရအောင် ငါသူကြီး လုပ်နေတာဟဲ့။ ငါဟာ လူမှုရေး၊ ဘာသာရေး ဦးဆောင်နေတယ်ဆိုတာ နင်သိရက်နဲ့ ဒီလိုလူမျိုးရဲ့သမီးက ဘာသာခြားအင်္ဂလိပ်ကို လင်တော်ချင်တယ်ဆိုတာ အရပ်ရပ်ကြားလို့မှ တော်ပါမလားဟင်။ နင်ဟာ ငါ့မျက်နှာ၊ ငါ့သိက္ခာ၊ အမျိုးဂုဏ်မှမထောက်ထားတော့ဘူးလား ခွေးမရဲ့"

ဦးဘချစ်သည် အလွန်ချစ်မြတ်နိုးသော သမီးငယ်အတွက် ရင်ထုမနာဖြစ်ရသည်ကတစ်ကြောင်း၊ သူ့ဂုဏ်ဒြပ်များအတွက် ရပ်ရွာထဲ မည်သို့မျက်နှာပြရမည်လဲ တွေးတောကာ ဒေါသထွက် အရှက်ကြီးရှက်ရသည်ကတစ်ကြောင်းမို့ တစ်ကြိမ်မှဆဲဆို ငေါက်ငမ်းခြင်းမရှိခဲ့သော သမီးအား ပြောဆိုရပြီး လွန်စွာစိတ်ထိခိုက်နေလေသည်။

"ရွာနဲ့မြို့ပေါ်က ဆရာတော်တွေ၊ လူကြီးတွေကို အဖေ ဘယ်လိုရင်ဆိုင်ရပါ့မလဲ၊ ဘယ်လိုလျှောက်ထားရမလဲ သမီးရယ်။ ဒို့မှာ နေနိုင်စား နိုင်တဲ့ အင်အားလဲရှိပါရဲ့၊ လောကြီးမှာ ကိုယ်နဲ့ အပ်စပ်တဲ့ ဗမာအမျိုး သား တွေလည်း အများကြီးပါ၊ စဉ်းစားပါဦးကွယ်"

ဦးဘချစ် လေသံပျော့သွား ပြန်သည်။

" နေပါဦး ဒီကောင်လေးရဲ့ ဘာသာတရားက ဘာတဲ့တုန်း"

" သူ့မှာ ဘာသာမရှိဘူးတဲ့ အဖေ"

"ဟေ၊ လွန်လှချေကလားဟဲ့၊ အဲ့ဒါမှ မိစ္ဆာကောင်၊ မိစ္ဆာအစစ်ပဲ။ ကွန်မြူနစ်များဖြစ်နေရောလားဟယ်၊ ကြုံပါကြုံဖူးပေါင်ဗျာ၊ တိတ္ထိကိုမှ ရွေးကြိုက်ရသတဲ့၊ အေးညွန့်၊ နင်လည်း တော်တော်အသုံးမကျတာပဲ၊ ဘာမှ ထိန်းထိန်းသိမ်းသိမ်းမလုပ်နိုင်ဘူး"

ပြောရင်းဆိုရင်း ညီမ **ဒေါ်အေးညွန့်** ဘက်ရောက်သွားပြန်၏။

"**စာမရီ** နင်သင်ထားတဲ့ ပညာတွေ၊ ဆရာတော်တွေ၊ လူကြီးမိဘဆိုဆုံးမတာတွေ၊ ဘယ်ရောက်သွားသလဲဟင်။ မိုက်မဲလှတယ်။ ကဲ၊ ကဲမဖြစ်ချေဘူး မဖြစ်ချေဘူး။ အိမ်ရောင်းဖို့ နောက်မှလုပ်၊ အားလုံးခုချက်ချင်း ရွာပြန်လိုက်ခဲ့တော့၊ အမျိုးဘာသာလည်း အပျက်မခံနိုင်ဘူး၊ သိက္ခာလည်း အကျမခံနိုင်ဘူး၊ သူ့ဘာသာအင်ဂျင်နီယာမကလို့ အင်္ဂလိပ်ဗိုလ်ချုပ်ဖြစ်ပေစေ သဘောမတူဘူးဟေ့"



"သမီးတောင်းပန်ပါရစေအဖေရယ်၊ စာမေးပွဲက ရက်ပိုင်းပဲလိုတာ မို့ပြီးအောင်တော့ ဖြေပါရစေ"

**စာမရီ** က ငိုသံပါလေးနှင့်တောင်းပန်သည်။

"ဘာလဲ၊ စာမေးပွဲပြီးတာနဲ့ လင်နောက်လိုက်လေသတည်းလို့ လုပ်မလို့လား၊ မရဘူးဟေ့-ဘချစ်တဲ့၊ သူကြီးလုပ်လာတာကြာပေါ့၊ ဓါးပြတောင် ကိုယ်တိုင်လက်ရဖမ်းခဲ့တာ၊ နင့်လောက်တော့ ရိတာပေါ့"

"ဟုတ်ပါတယ်အဖေရယ်၊ ကျွန်တော်လည်းရှိတာပဲ စာမေးပွဲလေးတော့ ဖြေပါစေ၊ ဒါအရေးကြီးဆုံးမို့ပါ "

**မောင်မျိုးချစ်** က မျက်နှာငယ်ဖြင့် ဝင်တောင်းပန်သည်။

''ဟေ့ကောင်ကြံ့ရာပါ။ အခါတော်ပေး၊ မရှက်မရှိတဲ့ကောင်။ ဘာမှ ဝင်မပြောနဲ့၊ ငါလုပ်မိလိမ့်မယ်၊ မင်းတော်တော့"

စာမရီတစ်ယောက်ငိုရုံကလွဲ၍ ဘာမျှမတတ်သာတော့ပဲ၊ ရွာသို့လိုက်ခဲ့ရတော့သည်။ **ဒေါ်အေးညွန့်** တောင်းပန်လွန်းသဖြင့် **မောင်မျိုးချစ်**သာ စာမေးပွဲဆက်ဖြေခွင့်ရသွားသည်။ ထိုအချိန်တွင် **ဒေးဗစ်**မှာ ရန်ကုန်ရောက်နေသဖြင့် ဘာမျှမသိရှာပေ။

**စာမရီ** ရွာပြန်ရောက်လျှင် အချို့ကစပ်စုကြသည်။ နာလိုခံခက်ပြောဆိုဝေဖန်ကြသည်၊ သူငယ်ချင်းအချို့က ကိုယ်ချင်းစာစိတ်ဖြင့် ဖေးမကြသည်။ အထူးအားဖြင့် အဖေအမေဆုံးမစကားနှင့် ဆွေမျိုးများ၏ တရားတွေကို နေ့စဉ်လိုလို ကြားနာနေရလေသည်။

အချစ်မှာ မျက်စေ့မပါသလို နားလည်းရှိဟန်မတူသော **စာမရီ** တစ်ယောက် ဆုံးမစကားများကို အာရုံမရှိတော့ပါ။ စိတ်က **ဒေးဗစ်** ထံသာ ရောက်နေတော့၏။ အချစ်နတ်၏ဖမ်းစားမှုကြောင့် လူရောစိတ်ပါ ပင်ပန်းနေစဉ် **မောင်မျိုးချစ်** ထံမှ သတင်းစကားကို လူကြုံကြားခဲ့ရသည်မှာ စာမေးပွဲ ဖြေပြီးတွင် **ဒေးဗစ်** ဟို့ လာရောက်တောင်းကြမည် ဆိုခြင်းဖြစ်သည်။ သို့ဖြင့် **မောင်မျိုးချစ်** စာမေးပွဲအပြီး သုံးရက်ခန့်တွင် ဘီအိုစီရေနံကုမ္ပဏီမှ မြန်မာအရာရှိ သုံးဦးနှင့် မြို့ခံလူကြီးအချို့ ရွာကိုရောက်လာကြတော့သည်။ ဦးဘချစ်က လုံးဝအတွေ့အခံသဖြင့် မအောင်မြင်ခဲ့ကြပေ။ ပိုဆိုးသည်မှာ ရွာခံလူငယ် ကာလသားအချို့က မချေမငံပြောလွှတ်ကာ ကန့်ကွက်ကြခြင်းကြောင့် ဘက်လျော့

www.burmeseclassic.com



ကြရသည်။ **စာမရီ**ချစ်ကိုလည်း ညတိုင်းမကြောကြောအောင် ဂျပန်ခေတ် တွင် လှောင်ပြောင်ခဲ့သော **စိန်ကြည်**တေးသွားဖြင့် **စိန်ကြည်** ချစ်ဟုပင် သရော်တာခဲ့ရရှာသည်။

တနေ့တွင် သမီးတစ်ကောင်နွားတစ်ထောင်ဆိုရလောက်အောင် ထိန်းရခက်သည့် **စာမရီ**တစ်ယောက် **ဒေးဗစ်** နှင့်လိုက် ပြေးလေတော့၏။ သူကြီးဦးဘချစ်တစ်ယောက် သည်တစ်ကြိမ်ရည်းစားခါးပြကိုတော့ မဖမ်းနိုင် ခဲ့ပါ။

**ဒေးဗစ်** နှင့်အချိန်းချက်ပြုကာ ဖျာပုံမြစ်ဝတွင် **ဒေးဗစ်** က သင်္ဘော နှင့်စောင့်၊ **စာမရီ** က သူငယ်ချင်းတစ်ဦး၏ အကူအညီဖြင့် လှေတစ်စီးယူကာ သင်္ဘောပေါ် အရောက်သွားကာ ချစ်ခရီးဇရာစခဲ့ကြလေတော့သည်။

သူကြီးဦးဘချစ်တစ်ယောက် လက်စွဲတော်နှလုံးပြူးသေနတ်ထက် ဆယ်ဆမက ပြင်းထန်သော ပေါက်ကွဲမှုဖြင့် ပွင့်ထွက်ကာ သမီးနှင့် လုံးဝ မဆက်သွယ်ဘဲ ဆွေခန်းမျိုးခန်း ဖြတ်လေတော့သည်။

**ဒေးဗစ်** သည် ရန်ကုန်ရှိ ဘီအိုစီကပေးသောအိမ်တွင် **စာမရီ** ကို အေးချမ်းစွာနေစေ၏။ ကျောင်းဆက်တက်စေ၏၊ **စာမရီ** မက်ထရစ်အောင်ပြီး နောက်တစ်နှစ်တွင် **ဒေးဗစ်** ၏ အလုပ်ဘိလပ်ကိုပြောင်းရ၏။ ဘိလပ်ရောက် ကာမှ ဇာတိမြေကိုလည်းကောင်း၊ မိဘကိုလည်းကောင်း **စာမရီ** အထူး လွမ်းဆွတ်မိသည်။ မတူညီသော ယဉ်ကျေးမှုခလေ့တို့ကြောင့် မြန်မာ့ဓလေ့၊ ယဉ်ကျေးမှုနှင့် ဘာသာတရားကို ပိုမိုတန်ဖိုးထားလာမိသည်။ ငယ်စဉ်က အမြစ်တွယ်ခဲ့သော မျိုးချစ်စိတ်မှာ အစို့အညှောက်ပေါက်လာလေသည်။

**ဒေးဗစ်** နှင့်တကွ သူ၏မိဘများကလည်း စောင့်ရှောက် အရေးပေး ကြပါသည်။ ကောလိပ်ကို ဆက်တက်စေသည်။ မည်သို့ပင်ဂရုစိုက်ကြစေကာ မူ **စာမရီ**သည် အမိနိုင်ငံနှင့် မိဘတို့ကို အချိန်ရှိသရွေ့ လွမ်းသောစိတ်ကို ပြေစေရန် စာများများဖတ်ကာ၊ ဘာသာတရားကို ကြိုးစားလိုက်စားလိုက်စား ခဲ့သည်။ အိမ်တွင်ဘုရားစင် ဘုရားခန်း စနစ်တကျထား၍ ပန်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးမပြတ်စေရ။ **ဒေးဗစ်** နှင့်ယောက္ခမ ဆွေမျိုးများကလည်း မကန့်ကွက် မဝေဖန်ဘဲ အားပေးကူညီကြသဖြင့် ကျေးဇူးတင်ကာ စိတ်သက် သာရာရလေ၏။

ဘိလပ်တွင် သုံးနှစ်ကျော်လာသော် **ဒေးဗစ်**၏ ဘာသာမဲ့ဖြစ်ရခြင်း အကြောင်းရင်းကိုလည်း သိလာရသည်။ တကယ်တော့ **ဒေးဗစ်** သည် မည်



သည့် ဘာသာကိုမျှ အလွယ်တကူ လက်ခံယုံကြည်မှုမရှိခြင်းပင်ဖြစ်သည်။ မိဘ၏ နှစ်ခြင်းခရစ်ယာန် ဝါဒကိုပင် ၎င်း၏တွေးခေါ် ရေး သဘောတရားနှင့် မတိုက်ဆိုင်၍ လက်မခံခဲ့ချေ။ ၎င်းသူကိုယ်တိုင် ဗုဒ္ဓဘာသာမှလွဲ၍ အခြား ဘာသာကြီးများကို လေ့လာဖူးသော်လည်း ကျေနပ်လက်ခံနိုင်ခြင်း မရှိသေး ကြောင်း **စာမရီ** ကို ရှင်းပြခဲ့သည်။

ထို့နည်းတူ ဇနီးဖြစ်သူ **စာမရီ**၏ ရုပ်တုကိုးကွယ်မှု၊ ဆီမီးရေချမ်း ဆွမ်းများ ကပ်လှူမှု၊ ဘုရားရှိခိုးဆုတောင်းမှုတို့ကိုလည်း သဘောမပေါက်နိုင် ခဲ့ပေ။ ထိုအချက်များကို **စာမရီ**က အခွင့်ကောင်းယူကာ၊ ဗုဒ္ဓဘာသာအကြောင်း ကို ကောင်းကောင်းဆွေးနွေးရမည်ဟု စဉ်းစားမိသည်။ သို့အတွက် အင်္ဂလိပ် လို ကောင်းစွာ ရှင်းပြနိုင်ရန် စာကြည့်တိုက်များရှိ ဗုဒ္ဓစာပေများရှာရသည်၊ ရန်ကုန်သို့လည်း စာအုပ်များလှမ်းမှာ၍ ကျေညက်စွာ နားလည်အောင် ကျမ်းဂန်စာပေများကို လေ့လာရသည်။ **စာမရီ** ကိုယ်တိုင်လည်း စာကြည့် တိုက် ဝန်ထမ်းတစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်နေသဖြင့် ပါဠိ-အင်္ဂလိပ် ဘာသာပြန် ဗုဒ္ဓစာပေများများစွာ လေ့လာခွင့်ရခဲ့လေသည်။

ဗုဒ္ဓဆိုတာဘာလဲ၊ ဗုဒ္ဓဝင်သမိုင်း၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပာဒ် စသည့်တရားတော်များ၊ အဘိဓမ္မာများကို **ဒေးဗစ်** ကိုသာမက ယောက္ခမနှင့် မိသားစုကိုပါ အချိန်ရလျှင်ရသလို ရှင်းပြခွင့်ရခဲ့သည်။ **ဒေးဗစ်** ဆိုသည်မှာ လည်း အမှန်တရားကို ရှာဖွေနေသူတစ်ယောက်ဖြစ်ရာ အမှောင်ထဲမှ လူတစ်ယောက်အတွက် သစ္စာအလင်းရောင်ကို စတင်မြင်တွေ့လာရသဖြင့် ဝမ်းသာအားတက်သွားလေသည်။

အထူးအားဖြင့် ဗုဒ္ဓ၏ လူသားဆန်သော- ဝါဒကို နှစ်သက်လှသည်။ အရာရာကို တန်ခိုးတော် အနန္တဖြင့် သတ္တဝါတို့အား သေစေ၊ ရှင်စေအုပ်ချုပ် နေမှုထက် မိမိကိုယ်မိမိဖန်တီးနိုင်ခွင့်ရှိသော ဗုဒ္ဓဝါဒကို **ဒေးဗစ်** က လေးစား လာသည်။ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးတို့၏ အနက်အဓိပ္ပါယ်နှင့်တကွ အဘိဓမ္မာတရားတော်တို့ကိုပါ သိလာရသဖြင့် အနှိုင်းမဲ့ ကြည်နူးခဲ့လေသည်။ အဆုံးစွန် အားဖြင့် လူသားတိုင်းသည် ဘုရားဖြစ်နိုင်လောက်သော ဝီရိယ၊ ဇွဲနှင့် ပညာဉာဏ်အားရှိလျှင် ဘုရားဖြစ်နိုင်ခွင့်ပင် ရှိသည့်အချက်ကို ကျေနပ် စွာ လက်ခံခဲ့ပေသည်။ မြတ်ဗုဒ္ဓ၏ လောကုတ္တရာသာမက လောကီ ကျင့်ဝတ် ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်မှုများ၊ (၃၈) ဖြာ မင်္ဂလာတရားတော်၏ လူမျိုးဘာသာ၊ မခွဲခြားဘဲ လက်ခံကျင့်သုံးနိုင်သည့် အဆုံးအမများကိုပါ လက်ခံခဲ့လေသည်။ ကိုယ်တိုင်ကိုယ်ကျ လေ့လာကျင့်ကြံက အမှန်တရားကို တွေ့ရှိနိုင်ကြောင်း၊ စဉ်းစားဆင်ခြင်တုံတရား အပြည့်ပေးထားသော ကာလာမသုတ်တော်လာ မြတ်တရား၏ သာသနာပြုရေးသဘောထား ပြည့်ဝမှုကိုလည်း နှလုံးသား အထိ ပျံ့နှံ့စိမ့်ဝင်ကာ ပီတိဖြစ်ခဲ့ရလေသည်။

**စာမရီ** မှာ မမျှော်လင့်ဘဲ သာသနာပြုခွင့်ရလေပြီ၊ **ဒေးဗစ်** ၏ နှလုံးသားတွင် အယူဝါဒရေးရာ အရောင်အသွေးမရှိခဲ့၍လည်း ဗုဒ္ဓ၏ သစ္စာတရားတော်များကို သူ၏ နှလုံးသား၌ အခုအခံနည်းစွာ ရွှံ့မြဲစေခဲ့သည်။ သို့သော် လွယ်ကူသည်တော့မဟုတ်ခဲ့ပါ၊ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဘူးသော အယူအဆများ၊ ဝါဒများဖြစ်ခဲ့သဖြင့် ဝိစိကိစ္ဆာမှာလည်း များလှချေသည်၊ ပညာတတ်တဦးဖြစ်ပြီး ယဉ်ကျေးမှုခလေ့မှာလည်း ခြားနားလွန်းသဖြင့် ဆန့်ကျင်ဘက်မေးခွန်းများ၊ စောဒကတက်မှုများနှင့် အတွေးအခေါ်များအတွက် **စာမရီ** ဖြေရှင်းရသည်မှာ ခက်ခဲလှပေသည်။ သို့သော် **စာမရီ** မှာ ဘာသာ ရေး အခြေခံလည်းရှိ၊ အင်္ဂလိပ်စာကလည်းကောင်းလွန်းသဖြင့် **ဒေးဗစ်** ဘဝင်ကျသည်အထိ ဖြေရှင်းနိုင်ခဲ့ပေသည်။

**ဒေးဗစ်** က မရှင်းသည်ကို စေ့စေ့ငှငှ မေးတတ်သည်။

"ငါးပါးသီလမှာ လေးပါးကတော့ဟုတ်ပါပြီ၊ ကာမေသုမိစ္ဆာကံကို ဖောက်ဖျက်ရင် အပြစ်ကြီးတစ်ခုလို့ သတ်မှတ်တာကိုတော့ ကိုသိပ်နားမ လည်နိုင်သေးဘူး"

လူမှုဆက်ဆံရေးမတူ၊ ယဉ်ကျေးမှုချင်းကွာခြားသည့် **ဒေးဗစ်** အမေး ကို သူသေသေချာချာ ရှင်းပြရ၏။

"ဒီလိုရှိတယ် **ဒေးဗစ်** ရဲ့၊ ကိုယ်တို့ဗုဒ္ဓဘာသာမှာ လူသားဟာ အသိဉာဏ်အရှိဆုံး၊ အမြင့်မြတ်ဆုံးလို့ သတ်မှတ်ထားတယ်။ ဒါကြောင့်လူဟာ တိရစ္ဆာန်လိုကျင့်ကြံရင် အပြစ်ရှိတယ်လို့သတ်မှတ်ရတာပေါ့၊ ဒီလူမှုရေး ကျင့်ဝတ်မှ မရှိရင်လူဟာ စည်းမဲ့ကမ်းမဲ့တိရစ္ဆာန်နဲ့ ဘာထူးတော့မှာလဲ၊ ဒါကြောင့် ကာမေသုမိစ္ဆာကံကို ရှောင်ကျဉ်ရမယ့် လူ့ကျင့်ဝတ်တစ်ပါးလို့ သတ်မှတ်ထားတယ်"



**စာမရီ** ၏ အဖြေကိုကြားလျှင် **ဒေးဗစ်** တစ်ယောက် နဖူးကို လက်ဝါးဖြင့်ရိုက်ပြီး

"သိပ်မှန်ပါလားကွယ်၊ ဒို့ဒါကိုသတိမထားမိကြဘူး"

တစ်ခါတွင်လည်း သူ့အတွေး ဒွိဟဖြစ်နေသည်ကို မေးလာခဲ့၏။

"ဗုဒ္ဓဂေါတမဆိုတာ ပလေးတိုးတို့ အရစ္စတိုတယ်တို့လိုတွေးခေါ် ရေးပညာရှင် တစ်ပါးပဲမဟုတ်လား"

"မဟုတ်ဘူး **ဒေးဗစ်**၊ ဗုဒ္ဓက တွေးခေါ်ရေးသမားသက်သက် မဟုတ်ဘူး၊ သူ့ရဲ့ တရားတွေဟာလည်း ထင်မြင်ယူဆချက်တွေ မဟုတ်ဘူး၊ ကိုယ်တော်တိုင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ခဲ့ရပြီး သိဒ္ဓတ္ထ အလောင်းတော် ဘဝမှာ မရှိမလမ်းစဉ် ကျင့်ကြံတော်မူပြီး ရုပ်နာမ်ခန္ဓာကို အောင်မြင်ခဲ့တယ်။ လောကသစ္စာကို ပိုင်ပိုင်သိမြင်ခဲ့ရလို့ ဗုဒ္ဓလို့ဖြစ်လာခဲ့ တာပါ၊ တွေးခေါ်ရေးသမား၊ စိတ်ကူးသမား၊ သက်သက်မဟုတ်ပါဘူး"

"ဗုဒ္ဓက ဒီလောက်အသင်္ချေအနန္တကျင့်ကြံပြီးကာမှ ဘုရားဖြစ်တော့ လည်း (၄၅)ဝါပဲ လူ့သက်တမ်းနဲ့ ဘုရားအဖြစ်စံမြန်းခဲ့တာဟာ မနည်းလွန်း ဘူးလား၊ ထိုက်တန်ရဲ့လား၊ သူဟာတန်ခိုးတော်အနန္တရှိတယ်ဆိုပြီး ကမ္ဘာ တည်သရွေ့တော့တည်ရှိသင့်တာပေါ့"

**ဒေးဗစ်** က စောဒကတက်ခဲ့သေး၏။

"ဗုဒ္ဓဖြစ်ဖို့အတွက် ဒီလောက်ရှည်ကြာ ခက်ခဲစွာ ကျင့်ကြံအားထုတ်ခဲ့ရတာဟာ သစ္စာတရားကိုသိဖို့ပဲ၊ တရားကို လက်ဝယ်ပိုင်ပိုင်ရပြီး တော့မှ သတ္တဝါတွေကို တရားဟောချေချွတ်ပြီး ဒီတရားတော်တွေနဲ့ လောက ကြီးကို အလင်းဆောင်ဖို့ပါပဲ၊ ဘုရားအဖြစ်နဲ့ စကြာဝဠာကြီးကို အတိုင်းအဆ မရှိ စိုးမိုးအုပ်ချုပ်ဖို့ကျင့်ကြံခဲ့တာမှမဟုတ်ပဲ။ တရားတော်ရှိနေပြီးမှတော့ လူနတ်ဗြဟ္မာတွေက လက်တွေ့လိုက်နာကျင့်ကြံဖို့သာ ရှိတော့တာပေါ့"

ဤသို့ဖြင့် **စာမရီ** သည် **ဒေးဗစ်** ၏ အယူအဆရေးရာ မေးခွန်း များ စွာကို မကြာမကြာဖြေနေရ၏၊ **ဒေးဗစ်** ကလည်း ဗုဒ္ဓနှင့်သက်ဆိုင်သော စာပေများကို ဖတ်ရှုမှတ်သားခြင်းပြုခဲ့သဖြင့် နောက်ဆုံးဘာသာမဲ့ အခြေအနေမှ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ခဲ့သဖြင့် **စာမရီ၏** သာသနာပြုလုပ်ငန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခဲ့လေသည်။ ထို့ထက် ပို၍ ထူးခြားသည်မှာ ယောက္ခမနှစ်ဦးနှင့် **ဒေးဗစ်** ၏ ညီနှင့်ညီမတို့ပါ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြခြင်း ဖြစ်သည်။

**စာမရီ** လည်းသားနှစ်ယောက် ထွန်းကားခဲ့သည်၊ ကလေးများကို မွေးဖွားတိုင်း မြန်မာသံရုံးတွင်မှတ်ပုံတင်ခဲ့သည်။ ယခုပင်သား များမှာ (၁၀) နှစ်နှင့် (၈) နှစ်ရှိခဲ့ပြီ။ ဖခင်ထံ စာမရေးရဲသော်လည်း မိခင်ကြီးထံသို့မူ သတိရတိုင်း စာရေးဖြစ်သည်။ ဦးဘချစ်နှင့် ဒေါ်ဖွားရီ တို့မှာလည်း လွတ်လပ် ရေးနှင့်အတူ ပေါက်ဖွားလာသော ပြည်တွင်းသောင်းကျန်းမှုဘေးကြောင့် ရန်ကုန်သို့ ပြောင်းရွှေ့အခြေချခဲ့ကြပြီဖြစ်သည်။ ဒေါ်ဖွားရီမှ တဆင့် **စာမရီ ၏** အခြေအနေကို သိသင့်သလောက် သိနေရသော်လည်း ဖခင်၏ မေတ္တာ တရားကို မာနတရားက ဖုံးလွှမ်းနေသေးသဖြင့် သမီး **စာမရီချစ်** ကို လည်းကောင်း မြေးအနှစ်များကိုလည်းကောင်း စိတ်ကူးဖြင့် မှန်းဆလွမ်းတ နေမိသော်လည်း ဟန်လုပ်နေလေသည်။

○

၁၉၇၂ ခုနှစ်တွင် **ဒေးဗစ်** ဩစတေးလျ နိုင်ငံသို့အလုပ်ပြောင်းရသည်၊ ထိုသို့အပြောင်းရွှေ့ဝယ် မြန်မာပြည်သို့ပြန်ကာ သားနှစ်ယောက်ကို ရှင်ပြု ပေးရန် စီစဉ်ကြသည်။ ထိုအစီစဉ်ကို သိသော **ဒေးဗစ်**၏ ဖခင်နှင့်ညီတို့ ကလည်း ပူးပေါင်းပါဝင်ကာ ဒုလ္လဘ ရဟန်းပြုဖို့ဆုံးဖြတ်ကြလေသည်။ ဤသို့ဖြင့်ဆွေမျိုး တစ်သိုက် တပျော်တပါး ရန်ကုန်မြို့သို့ ရောက်လာသည်။

ထိုအခြေအနေတွင် **စာမရီချစ်** မှာ မိဘအပေါ် ဆန့်ကျင်ခဲ့မှု ဖီဆန် ခဲ့မှုများအတွက် ပေးဆပ်ကျေးဇူးပြုရန် အချိန်တန်ပြီဟု ဆုံးဖြတ်လျက် **ဒေးဗစ်** နှင့်တကွ သားသမီးများကိုခေါ်ကာ မိဘများနေထိုင်သော၊ အင်းစိန်သို့ သွားရောက်ကန်တော့တောင်းပန်လေသည်။ အမျိုးဘာသာအတွက်ဟု အကြောင်းပြသော်လည်း ပတ်ဝန်းကျင်ကြောင့် တသက်လုံးအေးခဲနေသော သူကြီးဦးဘချစ်၏ မာနတရားသည် သမီးနှင့် မြေးများကိုတွေ့သည်နှင့် တပြိုင် နက် အရည်ပျော်သွားလေတော့၏။ **စာမရီချစ်**နှင့် ဖခင်တို့သည် ပီတိမျက်ရည် ဖြိုင်ဖြိုင်ကျတော့သည်။



အလှူမင်္ဂလာပွဲတွင်ကား ဖြူဖွေးနီစွေးသော အသားအရေတွင်ရွှေဝါ ရောင်သင်္ကန်းဖြင့် ကျက်သရေရှိလှသော ခမည်းခမက်၊ သားသမက်၊ ဒုလ္လဘ များနှင့် မြေးငယ်သာမဏေများအတွက် တစ်သက်နှင့်တစ်ကိုယ် မရရှိခဲ့ ဖူးသော ပီတိအရသာကို ဦးဘချစ်နှင့် ဒေါ်ဖွားရီတို့ ခံစားခဲ့ရပေသည်။ သမီးငယ် **စာမရီချစ် ၏** ဖွဲ့သတ္တိနှင့်သာသနာပြုစွမ်းရည်ကိုလည်း ဂုဏ်ယူမဆုံး တပြုံးပြုံးကြည်နူးရပေသည်။

အလှူပွဲအပြီး(၃)ရက်မြောက်နေ့တွင် တစ်သက်လုံးသမီးအတွက် ရတက်ပွေရ အရှက်ရစေခဲ့သည်ဟု ခံစားခဲ့ရသော ဇာတိမြေသို့ ဒုလ္လဘ ရဟန်းများနှင့် သာမဏေတို့ကို ပင့်ဆောင်ကာ ဆွေပြ မျိုးပြသွားကြလေ၏။ ကျိုက်လတ်မှ ရှမ်းစုရွာသို့သွားစဉ် မော်တော်စင်းလုံးငှားကာ သာသနာ အလံလွှင့်လျှက် လော်စပီကာသံကုန်ဖွင့်၍ ချီတက်ကြလေ၏၊ ရွာအဝင် တံတားထိပ်မှ သူကြီးဟောင်း **ဦးဘချစ်** တစ်ယောက် ရင်ကော့ကာ ဦးဆောင်ချီတက်သွားပုံမှာ အောင်ပွဲရစစ်သူကြီးသဏ္ဍာန်ပေါ်နေတော့ သည်။ ငါ့သမီးစာမရီချစ်ဟာ ကုသိုလ်ရေးတင်မက ကမ္ဘာလှည့် သာသနာ ပြုခဲ့ပါသကွဲ့ ဟုကျူးရင့်လေဟန်ပင်တည်း။

○

အဖွားချစ်သည်မရှိတော့သော ဖခင်ကြီးဦးဘချစ်နှင့် လွန်ခဲ့သော (၂) နှစ်ခန့်က ကွယ်လွန်ခဲ့သော ခင်ပွန်းကောင်း **ဒေးဗစ်** တို့နှင့် မိမိ၏ ဘဝအကြောင်းပြန်ပြောင်းသတိရနေစဉ် မြေးမလေး ရွှေတုတ်၏စကားသံ က သူနားထဲတိုးဝင်လာလေသည်။

"ငါ့အဖွားဟာ ခံစစ်နေရာ (Defensive) က နေ သာသနာပြုခဲ့တာ မဟုတ်ဘူး၊ (offensive) တိုက်စစ်အသွင်နဲ့ သာသနာပြုခဲ့တာဟဲ့။ သူ့နောက် မှာ ဘာအထောက်အကူမှမပါတဲ့အပြင် ပတ်ဝန်းကျင်ရဲ့ ပြစ်တင်ဝေဖန်မှု ဝိုင်းပယ်မှု၊ မိဘဆွေမျိုးတွေရဲ့စွန့်ပစ်ခံရမှု ဒဏ်ရာဒဏ်ချက်တွေနဲ့ တစ်ပြည် တစ်ရွာမှာ ဘဝတိုက်ပွဲသာသနာတိုက်ပွဲဝင်ခဲ့ရတဲ့ အညတြသာသနာ့စစ်သည် တစ်ဦးပါ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေတုတ်က ခံစားချက်ပြင်းပြင်းဖြင့် စကားကို ဆက်သည်။

"အဖွားဟာသာသနာပြုရာမှာ ခံစစ်စည်းသဲကနေ ငါဟဲ့အမျိုးချစ် ပုဂ္ဂိုလ်လို့ ရမ်းသမ်းကြွေးကြော်ပြီး အမုန်းတရားလက်နက် ပစ်လွှတ်မဲ့အစား စခန်းအပြင်ထွက်ပြီး ဗုဒ္ဓရဲ့မေတ္တာလက်နက်နဲ့ ရဲဝံ့စွန့်စားတဲ့ စိတ်နဲ့ အေးချမ်းတဲ့မေတ္တာတရားကို လွှမ်းခြုံစေခဲ့တာပါ"

အားလုံးက ငြိမ်၍နားထောင်နေကြသည်။

"တကယ်တော့ဟာ၊ လူသားအားလုံးဟာကူတူပါပဲ၊ ဇာတ်အနိမ့် အမြင့်လည်းမရှိပါဘူး၊ လူတိုင်းလွတ်လွတ်လပ်လပ် ကိုး ကွယ်ခွင့်ရှိပါတယ်။ လူရဲ့အရည်ချင်းပေါ်မူတည်ပြီး ဆုံးရှုံးမှုနဲ့ အောင်မြင်မှုဆိုတာ ရရှိမှာပါ၊ ဒါပေမယ့်နော်၊ ဒီလုပ်ငန်းက စိတ်ကူးယဉ်လို့တော့မရဘူး"

"ဘယ်လိုစိတ်ကူးယဉ်လို့မရကာတုန်းဟဲ့"

ဇာခြည်ကဝင်မေးသည်၊ ကျန်သူငယ်ချင်းနှစ်ဦးက နားခွင့်နေကြသည်။

"ဒို့တတွေပညာတတ်ရမယ်၊ အထူးသဖြင့် အမျိုးသမီးတွေပေါ့။ စာတွေ တက်ရမယ်၊ အတွေးအခေါ် ရင့်ကျက်ရမယ်၊ ဘာသာရေးအခြေခံ ကောင်း ကောင်းနဲ့ ကိုယ့်ခြေပေါ်ကိုယ်ရပ်၊ ကိုယ့်ဘဝကိုယ်တည်ဆောက်နိုင်ရမယ်၊ လင်သားအပေါ်မှာချည်း သိမ်ငယ်စွာမှီခိုနေရတဲ့ မိန်းမမျိုးမဖြစ်စေရဘူး"

"ဒါဆိုရင် အရာရာအိုကေမှာစိုပြေပြီလား"

အောင်လွင်ဦးက ဖြတ်မေးလိုက်သည်။

"ဒါတင် ဘယ်ရမလဲ၊ နင်ငါ့ကိုစောင်းပြောတဲ့ ဘိုကပြားတို့ ဘာတို့ ဆိုတာလည်း ငါရှင်းပြမယ်။ ငါ့အဖွားက ကပြားလေးတွေ မွေးခဲ့တယ်၊ ဒါပေမယ့် ငါ့ဦးလေးတွေနဲ့ ငါ့အမေကိုကြည့်စမ်း။ ဓမ္မန္တရာယ် ဘယ်နှစ်ယောက် ပါခဲ့သလဲ။ တိုင်းပြည်သစ္စာဖေါက်၊ အရက်သမား၊ စာရိတ္တပျက်သူ ပါခဲ့သလား။ ဦးလေးတွေဆို ဆရာဝန်တွေ အင်ဂျင်နီယာတွေ၊ အမေကဘော် ကျောင်းအုပ် ဆရာမကြီး၊ အားလုံး နိုင်ငံတာဝန်၊ သာသနာ့တာဝန်ကျေပွန်ခဲ့ကြတယ်။ ငါ့အစ်ကိုဆိုရင် အရာရှိငယ်ဘဝနဲ့ မြန်မာ့တပ်မတော်မှာ အသက်စွန့်တဲ့အထိ တာဝန်ကျေခဲ့တယ်။ ဒါဟာသက်သေပဲလေ"

ရွှေတုတ်၏ ချေပစကားကို သူငယ်ချင်းသုံးယောက်ကျေနပ်စွာ နားထောင်



နေကြသည်။ ထိုစဉ် ဖွားချစ်သည် စိပ်ပုတီးလေး ကိုင်ကာ ယိုင်နဲ့နဲ့ဖြင့် ထွက် လာပြီး-

"ငါ့မြေးချစ်က သိပ်စကားတတ်ပါလားကွယ်၊ ဖွားဖွားတောင် တစ်ခါမှ ဒါလောက်အထိ မစဉ်းစားမိဘူး"

ပြောရင်းထိုင်နေသော **စာမရီချစ်** ကို သိုင်းဖက်လိုက်သည်။

ရွှေတုတ်မခံချင်အောင်စခဲ့သော အောင်လွင်ဦးက-

"ရွှေတုတ်စကားတတ်တာ မဟုတ်ပါဘူးအဖွား၊ သူအမှန်တရားတွေ ပြောသွားတာပါ။ သာသနာ့စစ်သမီး အဖွားအတွက်လည်း အရမ်းဂုဏ်ယူ မိပါတယ်အဖွား"

အောင်လွင်ဦးစကားကို တပြုံးပြုံး၊ ထောက်ခံကြသည်။

"ဟုတ်တယ်၊ ဟုတ်တယ်ဖွားဖွား။ သားတို့ အခုအားလုံးပေါက်သွား ပါပြီ"


သူတို့အားလုံး လက်အုပ်လေးများချီကာ အဖွားချစ်ကို ဂါရဝပြု လိုက်ကြလေသည်။ ။

၀

ကိုချို

www.burmeseclassic.com

www.burmeseclassic.com



စာရေးနည်းသင်တန်းအမှတ်စဉ် (၄) မှ ထုတ်ဝေသော
သုတ ရသ စာစု - ၁



စာရေးနည်းသင်တန်းအမှတ်စဉ် (၄) မှ ထုတ်ဝေသော
သုတ ရသ စာစု - ၂




www.burmeseclassic.com

www.burmeseclassic.com

"လောကမှာ ပုထုဇဉ်မှန်သမျှ ကိုယ်ကျိုးသမားတွေ ချည်းပဲ၊ ဒီလိုပြောလို့ တစ်ကိုယ်ကောင်းဆန်တာ၊ ယုတ်မာတာနဲ့ ရောမသွားနဲ့၊ ဝေဝေဆိုလိုချင်တာက လူ့နှလုံးသားဟာယေမှာ တွယ်ကပ်နေတဲ့အတ္တကလေးကိုပြောတာ၊ မိဘနဲ့သားသမီး၊ မောင်နှမ၊ မိတ်ဆွေ အပြန်အလှန် ချစ်မေတ္တာတွေအမှန်တကယ်ရှိကြပါတယ်၊ ဒါပေမဲ့ စိတ်ရင်းရဲ့အနက်ရှိုင်းဆုံးမှာတော့ ကိုယ်ကျိုးကပါပြီးသား၊ ရာနှုန်းပြည့် သန့်စင်တယ်ဆိုတာ မရှိသလောက်ပါပဲ.. ."

# နှလုံးသား၏ ကြမ်းပြင်၌

ဤနေရာမျိုးလာရသည်ကို သစ်မိုးသန့်မနှစ်သက်။ ရှင်းရှင်းပြောရလျှင် မုန်းသည်။ အကြောင်းအမျိုးမျိုးဖြင့် စည်ကားလွန်းလှသော မစည်ကားအပ်သည့်အရပ်တစ်ခု၊ ဆေးရုံ။ လူဆိုသည်မှာ ပျော်စရာထက် ဝမ်းနည်းစရာကို ပိုမှတ်ထားတတ်ကြသည်ထင့်။ မကြာသလို ကြာသလို အတိတ်တစ်ခုလုံး၌ ဆေးရုံအတက်အဆင်းအလုပ်ကို ရုံးတက်သကဲ့သို့ လုပ်ခဲ့ရဖူးသည်။ မွန်းကြပ်နာကျင်စရာနေ့ရက်များကို သူပြန်အမှတ်မရလိုပေ။ ထို့ကြောင့်လည်း သူဆေးရုံများကိုမုန်းသည်။ တတ်နိုင်သမျှရှောင်သည်။ ယခုတော့မည်သို့မျှရှောင်လွှဲမရတော့။ သစ်မိုးသန့်မှာ မွေးချင်းမောင်နှမမရှိ။ အရင်းဆုံးသွေးချင်းဟူ၍ အမေ့ဘက်မှ အဒေါ်အရင်းကမွေးသည့် အစ်မတစ်ယောက်သာရှိသည်။ ထိုအစ်မ သားဦးကလေးမွေးသည်ကိုမှမလာလျှင် သူလွန်ရာကျပေမည်။ ထို့ကြောင့် သူမုန်းသည့်ဆေးရုံသို့ သက်ပြင်းအကြိမ်ကြိမ်ချရင်း ရောက်လာခဲ့ရချေပြီ။ လူချမ်းသာများသာတက်နိုင်သည့် ဆေးရုံဖြစ်သဖြင့် ဟိုတယ်ကြီးပမာ ခမ်းနားလှသည်။

"မမ နေကောင်းရဲ့လား၊ ကလေးရောဘယ်လိုနေလဲ၊ ဘယ်နှပေါင်ရှိလဲဟင်"

"ကောင်းပါတယ်သန့်ရယ်၊ ခွဲမွေးတာပဲဟာ၊ သားကပုခက်ထဲမှာ အိပ်နေတယ်၊ မမက နို့မထွက်တော့ နို့ဘူးပဲတိုက်ရတယ်၊ သူနာပြုခေါ်ထားရတယ်လေ၊ ကလေးက ၅ပေါင် ၄အောင်စရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟင်၊ မမဟာကလည်း သေးသေးလေးဟုသူ့နှုတ်မှ ထွက်ချင်သွားသည်။ အနားတွင် အစ်မ၏ယောက်ျားမရှိနေသဖြင့် အရှိန်သတ်ရသည်။ နှုတ်က လည်း ထွက်နိုင်စရာမရှိ၊ ကလေးကလည်း ထွားနိုင်စရာမရှိမှန်း သူသိသည်။ သို့သော်သူမမေးဘဲ မနေနိုင်ပြန်။

"သန့်သိထားတာ စက်တင်ဘာ due date ပါ၊ ခုမှဇူလိုင်ရှိသေး၊ ဘယ်လိုဖြစ်. . ."

"ဪ အေး၊ သန့်ကိုမပြောဖြစ်ဘူးထင်တယ်၊ ဆရာသန်းအခါပေးတာပေါ့၊ ဒီနေ့ဒီအချိန်မျိုးက နှစ်ငါးဆယ်မှတစ်ကြိမ်ပေါ်တဲ့ ဂြိုဟ်တွေနက္ခတ်တွေစုံတဲ့နေ့တဲ့၊ စက်တင်ဘာထဲမှာ ရက်ကောင်းမရှိဘူးတဲ့သန့်ရဲ့။ အဲဒါနဲ့ မမ OG ကိုမေးကြည့်တော့ ခုနစ်လကျော်စမို့ မွေးချင်လည်းရတယ်ဆိုတာ နဲ့ အားချင်းမွေးလိုက်တာပဲ ဟဲ ဟဲ. . ."

သစ်မိုးသန့် သိပြီးသားကိစ္စဖြစ်သော်လည်း အတည်ပြုသလိုထပ်ကြားလိုက်ရသောအခါ ပို၍စိတ်ပျက်မိသည်။ သတ္တဝါနှင့်ကံသည် တွဲလျက်ပါလာပြီးသားဖြစ်သည်။ မည်သည့်အရာဖြင့် ပြုပြင်ပြောင်းလဲနိုင်မည်ဟု ထင်နေကြပါသနည်း။ လူ့အမြင်အရဆိုလျှင် ကလေးမွေးသက္ကရာဇ် နှစ်လပိုကြီးသည်သာ အဖတ်တင်ပေမည်။ သံပုခက်အမြင့်ထဲ၌ ခြင်ထောင်လေးအုပ်ထားသည့် တူဖြစ်သူကို ထကြည့်လိုက်သည်။ အနီးဖြူဖြူဖြင့်ထွေးထားသည့် နီတာရဲလေးသည် ရေသန့်ဘူးလုံးမျှသာရှိ၏။ မို့အစ်အစ်မျက်နှာလေးသည် အကြမ်းပန်းကန်လုံးသာသာ။ သူဖတ်ဖူးသည့် စာတစ်ပိုင်းတစ်စကို သွားသတိရမိ သည်။ ကလေးတစ်ဦးသည် ပိုးအိမ်ထဲမှ ပင်ပန်းကြီးစွာရုန်းကန်ထွက်နေသည့် ပိုးတုံးလုံးလေးကဲ့သို့ဖြစ်၏။ ကလေးသည် ပိုးတုံးလုံးလေးကို သနားပြီးကူညီလိုသဖြင့် ပိုးအိမ်လေးကို ကတ်ကြေးဖြင့် ကိုက်ညှပ်ပေးလိုက်သည်။ ထိုအခါ ပိုးတုံးလုံးလေးသည် ပိုးတုံးလုံးဘဝနှင့်သာ ရပ်တန့်သွားလေသည်။ လှပသော လိပ်ပြာလေး ဖြစ်ခွင့်မရရှာတော့ပေ။ အချိန်အခါကျ သဘာဝ၏ကောင်းမွန်ခြင်းကို နားမလည်သူက အများသားပင်။ ကောင်းစေလိုသည့်စေတနာပင်ဖြစ်သော်လည်း အထားအသိမတတ်လျှင် အချည်းနှီးဖြစ်ရပြန်သည်။ သူ့မျက်စိထဲတွင် သူ့တူအနီးထွေးလေးကို ထိုပိုးတုံးလုံးလေးဟုသာ မြင်နေမိတော့သည်။



"မမနို့အမြန်ထွက်ရင်ကောင်းမယ်၊ သန့်တူလေး မြန်မြန်ထွားလာအောင်၊ သူ့ခမျာ စောစောစီးစီးထွက်လာရရှာတာ၊ သနားပါတယ်၊ မမယောက်ျားကလည်း အခုလိုမွေးတာ သဘောတူတယ်လား"

"အမလေး အပျိုကြီးရယ်၊ ငါကအမေပါဟဲ့၊ ကိုယ့်ကလေးကိုယ်နို့မတိုက်ချင်ပဲနေပါ့မလား၊ တစ်မနက်လုံး သူကမစို့ရလို့ငို၊ ငါကမထွက်လို့ငိုနဲ့၊ ညည်းအစ်ကိုက သဘောတူတာပေါ့၊ ကိုယ့်သားသမီး ကောင်းစားဖို့ပဲဟာ၊ ခုနစ်လမွေးက လစေ့မွေးလိုပါပဲ၊ ရှစ်လသာစိတ်ပူရတာပါအေ၊ ဆေးပညာတွေလည်းတိုးတက်နေပါပြီ၊ သူများထက်ပိုတော့ဂရုစိုက်ပေးရမှာပေါ့"

သူ့မိဘနှင့်သူ့သားသမီးဖြစ်သဖြင့် သစ်မိုးသန့်သည်ထက်ပို၍ မပြောလိုပေ။ ယခင်ကတည်းက သူ့အစ်မလင်မယားသည် မည်သည့်အလုပ်မဆို ဗေဒင်၊ နတ်စသည်အားကိုးဖြင့် လုပ်တတ်ကြောင်း သူသိပြီးဖြစ်သည်။ သူတို့စီးပွားရေးသည်လည်း အကျမရှိ၊ အမြဲတရိပ်ရိပ်တက်နေ၏။ ထို့ကြောင့် ယခုလိုသားသမီးကိစ္စ၌ကား ဆိုဖွယ်ရာမရှိတော့ပေ။

"အခုလို ဂြိုဟ်တွေကောင်းတုန်းမွေးတော့ အမိက ဘာအကျိုးပေးမှာတဲ့လဲမမ၊ ပညာရေးလား၊ စီးပွားရေးလား"

"အကုန်လုံးပေါ့ဟယ်၊ ဘယ်နယ်ပယ်မှာမဆို ထိပ်တန်းရောက်မယ်၊ ဟိုရှေးကဆိုရင်တော့ ဘုရင်တို့၊ ကုဋေကြွယ်သူဌေးတို့ မွေးတဲ့နက္ခတ်မျိုးတဲ့၊ မိဘအမွေကို ဆက်ခံနိုင်ပြီး အဆပေါင်းများစွာတိုးတက်စေမယ်၊ မိဘကိုလည်း အထူးအကျိုးပေးလိမ့်မယ်တဲ့"

ကြည်ကြည်နူးနူးပြောနေသည့် အစ်မဖြစ်သူကို သူတွေငေးကြည့်နေမိသည်။ မျှော်မှန်းချက်လောဘအနန္တများသည် မိုးထိုးမတတ်ပင်။ ကံအကျိုးပေးကို ဤကဲ့သို့နေရာချထား၍ ရနိုင်ပါမည်လား။ သူ့ရင်ထဲ အတွေးပေါင်းစုံ၊ မေးခွန်းပေါင်းစုံတို့ဖြင့် ရှုပ်ထွေးလာသည်။ သူဆက်ပြီးနားမထောင်လိုတော့ ပေ။ ဆေးရုံသို့ ရုံးစောစောဆင်းပြီး အပြန်တန်းဝင်ခဲ့ရသဖြင့် အိမ်လည်းပြန်ချင်နေသည်။ ယခုအချိန်လောက်ဆိုလျှင် သူ့အဖေလည်း အလုပ်မှပြန်ရောက်လောက်ပြီဖြစ်သည်။ သူအိမ်ပြန်ရောက်မှ ချက်ပြုတ်ခူးခပ်ပေးရဦးမည်။ သူ့အဖေသည် သူမှမလုပ်ပေးလျှင် သူကိုယ်သူဂရုတစိုက် လုပ်နေတတ်သူမဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



အစ်မကို အကျိုးအကြောင်းပြောပြီး သစ်မိုးသန့် ပြန်ရန် နှုတ်ဆက်လိုက်တော့သည်။ အစ်မဖြစ်သူက ကြာကြာမနေသဖြင့်ခန့် စကားဆို၏။

"ပြန် ပြန် အပျိုကြီးရေ၊ လင်မရှိသားမရှိနဲ့ကို ပင်ပန်းနေတာ၊ အသက်လည်း ၂၈ ရှိနေပြီ၊ လင်မြန်မြန်ယူတော့၊ အိုရင်တစ်ယောက်တည်း ဒုက္ခရောက်မယ်သိလား၊ ဟဲ ဟဲ"

"သန့်မှာ မိဘထက်ချစ်ရမဲ့သူ မတွေ့သေးဘူး မမရေ"

သူတို့လို သုံးဆယ်နီးပါးအရွယ်လူလွတ်များအတွက် ဤစကားမျိုး သည် နားရည်ဝလွန်း၏။ မည်သို့မျှမခံစားရတော့ပါ။ တစ်ယောက်တည်း ဒုက္ခရောက်မည်ကိုသာမြင်သည်။ လင်ဒုက္ခ၊ သားဒုက္ခကိုကား ဒုက္ခဟုမြင်ကြပုံမပေါ်ချေ။ အပြန်လမ်းတစ်လျှောက်လုံး မမနှင့်ကလေးအကြောင်းသာ တွေးနေ မိသည်။ သည်ဘက်နှစ်များ၌ ကလေးမွေးလျှင်ခွဲမွေးကြသည်ကများသည်။ အဆန်းမဟုတ်တော့။ သို့သော် ကလေးကောင်းစားရန်ဟူ၍ နေ့မစေ့ လမစေ့ ခွဲမွေးသည်ကတော့ တဆိတ်လွန်သည်ဟုသူထင်သည်။ အကြောင်းရင်းထဲ၌ မိဘကို အထူးအကျိုးပေးမည်ဟူသောအချက်က သူ့ကို ပိုစိတ်အနှောင့်အယှက်ဖြစ်စေသည်။ နေ့စေ့လစေ့ကလေးများလောက် ကျန်းမာကြံ့ခိုင်မည်ဟုလည်း သူမထင်။ သူ့အမေသည် သူ့ကိုဆိုလျှင် ဗိုက်အနာကြီးနာမှ သဘာဝအတိုင်း တပင်တပန်းမွေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သူမှာ အဖျားအနာနည်းပြီး ကိုယ်ခံအားကောင်းသည်ဟု ယုံကြည်သည်။ ဘဝအဆင့်အတန်းလည်း သူကြိုးစားမှုနှင့်ထိုက်သင့်သလောက် ပိုင်ဆိုင်ခဲ့သည်။ မိဘအပေါ်၌လည်း သူစွမ်းသမျှ ပြုစုလုပ်ကျွေးခဲ့သည်သာ။ သူ့အစ်မလင်မယား၏ မိဘမေတ္တာကို သူနားမလည်နိုင်တော့ပေ။ သူ့အတွေးနှင့်သူ သစ်မိုးသန့်ပင်ပန်းလှချေပြီ။

သူအိမ်ပြန်ရောက်သောအခါ ည(၇)နာရီခွဲပြီဖြစ်သည်။ အလျင်အမြန် ချက်ပြုတ် ပြင်ဆင်ပြီး ဖခင်နှင့်အတူ ညစာစားကြသည်။ အစ်မထံ သတင်းမေးရောက်ခဲ့ကြောင်းပြောဖြစ်သည်။ သူ့စိတ်ထဲဘဝင်မကျဖြစ်နေသည့် ဗေဒင်အရဗိုက်ခွဲ မွေးသည့်ကိစ္စကို ဖခင်အားမေးကြည့်မိသည်။ အစ်မ လင်မယား၏ ကလေးအပေါ်ထားသောကောင်းစားစေလိုသည့် စေတနာသည် မိဘမေတ္တာဟု ဆိုနိုင်ပါမည်လား သူသိချင်သည်။ သူ့ဖခင်၏ အမြင် နှင့်အဆုံးအဖြတ်ကို သူကြားလိုလှသည်။ သူ့ဖခင် ဦးသန့်စင်သည် ခေါင်း တညိတ်ညိတ်ဖြင့် ပြုံး၍



သာနားထောင်နေသည်။ မည်သို့မျှပြန်မပြော။ သူ့စကားများကုန်လုမှ အဖြေစကား အေးအေးဆေးဆေး ပြောသည်။

"မှတ်ထားသမီး၊ လောကမှာ ပုထုဇဉ်မှန်သမျှ ကိုယ်ကျိုးသမားတွေချည်းပဲ၊ ဒီလိုပြောလို့ တစ်ကိုယ်ကောင်းဆန်တာ၊ ယုတ်မာတာနဲ့ ရောမသွားနဲ့၊ ဖေဖေဆိုလိုချင်တာက လူ့နှလုံးသားဟဒယမှာ တွယ်ကပ်နေတဲ့ အတ္တကလေးကိုပြောတာ၊ မိဘနဲ့သားသမီး၊ မောင်နှမမိတ်ဆွေ အပြန်အလှန်ချစ်မေတ္တာတွေ အမှန်တကယ်ရှိကြပါတယ်၊ ဒါပေမဲ့ စိတ်ရင်းရဲ့အနက်ရှိုင်းဆုံးမှာတော့ ကိုယ်ကျိုးကပါပြီးသား၊ ရာနှုန်းပြည့်သန့်စင်တယ်ဆိုတာ မရှိသလောက်ပါပဲ၊ ကိုယ့်စိတ်ကိုယ်မညာတမ်း ခွာကြည့်ရင် လူတိုင်းမြင်မှာပါ၊ သူကရှိလို့ရှိမှန်းမသိရအောင် သိမ်မွေ့တယ်သမီးရဲ့၊ မသိစိတ်လို့ပြောကြသလိုမျိုးပေါ့"

သူ့ဖခင်စကားသည် သစ်မိုးသန့်အတွက်မရှင်းသလို၊ ရှင်းသလိုပင်။ ဖခင်သည်တရားသမားဖြစ်သဖြင့် စကားပြောလျှင် ဤသို့ပင် သစ္စာနှင့်ယှဉ်ပြီး ပြောတတ်၏။ သူသိလိုသည့် အဖြေမှန်ဟုတ်၊ မဟုတ် သူမသေချာရဲပေ။ ညအိပ်ယာဝင်ချိန်၌ သူ့ထုံးစံအတိုင်း တရားတစ်ပုဒ်နာသည်။ mp3 player ဖြင့် အပုဒ်ရေရာကျော်သွင်းထားသည့်တရားများကို တစ်ညတစ်ပုဒ် သူအမြဲနာဖြစ်သည်။ သို့မှသာ သူကောင်းကောင်းအိပ်ပျော်နိုင်သည်။ ယနေ့ညတရားသည် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေ၏။ အတ္တနှင့်သက်ဆိုင်သော အကြောင်းအရာများ ပါဝင်နေလေသည်။ ဆရာတော်၏တရားများထဲမှ စကားလုံးတစ်ခုသည် သူ့ခေါင်းထဲ၌ မှတ်မှတ်ထင်ထင် စွဲကျန်ရစ်၏။

"အတ္တာနံ ပိယံ"

သတ္တဝါသည် မိမိကိုယ်ကိုယ်သာ အချစ်ဆုံးဖြစ်သည်။

သူ့ဖခင်ပြောစကားနှင့်လည်း ဆင်ဆင်တူ၏။ သူသည် သူ့ဘဝတစ်ခုလုံး၌ မိဘကိုသာအချစ်ဆုံးဟု ယုံကြည်လာခဲ့သည်။ ယခုတော့ "အတ္တာနံ ပိယံ" ဟုဆိုသည်။ ထိုစကားလုံးကို စိတ်ဖြင့် အကြိမ်ကြိမ်ရေရွတ်ရင်း သူ အိပ်ပျော်သွားလေတော့သည်။

၀

www.burmeseclassic.com

www.burmeseclassic.com



ရုံးသမားများအတွက် တနင်္ဂနွေဆိုသည်မှာ ရွှေဖြစ်သည်။ အိမ်မှာနားမည်။ စားမည်။ အိပ်မည်။ လျှော်ဖွပ်သိမ်းဆည်းမည်။ သွားစရာရှိသည်များသွားရမည်။ သို့သော် သစ်မိုးသန့်အတွက် ဤတနင်္ဂနွေသည် မဖြစ်နိုင် တော့။ သူ့သူငယ်ချင်းမ ခင်မေစု ကောင်းမှုဖြင့် မနက်ကတည်းက ရွှေတိဂုံ ဘုရားပေါ် ရောက်နေရသည်။ ဘုရားရိပ်၊ တရားရိပ် အေးချမ်းသဖြင့်သာ တော်တော့သည်။ အချိန်ကိုလိုက်ပြီး မွေးနံထောင့်သွားလိုက်၊ ယက္ခမယ်တော် ရှေ့ရောက်လိုက်၊ နေလဘုရားတွင် ပွဲထိုးလိုက်လုပ်နေသော ခင်မေစုကြောင့် သူအတော်လေး စိတ်ရှုပ်ရသည်။ ခင်မေစုနှင့်သူသည် ငယ်ပေါင်းသူငယ်ချင်း ဖြစ်သည်။ အလုပ်လည်း ကုမ္ပဏီတစ်ခုတည်း၌ လုပ်ကြသည်။ ညီအစ်မသဖွယ် ခင်မင်ကြ၏။ ပြောမနာဆိုမနာ အဆင့်ပင်ကျော်သည်။ ထို့ကြောင့် သာ သူ နေပူ၊ ခြေညောင်း၊ စိတ်ရှုပ်ခံ အဖော်လိုက်ပေးနေခြင်းဖြစ်သည်။ အပျိုကြီးခြင်းအတူတူ ခင်မေစုသည် သစ်မိုးသန့်ထက် တစ်လုံးမက ပိုရှုနိုင်လေသည်။ ခင်မေစုတွင် ချစ်သူရှိပြီး မကြာမီလက်ထပ်ကြပေတော့မည်။ ယခုလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး ဘုရားပေါ် လာရှုပ်နေခြင်းဖြစ်သည်။

"မိစု၊ နင့်မလည်း ပင်ပန်းလိုက်တာဟယ်၊ ယောကျ်ားတစ်ယောက်ယူဖို့အရေးလုပ်လိုက်ရတာ၊ ဟိုကလည်း တစ်ခုခုဆို နင့်ပဲလှမ်းလှမ်းခိုင်းတယ်၊ ခုရောဘာအတွက်လဲ၊ ငါ့နည်းနည်းပါးပါး ရှင်းပြပါဦး၊ ဘုမသိဘမသိနဲ့ လျှောက်လိုက်နေရတာ"

"သူ့အလုပ်ကိစ္စလေးတွေ အဆင်ပြေအောင်လို့ပါဟယ်၊ နယ်အပြောင်းအရွှေ့လည်း အောင်မြင်အောင်လို့လေ၊ အခုနယ်က ဝေးလည်းဝေး၊ တာဝန်ကလည်းကြီးဆိုတော့ သူ့ခမျာပင်ပန်းရှာတယ်လေ၊ နေရေးစားရေးလည်း ဆင်းရဲတယ်၊ သနားပါတယ်ဟယ်"

ဤသို့ဆိုတော့လည်း ခင်မေစုသည် သူ့ချစ်သူကို အတော်ချစ်ရှာ သားဟု သစ်မိုးသန့်တွေးမိသည်။ ခင်မေစုချစ်သူသည် မြို့နယ်အဆင့် ထွေ/အုပ် အရာရှိလေးဖြစ်သည်။ ထို့ကြောင့် တာဝန်ကျရာနယ်များသို့ သွားရောက် နေထိုင်ရသည်။ ခင်မေစုလက်ထပ်ပြီး သူ့ယောကျ်ားနောက်လိုက်နေလျှင် သူနှင့်ခွဲရပေတော့မည်။ ခင်မေစုကဆက်ပြော၏။

"ငါတို့ယူဖို့ကလည်းနီးပြီဆိုတော့ ဒီနှစ်ကုန်လောက် ရန်ကုန်ပြောင်းလို့ရမှဖြစ်မယ်"

"ဟဲ့ ဘယ့်နှယ့်ရန်ကုန်တုန်း၊ လွယ်ပ့ါမလား၊ နင့်မိဘတွေလည်း ကျန်းကျန်းမာမာပြည့်ပြည့်စုံစုံရှိတုန်း ယောကျ်ားတာဝန်ကျတဲ့ မြို့လေးတွေလိုက် နေပေ့ါ၊ ဟန်းနီးမွန်းတောင် အထူးထွက်စရာမလိုဘူး၊ ဘဝအစမှာ အဲလိုလေး အတူတူရုန်းကန်ရတော့ အမှတ်တရဖြစ်တာပေ့ါဟ"

"နင်လည်း အဲလိုစိတ်ကူးယဉ်လွန်းလို့ အပျိုကြီးဖြစ်နေတာ၊ ဘဝက စိတ်ကူးယဉ်သလို မလှဘူးဟဲ့ သိလား"

"ဟင် ဖြစ်ရတယ်ဟယ်၊ ငါကစိတ်ကူးယဉ်တာမှမဟုတ်တာ၊ ပိုလက်တွေ့ ကျခိုင်းနေတာလေ၊ ရန်ကုန်ပြောင်းဖို့ဆိုတာ လွယ်တာမှမဟုတ်တာ၊ နင်လိုက်သွားတာက ပိုအဆင်ပြေတယ်မဟုတ်လား"

"မဖြစ်ပါဘူးဟာ၊ နယ်လိုက်သွားဖို့ အလုပ်ထွက်ရင် ဝင်ငွေလည်း ထိခိုက်ဦးမယ်၊ မိဘတွေနဲ့လည်းခွဲရဦးမယ်၊ ပြီးတော့ဟာ ငါနယ်မှာလည်း မနေနိုင်လောက်ဘူး၊ မွေးကတည်းက ရန်ကုန်မှာနေလာတာ ရန်ကုန်မှာပဲနေချင်တယ်၊ သူရန်ကုန်ကို ပြောင်းဖို့ ငါမရ ရအောင်လုပ်မှာ၊ နည်းလမ်းတွေ ရှိပါတယ်ဟာ၊ ဟဲ ဟဲ"

သစ်မိုးသန့် မျက်မှောင်တစ်ချက်ကြုံ့သွားသည်။ သူ့အစ်မမျက်နှာကို ကွက်ကနဲပြေးမြင်မိသည်။ အမျိုးအမည်မတူသော်လည်း အနက်တူသကဲ့သို့ ခံစားရလေသည်။ သူ့ဖခင်၏ စကားများကို ကြားယောင်သည်။ ဆရာတော်၏ တရားသံကိုပြန်ကြားသည်။ "အတ္တာနံ ဝိယံ" ။ ခင်မေစု၏ ချစ်သူအတွက်ဟူသောစေတနာအောက်ခြေ၌ သူ့အတွက်ဟူသော အတ္တတစ်စုံ ခိုင်မာစွာ တွယ်ကပ်နေလေသည်။ ထိုအတ္တသည် ကာယကံရှင် သတိမထားမိနိုင်လောက်အောင်လည်း ပါးလျနေပြန်၏။ ခင်မေစုသည် သူ့ချစ်သူကို ချစ်သည်လား၊ သူ့ကိုယ်သူချစ်သည်လား၊ သူမတွေးချင်တော့ပေ။ ချစ်သူရည်းစားထားသည်ကပင် တစ်ဖက်သားကို ချစ်မြတ်နိုးခြင်းနှင့် မိမိနှလုံးသားဆန္ဒကို ဖြည့်ဆည်းခြင်း မည်သည့်အရာကအမှန်တရားဖြစ်မည်နည်း။ ချစ်သူမထားခဲ့ဖူးသဖြင့် သူဉာဏ်မမီခြင်း ဖြစ်ပါလိမ့်မည်။ သစ်မိုးသန့်ဘဝတွင် မိဘနှစ်ပါးကိုသာအစွမ်းကုန်ချစ်ပြီးနေခဲ့ရသည်မဟုတ်ပါလား။

၀



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရောလာခဲ့ပါလား၊ လေးလေးကဖေဖေ့ကို မျှော်မှာပေါ့"

"ဖေဖေက ဖြစ်ဖြစ်ချင်းသွားပြီးသားလေ၊ သမီးသက်သက်သွားလိုက်ပါဦး၊ သမ်းပိတ်ရက်ကျတော့ အတူသွားကြတာပေါ့၊ သူ့ချွေးမလေးနဲ့ သမီးနဲ့ ခင်ကြတယ်မဟုတ်လား၊ ကလေးမက မပေါ့မပါးကြီးနဲ့ အားပေးလိုက်ပါဦး သမီးရယ်"

မနက်အလုပ်မသွားမီ သူဖခင်မှာထားသဖြင့် သူမသွားချင်ဆုံး နေရာကို ယခုညနေသွားရပေဦးမည်။ ပထမတစ်ခေါက်သွားစဉ်က မွေးဖွားခြင်း ဖြစ်၍ ခံသာသေးသည်။ ယခုမူ အခြေအနေစိုးရိမ်ရသည့် လူနာသတင်း မေးဖြစ်နေသည်။ သစ်မိုးသန့်ဖခင်ဘက်မှ ညီဝမ်းကွဲ၏ဇနီးသည် နှလုံးသွေးကြောကျဉ်းရောဂါဖြင့် ဆေးရုံအရေးပေါ်တင်လိုက်ရ၏။ အမျိုးရှားသော သစ်မိုးသန့်သည် ဦးလေးဝမ်းကွဲကို အရင်းကဲ့သို့ချစ်သည်။ ဦးလေးမိန်းမသည်လည်း သူ့အဒေါ်အရင်းလိုပင်။ ထို့ကြောင့် သူမုန်းသည့်ဆေးရုံကို ကြိတ်မှိတ်လာခဲ့ရပြန်သည်။ သူ့အဒေါ်တက်နေသည့်ဆေးရုံသည် တစ်ချိန်က သူအမြဲအတက်အဆင်းလုပ်ခဲ့သည့် ပုဂ္ဂလိကဆေးရုံကြီးပင်ဖြစ်သည်။ ဆေးရုံထဲစဝင်လိုက်သည်နှင့် အနံ့၊ အဆင်း၊ အသံတို့သည် သူ့ကို ရင်းရင်းနှီးနှီး နှိပ်စက်ကြလေသည်။ လူနာခန်းထဲရောက်သည့်အခါ ဦးလေးနှင့် သူ့ချွေးမလေး၏ ပူပန်ညှိုးနွမ်းနေသည့်မျက်နှာကို မြင်ရပြန်သည်။ လူနာကုတင်ပေါ်မှ အဒေါ်သည် အမျိုးမျိုးသော ပိုက်ပေါင်းစုံ၊ ပုလင်းပေါင်းစုံ ချိတ်လျက်ဖြင့် အိပ်ပျော်နေသည်လား၊ မိန်းမောနေသည်လား မသိပေ။ မျက်နှာလေးဖျော့ရော်ကာ လူကချုံးချုံးကျနေ၏။ သစ်မိုးသန့် ရင်ထဲအပူကူးစက်ကာ မျက်ရည်များ ဝဲတက်လာသည်။ သူ စိတ်အားတင်းကာ မေးလိုက်သည်။

"လေးလေး ၊ အဒေါ်ကသတိလည်ရဲ့လား၊ ဆရာဝန်ကြီးက ဘာပြောလဲ"

"သတိလည်ပါတယ်သမီးရယ်၊ ဒါပေမဲ့စကားကို ကောင်းကောင်း မပြောနိုင်ဘူးဖြစ်နေတယ်၊ အောက်ဆီဂျင်လည်းတစ်ချိန်လုံး ပေးထားရတယ်၊ သွေးပေါင်ကလည်း မကျဘူး၊ ဆရာဝန်က မဖြစ်မနေခွဲရမယ်တဲ့၊ ဒါပေမဲ့ အာမတော့မခံနိုင်ဘူးတဲ့ သမီးရယ်"

မျက်လုံးများနီကာ အသံအက်အက်ဖြင့်ပြောနေသော ဦးလေး



ဖြစ်သူကိုကြည့်ရင်း သူရင်တွေနာလှသည်။ ဦးလေးသည် မိန်းမကို အလွန် ချစ်၏။ အလွန်အလေးထား၏။ အဒေါ်ကလည်း အလေးထား သင့်လောက် အောင် တော်သူဖြစ်သည်။ ဦးလေးသည် စီးပွားရှာရုံသာဖြစ်ပြီးနောက် ကြောင်းလှည့်ကြည့်စရာမလိုပေ။ အဒေါ်သည် မိသားစု စီမံခန့်ခွဲမှုအလွန် ကောင်းသည်။ သားသမီးအထိန်းအသိမ်း နိုင်နင်းသည်။ နှစ်ဖက်ဆွေမျိုး၊ လုပ်ငန်းမိတ်ဆွေနှင့် ရပ်ကွက်ပတ်ဝန်းကျင် အသိုင်းအဝိုင်း အားလုံးတို့၌ လူမှုရေးလည်းကျွမ်းကျင်သေးသည်။ သားနှစ်ယောက်ရှိရာ နှစ်ယောက်လုံး လိမ္မာကြသည်။ သားကြီးသည် သင်္ဘောသားဖြစ်ပြီး သစ်မိုးသန့်ထက် သုံးနှစ်ပို၍ငယ်၏။ အိမ်ထောင်လည်းကျပြီးဖြစ်သည်။ သားငယ်လေးသည် စင်ကာပူ၌ ကျောင်းတက်နေဆဲဖြစ်သည်။ မိဘနှင့်သားသမီး ချစ်ကြသကဲ့သို့ ချွေးမ၊ယောက္ခမဆက်ဆံရေးသည်လည်း သားသမီးနှင့်မခြားပင်။ လေးလေးတို့မိသားစုသည် သူ့အတွက် စံနမူနာယူစရာ အားကျရသည့် မိသားစုဖြစ် သည်။

"လေးလေး သူ့ကို အဆုံးရှုံးမခံနိုင်ဘူးသမီးရယ်၊ မရရအောင်ကု မယ်၊ ဒီမှာမရရင် စင်ကာပူသွားကုမယ်၊ လေးလေးရှိသမျှ စည်းစိမ်ကုန်ချင် ကုန်ပစေ၊ သမီးအဒေါ်ကို လက်မလွှတ်နိုင်ဘူး"

ဤစကားသံမျိုးကို သစ်မိုးသန့်ရင်းနှီးလွန်းခဲ့ပါသည်။ ဦးလေးဖြစ်သူ၏ ဇနီးအပေါ် တန်ဖိုးထားမှုကို သူကောင်းကောင်းနားလည်နိုင်သည်။

"သမီးလည်းသိပါတယ်၊ သူကဇနီးဆိုပေမဲ့ လေးလေးအတွက် အစ်မလို အမေလိုပါပဲ၊ ကလေးတွေအတွက်ရော လေးလေးအတွက်ပါ သူကမရှိမဖြစ်ပါ၊ သူသာ တစ်ခုခုဆို လေးလေးတော့ ရူးမလားပဲ၊ ဖြစ်နိုင်ရင်လေ ကိုယ်သာအရင်သေချင်ပါတယ် သမီးရယ်၊ ကျန်နေခဲ့ရမှာ တွေးတောင်မတွေးရဲဘူး"

သစ်မိုးသန့်စိတ်ထဲသို့ အတွေးတစ်ခု တန်းတန်းမတ်မတ် ဝင်လာလေတော့သည်။ သူ့ဦးလေးကို အများသူငါလိုမတွေးပစ်ချင်ပါ။ သို့သော် ကျင့်သားရနေသည့် သူ့ဦးနှောက်သည် သိမ်မွေ့သော အတ္တလေးကို ခွဲခြားမြင် တတ်နေပြီဖြစ်သည်။ ဇနီးသည်ကို ပြန်လည်ကျန်းမာစေလိုသည်မှာ မေတ္တာ၊ စေတနာဖြစ်သည်။ ဇနီးသည် ကွယ်လွန်ခဲ့လျှင် မိမိနာကျင်ခံစားရမည်ကို ကြောက်ရွံ့သည်မှာ အမှန်တရားဖြစ်ပါလိမ့်မည်။ သူ့အတွေးများရိုင်းသဖြင့် စစ်မှန်သော

www.burmeseclassic.com



မေတ္တာတရားတစ်လွှာကို စော်ကားသလိုဖြစ်မှာလည်း စိုးပါသည်။ ထို့ကြောင့် အခန်းထောင့်၌ ကုပ်ကုပ်လေးထိုင်နေသည့် အဒေါ်ချွေးမလေးဆီသွားလိုက်သည်။ ကောင်မလေး၌ ကိုယ်ဝန် ခြောက်လခန့်ရှိပြီဖြစ်သည်။ နယ်ဇာတိ ဖြစ်ပြီး မိဘများမရှိကြတော့ပေ။ ယခင်ကအစ်ကိုမိသားစုနှင့် အတူနေခဲ့၏။ သားကြီးနှင့် လက်ထပ်ပြီးမှ ယောက္ခမကို မိဘအမှတ်ထားကာ နွေးနွေးထွေး ထွေး ပျော်ပျော်ရွှင်ရွှင်နေရသူဖြစ်သည်။ ယခုတော့ သူ့အလွန် စိတ်ထိခိုက် ရှာပေမည်။ ငိုထားသည့်မျက်လုံးများသည် ဖောင်းမို့အစ်နေ၏။

"ညီမလေး၊ တအားမငိုနဲ့လေ၊ ကိုယ်ကမပေ့ါမပါးကြီးနဲ့ကို၊ ကလေး ထိခိုက်ပါ့မယ်"

"မသန့်ရယ်၊ အမေကလေ ကျွန်မကိုအရမ်းချစ်တာ၊ သမီးအရင်းလိုပဲ၊ ကျွန်မကလည်း ကိုယ့်အမေအရင်းလိုပါပဲ၊ ကိုကို့ထက် အမေ့ကိုတောင် ပိုချစ် ပါသေးတယ်"

"မသန့်သိပါတယ် ညီမရယ် "

"အမေသာ တစ်ခုခုဆို ကျွန်မဘယ်လိုလုပ်ရမလဲဟင် မသန့်၊ ကိုကို ကလည်း ပြီးခဲ့တဲ့လကမှ ၂နှစ်စာချုပ်နဲ့ သင်္ဘောတက်သွားတာ ပြန်လာဖို့ မဖြစ်နိုင်ဘူး၊ မောင်လေးကလည်း ကျောင်းတန်းလန်းနဲ့၊ နယ်လည်း မပြန် ချင်ဘူးမသန့်ရယ်၊ ကလေးမီးဖွားဖို့ကလည်း မလိုတော့ဘူး၊ ကျွန်မတော့ ရူးချင် တော့တာပါပဲ၊ ကျွန်မ့ကိုက ကံဆိုးပါတယ်"

ဦးလေးမကြားအောင် အသံတိုးတိုးလေးဖြင့်ပြောရင်း တရှုံ့ရှုံ့ ငိုလေ သည်။ သစ်မိုးသန့်ရင်ထဲ ချောက်ချားသလိုဖြစ်လာသည်။ ထို့ကြောင့် အဒေါ် မျက်နှာကိုသာ အမှတ်မဲ့ငေးကြည့်နေလိုက်ပါတော့သည်။ သူကပဲအထူး သတိ ထားနေမိ၍ ဖြစ်ပါလိမ့်မည်၊ သို့သော်အတ္တ၏ မှန်ကန်ကြောင်း သက်သေ များကို ယခုထက်ပိုပြီး သူမလိုချင်တော့ပါ။ အမှန်တရားသည် အစွစ်မှန်ဆုံး၊ အနက်ရှိုင်းဆုံး အထိဖောက်ထွင်း သိရှိရသည့်အခါ အလှတရားများ ကွယ် ပျောက်တတ်လေသည်။ အသက်ဘေးရင်ဆိုင်နေရသည့် ဇနီးသည်အတွက်၊ မိခင်သဖွယ်ချစ်ရသော ယောက္ခမအတွက် ပူပင်သောကရောက်နေကြ၏။ ထိုပူပင်သောကသည် ကာယကံရှင်အတွက်လော၊ မိမိအတွက်လော သူတို့ ကိုယ်တိုင်ကွဲပြား သိရှိကြမည်မဟုတ်ပေ။ သမုတိမေတ္တာတရားကို သစ္စာ



ချိန်ခွင်ထက်သို့တင်လျှင် စစ်မှန်ခြင်းဘက်မှ နှစ်လေးသာပါစေကြောင်း သူ ဆုတောင်းမိပါတော့သည်။ "အတ္တာနံ ဝိယံ" ။ အမှန်တရားသည် တစ်ခါတစ်ရံ၌ သိမ်မွေ့စွာ ခါးသီးလွန်းပေ၏။

○

သစ်မိုးသန့်သည် ယခုတလော အလုပ်များသည့်အပြင် လူမှုရေး များလည်း ဆက်တိုက်လျှောက်သွားရသဖြင့် ပင်ပန်းနေသည်။ ရာသီဥတု အကူးအပြောင်း၌ မိုးကလည်းမိလိုက်သေးသည်။ လူပင်ပန်းသည်ထက် စိတ် ပင်ပန်းသည်က ပိုသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ကိုင်ရိုက်ခံထားရသလိုနာ နေသည်။ ကိုယ်ပူလည်း တငွေ့ငွေ့ဖြင့် သူတုပ်ကွေးဖျားပြီထင်သည်။ မည်သို့မျှ ခေါင်းမထူနိုင်သဖြင့် အလုပ်လည်း ခွင့်ယူလိုက်ရသည်။ ကိုယ်တိုင်မလှုပ်ချင် အောင်ဖြစ်နေသည့်တိုင် ဖခင်ဖြစ်သူအလုပ်မသွားမီ မနက်စာစားနိုင်ရန် သူထလုပ်ပေး၏။ သူ့ဖခင် ဦးသန့်စင်သည် အသက်ခြောက်ဆယ်ခန့် ဖြစ် သော်လည်း မာမာချာချာရှိသည်။ သူကိုယ်ပိုင်ကားဝပ်ရှော့ကို ကိုယ်တိုင်စီမံ ကွပ်ကဲနေဆဲဖြစ်သည်။ သစ်မိုးသန့်သည် သူ၏တစ်ဦးတည်းသော မိဘဖြစ် သည့် ဖခင်ကို အလွန်ဂရုစိုက်၏။ ဖခင်တစ်ဦးတည်းကိုသာ ပုံချစ်နေရသူ ဖြစ်သည်။ ဖခင်ကလည်း တစ်ဦးတည်းသောသမီးလေးဖြစ်သည့် သစ်မိုးသန့် ကို အလွန်ချစ်ပါသည်။ သို့သော် ဖခင်သည် မိခင်မဟုတ်သည့်မှာ သေချာလေ သည်။

"နေသာရဲ့လားသမီး၊ ဖေဖေဆေးခန်း လိုက်ပို့ပေးရမလား"

"ရပါတယ်ဖေဖေရယ်၊ ဒီရက်ပိုင်း ပင်ပန်းသွားလို့ပါ၊ အနားရတယ်ပဲ သဘောထားပါတယ်၊ ဆေးသောက်ပြီး အိပ်လိုက်ဦးမယ်"

ဖခင်ထွက်သွားသည့်အခါမှ အိပ်ယာထဲဝင်လှဲရင်း သူမျက်ရည်ကျ ရသည်။ လူသည် ဖျားနာသည့်အချိန်၌ အလိုလိုပျော့ညံ့ အားငယ်တတ်လေ၏။ ယခုရက်ပိုင်း ဆေးရုံများသို့ နှစ်ခေါက်တိတိ သွားလိုက်ရခြင်းသည် သူ့ကို အလွန်စိတ်ဖိစီးစေသည်။ သူ့မေ့ချင်ယောင်ဆောင်ထားသည့် အတိတ်ကို ပြက်ပြက်ထင်ထင် ပြန်သတိရစေသည်။ သူတို့မိသားစုသည် လွန်ခဲ့သော လေးနှစ်က နှစ်နှစ်ကြာနီးပါး လစဉ်တိုင်း ဆေးရုံအတက်အဆင်း လုပ်ခဲ့ကြရ သည်။ ကင်ဆာရောဂါခံစားနေရသည့် သစ်မိုးသန့်မိခင်ကို သူတို့သားအဖ

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် အသက်လုခဲ့ကြရသောကာလများဖြစ်သည်။ သူ့မိခင်အသက်ဆက်ရှင်နိုင်ရန် သူ့အသက်နှင့်ပင် လဲလှယ်လိုခဲ့သော်လည်း နောက်ဆုံး၌ ဆုံးပါးသွားခဲ့ရသည်သာ။ အဆက်မပြတ်ငိုကြွေးနေမိသဖြင့် သစ်မိုးသန့် ခေါင်း တစစ်စစ်ကိုက်လာသည်။ သူဆေးသောက်သင့်မှန်းသိသည်။ ဆေးသောက် ရန် တစ်ခုခုစားရဦးမည်။ မည်သည့်အရာမျှ ထမလုပ်ချင်လောက်အောင် တစ်ကိုယ်လုံး လေးလံနာကျင်နေသည်။ သားအဖနှစ်ယောက်တည်း ရှိသည့် အိမ်၌ သူမည်သူ့ကို တရမှန်းမသိတော့ပေ။ မိခင်ဖြစ်သူကို သူလွမ်းသည်။ သူ့မိခင်ကို သူသေလုအောင်တမ်းတမိပါသည်။

**"အခုနေ မေမေသာရှိရင် သမီးသက်သာရဲ့လား၊ ဆန်ပြုတ် လေးပူတုန်းထသောက်လိုက်ဦး၊ မေမေငါးရံ့လေးနဲ့ပြုတ်ထားတယ်၊ အိုဗာတင်းမလေးသောက်၊ ပြီးရင်ဆေးသောက်နော်၊ ငါ့သမီးက ပေတာကိုးကွဲ့လို့ပြောမှာ၊ ခေါင်းကိုက်တယ်မေမေရယ်လို့ပြောရင် နားထင်ကို ပရုတ်ဆီလေးနဲ့ပွတ်ပြီး မေတ္တာသုတ်လေးရွတ်ပေးမှာ"**

သစ်မိုးသန့်သည် နှုတ်ဖျားမှတဖွဖွရေရွတ်ရင်း ကလေးတစ်ယောက်ကဲ့သို့ ရှိုက်ကြီးတငင် ငိုနေလေသည်။ မရှိတော့သည့်မိခင်၏ ပြုစုယုယမှုများကို ခံယူချင်နေသော သူ့အတ္တများကိုကား လွမ်းဆွတ်တမ်းတခြင်းဟုသာ သူ့စိတ်အာရုံ၌ ထင်မြင်နေပါတော့သည်။ ။

○

သစ္စာမြတ်




www.burmeseclassic.com

www.burmeseclassic.com

"ဆရာမတို့ တောင်ပေါ်ဒေသနဲ့ ကျွန်တော်တို့ အောက်ပြည်အောက်ရွာက လေလှေရိုက်တွေ၊ ဝမ်းစာရှာရပုံတွေကတော့ ကွဲပြားနေမှာ အမှန်ပဲဗျ၊ ဒါပေမယ့် ရင်ထဲမှာရှိတဲ့ မေတ္တာတရားတွေ၊ စေတနာ တရားတွေကတော့ တူကြမှာ သေချာပါတယ်၊ "

# လျှောင်တာလေလား မြားနတ်ရှင်

## တွေ့ဆုံခြင်းအစ (၁၉၇၂ ခုနှစ်)

ကလောစက်မှုသိပ္ပံအဖွဲ့သားများကို ဒေးဒရဲမြို့သူမြို့သားများက ပျူငှာလှိုက်လှဲစွာ ကြိုဆိုကြသည်။

"ဟယ်. . .၊ နန်းမိုးအေး"

'အ သုံးလုံးကျေ' စီမံကိန်းအတွက် လုပ်အားပေးကျောင်းသူ ကျောင်းသားများကို ဦးဆောင်လာသူ ဆရာမ "နန်းမြင့်ထား" က အကြိုလာသူ ရွာခံဆရာမ "နန်းမိုးအေး" ကို တွေ့တွေ့ချင်း အားပါးတရဖက်ကာ ခေါ်လိုက်၏။

"ဟယ်. . .၊ သူငယ်ချင်း နန်းမြင့်ထား။ နင်ပဲကိုး၊ ငါက ဒီပြင်တစ် ယောက်မှတ်နေတာ။ ဒီလောက်ဝေးတဲ့ဒေသကို အဖနဲ့ မယ်မယ်က လွှတ်မယ် လို့လည်း မထင်လို့"

"ဩော်ကွယ်၊ ဒို့အသက်တွေပဲ သုံးဆယ်နားကပ်နေပြီဟာ။ အခုဒို့ လုပ်နေတာက ပရဟိတလုပ်ငန်းလေ။ မြန်မာတစ်ပြည်လုံးမှာ စာမတတ်သူ ပပျောက်ရေးစီမံကိန်းလေ။ အဖနဲ့မယ်မယ့်ကို သေသေချာချာနားဝင်အောင် ပြောပြပြီး လိုက်ခဲ့တာပေါ့ သူငယ်ချင်းရဲ့"

"အေးကွယ်. . .၊ ဝမ်းသာလိုက်တာ၊ သိပ်ကို ဝမ်းသာတာပဲ။ ဩော် ဆရာမနန်းမြင့်ထား၊ ဒီဆရာက ဒို့နဲ့တစ်ကျောင်းတည်းက အထက်တန်းပြ ဆရာလေ၊ ဦးတိုးမောင်တဲ့။ ဆရာက ဒို့အဖွဲ့မှာ ကော်မတီဝင်ပေါ့"

နှစ်ယောက်သားရေပက်မဝင်အောင်ပြောရင်းက နန်းမိုးအေးက ဦးတိုးမောင်ကို မိတ်ဆက်ပေးလိုက်၏။ ဦးတိုးမောင်က အသားဖြူဖြူ ပါးနီနီ ပန်းသွေးရောင်နှင့် တောင်ပေါ်သူလေးကို အမှတ်မထင်ငေးကြည့်နေမိသည်။ နန်းမိုးအေးသည်လည်း ရှမ်းသွေးစပ်သောသူဖြစ်သည်။ သို့သော် ဒေးဒရဲ

www.burmeseclassic.com



သို့ရောက်ခဲ့သည်မှာ ဦးတိုးမောင်ထက် လေးနှစ်ခန့်စော၍ သူ့အသံမှာ 'နန်းမြင့်ထား' လောက် မဝဲတော့ပေ။

"ဆရာ. . .၊ မိုးအေးသူငယ်ချင်းကို နှုတ်ဆက်လိုက်ပါဦး"

'နန်းမိုးအေး' က ရယ်ရင်း သတိပေးတော့ သူရှက်သွားမိသည်။

"ဟုတ်ကဲ့၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ"

သူ့ပုံစံကြီးကြောင့် ထင်သည်၊ နန်းမြင့်ထားက ပါးခွက်ကလေး ပေါ်အောင် ပြုံးလေသည်။

ဒေးဒရဲမြို့နယ်အတွင်း စာမတတ်သူပပျောက်ရေး တာဝန်ကျသည့် မန္တလေးတက္ကသိုလ်၊ တောင်ကြီးဆရာအတတ်သင်ကောလိပ်နှင့် ကလောစက်မှုသိပ္ပံမှ ကြီးကြပ်သူဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားအဖွဲ့များအနက် အဦးဆုံးရောက်ရှိလာသည့်အဖွဲ့မှာ လက်ထောက်ကထိက ဆရာမ "နန်းမြင့်ထား" ကြီးကြပ်သည့် ကလောစက်မှုသိပ္ပံဖြစ်လေသည်။ အစောဆုံးရောက်လာသည့်အဖွဲ့မို့ ဒေသခံများက အထူးပင်အားရဝမ်းသာကြိုဆိုကြသည်။

"နန်းမြင့်ထား" တို့အဖွဲ့ကို ကျုံဒါးတိုက်နယ်ကျေးရွာခွဲများသို့ ပို့ဆောင်၍ နေရာချပေးရန် ဦးတိုးမောင် တာဝန်ယူရသည်။ သူသည် အသက်သုံးဆယ်ကျော်ခန့်ရှိပြီး တည်ကြည်ခန့်ငြားသည့် ဥပမိရုပ်ရှိသည်။ စိတ်စေတနာကောင်း၍ အသင်အပြတော်သည်ဟုလည်း နာမည်ကောင်းထွက်သူဖြစ်သည်။ ပရဟိတလုပ်ငန်းများကို စိတ်နှစ်၍ ဆောင်ရွက်တတ်သဖြင့် ရပ်ရွာက လေးစားအားကိုးခြင်းကို ခံရသူဖြစ်သည်။

"နန်းမြင့်ထား" တို့ အဖွဲ့မှာ လုပ်အားပေးကျောင်းသူကျောင်းသား ပေါင်း ငါးဆယ်ခန့်ပါသည်။ အသက်နှစ်ဆယ်မကျော်ကြသေးသူများဖြစ်ပြီး အစဉ်ရွှင်လန်းတက်ကြွနေကြသူများလည်းဖြစ်သည်။ သူတို့လေးတွေကိုကြည့်ပြီး လူပျိုကြီးဆရာဦးတိုးမောင်မှာ ငယ်မူငယ်သွေးတွေ ပြန်ဝင်လာသလိုလို။

ဒေသခံပြည်သူများ၊ တာဝန်ရှိအဖွဲ့ဝင်များနှင့် သင်တန်းသူသင်တန်းသားများက "နန်းမြင့်ထား" တို့အဖွဲ့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုကာ တည်းခိုရမည့် နေရာများတွင် စနစ်တကျနေရာချပေးကြပြီး မိတ်ဖွဲ့စကားအသီးသီး ပြောဖြစ်ကြသည်။

"ဆရာမ နန်းမြင့်ထားခင်ဗျား. . .။ ဆရာမတို့ အခုရောက်နေတဲ့



ဒေသက မြန်မာ့သမိုင်းမှာ အရေးပါတဲ့ ဒေသပါ။ ဆူးကလတ်ကျွန်းမှာရှိ တဲ့ ကျိုက်လတ်ကလေး၊ ကျုံကနန်၊ ကျပ်စဉ်ပို့စတဲ့ ကျေးရွာမှာနေတဲ့ မျိုးချစ် တွေက ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ အသက်ပေးပြီး တော်လှန်ခဲ့သူတွေ ဖြစ်ပါတယ်"

"ဟုတ်ကဲ့ရှင်၊ အင်မတန်လေးစားဂုဏ်ယူစရာကောင်းတဲ့ဒေသကို ခြေချခွင့်ရတဲ့အတွက် ကျွန်မတို့ကံထူးတာပါပဲ"

"ကျန်သေးတယ်ဗျ၊ ဆရာမတို့လုပ်အားပေးရမယ့် မရမ်း၊ ထန်းတော၊ ရှမ်းခံ၊ တော်ချိုက်ကလည်း တောင်သူလယ်သမားတွေက နယ်ချဲ့အရင်းရှင်တွေကို သတ္တိရှိရှိ တော်လှန်ခဲ့တဲ့နေရာတွေပဲ ခင်ဗျ။ ဆရာစံခေါင်းဆောင်တဲ့ ဂဠုန်တပ်ဖွဲ့ဝင်တွေရဲ့ နေရာပါပဲ။ တပ်ဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ "ဦးအောင်လှ" နဲ့ နောက်လိုက်အဖွဲ့ဝင်တွေ သွေးမြေကျခဲ့တဲ့ အထိမ်းအမှတ် ကျောက်တိုင်ကိုလည်း ဆရာမတို့ အလေးပြုသွားကြပါဦး"

"ပြုရမှာပေါ့ ဆရာရယ်။ သိပ်ကို ဂုဏ်ယူရတဲ့ မြေဌာနပဲ။ ကျွန်မ တို့ တစ်ရက်မှာ သေသေချာချာသွားပြီး လေ့လာကြဖို့ ဆရာကပဲ စီစဉ်ပေးပါ ဦးရှင့်"

"စီစဉ်ပေးပါ့မယ် ဆရာမ။ တစ်ခုပဲ ကျွန်တော်စိုးရိမ်နေမိပါတယ်"

"ဘာများပါလဲရှင့်"

"အခု ဆရာမတို့ ရောက်နေတဲ့အရပ်က မြန်မာပြည်တောင်ဘက် မုတ္တမပင်လယ်ပိုင်းမို့ ပင်လယ်ရေအတက်အကျရှိပါတယ်။ လှိုင်းသံလေသံတွေကိုလည်း ကြားရပါလိမ့်မယ်။ အဲဒါကို မကြုံဖူးကြတဲ့အတွက် လန့်ပြီး မနေဝံ့၊ မအိပ်ဝံ့ဖြစ်မှာ စိုးရိမ်တာပါ။ ကလေးတွေကိုလည်း ရေစပ်ကမ်းစပ် မဆင်းကြဖို့ သတိပေးထားပါဦး ဆရာမ"

"ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့ရှင့်"

နန်းမြင့်ထား၏ စကားသံဝဲဝဲလေးနှင့် စကားပြောလိုက်လျှင် ဖူးပွင့်လာတတ်သည့် အပြုံးပွင့်ကလေးက ဦးတိုးမောင်၏ ရင်ထဲသို့တိုးဝင်လာလေသည်။

○

## ခင်မင်ရင်းနှီးမှု

သင်တန်းများရှိနေသည့် တစ်ပတ်အတွင်း ဆရာမ နန်းမြင့်ထားဆီသို့ ဦးတိုးမောင် သုံးလေးခေါက်ရောက်ခဲ့ပြီးပြီ။ နန်းမြင့်ထားတည်းခိုနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်သာလမ်းရှိ ဦးစန်းတင့်တို့ အိမ်ဝသို့ရောက်သည်နှင့် ဦးစန်းတင့် ၏ သမီးလေးများက နန်းမြင့်ထားကို ခေါ်ပေးကြသည်။ သမီးအငယ် ရှစ်တန်းကျောင်းသူအပျိုပေါက် မိုးမိုးကဆို စတတ်နောက်တတ်သူမို့-

"ဆရာကြီးဖြင့် အရင်တုန်းက သမီးတို့အိမ်ကို တစ်လတစ်ခေါက်တောင် အလည်မလာဘူး။ ဆရာမရောက်လာမှ ခဏ ခဏ"

"ဟဲ့. . . အငယ်မ။ ဆရာကြီးကို နောက်စရာလား"

အကြီးမ စိုးစိုးကဟန့်မှ မိုးမိုးက အရှိန်သပ်၏။ ဦးတိုးမောင်က သူတို့အတန်းပိုင်မို့ စိုးစိုးက အထူးရိုသေလေးစားသည်။

ဦးတိုးမောင်မှာ ကိုယ့်တပည့်တွေကြောင့် ရှက်မိသလိုလိုဖြစ်သော်လည်း မသွားပဲမနေနိုင်။ နန်းမြင့်ထား၏ အပြုံးကလေးက သူ့ကို ဆွဲခေါ်နေလေပြီ။ အပေါ်ထပ်မှ ဆင်းလာသော နန်းမြင့်ထားကို သူက အရှက်ပြေ လှမ်းပြောလိုက်မိ၏။

"ဆရာမ နေရထိုင်ရတာ အဆင်ပြေရဲ့လားလို့ပါ"

"ပြေပါတယ်ရှင်။ ဆရာ့တပည့်တွေက သိပ်ကို ဂရုစိုက်ကြပါတယ်။ အားလုံးက ဂရုစိုက်ကြလွန်းလို့ ကျွန်မတို့တွေ အားတောင်နာမိပါတယ်။ ရပ်ရွာလူကြီးတွေကိုလည်း ပြောပြပေးပါနော်။ သူတို့မှာတစ်နေ့လုံး လယ်ထဲဆင်းသူဆင်း၊ ပင်လယ်ထဲထွက်သူထွက်နဲ့ သင်တန်းကို အပြေးအလွှားလာတက်ကြရသေးတယ်။ ဒီကြားထဲမှာ ကျွန်မတို့တွေအတွက် သူငယ်ချင်းနန်းမိုးအေးက ချက်ပြုတ်ကြော်လှော်ပြီး လာပို့သေးတာ ခဏခဏ။ ကျွန်မ တကယ့်ကို အားနာတာပါ။ ကျေးဇူးလည်းတင်ပါတယ်ရှင်"

"မလိုပါဘူးဗျာ၊ ကျွန်တော်တို့အောက်ပြေက လူတွေက ရင်ထဲအသည်းထဲကနေ လှိုက်လှိုက်လှဲလှဲ ခင်တတ်မင်တတ်ကြတဲ့သူတွေပါ"

"အမယ်လေး ဆရာရယ်. . .၊ ကျွန်မတို့ တောင်ပေါ်သူတွေကလည်း ရိုးသားဖြူစင်ပြီး သံယောဇဉ်ကြီးတတ်တဲ့ သူတွေပါပဲဆရာရဲ့"

နန်းမြင့်ထား၏ စကားက ဦးတိုးမောင်၏ ရင်ကိုအေးမြသွားစေပါသည်။

၀



## ရစ်ပတ်နွယ်ငင် သံယောဇဉ်

ဆယ့်လေးငါးရက်အတွင်း ဦးတိုးမောင်နှင့်နန်းမြင့်ထားတို့ အတော်ခင်မင်ရင်းနှီးခဲ့လေပြီ။ အားလပ်သည့်အချိန်များတွင် ဦးတိုးမောင်နှင့်စိုးစိုး တို့ညီအစ်မက နန်းမြင့်ထားနှင့်အဖွဲ့ကို ဒေးဒရဲအနီးဝန်းကျင်ကို လေ့လာ ရေးပို့ဆောင်ပေးကြသည်။ တစ်ခါတလေ နန်းမိုးအေးလည်းပါသည်။

သူတို့သည် ကျုံဒါးတိုက်နယ်ခွဲရွာရှိ ဓနိခြံကြီးတွေထဲလည်းရောက်သည်။ အိမ်မိုးဓနိလုပ်ငန်းကို လေ့လာမှတ်သားကြသည်။ ပင်လယ်ဝတစ်ဘက်ကမ်းရှိ သံဒိတ်ရွာကိုလည်း ရောက်သည်။ ငါးပိ ငါးခြောက်လုပ်ငန်းများမှာ သူတို့အတွက် အသစ်အဆန်းတစ်ခုမို့ အလွန်စိတ်ဝင်စားကြသည်။

"ဆရာမတို့ တောင်ပေါ်ဒေသနဲ့ ကျွန်တော်တို့ အောက်ပြည်အောက်ရွာက ဓလေ့စရိုက်တွေ၊ ဝမ်းစာရှာရပုံတွေကတော့ ကွဲပြားနေမှာ အမှန်ပဲ ဗျ။ ဒါပေမယ့် ရင်ထဲမှာရှိတဲ့ မေတ္တာတရားတွေ၊ စေတနာတရားတွေကတော့ တူကြမှာ သေချာပါတယ်၊ ဆရာမ ဘယ်လိုသဘောရသလဲခင်ဗျ"

"ကျွန်မလည်း ဆရာနဲ့သဘောတစ်ထပ်တည်းပါပဲ ဆရာ။ မေတ္တာတရားမှာ တောင်ပေါ် မြေပြန့်ခွဲခြားမှု မရှိပါဘူးရှင်"

နန်းမြင့်ထား၏ အပြုံးပွင့်ကလေးက ဦးတိုးမောင် တစ်ခါမျှမခံစားဖူးသော ခံစားချက်တစ်မျိုးကို သက်ဝင်လှုပ်ရှားလာစေခဲ့သည်။

"ဒီလိုနေရာတွေကို လေ့လာခွင့်ရလို့ ဆရာ့ကို ကျေးဇူးတင်ပါတယ် ဆရာရှင့်။ ကျွန်မတို့လို ပင်လယ်မရောက်ဖူးတဲ့ တိုင်းရင်းသားလူငယ်တွေ နိုင်ငံ့စီးပွားရေးလုပ်ငန်းကို လေ့လာခွင့်ရတာ သိပ်ကို အကျိုးများတာပါရှင့်။ ကျွန်မလည်း သိပ်ကိုစိတ်ဝင်စားပါတယ်"

"ဆရာမတို့တတွေ ခုလို ပျော်ပျော်ရွှင်ရွှင်ရှိနေတာကို မြင်ရလို့ အင်မတန် စိတ်ချမ်းမြေ့ရပါတယ်"

"ဩော်. . . ဆရာရယ်၊ ပျော်တာပေါ့ ဆရာရယ်၊ ဆရာတို့ နန်းမိုးအေးတို့ကအစ အားလုံးက နွေးနွေးထွေးထွေး စောင့်ရှောက်နေကြတာ မပျော် ဘဲ ရှိပါ့မလားရှင့်"

"ဟုတ်ပါပြီဗျာ၊ ကျွန်တော်က ဆရာမများ အိမ်ကိုလွမ်းနေသလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ထင်သည်၊ 'နန်းမြင့်ထား' မျက်နှာလေး တည်သွားသည်။ ခဏငြိမ်နေပြီးမှ-

"မှန်တာပြောရရင် အိမ်ကိုတော့ တစ်ခါတစ်ခါ လွမ်းတယ်ရှင့်။ ကျွန်မကညအိပ်ရာဝင်ခါနီးတိုင်း အဖနဲ့မယ်မယ်ကို ခြေဆုပ်လက်နယ်ပြုပြီး မှအိပ်တတ်တာလေ"

"တော်ပါသေးရဲ့" ဟု ဦးတိုးမောင် စိတ်ပေါ့သွား၏။ သူမှာမိဘ အပြင် လွမ်းစရာမရှိသေးဘူးလို့ သွယ်ဝိုက်ပြီး ပြောလိုက်တာပဲဟူ၍ ကိုယ်လို ရာကိုယ်ဆွဲ၍ အဖြေထုတ်ယူလိုက်၏။

တွေ့ဆုံကြသည့် ရက်ပိုင်းအတွင်းမှာပင် ဦးတိုးမောင်နှင့်နန်းမြင့်ထားတို့သည် ရင်းနှီးခင်မင်သွားကြပြီး တစ်ယောက်အကြောင်းတစ်ယောက် သိခဲ့ကြလေပြီ။ နန်းမြင့်ထားသည် မောင်နှမသုံးယောက်အနက် အကြီးဆုံးသမီးဖြစ်ပြီး ဆရာမအလုပ်ကို ဝါသနာပါ၍ မိဘများကန့်ကွက်နေသည့်ကြားကကလောစက်မှုသိပ္ပံတွင် အလုပ်ဝင်ခဲ့သည့်အကြောင်း၊ ပါရဂူတန်းဆက်တက်ချင်သည့်ဆန္ဒရှိကြောင်း၊ မောင်နှင့်ညီမတို့မှာဘွဲ့ရပြီး မိဘများ၏လိမ္မော်ခြံ၊ သစ်တော်ခြံများတွင် တာဝန်ယူကြီးကြပ်ဆောင်ရွက်နေကြပြီဖြစ်ကြောင်းစသည်များကို ဦးတိုးမောင်သိရှိပြီးဖြစ်သကဲ့သို့ ဦးတိုးမောင်ကလည်း တစ်ဦးတည်းသော သားဖြစ်ပြီး မိခင်မုဆိုးမကြီးကို လုပ်ကျွေးပြုစုနေသူဖြစ်ကြောင်းကိုလည်း "နန်းမြင့်ထား" သိပြီးဖြစ်လေသည်။

၀

## နန်းမိုးအေးထံမှသတင်း

"ဆရာတိုးကို ပြောစရာရှိလို့ပါ" ဟု အစချီကာ ဆရာမ နန်းမိုးအေးက ဦးတိုးမောင်ကို ပွင့်ပွင့်လင်းလင်းပြောပြခဲ့သည်။

နန်းမိုးအေး၏ ဖခင်ကြီးမှာ တပ်မတော်သားတစ်ဦးဖြစ်ပြီး သူတို့နယ်မြေဒေသခံတပ်ရင်းတွင် တာဝန်ကျရာမှ သူ့မိခင် ရှမ်းတောင်သူမလေးနှင့် အကြောင်းပါခဲ့ခြင်းဖြစ်သည်။ ဖခင်နာမကျန်းပင်စင်ယူပြီးသော်လည်းကလောမှာပင် ဆက်နေခဲ့သည်။

နန်းမိုးအေးက ပညာတော်သဖြင့် မန္တလေးတက္ကသိုလ်တွင် နန်းမြင့်ထားနှင့်အတူတူ တက်ခွင့်ရသည်။



ဘွဲ့အသီးသီးရရှိပြီးနောက် နန်းမိုးအေးက မူလတန်းပြဆရာမလေးအဖြစ်တာဝန်ထမ်းသည်။ နန်းမြင့်ထားကမူ တက္ကသိုလ်တွင် နည်းပြလုပ်ရင်းဂုဏ်ထူးတန်းဆက်တက်သည်။ ထိုအချိန်ကတည်းက သူတို့နှစ်ယောက် ကွဲကွာခဲ့ကြသည်။ နန်းမိုးအေး အလယ်တန်းပြဆရာမအဖြစ် ရာထူးတိုးခဲ့သည့်နှစ်တွင် မိဘများ၏ သဘောတူညီချက်အရ တပ်မတော်မှ ဗိုလ်ကြီးတစ်ဦး နှင့်လက်ထပ်ခဲ့ပြီး သမီးကလေးတစ်ယောက် မွေးဖွားခဲ့သည်။ သမီးကလေးသုံးနှစ်အရွယ်တွင် ခင်ပွန်းသည်တိုက်ပွဲတစ်ခုတွင် ကျဆုံးခဲ့၏။ ထိုစဉ်ကတည်းက ဖခင်၏ဇာတိဖြစ်သော အောက်ပြည်အောက်ရွာသို့ ပြောင်းရွှေ့ရန်ကြိုးစားခဲ့ရာ အောင်မြင်ခဲ့သည်။ ထို့ကြောင့် မိဘနှစ်ပါး၊ သမီးကလေးနှင့် အတူဒေးဒရဲမြို့သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

"ဆရာတို့နဲ့ မိုးအေးတို့က တကယ့်မောင်နှမအရင်းတွေလို ခင်မင်ကြတဲ့အတွက် ဆရာ့အကျိုးကို မိုးအေးလိုလားလို့ ပြောတယ်ဆိုတာ ဆရာယုံကြည်မှာပါနော်"

"ဟာ. . . မိုးအေးရယ်၊ ဒါပြောနေစရာမလိုပါဘူး။ ကျွန်တော်ယုံကြည်ပြီးသားပါ။ ပြောသာပြောပါ"

နန်းမိုးအေးက ခဏတွေသွားသည်။ ပြီးမှ-

"ဆရာတိုး မိုးအေးတို့သူငယ်ချင်း နန်းမြင့်ထားကို စိတ်ဝင်စားနေသလားလို့။ ဒီလိုမမေးသင့်ဘူးဆိုတာ မိုးအေးသိပါတယ်။ ဒါပေမယ့် ပြောသင့်တဲ့စကားရှိလို့ မေးရတာပါ"

နန်းမိုးအေးစကားက ဦးတိုးမောင်ကို လှုပ်ရှားသွားစေခဲ့သည်။ သူသည် ချက်ချင်းစကားမပြန်ဖြစ်သေးဘဲ တုန်လှုပ်နေ၏။

"အင်း. . .၊ နန်းမြင့်ထားဆိုတဲ့ အသံကြားတာနဲ့ ဆရာတိုးမူပျက်နေပြီ။ မိုးအေးတို့က သူငယ်ချင်းကောင်းတွေပါနော်၊ မှန်မှန်ပြော"

"ဟုတ်တယ်ဗျာ. . .၊ ကျွန်တော်သူ့ကို ဘယ်လိုရေစက်လည်းမသိ ဘူး၊ တွေ့ကတည်းက စိတ်လှုပ်ရှားမိတယ်၊ တွေ့ပါများတော့ သံယောဇဉ်ဖြစ်မိပါတယ်"

လူရိုးကြီးပီပီ သူရှက်နေသည်။ ရှက်ရှက်နှင့်ပင် သူဝန်ခံမိသည်။

"ဒါဖြင့် နန်းမြင့်ထားကရော"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . .၊ သူကတော့ အဖြေမပေးသေးပါဘူး။ စဉ်းစားတုန်းလို့ထင်ပါတယ်"

"ဟုတ်မှာပါလေ။ ဒါပေမယ့် မိုးအေးခုပြောမယ့် စကားကိုတော့ စေတနာစကားလို့ပဲမှတ်ပါနော် ဆရာတိုး"

"ဟုတ်ကဲ့ပါဗျာ၊ ပြောပါ မိုးအေး၊ ရပါတယ်"

"ဒီလို ဆရာတိုးရဲ့။ နန်းမြင့်ထားကတော့ စိတ်ထားမှန်ပါတယ်။ ဒါပေမယ့် သူ့မိဘတွေနဲ့ မိသားစုအတိုင်းအဝိုင်းက အခြေကြီးကြတယ်။ ခြံမြေဧကေ ရာချီရှိပြီး ဘိုးဘွားအစဉ်အဆက်ကတည်းက ချမ်းသာကြွယ်ဝခဲ့တဲ့ သူတွေလေ။ အဆင့်အတန်းလည်း ခွဲခြားတတ်ကြတယ်၊ သာမန်လူတန်းစားတွေနဲ့ ဆက်ဆံရေးကျဲကြတယ်၊ ပြီးတော့ နန်းမြင့်ထားတို့ မောင်နှမတွေကလည်း မိဘစကားကို တသွေမတိမ်းလိုက်နာတတ်ကြတယ်။ သူတို့အပေါ်မှာ မိဘတွေရဲ့ ဩဇာညောင်းတယ်"

နားထောင်နေရင်း နန်းမိုးအေး ဘာကိုဦးတည်နေကြောင်း ဦးတိုးမောင် တဖြည်းဖြည်းနားလည်လာသည်။

"ဒါတွေပြောပြရတာက မိုးအေးရဲ့သူငယ်ချင်း လူရိုးကြီးဆရာတိုး တစ်ယောက် စိတ်ဒဏ်ရာရမှာစိုးလို့ပါ။ ဆရာတိုးချင့်ချိန်စဉ်းစားနိုင်ဖို့ပါနော်"

နန်းမိုးအေးစကားအရ နန်းမြင့်ထား၏ ဘဝနှင့်အသိုင်းအဝိုင်းက သူ၏ဘဝ၊ သူ၏ အသိုင်းအဝိုင်းနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေလေပြီ။ ခန ဥစ္စာချင်းလည်းကွာသည်၊ အသိုင်းအဝိုင်းချင်းလည်း နှိုင်းယှဉ်မရ၊ ပညာအရည်အချင်းလည်းမတူ။ သူက လစာနည်းဝန်ထမ်း။ လစာကလေးကို သားအမိနှစ်ယောက်လောက်အောင် ခြိုးခြံသုံးစွဲနေရသည်။ အပိုစုဆောင်းငွေများများ မရှိ။ သူတို့နှစ်ယောက်၏ ဘဝကွာခြားမှုကြောင့် ဦးတိုးမောင် ရင်တွေပူနေသည်။

တစ်ညလုံးလည်း ဟိုလှိမ့်သည်လူးဖြင့် အိပ်မရ။ ရှေ့ဆက်သင့် မသင့် ချီတုံ ချတုံ စိတ်တွေဟုန်နေသည်။ "ဆရာမကို ကျွန်တော်ချစ်နေမိပြီ၊ ကျွန်တော့်အပေါ် ဘယ်လိုသဘောထားပါသလဲဗျာ" ဟု အရဲကိုး၍ မေးလိုက်မိစဉ်က နန်းမြင့်ထား ပါးကလေးတွေ နီတွတ်သွားပြီး "ကျွန်မတို့တွေ့ကြတာ တစ်လတောင်မရှိသေးပါဘူး ဆရာရယ်၊ မစောလွန်းဘူးလား" ဟု ညင်ညင်သာသာ တုံ့ပြန်ခဲ့ပုံကို မြင်ယောင်ကာ "သူလည်း ငါ့အပေါ် မေတ္တာရှိတာ အမှန်ပဲ"



ဟု ကိုယ့်ဘက်ကိုယ်ယက် တွေးခဲ့မိသည်ကို ပယ်ဖျက်ပစ်ရကောင်း လေမလား။ သူစဉ်းစား၍ မဆုံးနိုင်တော့ပေ။

၁၀

## မကျွမ်းမီက လွမ်းနှင့်ရပြီ

စခန်းသိမ်းရက်နီးလာသည့်အခါ စာရေးစာဖတ်စွမ်းရည် ပြိုင်ပွဲများ သချ်ာပြိုင်ပွဲများ ကျင်းပပေးသည်။ သင်တန်းအရှိန်မပျက်စေရန် ဒေသခံ လုပ်အားပေးဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများကို ရပ်ဝေး လုပ်အားပေးအဖွဲ့များက တာဝန်လွှဲပြောင်းပေးကြသည်။ စခန်းခွဲအလိုက် စေတနာလုပ်အားရှင်များကို နှုတ်ဆက်ပွဲများ ကျင်းပပေးကြသည်။ အပြန် အလှန် အမှတ်တရလက်ဆောင်များပေးကြသည်။

ဆရာမ နန်းမိုးအေးနှင့် နန်းမြင့်ထားတို့သည် ခင်မင်ရင်းနှီးစွာ စကားပြောဆိုနေကြသော်လည်း အပြုံးလေးတွေက မတောက်ပလှ။ မိုးမိုးနှင့်စိုးစိုးတို့ ညီအစ်မကလည်း နှုတ်ဆိတ်နေသည်။ ဦးတိုးမောင်သည် တစ်ဝိုင်းတည်းတွင် ထိုင်နေရသော်လည်း စကားများများ မပြောဖြစ်။ နှုတ်ဆက်ပွဲပြီး၍ ညစ်စဲသွားသည့်အချိန်တွင် နန်းမြင့်ထားက သူ့ကို ပို့စကတ်လေးတစ်ခု လက်ဆောင်ပေးသည်။ အင်းလေးကန်ရေပြင် ကျယ်ထဲတွင် အင်းသားတစ်ဦးခြေထောက်ဖြင့် လှေလှော်နေသည့်ပုံ ဖြစ်သည်။ ကောင်းကင်ပြာထဲတွင်မူ တောင်ပံယှက်၍ ပျံသန်းနေသော ငှက်ကလေး နှစ်ကောင်။

ပုံကလေးကိုကြည့်ရင်း ဦးတိုးမောင် သဘောပေါက်သွားသည်။ နန်းမြင့်ထားသူ့ကို အဖြေပေးလိုက်ခြင်းဟု သူဝမ်းလည်းသာသည်၊ ရင်ထဲမှာလည်း နင့်သွားသည်။ သူက နန်းမိုးအေး၏ သတင်းစကားကြောင့် နန်းမြင့်ထားကို ခပ်ရှောင်ရှောင်နေခဲ့မိသည်။ လောင်စပြုနေသော အချစ်မီးကို ငြိမ်းသတ် နိုင်ရန် အကျိုးမဲ့ ကြိုးစားနေမိခြင်းသာဖြစ်ကြောင်း သူသိလိုက်သည်။

"နန်းရယ်. . ."

နန်းမြင့်ထား၏လက်ကို သူအမှတ်မထင်ဆုပ်ကိုင်ထားလိုက်မိကာ မချင့်မရဲခေါ်လိုက်မိသည်။ ယခုတော့သူနန်းမြင့်ထားကို "နန်း" ဟု ရဲရဲဝံ့ဝံ့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နိုင်ပြီဖြစ်သည်။ ဣန္ဒြေရှင်မလေး နန်းမြင့်ထားက သူ့လက်ကလေးကို မသိမသာ ရုပ်လေသည်။

"ဆရာရယ် . . .၊ နန်းတို့က အချိန်တန်တော့လည်း အိမ်ပြန်ကြရ မယ့် ဧည့်သည်တွေပါ။ ဆရာ နန်းတို့ဆီ အလည်လာခဲ့ပါနော်၊ နန်းမျှော် နေပါ့မယ်"

"လာမှာပေါ့ နန်းရယ်၊ ကို ဆက်ဆက်လာခဲ့ပါ့မယ်"

နောက်တစ်နေ့တွင် ကျူဒါးနှင့် ဆူးကလတ်ရွာများမှ လုပ်အားပေး ကျောင်းသားများကို စုစည်း၍ ဒေးဒရဲသို့ ထွက်ခွာခဲ့ကြသည်။ နောက်တစ်ရက် တွင် ရန်ကုန်သို့ သင်္ဘောဖြင့် ခရီးဆက်ကြသည်။ ထိုခရီးတွင် ဦးတိုးမောင်တို့ နှင့်အတူ နန်းမိုးအေးပါ လိုက်လာခဲ့သည်။ သင်္ဘောဦးခန်းတွင် လူကြီးများက နေရာယူပြီး တွေတွေရာရာ စကားဆိုကြသည်။ သို့သော်လည်း အကြိုခရီးတုန်း ကလို တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်းမရှိကြ။ အထူးသဖြင့် ဦးတိုးမောင် နှင့် နန်းမြင့်ထားတို့အဖြစ်က မကျွမ်းခင်က လွမ်းနှင့်ရပြီး ချစ်ခင်ကာစ ခွဲခွာကြရသည့်အဖြစ်ဟု နန်းမိုးအေးက စာနာစွာ ခံစားနေရသည်။

ရန်ကုန်ဘူတာကြီးရောက်တော့ ဦးတိုးမောင်က နန်းမြင့်ထားကို စကားတစ်ခွန်း အလေးအနက်ပြောဖြစ်သည်။

"နန်းကို ကိုအမြဲသတိရနေမှာပါ"

နန်းမြင့်ထားကလည်း တစ်ခွန်းသာ တုံ့ပြန်ခဲ့သည်။

"နန်း ကို့ကို ကြိုဆိုနေမှာပါ၊ ဆက်ဆက်လာခဲ့နော်" တဲ့။

○

## ကုသိုလ်ကြမ္မာ မပီပါခဲ့

နွေရာသီကျောင်းပိတ်ရက်သည် စာမတတ်သူပပျောက်ရေး စီမံကိန်း စခန်းသိမ်းပွဲနှင့်အတူ ကုန်ဆုံးသွားခဲ့လေပြီ။

ကျောင်းများပြန်လည်ဖွင့်လှစ်သည့် တစ်လလုံးလုံး ကျောင်းကိစ္စ တွေနှင့် တာဝန်ပိနေ၍ ဦးတိုးမောင်မှာ ချစ်သူနန်းမြင့်ထားထံ စာတစ်စောင် သာရေးဖြစ်သည်။ တယ်လီဖုန်းအဆက်အသွယ်လည်း ခက်ခဲသဖြင့် ချစ်သူ ထံမှ ပြန်စာကိုသာ မျှော်နေရတော့သည်။ သီတင်းကျွတ်ကျောင်းပိတ်ရက် ရှည်တွင် မိခင်ကြီးကို ခွင့်ပန်ပြီး ချစ်သူထံအရောက်သွားမည်ဟု သူ့အား ခဲကြံစည်



နေချိန်ဝယ် မမျှော်လင့်ပဲ နန်းမြင့်ထားထံမှ သံကြိုးစာတစ်စောင် ရောက်လာ သည်။

"ကို နန်းဆီကို အမြန်ဆုံးလာခဲ့ပါ။ အရေးကြီးပါတယ်"

သံကြိုးစာကို ရရှိချိန်က ဦးတိုးမောင်၏မိခင်ကြီး အသည်းအသန် ဖြစ်၍ ဆေးရုံတင်ထားရသည့်အချိန်ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ကြုံနေရ၍ ဦးတိုးမောင်မှာ ကြံရာမရ။ သည်သားတစ်ယောက်ကိုသာ အားကိုးနေရရှာ သည့် မိခင်ကြီးကိုလည်း ပစ်မထားခဲ့ရက်နိုင်၊ ချစ်သူထံကို အပြေးသွားလိုက် ချင်သည့်ဆန္ဒကိုလည်း မထိန်းသိမ်းနိုင်၊ သို့နှင့် နန်းမိုးအေးကို တိုင်ပင်ရသည်။

"ဆရာတိုးလည်း ဉာဏ်နှံ့နဲ့တဲ့သူမှမဟုတ်တာ။ မိုးအေးအဆုံးအဖြတ် တော့ မပေးချင်ဘူး၊ ဒါပေမယ့် မိဘဆိုတာ အစားထိုးလို့ရတဲ့သူမဟုတ်ဘူး၊ တစ်ခုတော့ မိုးအေးကူညီပေးနိုင်တယ်၊ ဆရာတိုး လက်ခံမယ်ဆိုရင်ပေါ့"

"ဟာ သူငယ်ချင်းရယ်၊ ဘာဖြစ်လို့ လက်မခံနိုင်ရမှာလဲ။ ပြောသာ ပြောပါ"

"မိုးအေး ဆရာတိုးကိုယ်စား နန်းမြင့်ထားဆီလိုက်သွားပေးမယ်။ ဒါမှ အကျိုးအကြောင်းစုံ သိရမှာလေ။ သံကြိုးစာအရတော့ သူ့မှာ အခက်အခဲ ကြုံနေရပုံပဲ၊ အဲဒါကလည်း ဆရာတိုးနဲ့ပတ်သက်တဲ့ကိစ္စဖြစ်မယ်လို့ မိုးအေး ထင်တယ်။ ဘယ်လိုလဲ"

"ကျေးဇူးတင်လိုက်တာ မိုးအေးရယ်၊ ကျွန်တော် သဘောတူပါတယ်"

ချက်ခြင်းဆုံးဖြတ်၊ ချက်ချင်းအကောင်အထည်ဖော်လိုက်ကြ၏။ နောက်တစ်ရက်မှာပင် နန်းမြင့်ထားဆီသို့ နန်းမိုးအေးထွက်ခွာသွား၏။ ဦးတိုးမောင်မှာတော့ ရက်တွေတွက်ရင်း ကျန်ရစ်၏။

တစ်ရက် . . .။

နှစ်ရက် . . .။

သုံးရက် . . .။

လေးရက် . . .။

ငါးရက် . . .။

ခြောက်ရက်မြောက်နေ့တွင် နန်းမိုးအေးပြန်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သတင်းကောင်းကို သယ်ဆောင်လာသည်မဟုတ်မှန်း နန်းမိုးအေး ၏ အရိပ်အကဲကို ကြည့်လိုက်သည်နှင့် ဦးတိုးမောင်သိသည်။

"မိုးအေးစိတ်မကောင်းပါဘူး ဆရာတိုးရယ်"

ပြောရင်း နန်းမိုးအေးက စာအိတ်တစ်အိတ်ကို ပေးသည်။

ဖွင့်ကြည့်လိုက်တော့ နန်းမြင့်ထား၏ မင်္ဂလာပွဲဖိတ်စာဖြစ်နေသည်။ သတို့သားမှာ ဂုဏ်ကြီးရှင်တစ်ဦးဖြစ်သည်။

"မိုးအေး သူနဲ့တွေ့ခွင့်မရခဲ့ဘူး။ ဒီဖိတ်စာကိုတောင် မိုးအေးရဲ့အမေ အလုပ်လုပ်ခဲ့တဲ့ လိမ္မော်ခြံပိုင်ရှင်ဆီကရခဲ့တာ"

ငိုင်ကျသွားသည့် ဦးတိုးမောင်ကို နန်းမိုးအေးက ရှင်းပြသည်။ ဦးတိုးမောင်မှာ မကြားတစ်ချက်၊ ကြားတစ်ချက်။ ချစ်သူက သူ့ကို အားကိုးတကြီး လှမ်းခေါ်ရှာတာပေပဲ။ အရောက်မသွားနိုင်အောင်ဆွဲထားခဲ့သည့် ကံကြမ္မာကိုသာ သူအပြစ်တင်ရတော့သည်။

"ဆရာတိုးကို မိုးအေးပြောခဲ့ဖူးသားပဲလေ။ သူတို့က အသိုင်းအဝိုင်းကြီးတယ်၊ သာမန်လူတန်းစားတွေနဲ့ ဆက်ဆံရေးကျဲတယ်။ အဆင့်အတန်းခွဲခြားတတ်ကြတယ်လို့လေ"

"တော်. . . တော်ပါတော့ မိုးအေးရယ်၊ ကျွန်တော်ဆက်နားမထောင်ပါရစေနဲ့တော့ဗျာ"

"ဟုတ်တယ်. . .၊ ဆရာတိုး သိလို့လည်း ဘာမျှမထူးတော့ပါဘူး။ မေ့ပစ်လိုက်ပါတော့ ဆရာတိုးရယ်။ မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ"

နန်းမိုးအေးစကားက နားထဲရောက်သော်လည်း ရင်ထဲသို့မဝင်။ မေ့ပစ်ရမယ်တဲ့လား။ ဟင့်အင်း. . . မဟုတ်သေးဘူး၊ တစ်သက်မှာ တစ်ခါသာ ချစ်ခဲ့ဖူးသည့် အချစ်ဦး အချစ်ထူးကို သူ့ရင်ထဲက ထုတ်ဖယ်ပစ်ရန် သူမည်သို့မျှ ကြိုးစားဖြစ်မည် မဟုတ်ပေ။

"ဩော်. . .၊ ကုသိုလ်ကြမ္မာ မမီပါလို့ ချစ်ပါလျက်လည်း ဖူးစာလွဲခဲ့ရပြီကော နန်းရယ်။ ကို့ကို ခွင့်လွှတ်ပါလေတော့"

○

ကောင်းထွဋ်ဝင်း (ဝန်းမြို့)



www.burmeseclassic.com

www.burmeseclassic.com

*"မိထက် မပြင်းသာတော့၊ ခြင်းတောင်းလေး ကိုဦးလက်ထဲပါသွားပြီ၊ ရင်တွင်းမှာလည်း ကြည်နူးစိတ်တွေ တဝေဝေ၊ ဒါမိထက်ရဲ့ အိပ်မက်ထဲက တစ်စိတ် တစ်ပိုင်းဖြစ်သည်၊"*

# ပစ္စုပ္ပန်အိပ်မက်

အဖေအနည်းငယ် ပင်ပန်းနေပုံရသည်။ အိမ်ပြန်ရောက်သည်နှင့် ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"အဖေ. . .၊ သံပရာရည်လေး သောက်လိုက်ပါလားဟင်"

"ရတယ် သမီးလေး၊ သမီးလည်း ပင်ပန်းလာတာပဲ၊ နားချင်နား လိုက်ပါဦး၊ အဖေ ဒီမှာပဲ ခဏထိုင်ဦးမယ်"

မိထက်ကို မော့ကြည့်ရင်း အဖေက ကြင်နာစွာဆို၏။

မိထက်သည် ခြံအပြင်လမ်းမပေါ်သို့ ငေးငေးကြီးကြည့်နေသည့် အဖေ့ကို စိတ်ထဲမကောင်းလှဘဲ အကဲခတ်နေမိသည်။ သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် သူ့အိမ်မှ ခွဲထွက်သွားကြ၍ အဖေဝမ်းနည်းနေ လေသလား။ သမီးငယ်၏ မင်္ဂလာဆောင်ပွဲကို ဖခင်တစ်ယောက်အနေနှင့် ရော၊ မိခင်တစ်ယောက်အနေနှင့်ပါ တာဝန်ယူစီမံပေးခဲ့ရ၍ ပင်ပန်းနေပြီလား။ လွန်ခဲ့သည့် (၁၀) နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် အမေ့ကို သတိရ လွမ်းဆွတ်နေလေသည်လား။ မိထက်ရင်ထဲမကောင်း။

"သမီး မိထက်"

မိထက်ကို တစ်ချက်ငဲ့ကြည့်ရင်း အဖေက ခေါ်၏။

"ဟုတ်ကဲ့ အဖေ။ ဘာလိုချင်လို့လဲဟင်။ ခေါင်းနောက်လို့လား။ ရှုဆေး ယူပေးမယ်နော်"

"အို. . .၊ မဟုတ်ပါဘူး သမီးရယ်။ အဖေတစ်ခုပြောချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ အဖေ"

"မိထက်မှာ ချစ်သူရှိရင် အဖေ့ကို ပြောနော်"

"ရှင်. . ."

မမျှော်လင့်သည့်စကားမို့ မိထက်တုန်လှုပ်သွား၏။ အဖေရိပ်မိနေလို့လားဟု မိထက်မလုံမလဲဖြစ်သွားရသည်။

"ဟုတ်တယ်၊ သမီးမှာ ချစ်သူရှိရင် အဖေ့ကို ပွင့်ပွင့်လင်းလင်းသာဖွင့်ပြော။ အဖေတို့မှာ သားသမီးလေးယောက်ရှိတာ အိမ်ထောင်ပြုသွားတဲ့ သုံးယောက်စလုံး အဖေ့စိတ်တိုင်းကျမဖြစ်ခဲ့ဘူး။ အဖေဖြစ်စေချင်တာက မိသားဖသားပီပီ တောင်းရမ်းစေ့စပ်ပြီးမှ တင့်တင့်တယ်တယ် လက်ထပ်စေချင်ကြတာ။ ခုတော့. . ."

အဖေက စကားအဆုံးမသပ်၊ သက်ပြင်းရှည်ကြီးချကာ ငြိမ်သွားသည်။ အဖေ့စကား အဆုံးမသပ်သော်လည်း မိထက်ကမူ ထိုစကားနောက်ကွယ် တွင်ရှိသမျှသော အဓိပ္ပါယ်ကို ဖော်ထုတ်သိရှိနေပါသည်။

အစ်ကိုကြီး၊ အစ်ကိုလတ်နှင့် ညီမလေးတို့ သုံးယောက်စလုံး အဖေဖြစ်စေချင်သလို မဖြစ်ခဲ့ကြ။ သူတို့သည် တိတ်တဆိတ်ခိုးရာလိုက်ပြေးရသည်ကို သဘောတွေ့သည်လားမသိ၊ အဖေရော မိထက်ပါသူတို့တွေ၏ အိမ်ထောင်ရေးအစီအစဉ်ကို ကြိုတင်မသိခဲ့ကြ။ နောက်ပိုင်းခရီးလွန်ပြီးမှသိရတော့လည်း အဖေ့ခမျာ မိဘတို့ဝတ္တရားရှိသည့်အတိုင်း တစ်ဘက်မိဘများနှင့် ကျေလည်အောင် ဆွေးနွေးညှိနှိုင်းရှာသည်။ ဘက်မှသူ့ပိုက်ဆံတွေကို ထုတ်ပေးပြီး သားသမီးများ၏ မင်္ဂလာဧည့်ခံပွဲကို ကျင်းပစေခဲ့သည်မှာ ဝတ္တရားကျေရုံသာ မက ဟိုဘက်တောင် လွန်နေသေးသည်ဟု မိထက်က ယူဆသည်။

"မိထက်ကိုတော့ အဖေအဲသလို အဖြစ်မခံနိုင်ဘူးနော် သမီး။ အဖေ့ကိုဖွင့်ပြော၊ ဟုတ်ပြီလား"

ဒါ သမီးတစ်ယောက်ကို အဖေက ပြောရမယ့်စကားတဲ့လား အဖေရယ်၊ အမေသာရှိရင် ဒီစကားမျိုးကို အမေကပြောရမှာလေဟု မိထက် ရင်နင့်စွာ တွေးလိုက်မိပြန်၏။

မိထက်မှာ ချစ်သူရှိခဲ့တာ တက္ကသိုလ်နောက်ဆုံးနှစ်ကတည်းကပါ



အဖေဟု ပွင့်လင်းစွာ ပြောပြချင်သော်လည်း ပြောမထွက်ခဲ့။ သည်ကနေ့ပဲ သမီးအငယ်ဆုံး မင်္ဂလာဧည့်ခံပွဲကို ကျင်းပပေးခဲ့ရသည်၊ သည်ကနေ့ပဲ သမီးလတ်၏ ချစ်သူရှိနေပြီဖြစ်ကြောင်း သတင်းကို အဖေ မည်သို့သော အသည်းနှလုံးဖြင့် လက်ခံနိုင်ပါမည်နည်း။

မိထက် စဉ်းစားသည်၊ အထပ်ထပ်စဉ်းစားသည်။ အဖေ့ကိုလည်း မညာချင်၊ ဖွင့်ဟရန်လည်း မဝံ့မရဲ အားတုံ့အားနာ။ အိမ်ကြီးတစ်အိမ်လုံးမှာ မှသည်အဖေကြီးနှင့် သည်သမီးနှစ်ယောက်တည်း ခြောက်သွေ့စွာ ကျန်ရစ်ခဲ့ရချိန်ဝယ် အဖေ့ကိုအမှန်အတိုင်း ပြောမထွက်ခဲ့ရက်။ သူအိမ်ထောင်ပြုလိုက်၍ အဆင်မပြေလျှင် သျှောင်နောက်ဆံထုံးပါဆိုသလိုဖြစ်သွားပါက သည်အသက် (၇၀) ကျော် ဖခင်အိုကြီးကို ထားခဲ့ရမှာ သေချာသည်။ ထိုအခါ အစ်ကိုတွေနှင့်ညီမလေးက အဖေကြီးကို သူ့လို ကြည်ကြည်ဖြူဖြူ စောင့်ရှောက်နိုင်ကြပါမည်လားဟု သူသံသယရှိသည်။

၀

အရုဏ်ဦး၏ လင်းရောင်ခြည်နုနုက မိထက်ကို ဆီးကြိုနေသည်။

မိထက်ဈေးသွားရမည်၊ ထမင်းဟင်းချက်ပြီး ကလေးတွေ စုစည်းထားသည့်အိမ်သို့ စာသင်သွားရမည်။ မိထက်တို့ အိမ်မှာတော့ တစ်ယောက်နှစ်ယောက်သာ သီးခြားလက်ခံသင်ကြားပေးဖြစ်သည်။ ကျောင်းသားများပါက အဖေကြီး မျက်စိရှုပ်၊ နားရှုပ်ဖြစ်မှာစိုးသောကြောင့် တစ်ပတ်လျှင် သုံးရက် အပြင်အိမ်သို့ သွားသင်ရသည်။ တစ်နေ့ကို နှစ်နာရီမျှသင်၍ ရသောတစ်လဝင်ငွေသည် အဖေ့ဆေးဘိုးနှင့် မီးဖိုချောင်အသုံးအတွက် လုံလောက်ရုံမျှမက ပိုပိုလျှံလျှံပင်ရှိ၍ အဖေက တားသည့်ကြားမှ သူဆက်လုပ်ဖြစ်နေသည်။

"အဖေ့ပင်စင်နဲ့ ဘဏ်တိုးနဲ့ ဘာမှပူစရာမရှိပါဘူး မိထက်ရယ်။ သမီးပင်ပန်းလွန်းလှပါတယ်"

သည်လို မကြာခဏပြောရှာသော်လည်း မိထက်က ကိုယ့်ကိုယ်ကိုယ်လည်း သံချေးအတက်မခံနိုင်၊ သင်ယူထားသည့် ပညာကိုလည်း မျှဝေပေးချင်သည့် ဆန္ဒရှိသည်။ ထို့ကြောင့် အဖေ့ကိုချော့၍ ဆက်သင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပေါ့ အဖေရယ်" ဟု အဖေ့ကို နှစ်သိမ့်ထားရသည်။

"အဖေ၊ သမီးဈေးသွားဦးမယ်နော်။ စားပွဲပေါ်မှာ ကော်ဖီဓာတ်ဘူး နဲ့ ကိတ်မုန့်တင်ထားခဲ့တယ်။ အဖေဒီနေ့ ဘာဟင်းစားချင်လဲ"

ထုံးစံအတိုင်းမေးဖြစ်သည်။

"ရပါတယ် သမီးရယ်၊ အဆင်ပြေတာသာ ဝယ်ခဲ့ပါ"

အဖေကလည်း ထုံးစံအတိုင်း ခပ်အေးအေးဖြေသည်။

မေးသာမေးရသည်၊ မိထက်စိတ်ထဲမှာ စီစဉ်ပြီးသား။ သည်ကနေ့ အဖေကြိုက်သည့် ဆိတ်သားဟင်းချက်မည်၊ ပဲဟင်းချက်မည်၊ အချဉ်သုပ်မည်။ ဆွမ်းဟင်းအတွက်ကိုတော့ အမြန်ကျက်မည့် ပုစွန်တုပ်ချက်မည်။ လိမ္မော် သီးနှင့် ပန်းသီးဝယ်မည်။ စိတ်ထဲကတွက်ရင်း ဈေးသို့ခပ်သုတ်သုတ်လှမ်းရသည်။

"မိထက်လေး. . ."

ဆွဲခြင်းကို နောက်မှအသာလှမ်းဆွဲလိုက်သူကို အသံကြားရုံနှင့် မိထက် သိသည်။

သူလှည့်ကြည့်လိုက်တော့ ပြုံးနေသော "ကိုဦး" ကို မြင်လိုက်ရ၏။

"ကိုဦး ဘယ်တုန်းက ပြန်ရောက်တာလဲ"

သူ့ဇာတိသို့ ခေတ္တပြန်သွားသည်ကို ရည်ညွှန်း၍ မေးလိုက်မိ၏။

"မနေ့ညက"

"ဒါနဲ့များ မိထက်ဆီကို မလာဘူး"

မိထက်၏ မျက်စောင်းပြေပြေကလေးကို ကိုဦးက ကြည်ကြည်နူးနူး လက်ခံရင်း-

"ညကိုးနာရီကျော်နေပြီ မိထက်ရဲ့။ မသင့်တော်ဘူးထင်လို့ပါ"

ကိုဦးက မိထက်ကိုသည်လိုတန်ဘိုးထားမှန်း သိပါရက်နှင့် နွဲ့လိုက်မိ ခြင်းဖြစ်သည်။ နွဲ့လိုက်မိပြီးမှ အသက်အစိတ်ကျော်ခဲ့ပြီဖြစ်သည့် မိထက် က ဆယ်ကျော်သက်ကလေးလို ရှက်သွေးဖြန်းခဲ့ရပြန်သည်။

"ဒါနဲ့ အခု စောစောစီးစီး ဘယ်သွားမလို့လဲ"



"မိထက်ဆီကိုပေါ့။ မျက်စိနှစ်လုံးပွင့်တာနဲ့ မိထက်လေးကို ကိုက တွေ့ချင်ခဲ့တာ"

"ချွဲ. . . ချွဲ. . .၊ ကိုရေ့။ ဒီလိုအပြောလေးတွေကြောင့်ပဲ မိထက်မှာ မလှုပ်နိုင်အောင် ဖြစ်နေရတာ"

"ကိုကလည်း မိထက်ရဲ့ အဲသလို အပြောလေးတွေကြောင့် ပိုပြီး လွမ်းနေခဲ့ရတာပေါ့ မိထက်ရဲ့"

မိထက် စိတ်မထိန်းနိုင်ဘဲ ကိုဦး၏မျက်နှာကို ငေးကြည့်နေမိတော့ သည်။ ယောကျ်ားပီသပြီး တည်ကြည်သောရုပ်သွင်ရှိသည့် ကိုဦးသည် မဟာ သိပ္ပံဘွဲ့ဟူသော ဂုဏ်ပုဒ်ဆင့်လောင်းထား၍ မိဘရှင်များ မျက်စေ့ကျစရာ ဖြစ်သည်။ ထားဝယ်ဇာတိဖြစ်၍ သူ့စကားပြောသံဝဲဝဲကလေးကြောင့် မိထက် ပို၍ ချစ်မိသည်။

"ဘာကြည့်နေတာလဲ မိထက်ရဲ့။ ကို့ကိုမမြင်ဘူးဘူးလား"

မိထက်က မလုံမလဲ ရယ်လိုက်မိရင်း-

"နေပါဦး၊ မိထက်ဈေးလာမယ်ဆိုတာ ဘယ်လိုသိလဲ"

"ဗေဒင်မေးစရာမလိုပါဘူး မိထက်ရယ်၊ မိထက်တို့အိမ်မှာက အဖေနဲ့ မိထက်နှစ်ယောက်တည်းရှိတာဆိုတော့ မိထက်မှဈေးသွားပြီး မချက်ရင် ဘယ်သူ ချက်မှာလဲ၊ မဟုတ်ဘူးလား"

ပါးချိုင့်ကလေးပေါ် အောင်ပြုံးနေသော မိထက်ကို မြတ်နိုးစွာကြည့် လျက် ကိုဦးကဖြေ၏။

"မိထက်က မချက်ဘဲ ဆိုင်ကဝယ်စားတယ်ဆိုရင်ကော"

ကိုဦးက ပတ်ဝန်းကျင်ကို ဖျတ်ကနဲ အကဲခတ်လိုက်ပြီးနောက် မိထက် ၏ လက်ကလေးကို ဆွဲယူလိုက်ပြီး-

"ဒီလက်ချောင်းလေးနဲ့ လက်ဖမိုးပေါ်မှာ မွှေးညင်းလေးတွေရှိတယ် လေ။ မိထက်လက်ချောင်းပေါ်က မွှေးညင်းကလေးတွေပါးတောင်နေပြီဆို တော့ မီးဖိုချောင်နိုင်နင်းတယ်ဆိုတဲ့ သက်သေပေါ့"

"သွား. . .၊ လူလည်ကြီး။ မိထက် သွားတော့မယ်၊ လွှတ်"

လက်ကိုရုပ်ရင်း ခြေလှမ်းပြင်လိုက်ရာ ကိုဦးကပါ ကပ်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို. . .၊ ဘာလို့ လိုက်လာတာလဲ။ နေ့လယ်ကျမှ အိမ်ကိုလာလေ ခုလည်း မိထက်နဲ့အတူတူ ဈေးလိုက်ဝယ်မယ်လေ။ ပေး ဆွဲခြင်း"

"အို ကိုဦးကလည်း. . .။ သူများတွေမြင်ရင် မကောင်းပါဘူး"

မိထက် ခပ်ပြတ်ပြတ် ငြင်းမိ၏။ တပည့်တွေ၏ ဆရာမတစ်ယောက်က သူစိမ်းယောကျ်ားတစ်ယောက်နှင့် ဈေးဝယ်ထွက်သည်ကို တွေ့သွားလျှင် သိက္ခာကျမည်ဟု သူတွေး၏။

"ဘာ မကောင်းစရာရှိလဲ မိထက်ရယ်။ ကိုနဲ့ မိထက်ကမကြာခင် လက်ထပ်ကြတော့မယ့် ချစ်သူတွေပဲဟာ။ ခြင်းဂတောင်းပေးပါကွာ"

မိထက် မငြင်းသာတော့။ ခြင်းတောင်းလေး ကိုဦးလက်ထဲပါသွားပြီ။ ရင်တွင်းမှာလည်း ကြည်နူးစိတ်တွေ တဝေဝေ။ ဒါ မိထက်ရဲ့ အိပ်မက်ထဲက တစ်စိတ်တစ်ပိုင်းဖြစ်သည်။

"မိထက်ရေ. . .။ ကိုတို့ လက်ထပ်ကြစို့နော်။ ကို မိထက်ချက်ကျွေးတဲ့ ထမင်းကို နေ့တိုင်းစားချင်လှပြီ"

ကိုဦးကလည်း သူ့အိပ်မက်ကို လှစ်ဟပြသည်။

"အမလေး. . . စကားကလည်း တတ်လိုက်ပါ့တော်"

"အလေးအနက် ပြောတာပါ မိထက်ရယ်။ ကို မိထက်နဲ့ ခွဲမနေချင်တော့ဘူး။ အမေတို့ကလည်း ကို့ကိုပြန်လာစေချင်ကြတယ်။ ထားဝယ်က ရော်ဘာခြံကို ညီလေးနဲ့အတူ ဦးစီးလုပ်စေချင်တယ်တဲ့"

မိထက်တုန်လှုပ်သွား၏။ ကိုဦးကလည်း သူ့အိပ်မက်နှင့်သူပါလား။ သားအကြီးဆုံးဆိုတော့လည်း မိဘများက အားကိုးကြမည်မှာ အသေအချာပင်။ ထိုခဏတွင် အဖေ့မျက်နှာကို မိထက် ပြေးမြင်လိုက်မိ၏။ ထို့ကြောင့် ချစ်ခြင်းဖြင့်ပြည့်သော ကိုဦးစကားကို မိထက် ချက်ခြင်းမတုံ့ပြန်နိုင်။

"နော် မိထက်။ လက်ထပ်ကြစို့နော်"

"ဖြည်းဖြည်းပေါ့ ကိုဦးရယ်၊ မိထက် စဉ်းစားစရာတွေ အများကြီး ရှိနေလို့ပါ"

အိပ်မက်မှလန့်နိုးလာသူပမာ မိထက်ခံစားနေရ၏။

o



"မမ မိထက်ရေ. . ."

ခေါ်သံနှင့်အတူ ညီမလေး "ထွေး" အိမ်ပေါ်တက်လာ၏။ မျက်နှာကလည်း ပြုံတော့မည့် မိုးနှယ်။ ပြဿနာတစ်ခုခုဖြစ်လာပြီလားဟု မိထက်တွေးနေဆဲ ထွေးက ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ တော်သေးသည်၊ အဖေက သူ့မိတ်ဆွေတွေနှင့်အတူ ဆွမ်းကပ်တစ်ခုသို့ သွားနေချိန်မို့၊ သို့မဟုတ် လျှင် အဖေ စိတ်အနှောင့်အယှက်ဖြစ်ရပေဦးမည်။

ကလေးတွေအိမ်တွင် စာသင်ပေးအပြီးပြန်အလာ မောမောနှင့် ခဏနားမည်ဟု စိတ်ကူးထားသော မိထက်မှာ ထွေး၏အပူတွေ ကူးစက်ခံလိုက်ရပေပြီ။

"လူပါးဝတယ်၊ သိပ်ကို လူပါးဝကြတာပဲ။ သူတို့အိမ်မှာ လိုက်နေရ တဲ့ မိန်းမဆိုပြီး အနိုင်ကျင့်တယ်။ ဒင်းနဲ့ မပေါင်းဘူး။ ကွာမယ်"

ကြားလိုက်ရသမျှ ရင်မောစရာ။ ယူကြတာဖြင့် လေး ငါးလ ရှိသေးသည်၊ ကွဲဖို့ ကွာဖို့ စကားတွေ ပြောလာပြီ။

"ထွေးကဖြင့် ကိုယ်ချစ်လို့ယူထားတဲ့ ယောကျ်ားပဲလေဆိုပြီး အရာရာ သည်းခံခဲ့တယ်။ သူကပါ သူ့ဟာတွေဘက်ကလိုက်ပြီး ထွေးကို ဆူတယ်လေ။ စဉ်းစားကြည့်ပါဦး မမရယ်၊ ထွေးမှာ အလုပ်လည်း ထွက်လုပ်ရသေး၊ သူတို့ တစ်ပုံကြီး စားဖို့သောက်ဖို့လည်း ချက်ရပြုတ်ရသေး"

"ထွေး" ယောကျ်ားလေးက မိသားစုများမှန်း ထွေးတို့ မင်္ဂလာဧည့်ခံပွဲ နေ့ကတည်းက မိထက်သိခဲ့ပြီးသားပင်။

"ဒီခေတ်ကြီးမှာ ဈေးဘိုးတစ်နေ့ ငါးထောင်ထဲနဲ့ လူရှစ်ယောက်ကို ဟင်းကောင်းနဲ့ ကျွေးနိုင်မလား မမမိထက် စဉ်းစားကြည့်။ သူ့ညီမ ဟိုကောင်မကလည်း တက္ကသိုလ်ကျောင်းသူဆိုပြီး ခြေမလှုပ်လက်မလှုပ် ကြော့လို့။ မနက်ဆို အလှတွေပြင်ပြီး အဆင်သင့်ထည့်ပေးထားတဲ့ ထမင်းဘူးကိုယူပြီး သွားတော့တာ။ ညနေပြန်လာတော့လည်း စာကျက်စရာရှိလို့ဆိုပြီး. . ."

ထွေးရယ်. . .၊ ညီမလေးလည်း အပျိုဘဝတုန်းက အဲဒီလိုပဲနေခဲ့တာလေ၊ မမကညီမလေးအတွက် လိုလေးသေးမရှိ လုပ်ပေးခဲ့တာ မမှတ်မိဘူးလား။ အဲ့ဒီဘဝလေးထဲက မင်းသဘောနဲ့မင်း ထွက်သွားခဲ့တာပဲလေဟု ပြောလိုက်ချင်သမျှကို မနည်းမျိုချပစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထွေး သူ့ကိုစိတ်နာတယ်။ ထွေး ဒီမှာပဲ နေတော့မယ်နော်"

"အေးပါကွယ်. . . အေးပါ"

မိထက်ကိုဖက်ကာ တအီးအီးငိုမဆုံးဖြစ်နေတော့ မိထက်ပါမျက်ရည်ကျရသည်။

သို့သော် ထိုမျက်ရည်များသည် မျက်နှာငယ်ကလေးဖြင့် လာခေါ် သောသူ့ယောက်ျားနောက် ကောက်ကောက်ပါအောင် ပြန်လိုက်သွားသည့် ထွေးကြောင့် အဟောသိကံ ဖြစ်ရပြန်လေသည်။ ထွေးအဖေ့အိမ်မှာ နှစ်နာ ရီပင်မကြာ။

ထိုနေ့ကတော့ ပြဿဒါးနေ့ဖြစ်သည်ထင်ပါ၏။ ညီမ "ထွေး" ပြန်သွားပြီး မကြာမီမှာပင် အစ်ကိုလတ်တို့သားအဖ ရောက်လာပြန်၏။ ထိုအချိန် တွင် အဖေကလည်း အိမ်ပြန်ရောက်နေပြီဖြစ်သဖြင့် အဖေနှင့်ထိပ်တိုက်တိုး သည်။ အစ်ကိုလတ်လာလျှင် ငွေကြေးပံ့ပိုးရမြဲမို့ မိထက်က ငွေနှစ်သောင်း ကို စာအိတ်ထဲအဆင်သင့် ထည့်ထားလိုက်၏။ တူလေး "ဇော်ဇော်" ကတော့ ထုံးစံအတိုင်း မီးဖိုထဲတန်းဝင်လာကာ ထမင်းအိုး၊ ဟင်းအိုးတွေ လှန်ပါ တော့၏။

"တီလေးက ဟင်းချက်သိပ်ကောင်းတာပဲ။ ကြက်သားချက်ချက်၊ ဆိတ်သားချက်ချက်၊ တီလေးချက်ရင် စားလို့ကောင်းတာချည်းပဲ"

"ခွေးကလေး၊ တော်တော်တတ်။ ကြက်သားတို့ ဆိတ်သားတို့ချက်မှတော့ စားလို့မကောင်းဘဲနေပါ့မလား သားရဲ့"

"မကောင်းဘူး တီလေးရဲ့။ သားက ဆိုင်ကဝယ်စားရတဲ့ဟင်းတွေ ဆိုဘာဟင်းမှ မကြိုက်ဘူး"

"ဟင်. . .၊ သားမေမေက အိမ်မှာ ချက်မကျွေးဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မောလို့တဲ့။ ဈေးသွားရတာလည်း ပိုက်ဆံမလောက်လို့ စိတ်ညစ်တယ်တဲ့။ မနက်ကလည်း ဖေဖေနဲ့ ရန်ဖြစ်လို့ ထမင်းမချက်ဘူး။ သားထမင်းစားမယ်နော် တီလေး"

အသက်ခြောက်နှစ်သာရှိသေးသော်လည်း ဇော်ဇော်ကစကားပြောရေလည်သည်။ ညနေ သုံးနာရီထိုးခါနီးသည့်တိုင် မနက်စာ မစားရသေးသည့် တူလေးကို မိထက်က ခူးခပ်ကျွေးမွေးရင်း အစ်ကိုလတ်လည်း စားရဦးမှာ



မဟုတ်ဘူး ခေါ် ဦးမှဟုတွေးကာ အိမ်ရှေ့ဧည့်ခန်း ထဲသို့ ထွက်ခဲ့သည်။ အစ်ကိုလတ်နှင့်အဖေတို့ အချီအချပြောနေသံကိုကြား၍ ရပ်နားထောင်လိုက်မိ သည်။

"အရင်းအနှီးရရင် ကျွန်တော့်အလုပ်က အဆင်ပြေမှာပါ။ ကျွန်တော်က ငွေမစိုက်နိုင်တော့. . ."

"ဟုတ်ပြီလေ၊ သားအရင်းအနှီးက ဘယ်လောက်လိုမလဲ"

"သိန်းကိုးဆယ်လောက်"

"ဟ. . .၊ အဲသလောက်တော့ အဖေ မတတ်နိုင်ဘူး ထင်တယ်"

"အဖေ့မှာ အဲသလောက်မရှိမှန်း ကျွန်တော်သိပါတယ်။ ဒါပေမယ့် ဟိုဘက်လမ်းမှာ အဖေ အငှားချထားတဲ့ တိုက်ခန်း. . ."

"ဩော်. . .၊ အဲ့ဒီတိုက်ခန်း ရောင်းရမယ်ပေါ့"

"အခု တိုက်ခန်းဈေးတွေ သိပ်ကောင်းနေတယ်လေ အဖေရဲ့။ အဲ့ဒီအခန်းက မြေညီထပ်ဆိုတော့ မရဘူးဆိုရင်တောင် သိန်းကိုးရာ တစ်ထောင်တော့အသာလေး။ အဲဒါဆို ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်စလုံးအတွက် အဆင်ပြေမှာ။ အစ်ကိုကြီးကလည်း သားနှစ်ယောက်တက္ကသိုလ်တက်နေတော့ ကသီတယ်အဖေရဲ့"

မိထက်ဆက်၍ နားမထောင်နိုင်တော့။ အိမ်ရှေ့သို့ထွက်၍ အဖေ့ဘေးနားတွင် ဝင်ထိုင်လိုက်ပြီး စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်မိ၏။

"အစ်ကိုလတ်က အဖေ့ကို အေးစားပြတိုက်နေတာလား"

"ဟ. . . မိထက်။ နင့်စကားက ဘာစကားလဲ"

"ဟုတ်တယ်လေ ၊ အစ်ကိုလတ်တို့က အဖေ့ဆီကရော မိထက်ဆီ ကပါ ထောက်ပံ့ကြေးယူယူနေကြတာ အားမရသေးလို့လား"

"ဟဲ့ သမီး မိထက်။ ဘယ်လိုများ ပြောလိုက်တာလဲသမီးရယ်။ ကိုယ့်အစ်ကိုကို"

အဖေက မျက်နှာအိုအိုဖြင့် ဝင်တားတော့ မိထက်ပို၍ စိတ်မကောင်းဖြစ်သွားရပြီ။ အဖေ စိတ်ထိခိုက်သွားရပြီပဲ။ ထို့ကြောင့် အစ်ကို လတ်ကို ပို၍ ဒေါသထွက်မိတော့သည်။

"ခွင့်လွှတ်ပါ အဖေ၊ အစ်ကိုလတ်ပြောပုံကို မိထက်မကြိုက်လို့ပါ။ သူတို့က မိထက်တို့ သားအဖကို ဘဏ်တိုက်ကြီးမှတ်နေကြတာ အဖေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ပြောပုံကြည့်၊ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်တဲ့။ ညီမလေးကို တော့ ထည့်မတွက်ဘူး"

"ဟ-၊ မိထက်ရ။ ထည့်မတွက်ဘဲနေပါ့မလား။ ထွေးလည်းပိုက်ဆံ အဆင်မပြေတာ ငါတို့သိနေတဲ့ဟာပဲ။ ငါတို့ထည့်မတွက်တာက နင့်ကိုပဲ"

"ဘာပြောတယ်"

"ဟုတ်တယ်လေ-၊ နင်က တစ်လတစ်လ သိန်းချီဝင်နေတဲ့ဟာ။ အဖေ့ပင်စင်ကလည်း တစ်လရှစ်သောင်းကျော်ရနေတာ။ ဘာပူစရာရှိလို့လဲ၊ လင်မရှိသားမရှိ မိန်းမက"

"ဟင်. . ."

မိထက်တရှူးရှူးဖြစ်သွား၏။ ဒါတစ်မိတည်းဖွား အစ်ကိုတဲ့လား၊ ဖခင်ကြီးကို စောင့်ရှောက်ပြုစုနေတဲ့နှမကို ပြောသင့်တဲ့စကားလား။

အဖေ့မျက်နှာလည်း သိသိသာသာ အိုကျသွားသည်။

အော်သံ ဟစ်သံများကြား၍ တူလေးဇော်ဇော်က အိမ်ရှေ့သို့ ပြေးထွက်လာပြီး မိထက်ပေါင်ပေါ် လာထိုင်၏။ တူလေးက မိထက်ကို မော့ကြည့်ရင်း-

"တီလေး. . .၊ ဘာဖြစ်လို့လဲဟင်။ ဖေဖေကလည်း အိမ်မှာလည်း မေမေနဲ့ရန်ဖြစ်၊ ဒီမှာလည်း တီလေးနဲ့ရန်ဖြစ်။ ဖေဖေကနေ့တိုင်းရန်ဖြစ်နေ တာပဲ။ မေမေနဲ့ရန်ဖြစ်တိုင်း ဖေဖေက အရက်တွေသောက်တယ် တီလေးရဲ့။ သားသိပ်စိတ်ညစ်တာပဲ တီလေး"

ကလေးစကားကြောင့် မိထက်စိတ်ပြောင်းသွားသည်။ အစ်ကိုလတ်၏ အိမ်ထောင်ရေး အဆင်မပြေမှုကို ငွေဖြင့်သာ ဖြေရှင်းပေးနိုင်မည်ဆိုပါက သူဘာမျှကန့်ကွက်စရာမလိုဟု သူ့သဘောပေါက်လာ၏။ ငွေကြောင့်တော့ သူတို့မောင်နှမတတွေ စိတ်ဝမ်းကွဲဖို့မသင့်ဟု မိထက် ဆင်ခြင်မိ၏။ အဖေက သူ့ကို အကဲခတ်သလို ကြည့်နေ၏။ သူတို့အိပ်မက်ကလေးတွေ လှစေချင်သည့် ဆန္ဒကို မိထက် တားမရနိုင်တော့။ မိထက် ဆုံးဖြတ်ချက်ချလိုက်၏။

"အဖေ-၊ အစ်ကိုလတ် ပြောသလိုသာ လုပ်ပေးလိုက်ပါ"

အဖေက ခေါင်းတဆတ်ဆတ်ညိတ်ရင်းက



"အဖေလည်း အဲသလိုပဲ ဆုံးဖြတ်ထားပါတယ်။ ကဲ. . . သားလတ်၊ မင့်အစ်ကိုနဲ့တိုင်ပင်၊ ဝယ်မယ့်သူတွေ့ရင်လည်း တစ်ခါတည်းခေါ်ခဲ့။ ဘြော် တလက်စတည်း ဒီအိမ်ကိုလည်း မင်းတို့မောင်နှမလေးလောက်ကို အမွေ ခွဲပေးဖို့ စာချုပ်ချုပ်လိုက်မယ်။ အဖေမရှိတော့ရင် အညီအမျှ ခွဲဝေယူကြ ပေါ့ကွာ။ ကဲ. . . သားလတ်၊ စိတ်အေးအေးထား။ ထမင်းလေးဘာလေး စားပြီးမှပြန်"

အဖေက အေးအေးဆေးဆေးပင် ဆုံးဖြတ်ချက်ချပေးလိုက်၏။ မိထက်လည်း မျက်နှာအပျက်ပျက်နှင့် ခေါင်းကြီးငုံ့ကာ ငြိမ်နေသော အစ်ကိုလတ်ကိုကြည့်ရင်း နှုတ်လှန်ထိုး လိုက်မိသည်ကို စိတ်မကောင်းဖြစ်နေမိ၏။ သူ့လိုပဲ အစ်ကိုလတ်လည်း ပြော မိသည့်စကားတွေအတွက် နောင်တရနေပုံပင်။

"အစ်ကိုလတ်. . .။ လာလေ၊ ဒီနေ့ အစ်ကိုလတ်ကြိုက်တဲ့ကြက်သားအစပ်ချက်နဲ့ ငါးခေါင်းချဉ်ရည်ရှိတယ်"

အစားကောင်းမက်သော အစ်ကိုလတ်ကို အစားကောင်းဖြင့် ဆွဲဆောင်ကာ ငြိမ်းချမ်းရေးစကားဆိုလိုက်ရ၏။ သည်တော့မှ အစ်ကိုလတ်က မျက်နှာကြီး ပြန်ကောင်းလာပြီး ထမင်းစားခန်းထဲသို့ လိုက်လာခဲ့သည်။

"ငါလည်း အိမ်မှာ စိတ်ညစ်ရလွန်းလို့ပါဟာ"

"ရပါတယ် အစ်ကိုလတ်ရယ်။ ဒါတွေ မပြောပါနဲ့တော့။ ကဲ ၊ စားနော်။ သားလေး ဇော်ဇော်လည်း လာစားဦး"

အစ်ကိုလတ်တို့ သားအဖ အားရပါးရ စားနေသည်ကိုကြည့်ရင်း မိထက်၏နှလုံးသားပေါ် ဝယ် "ကိုဦး"၏ အရိပ်ထင်လာ၏။ နောက်တစ်ဆက်တည်း သူသာ အဖေ့အနီးတွင် ရှိမနေပါက အစ်ကိုတွေနှင့် ညီမလေးတို့၏ ပြဿနာများကို ဘယ်သူဖြေရှင်းပေးနိုင်ပါ့မလဲ။ သူအဖေ့အနားတွင် ရှိနေမှသာလျှင် အားလုံးအဆင်ပြေနိုင်မည်ဟု တွေးနေမိသည်။

ထိုအတွေးသည် သူ့နှလုံးသားပေါ်မှ "ကိုဦး" ၏ အရိပ်ကို တဖြည်းဖြည်း မှိန်ဖျော့ကွယ်ပျောက်သွားစေခဲ့တော့သည်။ ။


○

ရွှန်မိုးအိမ် (ရေတု)

www.burmeseclassic.com

www.burmeseclassic.com

စာရေးနည်းသင်တန်းအမှတ်စဉ် (၅)





# တော်လိုက်တဲ့ ဦးလေးကြီး

မြင့်မြင့်ခေး

www.burmeseclassic.com

www.burmeseclassic.com

“ဦးလေးကြီးက သိပ်တော်တာပဲ၊ သူက စကားနဲ့ပဲ သူ့အစနဲ့ “ဝင်းပပ” အဝကို ကန့်သတ်နယ်မြေစည်းတားပေးလိုက်တာပါ၊ လှလိုက်တာ ဦးလေးကြီးရယ်၊ ဦးလေးကြီးက တစ်ဖက်လူလည်း အနေမစက်အောင်၊ တစ်ဖက်လူကိုလည်း ရှေ့တိုးမလာအောင်၊ သူကိုယ်တိုင်လည်း နှောင်ဖွဲ့လာ တဲ့ ညွှတ်ကွင်းကလွတ်အောင် ပညာသားပါပါ လုပ်လိုက်တာ သိပ်ကိုလှတာပဲ၊ ရိုက်ချက်မိလိုက်ပုံက တော့ ကမ်းကုန်ပဲ ဦးလေးကြီးရေ၊”

# တော်လိုက်တဲ့ ဦးလေးကြီး

တောသူမြို့ရောက်ဆိုသလိုပဲ ကျွန်မမှာတော့ မြို့ကြီးပြကြီးရဲ့ အသွင်အပြင်တွေကို ကိုယ်တွေ့ကြုံရတော့မှ မျက်စိသူငယ် နားသူငယ်အဖြစ်ကနေ မျက်စိကြီး နားကြီး ဖြစ်လာခဲ့ရပါတော့တယ်။

၁

“ကျွတ်. . . ကျွတ်”

ခေတ်ကောင်လေးတွေရဲ့ အတတ်ပညာတစ်ခုဖြစ်တဲ့ နှုတ်ခမ်းကိုစူပြီး အသံပြုတဲ့ “ကျွတ် ကျွတ်” သံက ရှေ့ဆုံးတန်းမှာ နေရာယူထားတဲ့ သူကောင့်သားအုပ်စုဆီက ထွက်လာတယ်။

တိုင်ပင်ထားကြသလိုပဲ ကျွန်မတို့အားလုံးရဲ့ မျက်လုံးတွေသင်တန်းဝင်ပေါက်တံခါးမဆီကို ရောက်သွားကြတယ်။ အခန်းဝမှာ မြန်မာမိန်းကလေးတွေထဲမှာ တွေ့ရခဲတဲ့ အရပ်မြင့်မြင့်နဲ့ မိန်းကလေးလှလှလေးတစ်ယောက်။ ခန္ဓာကိုယ်ကသွယ်သွယ်လျလျ၊ ဒါပေမယ့် ပြည့်ပြည့်တင်းတင်းကလေးပါ။

“အနီရဲရဲကလေးနဲ့လည်း လန်းတာပဲကွ”

ကောင်လေးတစ်ယောက်ရဲ့ မှတ်ချက်။

“ဒီအလှကလေးကတော့ အမြဲအလန်းစားပါပဲကွာ”

နောက်ကောင်လေးတစ်ယောက်ရဲ့ ထပ်ဆင့်မှတ်ချက်။

သူတို့က အခန်းဝရောက်နေတဲ့ “ဝင်းပပ” ကို ရည်ညွှန်းပြောနေကြတာပါ။ သူက စာစသင်ဖို့ ဟန်ပြင်နေတဲ့ သင်တန်းဆရာဘက်ကို ခေါင်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ညွတ်ကြည့်ရင်း လက်ညှိုးကလေးထောင်ပြပြီး ဝင်ခွင့်တောင်းပါတယ်။ ဒီသင်တန်းဖွင့်တာ သုံးရက်ရှိပါပြီ။ သူက သင်တန်းချိန်ထက် သုံးလေးမိနစ်နောက်ကျ မှ ဒါမှမဟုတ် အချိန်ကပ်မှ အခန်းထဲကို ဝင်လာလေ့ရှိတယ်။ ဒါက သူ့ရဲ့ အလေ့အကျင့်တစ်ခုပါပဲ။ အားလုံးက သူ့ဆီ အာရုံရောက်နေတဲ့အချိန်မှာ သူက ခေါင်းညွတ်လက်ညှိုးထောင်ပြီး ဆရာ့ဆီဝင်ခွင့်တောင်းမယ်၊ ပြီးတော့ ဒုတိယတန်းမှာရှိတဲ့ သူ့ခုံမှာ ကြော့ကြော့ကလေးသွားထိုင်မယ်။ အခုလည်း ထုံးစံအတိုင်း သူ့ခုံမှာ ဝင်ထိုင်လိုက်ပါပြီ။ ကျွန်မနဲ့ ဘေးတိုက်တစ်ခုံကျော်မှာရှိတဲ့ ဦးလေးကြီးတစ်ယောက်ကဆို "ကျွန်တော့်သမီးသာဆိုရင် ဒီလို အဝတ်အစားနဲ့ သင်တန်းကိုသွားဖို့ ခွင့်မပြုဘူး" လို့ သူ့ဘေးခုံက သူနဲ့ ရွယ်တူ အသက်ငါးဆယ်လောက် အမျိုးသားကြီးတစ်ယောက်ကို ပြောနေသံ ကျွန်မ ကြားလိုက်ရတယ်။

ဟုတ်တယ် -၊ "ဝင်းပပ" ဝတ်ထားတာက အလန်းလွန် အလွန်လန်းပါပဲ။ ကျွန်မလို ရန်ကုန်လိုမြို့ကြီးကို အရောက်အပေါက်နည်းတဲ့ ကျေးလက်က မိန်းကလေး တစ်ယောက်အမြင်နဲ့ မျက်စိရှက်လွန်းလို့ ရဲရဲတောင် မကြည့်ဝံ့ပါဘူး။ ကိုယ်ကသာ ကြည့်ဖို့မရဲတာ၊ သူကတော့ ခပ်ရဲရဲပဲ ဝတ်ဆင်ထား ပါတယ်။ လည်ပင်းဟိုက်ဟိုက်ကြီးနဲ့ တီရှပ်အနီရဲရဲ အသားကပ်အကျႌကြောင့် သူ့ခန္ဓာကိုယ်အပေါ်ပိုင်းကောက်ကြောင်းက ထင်းလို့နေပါတယ်။ ပြီးတော့ သူ့အကျႌက ခါးအထိမဖုံးဘူး။ ဂျင်းအပြာနု ဘောင်းဘီစကကိုလည်း ဝတ်ထားပါတယ်၊ ဒါပေမယ့် ဘောင်းဘီက ကြပ်ထုပ်ထားသလို ရှိနေတာမို့ ပေါင်တံက အမြှောင်းလိုက်၊ ပြီးတော့ ဘောင်းဘီက ခါးအထိမရောက်ဘူး၊ တင်ပါးပေါ်မှာ ဂိတ်ဆုံးသွားပြီး ချိတ်ထားတာ။ အဲ့ဒီအသားကပ်အကျႌနဲ့ ဘောင်းဘီကြားက လက်တစ်ဝါးလောက်လွတ်နေတဲ့ ဗိုက်သားပြင်ပေါ် မှာရှိတဲ့ ချက်ကလေးကလည်း နှုတ်ကြည့်စမ်းပါလို့ ဖိတ်ခေါ်နေသလိုပဲ။ ဒို့ . . ဒါတွေဟာ မကြည့်ရဲပေမယ့် တခဏတာအတွင်းမှာ မြင်လိုက်ရတဲ့ "ဝင်းပပ" ရဲ့ အပြင်အဆင်တွေပေါ့ရှင်။

"ငါတော့ အချိန်တွေကုန်သွားမှာ နှမြောမိတယ်ကွာ"

"ဘာဖြစ်လို့လဲ"

"ဟဲ . . . ဟဲ . . . အလန်းကလေးနဲ့ ခွဲရမှာစိုးလို့ပေါ့ကွ"



"အောင်မယ်လေးကွာ၊ နှစ်လလုံးလုံး အချိန်ရှိပါသေးတယ်။ မင်းတကယ် စိတ်ဝင်စားရင် ကြိုးစားပေါ့"

"စိတ်တော့ဝင်စားတယ်ကွ၊ ဒါပေမယ့် တကယ်တော့မဟုတ်ဘူး"

"အေး -၊ သူကလည်း မင်းတို့ငါတို့လို ဘဝသမားတွေကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ သူ့ပုံစံက စပွန်ဆာရှာနေတဲ့ ပုံစံလေ၊ ကြည့်ကြည့် ပါလား"

ကျွန်မရဲ့ နောက်တန်းခုံက သင်တန်းသားနှစ်ယောက်ရဲ့ အချီအချ ပြောဆိုနေကြသံတွေပါ။ နှမြောလိုက်တာ၊ မိန်းကလေးချင်းကိုယ်ချင်းစာပြီး ကျွန်မ စိတ်မကောင်းဖြစ်မိတယ်။ ကျွန်မမှာ သူတို့ဆီက မနည်းအာရုံဖြတ်ပြီး ဆရာ သင်နေတဲ့ဆီကို စိတ်ပို့ထားလိုက်ရပါတယ်။ ကျွန်မအခက်အခဲမျိုးမျိုးကို ကျော်လွှားပြီး မြို့တက်လာတာ ပညာယူဖို့ပဲ မဟုတ်လားရှင်။

၀

"ကျွန်တော်က ဟိုတယ်ဝန်ထမ်းလုပ်ဖို့ စိတ်ကူးထားပါတယ်။ ဒါကြောင့် အင်္ဂလိပ်စကား အပြောအဆို ကျွမ်းကျင်အောင်ပါခင်ဗျ"

"ကျွန်မကတော့ အင်္ဂလိပ်စာ အားနည်းလို့ လာတက်တာပါ"

"ကျွန်တော်က အငြိမ်းစားပါ။ စာပေကို ဝါသနာပါပါတယ်။ မြန်မာ စာပေတင်မက ကမ္ဘာ့စာပေတွေကိုပါ ဖတ်ရှုလေ့လာချင်လို့ပါ"

"ကျွန်မကတော့ ဧည့်လမ်းညွှန်ဖြစ်ချင်လို့ပါ ဆရာရှင့်"

ကျွန်မအဖြေကြောင့် ထင်ပါရဲ့၊ "ဝင်းပပ" က ကျွန်မရှိတဲ့ ခုံနောက်တန်းကို ဆတ်ကနဲလည်ငဲ့ကြည့်ပါတယ်။ ပြုံးသယောင်ယောင်ဖြစ်သွားတဲ့ သူ့မျက်နှာကလေးပေါ်က တဖျပ်ဖျပ်တောက်ပနေတဲ့ မျက်ဝန်းကလေးတွေ . . . ။ အတော်ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးပါ။ သူ့အပြင် နောက်သင်တန်းသားနှစ်ယောက် သုံးယောက်ကလည်း ကျွန်မဆီကို အာရုံရောက်လာတာ ကျွန်မ သိသိမှတ်မှတ် သတိထားလိုက်မိပါတယ်။ ဘာဖြစ်လို့လဲ။ ကျွန်မလို မြို့မဆန်လှတောမကျတဲ့ ဇကောဇကပုံစံနဲ့ (သူတို့အမြင်) အရွတူတူ မိန်းကလေးက ဧည့်လမ်းညွှန်ဖြစ်ချင်တယ်လို့ပြောတာကို လှောင်ပြောင်ချင်လို့လား၊ သရော်ချင်လို့လား။ ဆရာကမေးလို့ ကိုယ့်ဆန္ဒ၊ ကိုယ့်ရည်ရွယ်ချက်ကို ပြော

www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ၊ ဘာဖြစ်သလဲရှင်။ ကျွန်မက ကျေးလက်မှာ မွေးဖွား၊ ကျေးလက် မှာ ကြီးပြင်းခဲ့ပေမယ့် အဝေးသင်နဲ့ သူတို့လိုပဲ ဘွဲ့ရပြီးသားမိန်းကလေးလေ။

"ကဲ ၊ ဟုတ်ပါပြီ။ ဟိုမိန်းကလေး ဝင်းပပ။ မင်းကကော -၊ ပြောပါဦး"

အံမယ် -၊ ဆရာက အလှကလေးနာမည်ကိုတော့ မှတ်မိတယ်ရှင့်။

"ပပက နိုင်ငံတကာအသိအမှတ်ပြု မော်ဒယ်တစ်ယောက်ဖြစ်တဲ့အခါ မျက်နှာမငယ်ရအောင်ပါ"

"ဟား -၊ ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်၊ သေချာပေါက်ပဲ"

"မိုက်တယ်ကွာ၊ တကယ် မိုက်တယ်"

သူ့အဖြေနောက်မှာ ချီးကျူးထောက်ခံသံတွေ အတော်ညံသွားတယ်။ ဆရာက ပြုံးတယ်၊ သင်တန်းသားတွေလည်း ပြုံးတယ်။

"ဟုတ်ပြီ၊ ရည်ရွယ်ချက်ဆိုတာ ရှိရတယ်။ ကိုယ့်ရည်ရွယ်ချက်ပေါက်မြောက် အောင်မြင်အောင် ကြိုးစားဖို့က ကိုယ့်တာဝန်ဆိုတာတော့ သဘောပေါက်ထားရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

သင်တန်းသား ငါးဆယ်ရဲ့အသံတွေဟာ အသံတစ်သံတည်းလိုပဲ ကြားလိုက်ရပါတယ်။ အားလုံးက တက်ကြွလို့နေပါတယ်။ ဘဝမှာ မျှော်လင့်ချက်ဆိုတာ အားဆေးကြီးတစ်ခွက် မဟုတ်ပါလားရှင်။ ကျွန်မတို့သင်တန်းမှာ အသက်အရွယ်လည်း စုံတယ်၊ ပညာအရည်အချင်းလည်း ကွဲပြားတယ်၊ လူနေမှု အဆင့်အတန်းလည်း ကွာခြားတယ်၊ ဒီတော့ အသိအမြင် ဉာဏ်ပညာလည်း ညီကြမှာမဟုတ်ဘူးလို့ ကျွန်မတွေးနေမိတယ်။

၀

သင်တန်းတက်လို့ တစ်ပတ်လောက်အကြာမှာ သင်တန်းသားတွေ တစ်ယောက်နဲ့တစ်ယောက် အတော်ရင်းနှီး ခင်မင်လာကြတယ်။ ကျွန်မနဲ့ ကပ်ရက်ထိုင်တဲ့ အသက်ခြောက်ဆယ်ကျော် အငြိမ်းစားအထက်တန်းပြ ဆရာမကြီး ဒေါ်မူမူကဆို ကျွန်မရဲ့ နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံကို သဘောတွေ့လွန်းလို့တဲ့ ခဏခဏ ပြောတတ်တယ်။



"မြန်မာမလေးဆိုတာ သမီးလို ကျက်သရေရှိရှိ ဝတ်စားမှ တင့်တယ်တယ်လို့ ကြီးကြီးမူတော့ ထင်တယ်။ ဒီသင်တန်းဆင်းလို့ အလုပ်မရသေးရင် ကြီးကြီးမူရဲ့ မြေးနှစ်ယောက်ကို အင်္ဂလိပ်စာလာသင်ပေးပါလားကွယ်" လို့တောင် အလုပ်အပ်နေသေးတယ်။

"ကြီးကြီးမူကလည်း ကျောင်းဆရာမကြီးပဲဟာ" လို့ ကျွန်မက ပြန်ပြောမိတော့ "အိမ်ကမြေးတွေက ကြီးကြီးမူသင်တာ သူတို့ကျောင်းကသင်တာနဲ့ မတူဘူးဆိုပြီး လက်မခံကြဘူးကွဲ့" တဲ့။ ကျွန်မမှာ ရယ်လိုက်ရတာ။ "အင်္ဂလိပ်စာပဲ၊ ဘယ်မှာသင်သင် အတူတူပဲပေါ့။ ဘာထူးလို့လဲ ကြီးကြီးရယ်" ဆိုတော့ "မရဘူး၊ မရဘူး။ အိမ်က မြေးတွေက အဖွားအသံထွက်က မမှန်ဘူးဆိုလို့ ဒီမှာ လာတက်နေရတာ" တဲ့လေ။

ကျွန်မတို့ ခင်မင်ရင်းနှီးလာကြသလို "ဝင်းပပ" နဲ့ သူ့ကို အရိပ်ကြည့်နေကျ ကောင်လေးတစ်သိုက်လည်း အရောတဝင် ခင်မင်ရင်းနှီးနေကြပြီပေါ့ရှင်။ လူငယ် လူငယ်ချင်း ရင်းနှီးကြတာကိုတော့ ကျွန်မ ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် အဲဒီအုပ်စုထဲမှာ အသက်ငါးဆယ်ကျော်လောက် ဦးလေးကြီးတစ်ယောက်ပါနေတာကိုတော့ ကျွန်မ လုံးဝ ကြည့်မရဘူး။ ကျောင်းဆရာမကြီးကလည်း ကျွန်မနည်းတူပဲလေ။

"အဲဒီလူကလည်းနော်၊ ကလေးတွေနဲ့ လုံးလားထွေးလားနဲ့" တဲ့။

အဲ့ဒီဦးလေးကြီးက သင်တန်းလာရင် သူ့ကားအသစ်ကလေးကို သူကိုယ်တိုင်မောင်းလာတတ်ပါတယ်။ ဝတ်တာစားတာကလည်း မြို့ကြီးသားမို့လားမသိ၊ အင်မတန် ဂိုက်ဖြောင့်ပါတယ်။ လူကလည်း အသားဖြူဖြူချောချောကြီး။ သူနဲ့သက်တူရွယ်တူဖြစ်တဲ့ ကျွန်မဘေးတစ်ခုံကျော်က ဦးလေးကြီးနှစ်ယောက်နဲ့တော့ အတော့်ကိုကွာပါတယ်။ သူ့ကြည့်ရတာ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံလည်း ရပါတယ်။ ခင်ခင်မင်မင် လိုက်လိုက်လျောလျောနေတတ်တဲ့ ဦးလေးကြီးမို့ မြို့ပြစတိုင်အပြည့်ရှိတဲ့ ကောင်လေးတွေနဲ့ အဖွဲ့ကျနေတာပေါ့ရှင်။ သင်တန်း ခဏနားချိန်ဆိုရင် "ဝင်းပပ" အပါအဝင် ကောင်လေးတွေနဲ့အတူ လက်ဖက်ရည်ဆိုင်ထိုင်တတ်တာလည်း ဒီဦးလေးကြီးပဲရှင့်။ ဦးလေးကြီးက "ဝင်းပပ" ကို စပွန်ဆာပေးချင်လို့လားလို့ ကျွန်မ သံသယဝင်လာမိပြီလေ။

www.burmeseclassic.com



ဦးလေးကြီးက ကျွန်မရှေ့တစ်တန်းကျော်က ခုံမှာထိုင်ပါတယ်။ ဒါကြောင့်မို့ ဦးလေးကြီးရဲ့ ပြောဆိုသံတွေကို ကျွန်မကြားနေရတယ်၊ လှုပ်ရှားမှု မှန်သမျှကိုလည်း မြင်နေရတယ်လေ။ ဦးလေးကြီးက ဆရာသင်ကြားပို့ချတာတွေကိုလည်း ဂရုတစိုက်မှတ်သားနာယူပါတယ်။ ဒါတင်မက ဦးလေးကြီးက အင်္ဂလိပ်စာမှာလည်း အရေးအသားရော၊ အပြောအဆိုပါ အတော်အသင့်ကျွမ်းပုံရပါတယ်။ အငြိမ်းစားအရာရှိဖြစ်ပြီး လက်ရှိမှာ ကိုယ်ပိုင်စီးပွားရေးလုပ်နေတဲ့သူဆိုတော့ ညံ့မှာတော့ မဟုတ်ဘူးဆိုတာ ကျွန်မတွေးမိပြီးသားပါ။ ဒါကြောင့် ကျွန်မနဲ့ ကြီးကြီးမူက ဦးလေးကြီးကို တစ်ခါတစ်ခါ စာရှင်းပြပေးဖို့ အကူအညီတောင်းရပါတယ်။ အဲ့ဒီလိုလည်း ဦးလေးကြီးကို အားကိုးလို့ရတာကြောင့် ကျွန်မတို့ သူ့အနေအထိုင်ကို မကြိုက်ပေမယ့် ခင်မိကြပါတယ်။ ကျွန်မတို့တင်မကပါဘူး၊ သူ့တွဲဘက်ကောင်လေးတွေကိုပါ သူက အိမ်စာတွေကို ထပ်ဆင့်ရှင်းပြတတ်ပါသေးတယ်။

"မင်းတို့တွေကွာ - ၊ ငါ့သားတွေ အတိုင်းပဲ။ အခြေခံကို ပိုင်ပိုင်နိုင်နိုင်ရှိအောင် ကြိုးစားထားရတယ်ကွ။ နည်းနည်းတော့အားစိုက်ကြကွာ"

"အန်ကယ့်သားတွေလည်း အန်ကယ့်လိုပဲ ချောမှာပဲနော်"

ဖျပ်ကနဲလက်သွားတဲ့ မျက်လုံးအကြည့်နဲ့အတူ "ဝင်းပပ" က ရုတ်တရက် ဝင်ပြောလိုက်တယ်။ ဦးလေးကြီးက မျက်နှာကြီးနီသွားတယ်၊ ရှက်သွားပုံပဲ။ ရဲတင်းလိုက်တာ၊ ကျွန်မ ဦးလေးကြီးကို အားနာသွားတယ်။ "ဝင်းပပ" ကတော့ ဘာမှမဖြစ်သလို ရယ်ကာ မောကာ ဆက်ပြောနေပါတယ်။

xxx xxx xxx

"အန်ကယ် . . . ၊ ချောကလက် စားပါဦး"

"ကျေးဇူးတင်ပါတယ်ကွာ၊ မစားတော့ပါဘူး"

"ဝင်းပပ" နဲ့ ဦးလေးကြီးတို့နှစ်ယောက်က အင်္ဂလိပ်လို အချီအချ ပြောနေကြတာပါ။ ဦးလေးကြီးက ငြင်းလိုက်တော့ စူတူမူတူ မျက်နှာပေးလေးနဲ့ ဦးလေးကြီးဘေးက ခုံလွတ်မှာ ဝင်ထိုင်လိုက်ပါတယ်။ ဒီကနေ့ မုန့်စားလွှတ်တဲ့အချိန်မှာ သူတို့အုပ်စုက ကောင်လေးတွေ လက်ဖက်ရည်ဆိုင်ထိုင်ကြပေမယ့် သူတို့နှစ်ယောက်က ထူးထူးခြားခြား ကျန်နေခဲ့ကြတယ်။

"စားပါ အန်ကယ်ရဲ့၊ ပပက စားစေချင်လို့ ကျွေးတာကို . . ."



"အန်ကယ် မကြိုက်လို့ပါ။ ဆောရီးကွာ"

"ဟင့်အင်း။ မရဘူး၊ မရဘူး။ ပပက ကျွေးရင် စားမှကြိုက်တာ။ ဘာလဲ၊ အန်ကယ်က ပပကို ပြန်ကျွေးရမှာစိုးလို့လား။ မကျွေးခိုင်းပါဘူးနော်၊ စိတ်ချ"

တလောကလုံး ဘယ်သူ့ကိုမှ အရေးမစိုက်တဲ့ပုံစံနဲ့ ဦးလေးကြီးပခုံးကို သူ့ပခုံးနဲ့အသာတိုက်ပြီး ဇွတ်ကျွေးနေပြန်တယ်။ ဦးလေးကြီးကတော့ ကျွန်မနဲ့ ကြီးကြီးမူ့အပါအဝင် ဒီပြင်သင်တန်းသားငါးယောက်ကိုပါ ရှိန်သွားပုံနဲ့ "ဝင်းပပ" ပေးတဲ့ ချောကလက်ကို နားအေးရင်ပြီးရောဆိုတဲ့ပုံစံနဲ့ ယူစားလိုက်ပါတယ်။ ဒါတောင် "ဝင်းပပ" က မကျေနပ်သေးတဲ့ မူနွဲ့နွဲ့ပုံစံကလေးနဲ့ ပြောနေပါသေးတယ်။

"အန်ကယ်ကလေ - ၊ အခုတလောအရင်လို ပပကို မခင်တော့သလိုပဲ။ ဘာဖြစ်လို့လဲဟင်။ ပပကို ပြောပါလား၊ ပပ သိချင်တယ်"

ဟုတ်တယ် "ဝင်းပပ" သိချင်သလို ကျွန်မတို့လည်း သိချင်နေကြတာပါပဲ။ "ဝင်းပပ" ပြောတာလည်း မှန်ပါတယ်။ ဦးလေးကြီးက ခုတလော မူပြောင်းပြီး ခပ်တည်တည်နေတာကို ကျွန်မတို့ သတိထားမိပါတယ်။ ဘာဖြစ်လို့ပါလိမ့်။

"ပြောလေ အန်ကယ်။ ပပကဖြင့် အန်ကယ့်ကို ခင်လိုက်ရတာ။ အန်ကယ်ကတော့ . . ."

ကံအားလျော်စွာလို့ပဲ ပြောရမလား၊ တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမလား။ ဦးလေးကြီးရဲ့ လက်ကိုင်ဖုန်းက သီချင်းသံလေး တလွင်လွင်ပေါ်လာတယ်။ သီချင်းလေးက "ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာ" တဲ့လေ။

"ခဏနော် ပပ"

ဦးလေးကြီးက ယဉ်ယဉ်ကျေးကျေးပဲ ခွင့်တောင်းပြီး ဖုန်းကို နားထောင်လိုက်ပါတယ်။

"ဟုတ်တယ်။ ကိုပါ။ ခင်လေး အိမ်ပြန်ရောက်နေပြီလား။ သားတို့ရော-။ ဒီကောင်တွေ ဒီနေ့ စောစောပြန်ရောက်မယ်လို့ မနက်က ကို့ကို သေသေချာချာပြောသွားတာပဲ။ ကောင်းတယ်၊ ကောင်းတယ်၊ ခင်လေး စီစဉ်ထားတာတွေ အားလုံးအဆင်ပြေတယ်။ ဟုတ်ပြီနော်၊ ကို သင်တန်းဆင်းဆင်း ချင်း ပြန်ခဲ့မယ်၊ စိတ်ချ စိတ်ချ။ အိုကေ -၊ အိုင် လဗ် ယူ။ စီးယူစွန်း"

www.burmeseclassic.com

www.burmeseclassic.com



တောက်လျှောက်ပြောအပြီး ဦးလေးကြီးက "ဝင်းပပ" ဘက်ကို လှည့်ပြီး ပုံမှန်မျက်နှာထားနဲ့ ဆက်ပြောတယ်။


"အန်ကယ့် အမျိုးသမီးဆက်တာလေ။ ဒီနေ့က အန်ကယ်တို့ လက်ထပ်တဲ့ ငွေရတုနှစ်ပတ်လည်နေ့လေ။ ဒါကြောင့် ဒီညခြံထဲမှာ ပွဲလေးတစ်ခုလုပ်ဖို့ စီစဉ်ထားကြတာ။ အပြင်လူတော့ ဘယ်သူမှမပါပါဘူး၊ အန်ကယ့်မိသားစုနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတချို့ပါပဲ"

"ဝင်းပပ" ပြုံးနေပါတယ်။ ဒါပေမယ့် သူ့အပြုံးက အသက်မပါပါ ဘူး။ မလုံတဲ့အပြုံး၊ မခံချိ မခံသာဖြစ်သွားတဲ့ အပြုံး။

ဦးလေးကြီးက သိပ်တော်တာပဲ။ သူက စကားနဲ့ပဲ သူ့ဘဝနဲ့ "ဝင်းပပ" ဘဝကို ကန့်သတ်နယ်မြေစည်းတားပေးလိုက်တာပါ။ လှလိုက်တာ ဦးလေးကြီးရယ်၊ ဦးလေးကြီးက တစ်ဘက်လူလည်း အနေမခက်အောင်၊ တစ်ဘက်လူကိုလည်း ရှေ့တိုးမလာအောင်၊ သူကိုယ်တိုင်လည်း နှောင်ဖွဲ့လာတဲ့ ညွှတ်ကွင်းကလွတ်အောင် ပညာသားပါပါ လုပ်လိုက်တာ သိပ်ကိုလှတာပဲ။ ရိုက်ချက်မိလိုက်ပုံကတော့ကမ်းကုန်ပဲ ဦးလေးကြီးရေ့။ အရေးမလှတဲ့ "ဝင်းပပ" ကိုတော့ သနားအားနာ ဖြစ်မိသား။ ဒါပေမယ့် ဦးလေးကြီးကိုတော့ ကျွန်မ တကယ် လေးစားသွားတယ်။ ဦးလေးကြီး တကယ် ထိန်းလိုက်နိုင်တာပဲ။ ဦးလေးကြီးက အောင်နိုင်သူဖြစ်သွားပါပြီ။ လေးစားပါတယ် ဦးလေးကြီးရယ်၊ တကယ့်ကို လေးစားပါတယ်ရှင်။ ။

ဝ

မြင့်မြင့်အေး



နိုင်သူ့အရှုံး

ကျော်ဝင်း

www.burmeseclassic.com

"အတယ်ကြောင့်ဆိုသော် ကျွန်မသည် မည်သူနှင့်မဆို ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင် ရသည့်အခါတိုင်း ကျွန်မကသာလျှင် အနိုင်ရ ချင်သည်၊ အရှုံးပေးရ၊ အညွှံ့ခံ ရမည်ကို မကြိုက်၊ အားမတန်၍ မာန်လျှော့ရသည့်အခါ၊ ယင်းအရှုံး သည် ယာယီမျှသာဟု မှတ်ယူပါသည်။"

# နိုင်သူ့အရှုံး

နွေဦးကာလဖြစ်သဖြင့် လေသည် ဟိုမှသည်သို့ ဝေ့ဝဲတိုက်ခတ်နေ၏။ ပင်ယံထက်မှ ရော်ရွက်ဝါတို့ ကြွေလွင့်ကာ မြေတွင်လူးလျက် လေနှင်ရာသို့ လိမ့်ကာ လိမ့်ကာ မျောပါသွားကြသည်။ ဥသြငှက်ငယ်၏ တွန်ကျူးသံကို ဝန်းကျင်တဝိုက်တွင် ဝေဝေစည်စည် သာယာစွာ ကြားနေရသည်။

သည်အခါ သည်သမယတွင် နေညိုချိန်ရောက်လာတိုင်း ပိတောက် မြိုင်ခြံဝန်းအတွင်းသို့ မပျက်မကွက် ရောက်လာတတ်သူက ညိုညိုငြိမ်း။ သူလာသည့်အခါတိုင်းပင် ခြံထောင့်ရှိ ပိတောက်ပင်ခြေရင်းသို့သာ တန်းတန်း မတ်မတ်ရောက်ရှိသွားတတ်စမြဲဖြစ်သည်။

ပိတောက်မြိုင်ခြံသည် ရွှေဝါဝင်းအိမ်ရာစခန်းသို့ ဝင်ရာလမ်းမကြီး ၏ ညာဘက်၊ ကုန်းမြင့်ပေါ်၌ တည်ရှိသည်။ ထိုကုန်းမြင့်ပေါ်မှကြည့်လျှင် မြို့အဝင်မုဒ်ဝသို့တိုင် မြင်နိုင်၏။ ဘယ်ဘက်သို့ကြည့်သော် ငမိုးရိပ်ချောင်းရေ ပြင်ကိုလည်း အပေါ်စီးမှ မြင်နိုင်သည်။

ညိုညိုငြိမ်းသည် ပိတောက်ပင်ခြေရင်းမှနေ၍ မြို့အဝင်လမ်းကြီး တစ်လျှောက်သို့ မြင်ကွင်းဆုံးသည်အထိ ငေးမျှော်၍ ကြည့်နေတတ်ပါသည်။ တစ်ယောက်သောသူကို မျှော်နေခြင်းဖြစ်သည်။ နေ့စဉ်ရက်ဆက် မမော တမ်းမျှော်နေရသည့် ဒုက္ခသည်ကြီးလေစွ။ ဘေးမှမြင်နေရသူကျွန်မကပင် သူ့ဒုက္ခကိုကြည့်၍ သူ့ကို သနားမိပါသည်။ စက္ကန့်၊ မိနစ်၊ နာရီ အလီလီ ပြောင်းသွားသော်လည်း သူမျှော်ကြည့်ရာ မြင်ကွင်းအတွင်းသို့ တစ်ဦးတစ် ယောက်မျှ ဝင်လာသည်ကို မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့. . .။ တစ်ချိန်က ညိုညိုငြိမ်းကိုယ်တိုင် သူ့အပေါ် သံယောဇဉ် မငြိတွယ်ခဲ့။ သံလွန်စပင်မချန်ဘဲ ရုတ်တရက် သူ့ကို ထားရစ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တစ်ဘက်လူက ကြိုးကြိုးစားစား ခြေရာကောက်လျက် သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက်၊ မောကြီးပမ်းကြီး ရောက်လာသည်ဆိုပြန်တော့။ အားနာပါးနာဖြင့် ခပ်ခွာခွာလက်ခံ၊ ဆက်ဆံသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကြိမ်ဖန်များစွာ ဤသို့ဆက်ဆံရာမှ ပိတောက်ပင်ခြေရင်းတွင် နှစ်ယောက် အတူ စကားလက်ဆုံပြော၍ မကုန်တော့သည်အထိ၊ နေဝင်၍ လထွက်သည့် အချိန်၊ ကောင်းကင်မှ ကြယ်တို့ကို အတူတကွရေတွက်ကြရသည့် အချိန်အထိ။

ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ တကျော့တပြန် မိန်းမက ကြိုက်ပြီဆိုပြန်တော့. . .။ မျှော်. . . မျှော် ရပေဦးတော့။

အစဦးမှာတော့ ရှူးရှူးမူးမူးဖြင့် အချစ်ဦးသဖွယ် တွယ်တွယ်တာတာနှင့်။ တီတီတာတာ ချစ်စဖွယ်သော စကားတို့ဖြင့် မငြီးနိုင်ခဲ့။ မိန်းမတို့ အိန္ဒြေရှေပေး၍မရဟုဆိုသည်က တဒင်္ဂ။ အထိ, အတွေ့, အငွေ့ အသက်တို့ဖြင့် အာရုံထွေပြားတာကြောင့် ဝေဝေဝါးဝါး မျောပါခဲ့ပြီးသည့်နောက်ဝယ်၊ ရှေ့ပေးရန်ပင်မလိုတော့။ မိမိကပင် တကျော့တပြန် ရှေ့ထက်မကတန်သည် ကို ပေးချင်ပါသည်ဆိုသော်လည်း. . .။

ဤသို့ပင် နေ့စဉ်ရက်ဆက် မျှော်နေခဲ့ရသော်လည်း တဘက်လူ လာ, မလာကား မသေချာပါ။ မလာတစ်ရက်၊ လာတစ်ရက်ရှိခဲ့ရာမှ မလာ သောရက် မလာသောရက်ဟု ပြက္ခဒိန်တွင် ကြက်ခြေခတ်မှတ်သားသော မင်အနီရောင်သည် ကွက်လပ်မရှိ ပြည့်နက်နေသည်။

ပြက္ခဒိန်ကိုကြည့်ရသည်မှာလည်း ဒဏ်ရာတွေ ဗရပွဖြင့် သွေးချင်းချင်းနီနေသော လူနာတစ်ဦး၏ မျက်နှာကိုကြည့်ရသလိုမို့ မကြည့်လိုချော့ ဘဲ မျက်နှာလွှဲခဲ့ရပြီ။ သို့သော် နေညိုချိန်ကလျှင် ပိတောက်ပင်ခြေရင်းသို့ သူရောက်ခဲ့ရမြဲပင်။

ချောင်းရေအပြင်သည် ဒီရေကျချိန်ဖြစ်သောကြောင့် ပင်လယ်ဝသို့ အလျင်ပြင်းစွာ စီးဆင်းနေပါသည်။ ဒီရေအကျတွင် စုန်ဆင်းလာသော လှေငယ်တစ်စင်း၏နောက်ဝယ် ဖင်ယော်ငှက်တို့ ဝဲပျံလျက် အစာတောင်းနေ



ကြသည်။ ရေပေါ်တွင် လှိုင်းစီးနေကြသော ဖင်ယော်တို့သည်လည်း နိမ့်တစ်ခါ, မြင့်တလှည့် မျောပါနေသည်။ ရေတွင်ပျော်သည့် ဖင်ယော်တို့သည်ပင် ကြင်ဖော်တို့နှင့်ပါတကား။ ညိုညိုငြိမ်းအဖို့မှာမူ လှိုင်းစီးရသလို အသည်းဘအေးအေး ရင်တဖိုဖိုနှင့် တဒင်္ဂသာယာမှုကိုသာရခဲ့၏။

ဥသြကလေးတို့သည် ပီသကြည်မြစွာ တွန်ကျူးနေကြဆဲ။ ဒီရေသည် နရီမှန်စွာ အတက်, အကျ ဖြစ်နေ၏။ အချိန်သည်လည်း ကြောင့်ကြမဲ့စွာ တစ, တစ ကုန်ဆုံးခဲ့ပေပြီ၊ နေရောင်သည် ညှိုး၍ ညှိုး၍ မှိန်ချုပ်ပေတော့မည်။ ယနေ့အဖို့ နိဗ္ဗုတ်၍ အိမ်ပြန်ချိန်ရောက်သော်လည်း ညိုညိုငြိမ်းမလှုပ်။ နေဝင်သည့်အလျင်သည် မြန်လွန်းပေစွ။

"ငြိမ်းရေ. . . မှောင်ပြီလေကွယ်"

ကျွန်မ အသံပြုလိုက်ပါသည်။ အမှန်တော့ ငြိမ်း၏ဒုက္ခစက်ကွင်းသည် ကျွန်မ ကြည်ကြည်စမ်းနှင့်လည်း မလွတ်ကင်းခဲ့ဟု ဆိုရမည်သော။ သည်ဇာတ်လမ်းစတင်ခဲ့ရာ အတိတ်နောက်ကြောင်းသို့ ပြန်ပြောင်းစဉ်ရသော် သည်ဇာတ်လမ်းအတွက် ကျွန်မကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ကျွန်မ ကိုယ်တိုင်ပင် ဒါရိုက်တာလုပ်ခဲ့၏။ ရိုက်ကွင်း ရိုက်ကွက် ရွေးချယ်ခဲ့၏။ ဇာတ်ဝင်ခန်းစသည်တို့အားလုံး ကျွန်မ၏ အစီအမံ။

ကျွန်မအသံကို ကြားကာမှ သူသည် တောင်ကုန်းပေါ်က ကျွန်မရှိရာသို့ တရွေ့ရွေ့ဆင်းသက်လာခဲ့၏။ မီးရောင်အောက်ဝယ် နှစ်ယောက် မျက်နှာချင်းဆိုင်မိသော်လည်း သူ့နှုတ်မှ စကားသံတစွန်းတစမထွက်။ မဲ့မဲ့ကလေးသာ ပြုံးလျက် သူလာခဲ့ရာ အပြန်လမ်းသို့ ဆက်လက်ထွက်ခွာသွားပါသည်။ ကျွန်မသည် သူ၏ ကိုယ်နှုတ်အမူအရာ လေးကန်ဖျော့တော့သွားသည်ကိုကြည့်၍ သူ့ကိုသနားနေမိသည်။ သူ၏ မျဉ်းဖြောင့်တစ်ကြောင်းတည်း မတ်မတ်ကျအောင် လျှောက်လှမ်းသွားဟန်သည် စင်မြင့်ပေါ်မှ အလှမယ်ကလေးကဲ့သို့ ကြည့်၍ကောင်းလွန်းလှသည်။

၀

ရက်, လ, များစွာ ကျော်ဖြတ်ခဲ့ပြီဖြစ်သည်။
ကျွန်မနှင့် ညိုညိုငြိမ်းတို့၏ ဘဝနောက်ကြောင်းသည်. . .။

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြောင်းပုံရိပ်မည်ကဲ့သို့ ဖြစ်ပျက်ခဲ့ပါလိမ့်ဟု ကျွန်မ၏ စိတ်အစဉ်က အတိတ်သို့ပြန်ရောက်သွားမိတော့သည်။

ကျွန်မသည် ဘုရားရှိခိုးပြီးတိုင်း "ပု၊ ဒိ၊ အာနှင့် ပြည့်စုံရပါလို၏" ဟု ဆုတောင်းခဲ့စေကာမူ လွန်ခဲ့ပြီးသော အတိတ်ဘဝ၊ သံသရာအဆက်ဆက် ကို မဆိုထားနှင့် မဝေးကွာသေးသော ပစ္စုပ္ပန်ဘဝ၏ အဆက်အစပ်တို့ကိုပင် အပြည့်အစုံမမြင်၊ မှတ်မိသမျှတို့သည်ပင် ရာသီဥတုတိုက်စားခံခဲ့ရ၍ မှုန်ဝါးဝါးသာကျန်ခဲ့သော ရှေးဟောင်းဘုရား၊ ဂူ၊ ကျောင်းတို့ရှိ နံရံဆေးရေး ပန်းချီကားများနှယ် ထင်တစ်ချက်၊ မထင်တစ်ချက်သာရှိတော့သည်။ သို့ရာတွင် ညှိညှိုငြိမ်းကိစ္စနှင့်ပတ်သက်၍ကား ခံစားချက်ပြင်းပြင်းနှင့် ပွတ်တိုက်ခြင်းများ စွာရှိခဲ့သဖြင့် ပြက်ပြက်ထင်ထင် မှတ်မိနေပါသည်။

○

ကျွန်မနာမည်က ကြည်ကြည်စမ်း။ တနင်္လာသမီး၊ တနင်္လာ အမိပတိ ဖွားမို့ ဆတ်ဆတ်ကြဲ၊ သဲသဲလှုပ်ဟု ဆိုကြသည်။ အတ္တမာန လွန်ကဲလှ၏ဟု ဆိုကြ၏။ ဟုတ်သည် မဟုတ်သည်က ကျိုးကြောင်းဆက်စပ်မှု ခိုင်လုံသည်မရှိ။ မာနကြီး၏ဟု ဆိုသည်ကိုမူ ကျွန်မကိုယ်တိုင်ကပင် ဝန်ခံရမည်သာ။ အဘယ် ကြောင့်ဆိုသော် ကျွန်မသည် မည်သူနှင့်မဆို ထိပ်တိုက် ရင်ဆိုင်ယှဉ်ပြိုင် ရသည့်အခါတိုင်း ကျွန်မကသာလျှင် အနိုင်ရချင်သည်။ အရှုံးပေးရ၊ အညံ့ခံ ရမည်ကို မကြိုက်။ အားမတန်၍ မာန်လျှော့ရသည့်အခါ၊ ယင်းအရှုံးသည် ယာယီမျှသာဟု မှတ်ယူပါသည်။ ထို့အတွက်အခါအခွင့်ကို အခါမလပ်စောင့်၍ သို့မဟုတ် တမင်ဖန်တီးယူ၍ ရှုံးခဲ့ရသည်ကို မပျက်မကွက် ဆက်ဆက်ပြန် လည်ထိုးနှက်ကာ အနိုင်ရသည်အထိ တန်ပြန်တတ်ပါသည်။ သည်ညဉ့် သည်စရိုက်ကား အလွန်တရာကြောင့်ကြစိုက်ရ၏။ စိတ်ရော လူပါ ပင်ပန်း လှ၏။ မကောင်းဟုသိသော်လည်း ထိုမိုက်မဲသည့်စရိုက်ကို ဖျောက်ဖျက်၍ မရခဲ့။ ရှောင်လွှဲ၍မရကောင်းသော လောကဓံတရားကိုပင် အံတုချင်သူပါ။ ထို့ကြောင့်ထင်၏ ကံကြမ္မာက "ကဲ. . . အမိ၊ အံတုစမ်းပ" ဟု စိန်ခေါ်သကဲ့ သို့ ကြုံလာတော့သည်။



ကျွန်မအသက်လေးဆယ်ဝန်းကျင်၌ပင် ကျွန်မခင်ပွန်း အနိစ္စရောက် ၏။ ကျန်ရစ်သည့် သားသမီးက လေးယောက်၊ လူမမည်ကလေးများသာ ဖြစ်၏။ ထိုအခါဘဝသည် အချိုးအဆစ်၊ အကွေ့အကောက်များ ပြွမ်းတီးလျက်။ ၁၉၉၂ ခုနှစ်က မလှသော ကံကြမ္မာပင်ဖြစ်ပါ၏။

ကျွန်မသည် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရထားသည်မှအပ ဘဝတိုက်ပွဲ ဝင်ရန်အတွက် အခြားသောအားထားဖွယ်ရာမရှိ။ ကျွန်မ၏ မိသားစုအတွက် ဝမ်းဝခါးလှဖို့ရာ ဤဝိဇ္ဇာဘွဲ့မှုကို အားထားနိုင်သည်လော။ ဖြစ်နိုင်အံ့မထင် ပါ။ ဗျာသနတရားက ကျွန်မကို စိန်ခေါ် လိုက်ချေပြီ။

○

ကျိုးကြောင်းဆက်စပ်တွေးခေါ် တတ်သည့် ဉာဏ်သည် ကျောင်းပညာ သင်ယူခဲ့ရာမှ စီးဆင်းခဲ့ဟန်တူ၏။ ကျွန်မသည် အရောင်းအဝယ်ကုန်သည် ဘဝသို့ ဦးတည်လိုက်ပါသည်။ "ဥစ္စာလို ကုန်သွယ်ရာ၏" ဟူသော အဆိုအမိန့် ကိုပင် နှစ်နှစ်ခြိုက်ခြိုက် သိမ်းပိုက်လိုက်သည်။

ကျွန်မသည် လှုပ်လှုပ်ရှားရှား ကျယ်ကျယ်ပြန့်ပြန့်ကိုသာ လုပ်ချင် သည်။ မထိတထိ တအိအိလိမ့်နေမည့် စီးပွားရေးလုပ်ဟန်ကို မကြိုက်။ ကျွန်မစရိုက်ကိုက ဆတ်ဆတ်ကြဲ, ကဲကဲလှုပ်ဖြစ်သည်လေ။

သို့ကြောင့် ထိုအချိန်က ရေပန်းစားနေသော ကျောက်မျက်ရတနာ ရောင်းဝယ်ရေးနယ်သို့ ခြေချလိုက်ပါသည်။ သည်လုပ်ငန်းသည် အကျိုးအမြတ် ဖြစ်လွယ်၏။ ပျက်လည်း ပျက်လွယ်၏။ အဖမ်းအဆီး အစစ်အဆေး၊ ထောင် တန်းဆိုသည့်အန္တရာယ်အသွယ်သွယ်ဖြင့်လည်း ပြွမ်းတီးလျက်ရှိသည်။

ပြည်တွင်း, ပြည်ပ တန်တလျား အရွေ့များသည်။ မော်လမြိုင်, မုတ္တမ, ကော့ကရိတ်မှသည် ပြည်ပသို့ရောက်သည့်အခါလည်း ရောက်၏။ လားရှိုး၊ မူဆယ်၊ နမ့်ခမ်းကိုဖြတ်၍ တစ်ဘက်ပြည်ပသို့လည်း ရောက်၏။ စုန်ဆန်ခရီး နီးသည် ဝေးသည်ကို အမှုမထားခဲ့။ ရည်မှန်းခဲ့သည့်ပန်းတိုင်သို့ ရောက်နိုင်ရန်သာ ဇောသန်နေခဲ့သည်။

အမှန်အားဖြင့် သည်စီးပွားရေးနယ်ကား ပုရိသ ယောကျ်ားတို့သာ လျှင် ခွင်ပြည့် ကွက်ပြည့် လှုပ်ရှားလေ့ရှိ၏။ ဣတ္ထိယ, မိန်းမတို့ကမူ ကောင်းပြည့်

www.burmeseclassic.com

www.burmeseclassic.com



ကျပ်ပြည့်ပါဝင်လေ့မရှိတတ်ကြ။ ကျွန်မနှင့် ညိုညိုငြိမ်းတို့ကတော့ ယောကျ်ားတို့နှင့် တန်းတူ ပုခုံးချင်းမီအောင် ယှဉ်ကြပါသည်။ အချို့နေရာတွင် ကျွန်မတို့ကပင် ကွက်ကျော် ကျော်ဖြတ်နိုင်ခဲ့ကြသည်။ မိန်းမတို့သည် တခ်ဂျပွတ္တိဉာဏ်အရာတွင် ကျားတို့ထက် သာလွန်တတ်သည်မဟုတ်ပါလား။

ကျွန်မတို့အဖို့ လုပ်ငန်းနှင့်စပ်လျဉ်းသော အတတ်အပညာ အခက်အခဲကတစ်ခု၊ ယောကျ်ားများချည်းသာ ပြွမ်းတီးလျက်ရှိသော အသိုင်းအဝိုင်း၌ စုန်ဆန်ခရီးသွားလာရာတွင် မတင့်တယ်၊ မလွယ်ကူသည်ကတစ်ချက်၊ ခရီးစဉ်တစ်လျှောက်တည်းခိုခန်း၊ ဟိုတယ်ဆိုသည်တို့ကလည်း နေရာတိုင်းတွင်မရှိတတ်သည်က တစ်ချက်၊ အခက်အခဲမျိုးစုံကြုံခဲ့ရ၏။ တခါတရံ ကျား, မ အားလုံးတန်းစီပြီး အိပ်ကြရသည်လည်း ရှိတတ်သည်။ သည်အခါမျိုးတွင် ကျားရဲတော၌ "ချေသူငယ်" ဖြတ်သန်းရသလိုမို့ စိုးတထိတ်ထိတ်ဖြင့် အိပ်၍ မပျော်နိုင်။ ကျွန်မတို့နှစ်ဦးသည် မုဆိုးတို့အလယ်တွင် သားကောင်သဖွယ် မလွဲသောပစ်မှတ်ဖြစ်နေပါသည်။

နယ်စွန် နယ်ဖျား မိန်းမရှားသောနေရာတွင် ကျွန်မတို့နှစ်ယောက် သည် နယ်ရှင် ပယ်ရှင် ဒေဝါသခင်များက သူတို့အတွက် ဖန်ဆင်းပေးထား သည့် ဆုလာဘ်၊ လက်ဆောင်ဟု ယူဆနေဟန်တူ၏။

အချို့ကတော့ နိုးကြည့်၏။ မကြည့်တလှည့် ကြည့်တလှည့် ဟန်ဆောင်သည်လည်းရှိ၏။ မူးမူးရူးရူး အကြည့်စူးစူးဖြင့် အရှက်အကြောက် ဘယ်ဆီရောက်နေသလဲဟု မေးရလောက်အောင် ပြောင်ကျကျ ကြည့်တတ်ကြသူတွေလည်းရှိ၏။ ကျွန်မတို့၏ ကိုယ်ခန္ဓာ သုံးဆယ့်နစ်ကောဋ္ဌာသ အနက်၊ တစ်စမှျမကျန်အောင် ဝေဖန်၍ လေကန်ပြီး သူတို့အချင်းချင်း ပွဲကျလျက်လည်းရှိတတ်၏။ အချို့ကလည်း မတန်မရာ သည်လိုနေရာမျိုးကိုမှ လာသည်ဆို သော် မည်သို့သော မိန်းမများဖြစ်တန်ရာ၏ဟု ခေါင်းတညိတ်ညိတ်ဖြင့် သူတို့ ကိုယ်သူတို့ ပရောဟိတ်လုပ်၍ ဟောကိန်းထုတ်တတ်သည်လည်းရှိ၏။ အဖမ်းအဆီး၊ အစစ်အဆေးကို ထိတ်လန့်ရသည်ထက် ကိုကိုပုရိသတို့၏ အမနူသတောဝါဘေးကို ပို၍သတိထားနေရ၏။ ကာလ၊ ဒေသ၊ ပယောဂ ဟူသည် ဤသို့ဖြစ်တတ်ပေ၏ဟု နှလုံးသွင်းလျက် ကြံ့ခိုင်သောစိတ်ဖြင့်သာ



ခရီးဆက်ရတော့သည်။ ဤသို့ဖြင့် အာဂ မိန်းမဘသား လူစွန့်စားဘဝသို့ ရောက်ခဲ့၏။ ထိုကာလတွင် ကျွန်မနှင့်တွဲဘက်ဖြစ်ခဲ့သူက ညိုညိုငြိမ်း။

၀

ကျွန်မနှင့် ညိုညိုငြိမ်းသည် သက်တူရွယ်တူဖြစ်၏။ မတူသည်က ကမ္ဘာဇရုပ်၊ ကျွန်မ ကြည်ကြည်စမ်းက ဂန္ဓလရာဇ် သွေးပါသူမို့ အသားဖြူ သည်။ အသက်လေးဆယ်အရွယ် ဣတ္ထိယတို့၏ တင့်တယ်မှုဖြင့် လန်းလန်းလက်လက်တောက်ပဆဲဖြစ်သည်။ သို့သော် အငြိမ့်သဘင်ခေတ်က နန်းတော်ရှေ့ဆရာတင် ရေးခဲ့သော အငြိမ့်သံဆန်း သီးချင်းထဲတွင်ပါသည့် "ဆံမြိတ်ကယ်ရှည်တို့၊ အပျိုလေးလားလို့မိရယ်၊ ရွှေရင်ကို စမ်းကာမှ အိုမှန်းသိရတယ်" ဆိုသည့်နယ်ဖြစ်ကောင်းဖြစ်ပေမယ့် ကျားတို့ရှေ့မှောက်တွင် ဝင့်ဝင့်ကြွားကြွားဟန်ဖြင့် ဖြတ်လျှောက်သည့်အခါ သူတို့က မျက်နှာလွှဲမသွားသေးကြောင်း ကို ကျွန်မကောင်းစွာသိနေပါသည်။ ကျွန်မ၏ ခန္ဓာကိုယ်ပုံရိပ်ကောက်ကြောင်း တို့ မတိမ်းစောင်းသေးပါ။ အသွေးအသားတို့ အေးမသွားသေးပါ။ ဖွံ့ဆဲ၊ ဖြိုးဆဲ၊ ဆွဲဆောင်မှုရှိဆဲဟု ရဲရဲကြီးပြောနိုင်ပါသေးသည်။

ညိုညိုငြိမ်း၏ ဥပဓိရုပ်က ကျွန်မနှင့်ဆန့်ကျင်၏။ အမည်နှင့်လိုက်လျောညီထွေစွာ အသားညိုပါသည်။ အမည်းတော့မဟုတ်။ သူ့အသားညိုပုံ က အဝါရောင်အောက်ခံဆေးသုတ်လိမ်းထားသည့်အပေါ်တွင် အညိုရောင်ဆေးဖျော့ဖျော့ကလေး ထပ်ပိုးတင်ထားသလိုမို့ ညိုသည်သာဆိုသော်လည်း စိုပြေဝင်းလက်တောက်ပနေသည်။ မျက်ခုံး၊ မျက်လုံးနှင့် နှာတံတို့ဖြင့် ပေါင်းဖွဲ့ထားသည့် မျက်နှာကျပုံက အိန္ဒိယရုပ်ရှင်မင်းသမီးတစ်ဦးနှင့် တူသလိုလို ပါ။ အထင်ရှားဆုံးက အရပ်အမောင်းနှင့် ကိုယ်ခန္ဓာဖွဲ့စည်းပုံ ဝင့်ဝင့်ထယ်ထယ် ရှိပြီး ရှိုက်ဖိုကြီးငယ်အသွယ်သွယ်နှင့် လုပ်လီလုပ်လဲ့ လျှောက်လှမ်း သွားဟန်ကို ရှေ့ကကြည့်ကြည့်၊ ဘေးကကြည့်ကြည့်၊ နောက်ကကြည့်ကြည့်၊ ကြည့်၍ကောင်းသည်သာ။ ဆွဲဆောင်မှုသည် သာမန်ထက်ပိုသည်။ စွဲမက်ဖွယ်ရာကောင်းသည်ဟု ဆိုရမည်။

သူ၏ ဥပဓိရုပ်နှင့် နှစ်လိုဖွယ်ရာ ပျော့ပျောင်းညင်သာသော လူမှုဆက်ဆံရေးကောင်းမွန်မှုကြောင့်ပင် ကျွန်မ သူ့ကို လက်ထောက်သဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပွားသဖွယ် တတန်းတည်းထားကာ ကျွန်မသွားလေရာလိုက်ပါစေခြင်း ဖြစ်၏။ အကျိုးတူ စီးပွားဘက်မဟုတ်စေကာမူ ထိုက်ထိုက်တန်တန်နေရာ ပေးဆက်ဆံ၍ ငွေကြေးပံ့ပိုးပေးပါသည်။

ကျောက်မျက်ရတနာကုန်သည်လောကတွင် "အဖြူ-အမဲ" အတွဲ၊ တရုတ်မနှင့် ကုလားမအတွဲဟု အမည်သညာပေးထားကြပါသည်။ အတွဲညီပါသည်ဆိုသည့်နောက်တွင် နှစ်ယောက်စလုံးတွင် ပိုင်ရှင်မရှိကြောင်းကို လည်း သိထားကြပါသည်။ ထို့ကြောင့်ပင် သူတို့. . . သူတို့သော ပုရိသတို့ က ကျွန်မတို့နှစ်ယောက်ကို ခရီးဆုံခိုက် လှေကြုံလိုက်ဖို့ ခေါ်ကြသည်။ တည့်တည့်တမျိုး သွယ်ဝိုက်တနည်းဖြင့် မေတ္တာတွေ တလှေကြီးပေးချင်ပါသည် တဲ့။ နယ်စွန်နယ်ဖျားရှိ စီးပွားရေးလောကသားတို့သည် စည်းလွတ်၊ ဘောင် လွတ် ဤသို့ချည်းပင်ဖြစ်ပါသလော။

ခုဆိုမှခု၊ ပစ္စည်းတစ်ခုကို လုယူတော့မလိုအထိ လွန်ကဲလာသည့် အုပ်စုက မောင်မောင်သန်းတို့အဖွဲ့။ အသွင်တူကြပါပေသည်။

အမှန်စကားဆိုရသော် ကျွန်မတို့သည် ပုထုဇဉ်များသာဖြစ်ပါသည်။ ကုသိုလ်ဈာန်ဝင်စား၍ တရားကျင့်နေသူများ မဟုတ်ကြသဖြင့် ခန္ဓာဗေဒ အလိုအားဖြင့်လည်းကောင်း၊ စိတ္တဗေဒအလိုအားဖြင့်လည်းကောင်း ကျွန်မ တို့၏ အတွင်းစိတ်အစဉ်၌ ရမက်ဆန္ဒများရှိသည့်အခါ ရှိပါသည်။ ယင်းကို ယုတ္တိမတန် ဟန်ဆောင်ဖုံးကွယ်လျှက် လုံးဝမရှိပါဟုဆိုခဲ့သော် လောကဓမ္မ သဘာဝတရားနှင့် ဆန့်ကျင်သည်သာဖြစ်၍ မုသားစကားဖြစ်တော့မည်သာ။ သို့သော် သူတို့၏ အလေ့ကျဆန်သောစရိုက်ကိုတော့ ကျွန်မတို့က မကြိုက်။ ထို့ကြောင့် ဝိရောဓိအမြင် ကြီးထွားလာ၏။

သည့်နောက်တော့ သူတို့အုပ်စုနှင့် အနီးကပ်ဆက်ဆံမှုကြောင့် ရလာမည့် အခွင့်အရေးကို မယူတော့။ ယခင်က ဂိတ်အဝင်၌ အုပ်စုလိုက် ဖြေရှင်းကြမြဲဖြစ်၍ ကျွန်မတို့က အသာအယာ မျှောလိုက်ခဲ့ရသဖြင့် အဆင်ပြေခဲ့ သည်။ ယခုမူ သီးခြားရင်ဆိုင်ဖြေရှင်းသွားရသည်။ စုပေါင်းတည်းခိုသည့် အတွက် သည်အဖွဲ့အစည်းပြင်ပက အန္တရာယ်များမှ အကာအကွယ်ရသော အခွင့်အရေးကို မယူဘဲ သီးခြားတည်းခိုရာကို ရှာရသည်။ တတ်နိုင်သမျှ သူတို့ နှင့် ကင်းအောင်နေလိုက်ပါသည်။



သည်အခါ သူတို့က စပျစ်သီးချဉ်သည်ဟုဆိုသလို အရှုံးလွှန်မမ တို့ကို မသုံးလိုတဲ့။ ဆယ်ကျော်သက်တို့အလယ်တွင် သူတို့က တွင်ကျယ်နေ လျက်မို့ လှည့်၍ပင်မကြည့်ချင်ပါတဲ့။ လုပ်စားနေသည့်သူ့အချင်းချင်းပင်ဖြစ် သော်လည်း သူတို့က သတင်းပေးသဖြင့် ကျွန်မတည်းခိုရာ ဟိုတယ်အခန်း အထိ ထောက်လှမ်းရေးမှ ဝင်ရောက်စစ်ဆေးခြင်းခံရသည်။ သို့သော် "ရှင်းထား" ဆိုသော စာရွက်ကို အချိန်မီရလိုက်သောကြောင့် တန်ကြေး အတော်များသော ရတနာထုပ်ကို ဟိုတယ်အောက်ဆုံးအထပ်ရှိ အများသုံး အိမ်သာ ရေပိုက်အောက်တွင် ဝှက်ထားလိုက်နိုင်သဖြင့် ကျွန်မတို့က ပန်းပန် လျက်။

သည်မျှအထိပင် သဘောထားကျဉ်းမြောင်းပြီး စကားကျယ်လောင် အစထောင်လာတော့ "ဒင်းတို့ကလား" ဟု ကျွန်မက သူတို့ကို တုံ့ပြန်ဖို့ရာ ဇာတ်လမ်းစရတော့သည်။ ဇာတ်ကွက်-ဇာတ်လမ်း, ဇာတ်ဝင်ခန်းအစုံ၊ ကိုယ်တိုင် ဒါရိုက်တာလုပ်ခဲ့၏။

တစ်နေ့တွင် တပ်မတော်ထောက်လှမ်းရေးမှူး ဗိုလ်ချုပ်ကြီး ကိုယ်တိုင် လားရှိုးမြို့ကို ရောက်လာခဲ့၏။ အဖွဲ့ဝင်အဖြစ်ပါလာသော ပုဂ္ဂိုလ်တို့အနက် ကျွန်မ တက္ကသိုလ်တက်ခဲ့စဉ်က တက္ကသိုလ်အနုပညာအသင်း၌ တွေ့ဆုံခင်မင် ခဲ့ရသော ပုဂ္ဂိုလ်များကို တွေ့ရသည်။ သူတို့ဘာရာထူးရှိသည်ကိုမူ ကျွန်မ သိသည်မဟုတ်၊ ရင်းနှီးမှုအရ ကျွန်မ၏လက်ရှိတွေ့ကြုံနေရသော အခက် အခဲများအနက် သိမ်းယူခံထားခဲ့ရသော ပစ္စည်းများအကြောင်းကို ပြောပြ ခဲ့သည်။ နောက်ထိုပုဂ္ဂိုလ်များ အကြံပေးသည့်အတိုင်း သိမ်းဆည်းခံရသော ပစ္စည်းများအတွက် အသနားခံစာတင်လိုက်ပါသည်။ ကျွန်မက ခပ်ရှည်ရှည် ဆိုတော့ လူတတ်ကြီးလုပ်၍ ကွန့်လိုက်ပါသည်။ ကျွန်မနာမည်ကို ထိပ်ဆုံး တွင်တင်ကာ ကျောက်ရောင်းဝယ်သူအားလုံး၏ အမည်စာရင်းကို ရေးထည့် ပေးလိုက်ပါသည်။ ဆက်လက်၍ လမ်းကြောင်း၊ ဈေးကွက်၊ ဝယ်လက်၊ ရောင်း လက် အစုံပါဝင်အောင် ထည့်ရေးလိုက်သည်။ ထင်မြင်ချက်အားဖြင့် ဤ မှောင်ခိုဈေးကွက်ဖြစ်လာသည့် အကြောင်းရင်း၊ ထိုဈေးကွက်သည် တရားဝင် ဖြစ်သင့်ကြောင်းနှင့် နိုင်ငံ၏ အခွန်အကောက်တိုးပွားရာဖြစ်နိုင်ကြောင်းတို့ကိုပါ အကြံပြုရေးသားလိုက်ပါသည်။ ထို့ကြောင့် ကျောင်းသူဘဝ၌ သူငယ် ချင်းများက "လှေထိုးဝါးမ" ဟု ခေါ်ခဲ့ကြသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



မကြာလိုက်ပါ။ ရက်သတ္တနှစ်ပတ်အတွင်း၌ပင် ကျွန်မပေးသော စာရင်းပါ ကုန်သည်အားလုံးကို ထောက်လှမ်းရေးမှ ဆင့်ခေါ်လိုက်ပါသည်။ လုပ်တုန်းက လုပ်ခဲ့သော်လည်း ကျွန်မလုပ်ရပ်၏ အကျိုးဆက် မည်သို့ဖြစ်လာမည်ကို ရင်တထိတ်ထိတ်ဖြင့်တွေးကြောက်နေမိသည်။

ခန်းမအတွင်းသို့ရောက်နေခဲ့ကြသည့်တိုင် ဘာဖြစ်မည် ဘာလုပ်မည် ကို မသိကြ။ သို့လော သို့လော အတွေးများဖြင့်သာ ရင်မောနေကြရသည်။

ခန်းမအတွင်း စကားသံများဖြင့် ဆူညံနေရာမှ ရုတ်တရက်ငြိမ်သွားသည်။ အပ်ကျသံကိုပင် ကြားရနိုင်သည်အထိ။ အတန်ကြာ တိတ်ဆိတ်သွားသဖြင့် ဟိုဟိုသည်သည် အသံတိတ်လှည့်ကြည့်နေကြသည်။ အားလုံးကို ဖမ်းဆီးထောင်သွင်း အကျဉ်းချလေမည်လား စသည်ဖြင့် အပြစ်မကင်းခဲ့ကြသူများပီပီ ချောက်ချားနေကြသည်။

ရဟတ်ယာဉ်သံကြားရသည်။ ခဏအကြာတွင် ခန်းမအဝင်ဝမှ အသံများကြားရသဖြင့် မျှော်ကြည့်လိုက်ရာ ဗိုလ်ချုပ်ကြီးဝင်လာသည်ကို တွေ့ရ၏။ သူဘာပြောမလဲဆိုသည်ကို စိတ်စောင့်လင့်နေကြပါသည်။ ဗိုလ်ချုပ်ကြီးက ထိုင်ပြီးပြီးချင်းစကားစပါသည်။

"ဌာနဆိုင်ရာလူကြီးများ ရပ်မိရပ်ဖများနဲ့ ကုန်သည်များကို လိုရင်းပြောပါမယ်။ အရေးကြီးတဲ့အပေါ် ပိုပြီး အရေးကြီးတယ် ဆိုတဲ့ ဆင့်ကဲဆင့်ကဲကိစ္စတွေ များပါတယ်။ ဒါကြောင့် တိုင်စာ၊ အကြံပေးစာ စတာတွေ အားလုံးစုံစေ့အောင် မကြည့်နိုင်ခဲ့ပေမဲ့ ဒီစာတစ်စောင်ကိုတော့ အရေးပေးစဉ်းစားရပါတယ်"

ထိုသို့ အစချီပြီး ကျွန်မရေးပို့ခဲ့သည့်စာ မူရင်းအတိုင်းကို ဖတ်ပြလိုက်ပါသည်။ ဖတ်ပြနေသည့် အခိုက်အတန့်၌ ကျောက်အသိုင်းအဝိုင်းက လူအားလုံး၏ အကြည့်သည် ကျွန်မထံ၌ စုပုံကျရောက်နေသည်။ ကျွန်မက သစ္စာဖောက်၍ တိုင်လိုက်လို့သာဟု မုန်းတီးရွံရှာဟန်ဖြင့် ကြည့်နေကြပါ သည်။ သူတို့၏ မျက်လုံးများ၌ အဆိပ်ငွေ့များရှိခဲ့သော် ကျွန်မသည် နေရာ ၌ပင် ပြာကျသွားပေလိမ့်မည်။ ထို့နောက် အားလုံးကိုဝေ့ဝဲကြည့်ပြီး

"ဒီစာပို့တဲ့ စမ်းမမ ခေါ် ကြည်ကြည်စမ်း ရပ်ပြပါ"

ကျွန်မအသည်းတုန်အူတုန် စိတ်မသက်မသာဖြင့် ရပ်ပြလိုက်ရပါ သည်။



ဆက်လက်ပြောသည့် အချက်များ၏နောက်ဝယ် ကြီးစွာသော အပြောင်း အလဲရလဒ်များဖြစ်ပေါ်ခဲ့၏။

"ဒေါ်စမ်းမမ စာက တိုင်စာမဟုတ်ပါဘူး၊ အကြံပေးစာသာဖြစ်ပါတယ်။ ကျွန်တော်တို့က သတ္တိရှိရှိနဲ့ ဒီလိုအမှန်တရားလည်းဖြစ်၊ အကျိုးလည်းရှိတဲ့ စာမျိုးကို ဖိတ်ခေါ်ပါတယ်။ စာထဲမှာ နယ်ချင်းထိစပ်နေတဲ့ တိုင်းပြည်နှစ်ပြည်မှာ ထွက်ကုန်တွေကို ကိုယ်ကြိုက်တာယူပြီး ကိုယ်ပိုတာရောင်းချင်ကြတာ သဘာဝတဲ့။ ဟုတ်တာပေါ့။ ဒါကို နည်းစနစ်မှန်အောင် ဆောင်ရွက် ပေးရင်မှောင်ခိုဆိုတာလည်းမရှိ၊ အခွန်အကောက်လည်းရ၊ နှစ်နိုင်ငံဆက်ဆံရေးလည်းကောင်းမှာပါတဲ့။ သိပ်ကောင်းတဲ့ အကြံပြုစာပါ။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ဒီအချိန်ကစပြီး တရားဝင်ရောင်းကြဝယ်ကြဖို့ ဆိုင်ရာတွေက စီစဉ်ပေးပါလိမ့်မယ်။ တူရာတူရာ စုစည်းအဖွဲ့တွေဖွဲ့ကြပါ။ နယ်စပ်ကုန်သွယ်ရေး ရွှေ့ပြေးစခန်းပေါ့။ အခုကစလုပ်ကြပါ။ သိမ်းယူခဲ့တဲ့ ပစ္စည်းတွေကို လက်ရောက်ပြန်ပေးပါ့မယ်။ အားလုံးက တိုင်းပြည်အကျိုးရှိအောင် ရဲရဲလုပ်ကြပါ။ အသိမ်းခံထားရတဲ့ ဒေါ်စမ်းမမရဲ့ ပစ္စည်းတွေကို အခုပဲ ကျွန်တော်ကိုယ်တိုင် ပြန်ပေးပါမယ်။ ဒေါ်စမ်းမမ ကြွပါ"

ပစ္စည်းများကို ပြန်ရပြီးသည့်အခါ အားလုံးက လက်ခုပ်သြဘာ ဆူညံစွာပေးကြတော့သည်။ နေရာသို့ ပြန်အဝင်လမ်းတလျှောက်ရှိ လူအားလုံးက၊ ရပ်ရှင်အကယ်ဒမီဆုရ သရုပ်ဆောင်ကို အလုအယက် လက်ဆွဲနှုတ်ဆက်သလို သူသူငါငါ ပျူငှာလှပါ၏။ မျက်လုံးအကြည့်များသည်လည်း အခိုးအလျှံမရှိ ပကတိနှစ်လိုဖွယ်ပါ။ အပြောင်းအလဲမှာ မြန်ဆန်လှပါ၏။

○

ကျွန်မကို အထင်သေးအမြင်သေးဖြင့် အကြည့်ခံခဲ့ရသောဘေးမှ ယခုလုံးဝလွတ်သွားသည်သာမက၊ လောကဝန်းကျင်ကို ကျွန်မအနိုင်ယူနိုင်ခဲ့ပြီ။ အနိုင်ရမှ ကျေနပ်လေ့ရှိသူ ကျွန်မသည် ပိုမိုတက်ကြွလာပါသည်။ မထီမဲ့မြင်ဆက်ဆံခဲ့ကြသူတို့သည် ယခုအခါ ကျွန်မ၏ရုံးခန်းသို့ ကျိုးနွံသောအသွင်ဖြင့် ဝင်လာကြရပေပြီ။ အကြောင်းကား ကျယ်ပြန့်၊ လွတ်လပ်သော ကုန်သွယ်ရေးစနစ်သစ်အရ ဆောင်ရွက်ရာတွင် ယခင်က အမှုထမ်းလောက

www.burmeseclassic.com



ရှိ အမူအကျင့်များဖြစ်သော "ထစ်တာ၊ ညစ်တာ၊ ညှစ်တာ၊ မ တာ၊ စားတာ" စသည့် တရားမဲ့စရိုက်ဆိုးတို့မှ ကင်းဝေးနိုင်သမျှ ကင်းစေရန်အလို့ငှာ ကျွန်မ၏ ရုံးခန်းသည် သူတို့၏ အားထားရာဖြစ်လာသောကြောင့်ပင်။ တိုးတက်လာသော ကျွန်မ၏ စီးပွားရေးသည်လည်း သူတို့ အားကျစရာဖြစ်လာ၏။

ထိုကာလတွင် ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့၌ အထင်ကရ ရှမ်းရိုးမကုန်တိုက်ကြီးလည်း ပေါ်ပေါက်လာသည်။ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ လုံခြုံရေး၊ ကုန်တင်ယာဉ်စခန်း စသည်ဖြင့် ဖွဲ့စည်းမှုအားကောင်းစွာဖြင့် ဖွံ့ဖြိုးလာသည်။

ကုန်သွယ်ရေးမှ ဒုတိယညွှန်ကြားရေးမှူးက ဥက္ကဋ္ဌ၊ ကျွန်မက အတွင်းရေးမှူး၊ ကုန်သည်အစုအဖွဲ့မှ တစ်ဦးကျစီပါဝင်သော ဦးစီးအဖွဲ့သည် သည်ကာလ၌ အရေးပါလာသည်။

ကုန်တိုက်ကြီးဖွင့်ပွဲမတိုင်မီ၊ အသီးသီးဆိုင်ခန်းများရယူကာ မိမိတို့ကုန်ပစ္စည်းများကို ဝေဝေဆာဆာ တင်နေကြသည်။ ကျွန်မသည် "စမ်းမမကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုင်ကြီး" ကို ပိုမို ကြီးကျယ်ခမ်းနားလာအောင် ရန်ကုန်မြို့ရှိ ကျွန်မ၏ အလုပ်ရုံမှ ဝန်ထမ်း (၁၀) ဦးကို ခေါ်ယူတာဝန်ပေးလိုက်သည်။ ညီမဝမ်းကွဲ မာလာသိန်းကို မန်နေဂျာနေရာထားလိုက်သည်။ ညိုညိုငြိမ်းကိုမူ ဦးစီးအဖွဲ့၏ သတင်းထုတ်ပြန်ရေးနှင့်ပြန်ကြားရေးအဖွဲ့၌ တာဝန်ပေးလိုက်ပါသည်။

ဖွင့်ပွဲသည် အလွန်စည်ကားလှ၏။ ထိုင်းနိုင်ငံမှ ကုန်သည်များ၊ အစိုးရအရာရှိများနှင့် ထိုင်းဘုရင့်သမီးတော် သီရိဒုံပင်ပါ၏။ ဇာတ်သဘင်၊ ဂီတနှင့် ရုပ်ရှင်နယ်မှ နာမည်ကျော် အနုပညာရှင်တို့လည်း ပါဝင်ပါသည်။ ထို့ပြင် နယ်စပ်ဒေသဓလေ့အတိုင်း ပျော်ပွဲများ၊ ကစားဝိုင်းများလည်း ဖွင့်ခွင့် ပေးသဖြင့် ကြိတ်ကြိတ်တိုးအောင်ပင် စည်ကားခဲ့၏။

တက္ကသိုလ်အနုပညာအသင်း၌ သိကျွမ်းခဲ့သည့် ပုဂ္ဂိုလ်နှစ်ဦးသည် တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်ဆိုသော်လည်း တိုက်ပုံအကျႌနှင့်သာ အမြဲတွေ့ရသည်။ မည်သည့်အဆင့်ရှိသည်ကိုမသိ၊ ကျောင်းသားဘဝက အမည်ကိုသာ ခေါ်ဝေါ်ဆက်ဆံခဲ့၏။ သူတို့နှစ်ဦးက ကျွန်မကို တွန်းတွန်းတိုက်တိုက် ပွဲထုတ်ကြသဖြင့်၊ ဧည့်ခံပွဲညတွင် ကျွန်မက စောင်းတီး၍ ဘောလယ်သီချင်း



တစ်ပုဒ်ဆိုခဲ့ရသည်။ ဒေါသတွေ၊ လောဘတွေနှင့် ပြွမ်းတီးခဲ့သည်မှာ ကြာခဲ့ပြီ၊ ယခုလို အနုပညာနှင့် ထိတွေ့ခွင့် ကြုံလာတော့လည်း ကျွန်မ ကြည်နူးရပါသည်။

တိုးတိုးတိတ်တိတ်ကြံစည်ထားသည့်အတိုင်း ညိုညိုငြိမ်းအား အစီအစဉ်မှူးက သီချင်းဆိုရန် ဖိတ်ခေါ်လိုက်ပါသည်။ စင်မြင့်ပေါ်ရောက်သည်နှင့် ညိုညိုငြိမ်းက ပရိတ်သတ်ကို လှမ်းကြည့်ကာ

"ကျွန်မ ညိုညိုငြိမ်းပါ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ကပါ။ ကျွန်မက စုံတွဲသီချင်းကိုသာ ဆိုလေ့ရှိတာကြောင့် ကုန်သည်များ ညှိနှိုင်းရေးမှူးဖြစ်တဲ့ ကိုမောင်မောင်သန်းကို ဖိတ်ခေါ်ပါတယ်ရှင်"

မောင်မောင်သန်း၏ ရောင်းရင်းများထံမှ လက်ခုပ်သြဘာမြည်သံ မစဲအားပေးထောက်ခံသဖြင့် မောင်မောင်သန်း စင်မြင့်ပေါ်သို့ ရောက်လာ သည်။ သူတို့နှစ်ဦးသည် ပိုးစုန်းကြူးလေးများ အမည်ရှိသော စုံတွဲသီချင်းကို ပီပီပြင်ပြင်သီဆိုနိုင်သဖြင့် ပရိသတ်အားပေးမှုအရှိဆုံး ဖြေဖျော်မှုပင်ဖြစ်ပါ သည်။

ကုန်တိုက်ဖွင့်ပွဲပြီးသည့်နောက်တွင် ညိုညိုငြိမ်းနှင့် မောင်မောင်သန်း တို့ ရင်းနှီးသွားကြကာ၊ "မငြိမ်းရေ" "မောင်မောင်ရေ" နှင့် ဖြစ်သွားကြတော့ သည်။ ပျော့ပျောင်းနူးညွတ်လွယ်သော ညိုညိုငြိမ်းကိုတော့ မောင်မောင်သန်း အပေါ် တကယ်မသာယာမိစေဖို့ ကျွန်မမကြာခဏ သတိပေးခဲ့ရသည်။

ကုန်သွယ်ရေးအဖွဲ့တွင် သွင်းကုန်နှင့် ထုတ်ကုန်မျှတရေး၊ အခွန်ငွေမှန်ကန်တိကျစေရေးနှင့် ကုန်သွယ်ရာတွင် မလိုလားအပ်သော အဟန့်အတားများမရှိစေရေးတို့ကိုဆောင်ရွက်ရာ အတွင်းရေးမှူး တာဝန်ယူရသော ကျွန်မ သည် ကုန်သည်အားလုံးက အလေးထားဆက်ဆံရသူဖြစ်လာခဲ့၏။

အရေးပါလာသည်နှင့်အမျှ ကျွန်မက နည်းနည်းတော့ ကဲချင်၊ ကွန့်ချင်သော ညဉ်အတိုင်း ကျွန်မ၏ အတွင်းရေးမှူးရုံးခန်းအဝင်၌ (ဒေါ်ကြည်ကြည်စမ်း-ဝိဇ္ဇာ စီးပွားရေး) ဟု ကျွန်းသားအဝါပေါ်တွင် ဆေးအနက်ဖြင့် ရေးထား သည့် ဆိုင်းဘုတ်ကို ချိတ်ထားလိုက်၏။

ဤသို့ပြုရခြင်းကား အကြောင်းအကျိုးဆက်စပ်မှုရှိပါသည်။ ကုန်သည်အများစုက ကျွန်မကို အများအကျိုးအတွက် စွန့်ဦးတီထွင်သူအဖြစ် ပိုလားစွာ အလေးထားဆက်ဆံနေကြစေကာမူ မောင်မောင်သန်းတို့အုပ်စုအတွင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



အချို့သောသူတို့က မူလအတိုင်း ကျွန်မကို အထင်သေးနေဆဲပင်။ သူတို့ အမြင်မပြောင်းသည်ကို အကြောင်းပြရန် လိုအပ်နေသည်။ ဂျာကင်အင်္ကျီ၊ ဂျင်းဘောင်းဘီဖြင့် ယောကျ်ားပုံဖမ်းကာ နယ်စွန်နယ်ဖျား သွားလာနေသည့် မိန်းမဖြစ်လင့်ကစား ကျွန်မသည် စီးပွားရေးပညာရှင်၊ လုပ်ငန်းရှင်၊ ပညာတတ်ဖြစ်ကြောင်းကို ပြလိုသည်။ တနည်းအားဖြင့် သူတို့ထက် လူမှုအဆင့်အတန်းမြင့်သူအဖြစ် ပြခြင်းပင်။

အချိန်မကြာလိုက်။ လက်သည်မပေါ်သော တုန့်ပြန်ချက်တစ်ရပ် ကျွန်မရုံးခန်း၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်နေရာတွင် အစားထိုးထားသည်ကို ရုံးတက်ချိန် တစ်နေ့တွင် တွေ့လိုက်ရသည်။

"ဒေါ်ကြည်ကြည်စမ်း (ဝိဇ္ဇာ စီးပွားရေး မပြေလည်)" ဟု ကျွန်မ၏ စီးပွားရေးဘွဲ့ကို ထိပါးစော်ကားထားသော ဆိုင်းဘုတ်ပင်ဖြစ်သည်။ သည်တွင် အသံတိတ်တိုက်ပွဲစရပြန်သည်။ ဟိုအချိန်က ကျွန်မတည်းခိုနေသော ဟော်တယ်အခန်းကို ရှာဖွေရေးအဖွဲ့ထံ သူတို့လက်ထောက်ချခဲ့သည်ကိုလည်း ကျွန်မ မမေ့။

တစ်နေ့သောအခါတွင် သူတို့က ထိုင်းနိုင်ငံမှ (3K) အမှတ်တံဆိပ်ပါ ဘတ္တိရီများကို တင်သွင်းလာခဲ့သည်။ မူဝါဒချမှတ်ထားသည်က ကုန်ပစ္စည်းအမျိုးအစားအလိုက် အဖွဲ့များအသီးသီးဖွဲ့ထား၍ ယင်းအဖွဲ့အချင်းချင်း ညှိနှိုင်းပြီး ရောင်းဝယ်ကြရသည်။ ဆိုင်ရာအဖွဲ့သို့ ညှိနှိုင်းခြင်းမပြုဘဲ ကိုယ်ထင်ရာပစ္စည်းများကို ရောင်းဝယ်ခွင့်မရှိ။ အချင်းချင်းထိခိုက်အောင် မပြုရပါ။ ထိုအချက်ကိုမလိုက်နာသဖြင့် စစ်ဆေးရေးဂိတ်အဝင်၌ သူတို့ပစ္စည်းများ ကိုသွင်းခွင့်ဆိုင်းငံ့ထားလိုက်သည်။ ရက်ကြာလေလေ အခွန်အခ တက်လေလေ ပင်။ သည်အခါ အတွင်းရေးမှူးရုံးခန်းကို ဒင်းတို့လာရတော့သည်။ ချက်ချင်း ဝင်ခွင့်မရကြ။ အချိန်ကြာမြင့်စွာ သူတို့ စောင့်နေကြရသည်။ နေ့လည်ထမင်းစားပြီးချိန်သို့ ချိန်းဆိုလိုက်ပြန်သည်။ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ ရောက်လာပြန်သဖြင့် နောက်တစ်နေ့သို့ ချိန်းလိုက်ပြန်သည်။ ဤသို့ ပညာပေးလိုက်မှ သူတို့ ကျိုးနွံလာတော့သည်။ အမှုကိစ္စကားအဆုံးအဖြတ်မရသေး။ ရုံးဆင်းချိန်ရောက်သော် နောက်တစ်နေ့ချိန်း၏။ ဤကဲ့သို့ အနိုင်ရနေသည်ကိုပင် ကျွန်မကျေနပ်နေသည်၊ စိတ်တော့မကောင်း၊ လိပ်ပြာမလုံ။ ခက်ခဲစွာ ညှိနှိုင်းရမည်ဖြစ်သော်လည်း ကျွန်မဆောင်ရွက်ပေးရန် ဆုံးဖြတ်လိုက်ပါသည်။



လားရှိုးမြို့၏ ဆောင်းရာသီနံနက်ခင်းသည် နှင်းမှုံတို့ဖြင့် မြင်ကွင်းမရှင်းပါ။ အေးသောကာလမို့ ကျန်းမာရေးလေ့ကျင့်သူ၊ လမ်းလျှောက်သူတို့ ဖြင့် လူလုံးမသဲကွဲ၊ လွဲရှောင်ကာ သွားကြရသည်။

ကျွန်မနှင့် ညီညီငြိမ်းတို့ကလည်း ဦးထုပ်-ဂျာကင်-ဘောင်းဘီရှည်များ ကိုယ်စီဝတ်လျက် လမ်းလျှောက်ကြပါသည်။ သိပ်သည်းသောနှင်းထုအတွင်း သို့ ထိုးဖောက်ကာ လမ်းလျှောက်ရသဖြင့် တစ်ချိန်က ကုံကော်တောဝယ် ဤသို့ပင် နှင်းထုအတွင်း လမ်းလျှောက်ခဲ့ရသည့် ခံစားမှုကို တမ်းတနေမိသည်။

လမ်းလျှောက်ရာမှ အပြန်ခရီးတွင် နွားနို့နှင့် တို့ဟူးနွေး စားသောက်လိုသဖြင့် လမ်းထောင့်ရှိ ဆိုင်သို့ဝင်လိုက်၏။

"ဟာ. . . မမစမ်းတို့ပါလား၊ လာလာ မမ, ကျွန်တော်တို့နဲ့ ဝိုင်းဖွဲ့ ပါလို့ ဖိတ်ခေါ်ပါရစေ၊ ကြုံတောင့်ကြုံခဲ ကျွန်တော်တို့က ပြုစုပါရစေ"

အလွန်တရာ ဖော်ရွေသောအသံဖြင့် ဖိတ်ခေါ်သည်ကို ကြုံရပါသည်။ ကြိုဆိုသူများမှာ မောင်မောင်သန်းနှင့်အဖွဲ့ပင်။ အားနာဟန်ဖြင့် ငြင်းသော် လည်း ခခယယဖိတ်ခေါ်နေသဖြင့် ယဉ်ကျေးသူအသွင်ဖြင့် ကျွန်မ လက်ခံ ရပါသည်။ နွားနို့ပူပူလေး သောက်ရသည်မှာ အမောလည်းပြေကာ နွေးထွေး သော ခံစားမှုဖြင့် နှစ်လိုဖွယ်ရာဖြစ်ပါသည်။ အတန်ကြာ စကားအဆက် ပြတ်ခိုက်၊ မောင်မောင်သန်းက

"ဒီနေ့ ကံကောင်းတယ်လို့ဆိုရမလားမသိဘူး။ မမတို့ကိုတွေ့ချင်နေတာပါ၊ တွေ့ဆုံပြီး ကျွန်တော်တို့ မှားခဲ့သမျှတွေကို ဝန်ချတောင်းပန်ချင်နေတာကြာပါပြီ၊ အခုလို မမျှော်လင့်ဘဲ တွေ့ခွင့်ရလိုက်တာ ဝမ်းသာပါတယ်။ ကျွန်တော်တို့ တစ်ဖွဲ့လုံးက မမတို့ကို မဖွယ်မရာ ပြောခဲ့ဆိုခဲ့၊ စခဲ့နောက်ခဲ့တာတွေအားလုံး၊ မှားခဲ့ကြတဲ့ ပြစ်မှုတွေ၊ ဆိုင်းဘုတ်အစားထိုးချိတ်ခဲ့တာတွေ အားလုံးကို ကျွန်တော်က ကိုယ်စားပြုပြီး တောင်းပန်ပါရစေ။ နောက်နောင်မှာလည်း မမတို့ကို ဝစီကံ၊ မနောကံနဲ့ ပြစ်မှားခြင်းမပြုတော့ပါဘူးလို့ ကတိပြုပါတယ်။ မမတို့ ခွင့်လွှတ်ပေးပါလို့. . ."

တောင်းပန်သည်ဆိုတော့ ကျွန်မအနိုင်ရသလိုမို့ ရင်ထဲကျိတ်ပြီး ကျေနပ်နေတာအမှန်၊ သို့သော် သူတို့ကို ကျွန်မမယုံပါ။ ခွင့်လွှတ်ပါသည်ဟု နှုတ်မှမဖွင့်၊ ကျနွြေတစ်ခွဲသားဖြင့် အသာခေါင်းညိတ်လျက် ပြုံးပြလိုက်ပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကယ်တော့ ပြေးပေါက်မရှိဘဲ ချောင်ပိတ်မိနေမှ လက်နက်ချခြင်းဟု ကျွန်မ ယူဆပါသည်။

နောက်နေ့များ၌ နံနက်လမ်းလျှောက်ထွက်ရာတွင် သူတို့အနက်က တစ်ဦးမဟုတ်တစ်ဦး လမ်းမှကြိုစောင့်ကာ အတူတကွ လမ်းလျှောက်ရာ တွင် ပါလာတတ်ပါသည်။ ပင်တိုင်တစ်ဦးက မောင်မောင်သန်း။

ရုံးချိန်နောက်ပိုင်း၊ ကျွန်မတို့ အဆောင်ဧည့်ခန်းသို့ ရောက်နေလေ့ရှိ သူကလည်း မောင်မောင်သန်းပင်။ သူသည် တောင့်တောင့်ဖြောင့်ဖြောင့် နှင့် ယောကျ်ားပီသသော ဥပဓိရုပ်ရှိ၏။ ခေတ်မိန်းကလေးများ ပြောလေ့ ရှိသော စကားဖြင့်ဆိုသော် "စော်ကြည်ဘဲ"။ သူက စကားချိုသာ ပြောဆိုရာ တွင် သူ့ကိုယ်သူ အရည်အချင်းပြစကားလုံးများကို ထည့်သွင်းပြောဆိုလေ့ ရှိကြောင်း သတိပြုမိသည်။ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာ "ဇ" ရှိကြောင်း လည်း ပြတတ်သည်။ သာယာငြိမ့်ညောင်း အာရုံပြောင်းကာ သူလိုရာစကား စပ်သို့ မသိမသာဆွဲခေါ် ၍လည်း သွားတတ်ပါသည်။ တကယ်တော့သူသည် ပင်ကိုအရှိထက်၊ မိမိကိုယ်ကိုမိမိ အထင်ရောက်လျက် ဘဝင်မြောက်နေသူ ဟု ကျွန်မက ကောက်ချက်ချထားလိုက်ပါသည်။

ဆောင်းရာသီနှင်းထုကျဲကာ အအေးဓာတ်လျော့နည်းလာချိန်၊ တစ်နေ့သောနံနက်တွင် ကျွန်မတို့ လမ်းလျှောက်မထွက်။ ကျွန်မတို့နှစ်ယောက် သည် ထောက်လှမ်းရေးမှ ကျောင်းနေဘက်နှစ်ဦးနှင့် အထွက်ဝဂိတ်၌ ချိန်းဆို ကာ လားရှိုးမြို့တစ်ခွင် လည်ပတ်ကြပါသည်။ အပြန်ခရီး၌ ကျွန်မတို့ နှစ်ယောက် လမ်းခွဲကျန်ရစ်ကာ၊ ထိုညတွင် ဟော်တယ်တစ်ခုတွင် အိပ်လိုက် သည်။ နောက်တစ်နေ့၊ နေ့လည်ချိန်တွင် အဆောင်သို့ နောက်ပေါက်မှတက် ပြီး တစ်နေကုန် အခန်းအောင်းနေလိုက်၏။

ညစာ စားချိန်ရောက်လျှင် အလှပြင်ပြီး အခန်းပြင်သို့ ထွက်ခဲ့ကြသည်။ သည်တွင် ဧည့်ခန်းဆိုဖာပေါ်၌ အိပ်ပျော်နေသည့် မောင်မောင်သန်း ကို တွေ့လိုက်ရတော့သည်။ ကျွန်မက "ငြိမ်း" ဟု တိုးတိုးလေးခေါ်ကာ မျက်ရိပ်ပြလိုက်ရာ၊ အကင်းပါးသော ညိုညိုငြိမ်းက မောင်မောင်သန်းအနား သို့ တိုးကပ်ပြီး မောင်မောင်သန်းပခုံးကို လှုပ်နှိုးလိုက်ကာ-

"မောင်မောင်. . . ဘာလို့ဒီမှာ လာအိပ်နေတာလဲဟင်"



မောင်မောင်သန်းသည် ကျွန်မတို့ကို စစ်ဆေးရေးဝင်သည့်နှယ် ထက်အောက်စုန်ဆန်ကြည့်၍သာ နေသည်၊ စကားတစ်ခွန်းမျှ မပြော။ အတန် ကြာမှ ကျွန်မတို့ကို မျက်နှာလွှဲကာ -

"မမတို့ ဘယ်သွားနေတာလဲဟင်၊ မနေ့ကတစ်နေ့လုံး၊ ညလည်း ပြန်မလာကြဘူး"

စိတ်တိုနေဟန်ဖြင့်မေးရာ ညိုညိုငြိမ်းက

"မမတို့လည်း အပျိုစိတ်ပေါက်လို့ ဘဲနဲ့သွားလည်တာပေါ့ကွယ်"

"ဟာဗျာ. . ."

မောင်မောင်သန်း စိတ်တိုဟန်ဖြင့် ညည်းညူလိုက်၏။

"မောင်မောင်ကလည်း စိတ်တိုနေလိုက်တာ. . . ကဲပြော၊ ဘာကိစ္စ"

ငြိမ်းက ကနွဲ့ကလျ မေးသော်လည်း သူက စကားမပြန်။

"ကဲ. . . ဒို့ ထမင်းသွားစားမလို့ မင်းလိုက်ချင်လိုက်ခဲ့ပေါ့"

ကျွန်မတို့ကပြောပြီး မောင်မောင်သန်းကို ထားခဲ့ရာ၊ ခဏမျှတွေ ဝေနေပြီးနောက် သူလိုက်လာပါသည်။

"ကျွန်တော် မငြိမ်းနဲ့ စကားပြောချင်လို့ပါ"

ထမင်းစားပြီးချိန်တွင် မောင်မောင်သန်းကဆိုလာသဖြင့် ညိုညိုငြိမ်း ကို ထားခဲ့ပြီး၊ ကျွန်မအဆောင်သို့ ပြန်ခဲ့၏။

ကျွန်မ အဆောင်သို့ရောက်သော် အမှုထမ်းတစ်ဦးက စာနှစ်စောင် ပေးလာ၏။ တစ်စောင်က အလုပ်နှင့်ပတ်သက်၍ အရေးကြီးသည့်ကိစ္စ၊ နောက်တစ်စောင်က ကျွန်မ၏ မိသားစုထံမှဖြစ်သည်။

အရေးကြီးကိစ္စက မနက်ဖြန်တွင် ကုန်သွယ်ရေးဝန်ကြီးလာမည်၊ လက်ရှိကုန်သွယ်မှုအခြေအနေများကို ယေဘုယျသုံးသပ်၍ ကုန်သည်များ ကိုယ်စား တင်ပြရန်၊ ညစာဖြင့် တည့်ခင်းဧည့်ခံမည်ဖြစ်သဖြင့် တက်ရောက် ပါရန်စသည်ဖြင့် အဖွဲ့ဥက္ကဋ္ဌထံမှ အကြောင်းကြားခြင်း။ နောက်တစ်စောင်က ကျွန်မ၏ အစ်မကြီးထံမှ အိမ်ထောင်စုအရေး။ ကျွန်မက သားသမီးလေးယောက် ၏ မိခင်။ သမီးအကြီးဆုံးက အရွယ်ရောက်စ၊ သူတို့ကို အစ်မကြီးနှင့်ထားခဲ့ကာ အပျိုလူလွတ်ကဲ့သို့ ကျွန်မနေခဲ့မိသည်ကိုစိတ်မကောင်း။ ယခင်က စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



အကျိုးများခဲ့၏။ ယခုတွင် အသင်းအဖွဲ့အတွက် ပရဟိတအလုပ်များက ရှေ့တန်းရောက်နေရာ ဤအတိုင်း ရှေ့မဆက်သင့်တော့ဟု စဉ်းစားမိ၏။

ညိုညိုငြိမ်း အဆောင်သို့ပြန်ရောက်လာသည်။ သူမျက်နှာပေးက မချိုမချဉ်။ ထူးတော့ထူးပြီဟု တွေးလိုက်မိသည်။

"ကဲ. . . ဆိုစမ်းပါဦး"

လိုရင်းကို မေးလိုက်မိ၏။

"ထူး၍ မဆန်းပေါ့ကွာ၊ သူက ငြိမ်းကို ချစ်နေပါပြီတဲ့၊ သူနဲ့ ဒီစီးပွားရေးလောကထဲမှာ အတူလက်တွဲပါတဲ့"

သည်စကားကို ကြားလိုက်သည်တွင် ကျွန်မရင်ထဲ၌ ပီတိဖြစ်သွားပါသည်။ ဤသည်မှာ ကျွန်မနိုင်ကွက်၏ အစပင်ဖြစ်သောကြောင့်ပါတည်း။ ကျွန်မရေးထားသော ဇာတ်ညွှန်းပါ ရိုက်ကွင်းရိုက်ကွက် သိပ်မကျန်တော့ သဖြင့် ဇာတ်သိမ်းပိုင်းကို ဇာတ်ရှိန်မြှင့်ပြီး တိကနဲဖြတ်ချလိုက်မည်ဟု မိမိ ကိုယ်မိမိ တကယ့်ဝါရင့် ဒါရိုက်တာကြီးတစ်ဦးနှယ် စီစဉ်လိုက်ပါသည်။

ညိုညိုငြိမ်းကို မနက်ဖြန် ရုံးတက်ချိန်၌ ထားခဲ့မည်။ ညပိုင်းဧည့်ခံပွဲ၌သာ တက်ရောက်၍ သီချင်းဆိုခိုင်းမည်။ ဆိုရမည့်သီချင်းကို ရွေးပေး ခဲ့မည်။ ကုန်သွယ်ရေးရုံးသို့ မလာရ။ ဧည့်သည်လက်မခံရ။ ခရီးထွက်ရန် အဆင်သင့်ပြင်ထားရန် စသည်ဖြင့်။

နောက်တစ်နေ့တွင် ကျွန်မတစ်ယောက်တည်း ရုံးတက်ခဲသည်။ ရုံးရောက်သော် ကုန်သွယ်ရေးသုံးသပ်ချက်ကို မှတ်တမ်းများ၌ပါသည့် အချက်အလက်များကို အခြေခံထား၍ အပြီးရေးလိုက်သည်။ တဆက်တည်းပင် အတွင်းရေးမှူးအဖြစ်မှ ကျွန်မနှုတ်ထွက်ကြောင်း စာရေးကာ အိတ်ပိတ်ထားလိုက်သည်။ ထို့နောက် အဖွဲ့ဥက္ကဋ္ဌရုံးခန်းသို့ဝင်ကာ ကျွန်မသားသမီးများ ကြောင့် ခေတ္တပြန်ရမည်ဖြစ်သဖြင့် ခွင့်ပြုရန်နှင့် အစည်းအဝေး၌ ကြေညာ ကာ အတည်ပြုပေးစေလိုကြောင်း အတွင်းရေးကိစ္စအဖြစ် တင်ပြလိုက်ပါ သည်။ ဝန်ကြီးရောက်ချိန်သုံးသပ်ချက်ကို ကျွန်မတင်ပြပါသည်။

ညစာစားပွဲကျင်းပရာ ကုန်တိုက်မျက်နှာစာမြက်ခင်းသည် ရောင်စုံမီးများ စီစီရီရီထွန်းပလျက် ပသာဒရှိရှိဖြင့် နှစ်လိုဖွယ်ကောင်းလှသည်။

ဝန်ကြီးအပါအဝင် ကုန်သွယ်ရေးအင်အားစု၊ ကုန်သည်များနှင့် မြို့မိ



မြို့ဖများဖြင့်သာ ကျင်းပခြင်းဖြစ်၏။ မြို့ခံတီးဝိုင်းသည် ခေတ်ပေါ်စတီရီယိုတေးများဖြင့် ဖြေဖျော်ရာ အခမ်းအနားနောက်ဆုံးအစီအစဉ်အချိန်၌ ညိုညိုငြိမ်းသည် ကြိုတင်ကြေညာခြင်းမပြုမီ စင်ပေါ်သို့တက်လာသည်။ သူ သည် ဧည့်ပရိတ်သတ်များအား ဖြန့်ကျက်လွှမ်းခြုံ၍ ကြည့်ကာ အခိုက်အတန့် မျှ ငြိမ်သက်နေသည်။ ပရိတ်သတ်ကား ဆက်လက် သက်ဝင်လာမည့် တင်ဆက်မှုကို ငံ့လင့်နေဟန်၊ ပို၍ အာရုံစိုက်နေကြသည်။

ညိုညိုငြိမ်းသည် ပန်းရောင်ဖျော့ဖျော့တွင် အနီရင့်ပန်းခက်များ ကြိုးကြားယှက်နွယ်နေသည့် ဝတ်စုံကို ဝတ်ထား၏။ ပြင်ဆင်ခြယ်သထားမှု ကြောင့် ဆယ်ကျော်သက်နှယ် နုပျိုနေသည်။ ပင်ကိုရုပ်ရှိသူမို့ ဤကာလ ဆောင်းနှောင်းည၏ အလှဧကရီလေးနှယ် စွဲမက်ဖွယ်ပင်။

တီးဝိုင်းမှ ညင်သာပျောင်းနွဲ့သော သံစဉ်တစ်ခု စတင်တီးခတ်လာ သည်။ ညိုညိုငြိမ်းသီဆိုဖြေဖျော်မည့်သီချင်းသည် နှုတ်ဆက်သီချင်းဟုဆို၏။ သီချင်းအမည်ကို မကြေညာ။

ညိုညိုငြိမ်း ကိုယ်တိုင်သီချင်းအမည်ကြေညာသည်။ "နေရစ်တော့ကွယ် သွားတော့မယ်"။ ထိုသီချင်းမူရင်းကို ပထမသီဆို၏။ ထို့နောက်တွင် မူရင်း၏ နောက်ဆုံးအပိုဒ်ကိုသာ သုံးကျော့ပြန်လျက် တီထွင်သီဆိုပါမည်ဟုဆို၏။ တီထွင်သီဆိုသည့်နောက်ဆုံးအပိုဒ်ကား-

"နှလုံးသားမှာ. . . ထားခွင့်မရှိတော့ရင်လည်း ဒီဘဝ ဒီမျှသာရှိစေကွယ်. . . ကိုယ်အရှုံးနဲ့ပဲ နှုတ်ဆက်ခဲ့မယ်. . . အချစ်ရယ်. . . နေရစ်တော့ကွယ်. . . သွားတော့မယ်" ဟူ၏။

သုံးကျော့ပြန်သီဆိုရာနောက်ဆုံးအကျော့တွင် အသံကိုတိုးဖျော့သွားလျက်မှ အဆုံးသတ်လိုက်သည်။ မျက်ဝန်းတွင် မျက်ရည်ကြည်တို့ပြည့်ကာ နှုတ်မှယဲ့ယဲ့ပြုံး၍ လက်ပြလျက် စင်ပေါ်မှ ဆင်းသည်။ ပရိတ်သတ်သည် ရသကိုခံစားလျက် မှင်တက်မိနေ၏။ ခဏအကြာတွင်မှ သတိဝင်လာကြဟန် ဖြင့် လက်ခုပ်ဩဘာပေးသံတို့ ပေါက်ကွဲထွက်ပေါ်လာသည်မှာ ဘဝင်သို့ တိုင်ရောက်သည်ဟု ထင်ရသည်။

နှုတ်ဆက်ခံရသူ ကာယကံရှင်ကား တကယ်နှုတ်ဆက်သည်ကိုမသိ ရှာ။ ညိုညိုငြိမ်း သီချင်းဆိုပြီး စင်မြင့်ပေါ်မှ ဆင်းလာခဲ့ပြီးသည်နှင့်ပင် နက်

www.burmeseclassic.com

www.burmeseclassic.com



ကုန်သွယ်ရေးဝန်းကျင်ကိုလည်းကောင်း၊ လားရှိုးမြို့ကိုလည်းကောင်း၊ ကျွန်မတို့နှစ်ယောက် အပြီးတိုင်စွန့်ခွာထွက်ခဲ့ကြတော့သည်။

နေရစ်တော့ကွယ်. . . လားရှိုးရယ်. . . လို့။

၀

ယှဉ်ပြိုင်လျှင် အနိုင်ရမှ သဘောကျတတ်သော ဉာဉ်သည် ကျွန်မ ၏ ဘဝခရီးတလျှောက် အနိုင်ရရေးအတွက် ကြောင့်ကျမှု ဗျာပါရတရားတို့ ဖြင့်သာ ပြွမ်းတီးနေခဲ့သည်။ နောက်ဆုံးလားရှိုးမှ အဆောတလျင် ထွက်ခွာခဲ့ ခြင်းသည်ပင် ကျွန်မအနိုင်ယူခဲ့ခြင်းသာဖြစ်၏။ လားရှိုး၌ ထားရစ်ခဲ့သော ဆိုင်ကိုလည်း ကျွန်မ၏ ဗိုလ်ချုပ်ဈေးရှိ ရတနာအရောင်းဆိုင်နှင့် ပူးပေါင်း လိုက်ပြီး နောက်ကြောင်းအားလုံးကို ပြည့်ဖုံးကားချလိုက်တော့သည်။

ဥတုရာသီအလီလီပြောင်းခဲ့သည့်နောက် ကျွန်မ မေ့မေ့လျော့လျော့ ရှိသည့်အချိန်၌ မမျှော်လင့်ဘဲ မောင်မောင်သန်းကို တွေ့လိုက်ရ၏။ သူက ညိုညိုငြိမ်းနှင့် တွေ့ခွင့်ရရေးကို အသည်းအသန်ကြိုးစားလာသည်။ မတတ်သာ၍ တွေ့ပေးလိုက်ရသော်လည်း သံသရာမရှည်ဖို့ ညိုညိုငြိမ်းအား သတိပေးလိုက်ရသည်။

ညိုညိုငြိမ်းကား ပျော့ညံ့၏။ မောင်မောင်သန်းအချစ်ကို လက်မခံကြောင်း အပြတ်ပြော၍ လမ်းစဖြတ်ရမည့်အစား အားနာလို့ပါဆိုသော အကြောင်းပြချက်ဖြင့် အလျှင်မပြတ်ခဲ့။

ကျွန်မသည် အဆက်အစပ်ရှိသမျှသော ဝန်းကျင်တဝိုက်တွင် လမ်းလျှောက် ပွဲစားလည်းလုပ်နေသဖြင့် သူတို့နှစ်ဦးကို စိတ်မဝင်စားနိုင်ခဲ့။ နှစ်လခန့်ကြာပြီးနောက် တရက်တွင် စိန်နားကပ်တစ်ရံဝယ်ယူမည့်သူနှင့် ချိန်းဆို ထား၍ ဆိုင်ကိုရောက်သွားရာ မထင်မှတ်သည့်မြင်ကွင်းကြောင့် စိတ်အူလို မကျဖြစ်ခဲ့ရသည်။ ဆိုင်ထဲတွင် ကျွန်မသမီးကြီး မေသော်တာနှင့် တူမဖြစ် သူ မာလာသိန်းတို့ကို မောင်မောင်သန်းနှင့်အတူ ရယ်လားမောလား စကားပြောဆိုနေကြသည်ကို တွေ့လိုက်ရ၍ ဖြစ်သည်။ ဘယ်အချိန်ကတည်းက မျှားဉ်သို့သော ဆက်ဆံရေးအဆင့်ကို ရောက်နေကြပါလိမ့်။ ကျွန်မ စိတ် ပူလှသည်။ မောင်မောင်သန်းကဲ့သို့သော မိန်းမကျမ်းကြေသူနှင့် အပျိုစင် သမီးကြီးတို့



အရောတဝင် မရှိစေချင်ပါ။ မလိုလားပါ။ "ဒင်း" က ညိုညိုငြိမ်း ဆီမသွားဘဲ ဤနေရာတွင်လာ၍ စက်ကျနေသည်က ဘာသဘောပါလိမ့်။ ငယ်ထိပ်အထိ သွေးရောက်ကာ ကျွန်မ၏ဒေါသအိုးပေါက်ကွဲလုလု အခြေ အနေတွင် အတော်ကြိုးစားပြီး စိတ်ထိန်းလိုက်ရသည်။ ညှိသည်နှင့်ချိန်းထား သည်ကို အကြောင်းပြလျက် သူတို့ကို ဖယ်ထုတ်လိုက်ပါသည်။ မလို လားသည့် တွေ့ဆုံမှု အတိတ်နိမိတ်ကြောင့်လားမသိ ထိုနေ့က အရောင်းအဝယ်မဖြစ်။

ဆိုင်တာဝန်ယူနေသော အစ်မကြီးအား သမီးတွေကိုဘာကြောင့် သည်လိုလူနှင့် ရင်းနှီးခွင့်ပေးထားရသနည်းဟု ဆူပူအော်ဟစ် အပြစ်တင် စကားဆိုမိတော့သည်။

"ကြည်ကြည်တို့ ကျောက်ကုန်သည်ချင်းဆို၊ လားရှိုးမှာ မာလာသိန်းနဲ့ ခင်ခဲ့ကြတာဆိုလို့"

အစ်မကြီးကပြောပြီး ကျွန်မကို နားမလည်ဟန်ဖြင့် ကြည့်နေပါ သည်။ ဆက်မပြောချင်တော့။ ဝယ်လက်က လှန်သွားသဖြင့် စိတ်မကြည်လင်သော်လည်း စီးပွားရေးဇောကြောင့် ကျွန်မနောက်တစ်နေရာရှိ ဝယ်လက်ရှိရာသို့ ဆက်၍ထွက်ခဲ့ရပါသည်။

ဗိတောက်မြိုင်ခြံသို့ ကျွန်မပြန်ရောက်သည့်အခါတွင် လမ်းမီးများ လင်းလက်နေပေပြီ။ ညိုညိုငြိမ်းကား ကုန်းမြင့်ပေါ်ရှိ ပင်ခြေရင်း၌ပင်။ "မလာပေတာရှည်လှသောကြောင့် တွေးရခက်ကြီး" ဖြစ်နေဆဲပင်ရှိနေ သည်။

"ငြိမ်းရေ. . . ဆင်းခဲ့ပါဦး"

အော်ခေါ်လိုက်ရတော့သည်။ သူရောက်သည်တွင် ကျွန်မက-

"ကဲ. . . အမိ၊ မင်းကသာ ဒီအပင်အောက်မှာ မျှော်တော်ယောင်ပတ်ပျိုးနဲ့ဆွေးနေ၊ ဒင်းကတော့ ဆိုင်မှာလာပြီး သမီးကြီးနဲ့ရော၊ မာလာသိန်းနဲ့ပါ ရယ်လားမောလားနဲ့ ရင်းနှီးနေလိုက်ကြတာ၊ လူတောထဲပြောမကောင်းလို့သာ မျိုသိပ်ထားလိုက်ရတယ်။ မင်းတို့ကိစ္စကို ကလေးတွေမသိချင်တာလည်း ပါလို့. . ."

"ငြိမ်းကတော့ သူလားရှိုးပြန်သွားတာလား၊ အကြောင်းရှိလေသလားလို့ မပြတ်မသားနဲ့ ဆွေးနေရတယ်။ ဒီလိုတနေရာမှာ ကျက်စားနေတာဆိုတော့ ငြိမ်း ဒုက္ခတွေ့ပြီ ကြည်ကြည်ရယ်"

www.burmeseclassic.com



ငြိမ်းက မျက်ရည်စို့ရွှဲ ငိုပွဲဆင်ပါလေတော့သည်။ သူ့ဤမျှဝမ်းနည်းပြီး ယူကြုံးမရဖြစ်နေသည်ကို ကြည့်၍ ကျွန်မ သက်ပြင်းမကင်းဖြစ်မိသည်။ ငြိမ်းသည် အတွေ့အကြုံမရှိသူလည်းမဟုတ်၊ ငယ်ရွယ်သူလည်း မဟုတ်တော့။ ဘာကြောင့်များပါလဲ။

"ကဲ... ငြိမ်း မင်းသူ့ကို ဘယ်အထိများယုံစားထားမိသလဲ။ ပွင့်ပွင့်လင်းလင်းပြော"

"ငြိမ်း... ငြိမ်း"

သည်မျှသာ သူပြောနိုင်သည်။ သည်ထက်ပို၍ စကားသံထွက်မလာတော့။ တန်တော့၊ ကေန္တ... ကေန္တ။ ငြိမ်း၏ကိုယ်ဟန်အမူအရာနှုတ်မှလာသည့် ဆွံ့တွန့်တွန့်စကားတို့ကို စုစည်းသုံးသပ်ကြည့်လိုက်မိလျှင် သံသယမှသည် ကေန္တသို့ ရလဒ်ထင်ထင်ရှိလာသည်။

"ဖြစ်ရလေ ငြိမ်းရယ်..."

လှပသလောက် ဖျော့ညှံ့သောငြိမ်း၊ စီးပွားရေးလောဘနှင့်မာနတံခွန်ထူကာ ရင်ဆိုင်သမျှ အနိုင်ရမှ ကျေနပ်လေ့ရှိသူ ကျွန်မ ကြည်ကြည်စမ်း။ နှစ်ယောက်ပေါင်းကာ ဖြတ်သန်းလာခဲ့ရာ မှောင်တဝက်၊ လင်းတဝက် ခရောင်းလမ်း၌ မကျဆုံးခဲ့ပါဘဲနှင့် ယခုမှ ဖြစ်ရလေခြင်း ငြိမ်းရယ်ဟု ကျိတ်မနိုင်ခဲမရဖြစ်ကာ ဒေါသဗျာပါဒသည် အခေါင်အထွတ်သို့တက်၍ မခံရပ်နိုင်ဘဲနေရာ၌ပင် အပင်ကိုမှီနေလိုက်ရတော့သည်။

ထိုအခိုက်အတန့်တွင်ပင် ကားတစီး၏ မီးရောင်သည် ကျွန်မတို့ရှိရာသို့ လင်းလက်စွာကျရောက်လာပြီး ကားရပ်လျှင်ရပ်ခြင်းပင်၊ ဈေးမှ အစ်မကြီးဆင်းလာ၏။

"ကြည်ကြည်ရေ လုပ်ပါဦး၊ ကိုယ်ကျိုးတော့ နည်းပါပြီ"

ကတုန်ကယင်ပြောရင်း စာတစ်စောင်ကို ကမ်းပေးပါသည်။

"ကြည်ကြည် ဆိုင်ကပြန်ထွက်သွားတော့ ဟိုညေ့သည်ပြန်ရောက်လာပြီး သူတို့သုံးယောက် ရုပ်ရှင်သွားကြည့်မယ်ဆိုပြီး ထွက်သွားကြတယ်။ အဲဒါအခုအထိ မရောက်လာဘူး။ ဆိုင်ပိတ်ပြီးမှ ဒီစာကို လူတစ်ယောက်က လာပေးသွားတယ်"



စာကိုဖတ်ကြည့်လိုက်ရာ-

"မေမေ... သမီးချစ်သူခေါ်ရာ လိုက်သွားပါပြီ။ မေမေသဘောမတူနိုင်တဲ့သူနဲ့မို့ သမီးအမိုက်မကို ခွင့်လွှတ်ပါမေမေရယ်" တဲ့။

စာကိုဖတ်ပြီး ရင်ထဲတွင် ပူထူသွား၏။ မျက်လုံးတွေပြာသွား၏။ ထိုစာသည် ကျွန်မ၏မြင်ကွင်းမှ ဝေးသွားလိုက်၊ နီးကပ်လာလိုက်၊ မြင်တချက်မမြင်တချက်။ စာလုံးတစ်လုံးချင်းသည် အဆပေါင်းများစွာ ကြီးထွားလာပြီး ကျွန်မ၏ မျက်နှာဆီသို့ အလျှင်ပြင်းစွာ တိုးကပ်လာ၏။ တစ်နေရာ၌ အရိပ်မည်းကြီးတစ်ခုက ဆီးတားဆို့ပိတ်၍ ကျွန်မကို ဖမ်းယူဆုပ်ကိုင်တော့မလိုဖြင့် ၎င်း၏လက်တံရှည်ရှည်ကြီးသည် ကျွန်မဆီသို့ သည်းသည်းမဲမဲ၊ တဟဲဟဲမြည်လျက် ကျွန်မဆီသို့ ကပ်လာသည်။ ကျွန်မထိတ်လန့်စွာဖြင့် အသားကုန်အော်ပစ်လိုက်မိပါသည်။

"သမီးရေ... မေသော်တာ။ မေသော်တာ သမီးရေ..."

ကျွန်မ ဆက်ကာဆက်ကာ ရင်ကွဲမတတ် အော်ခေါ်နေမိတော့သည်။

"ကြည်ကြည်... ကြည်ကြည် သတိထားပါဦး ညီမရယ်"

ကျွန်မစိတ်ကိုမထိန်းနိုင်၊ ရင်ပွင့်မတတ် ဆက်တိုက်သာ အော်ခေါ်နေမိတော့သည်။

"သမီးရေ... မေသော်တာ။ မေသော်တာ သမီးရေ..."

၀

(တကယ့်အဖြစ်အပျက်ကို မှီတည်၍ "ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မငြိမ်းနိုင်ကုန်။ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်ငြိမ်းနိုင်၏။ ဤသဘောတရားကား အစဉ်အလာ ဓမ္မတာသဘောတည်း" ဟူသော ဓမ္မပဒ အဆိုအရ ဤဝတ္ထုကို ရေးဖွဲ့ပါသည်။)

ကျော်ဇင်ဝင်း